www.burmeseclassic.com





စာပေဗိမာန်စာမူဆုရ

# သေရွာပြန်

## တို့၏

# အဏ္ဏဝါခရီး



ဖိုးကျော့

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း

**မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်**

ပွင့်ဦးပုံနှိပ်တိုက်
ဒေါ်နွဲ့နွဲ့ရီ ( မြ - ၀၂၉၃၄ )
အမှတ် ၆၅၊ ၁၃ လမ်း၊ ( လယ် )
လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

**ထုတ်ဝေသူ**

ဒေါ်မြမြ၊ မှတ်ပုံတင်အမှတ် ၂၈၅ ( ယာယီ )
ဒုတိယအထွေထွေမန်နေဂျာ ( ထုတ်လုပ် )
ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း။

**ဖြန့်ချိရေး**

မိုးကျော်သူစာပေ
အမှတ် ၁၈၈၊ ဒု ( ဝဲ )၊ ၃၈ လမ်း၊ ( လယ် )၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၈၆၀၈၈

တန်ဖိုး ၄၀၀ ကျပ်

www.burmeseclassic.com

## အမှာစာ

၈.၉.၈၉ နေ့ထုတ် လုပ်သားပြည်သူ့နေ့စဉ် သတင်းစာကြီးတွင် "ရေမျော ဒုက္ခသည် ၈၄–ဦး၊ အထူးလေယာဉ်ဖြင့် ရန်ကုန်လေဆိပ်ရောက်ရှိ" ဟု ပါရှိလေသည်။

ထို့နောက် " ပြည်ထောင်စု မြန်မာနိုင်ငံတော် ပင်လယ်ကမ်းရိုးတန်းဒေသများမှ ရေလုပ်သားများသည် မြန်မာ့ပင်လယ်ပြင်တွင် ငါးဖမ်းရာမှ လေမုန်တိုင်းဒဏ်ကြောင့် ရေလုပ်သားဦးရေ ၃၄၀ တို့သည် ရေမျောဒုက္ခသည်များအဖြစ် အိမ်နီးချင်းနိုင်ငံ ကမ်းခြေဒေသအသီးသီးသို့ ရောက်ရှိသွားခဲ့ရာ သက်ဆိုင်ရာနိုင်ငံရှိ မြန်မာသံရုံးများမှ ရေမျောဒုက္ခသည်များကို စုစည်းပြီး၊ ရန်ကုန်မြို့ နိုင်ငံရေးဝန်ကြီးဌာနသို့ အကြောင်းကြား တင်ပြချက်အရ လူမှုဝန်ထမ်းဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနသည် ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းညှိနှိုင်း၍ ရေမျော ဒုက္ခသည်များအား ၁၉၈၉–ခု နှစ်ဦးပိုင်းမှ စတင်၍ အလီလီပြန်လည်ခေါ်ဆောင်ခဲ့ရာ ရေမျော ဒုက္ခသည် ၁၆၃–ဦးတို့အား မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ခဲ့ပြီးနောက် ယင်းတို့၏ မူရင်းဒေသသို့ ပြန်လည်ပို့ဆောင်ခဲ့ပြီး ဖြစ်သည်။

BURMESE CLASSIC .com

ကျန်ရှိသော ရေမျောဒုက္ခသည်များအနက် ရေမျောဒုက္ခသည် ၈၄– ဦးတို့အား နိုင်ငံတော်မှ အထူးအစီအစဉ်အရ မြန်မာ့လေကြောင်းပိုင် အထူးလေယာဉ်ဖြင့် အိန္ဒိယနိုင်ငံ ကာလကတ္တားမြို့မှ သွားရောက် ခေါ်ဆောင်ခဲ့ရာ ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်လေဆိပ်သို့ ရောက်ရှိလာသည်။ ”ဟု ပါရှိလေသည်။

ဖော်ပြပါ သတင်းစာထဲ ပါသည့်အတိုင်းပင်၊ နှစ်စဉ်နှစ်တိုင်း ကျွန်တော်တို့ မြန်မာနိုင်ငံမှ ရေလုပ်သားများသည် အပြောကျယ်လှသော အဏ္ဏဝါပင်လယ်ပြင်တွင် ငါးဖမ်းရင်း မုန်တိုင်းမိကာ ဆင်းရဲဒုက္ခအမျိုးမျိုးရောက်ပြီး အိမ်နီးချင်းနိုင်ငံများသို့ ရောက်သွားကြသလို ကမ်းမမြင် လမ်းမမြင်သော ပင်လယ်ပြင်ထဲတွင် အစာငတ်၊ ရေငတ်ဖြစ်ကာ သေဆုံးပျောက်ကွယ်သွားကြသော ရေလုပ်သားတွေမှာလည်း ဒုနှင့်ဒေးပင်။

ယခုရေးသား ဖော်ပြလတ္တံ့သော အကြောင်းအရာများမှာ မြန်မာ့ပင်လယ်ပြင်ထဲတွင် ငါးဖမ်းရင်းမုန်တိုင်းမိပြီး ဆင်းရဲဒုက္ခအမျိုးမျိုးရောက်ကာ သေကံမရောက် သက်မပျောက်ဘဲ မြန်မာနိုင်ငံသို့ ၁၉၈၂–ခုနှစ်က ပြန်ရောက်လာကြသော ရေလုပ်သားကြီးများ၏ ပြန်လည်ပြောပြချက်များကို အခြေခံကာ ရေးဖွဲ့ထားခြင်း ဖြစ်ပါသည်။

**စာရေးသူ**

www.burmeseclassic.com

## အခန်း ၁

'ဖောင်တော်ဦးဆီ မျှော်လိုက်ပြန်တော့ အလံတွေ၊ တံခွန်တွေ လေကစား ကြွားတလူလူဝေ ................................ '

'ဟော့ကောင် စောစောစီးစီး ကျီးကန်းတွေတောင် တီးဟောက်စ် မရောက်သေးဘူး၊ ဘာတံခွန်တွေ အလံတွေ လုပ်နေတာလဲကွ '

**မြရွှေ**က နတ်သျှင်နောင်သီချင်း ဖျက်ဆိုသည်ကို **ကြည်ဟန်**က လှမ်းမေး၏။

'ခင်ဗျားကလဲ ဟိုမှာမမြင်ဘူးလား '**မြရွှေ**ပြောသည်မှာ မှန်၏။

ပင်လယ်ပြင် ထွက်ကြမည့် ဖောင်အားလုံး၏ ဖောင်ဦးများတွင် ရိုးရာ ယုံကြည်ချက်၊ အစွဲအလမ်းတွေနှင့် ငှက်ပျောပွဲ၊ အုန်းပွဲ အစုံအလင်တွေကို တင်မြှောက် ပသထားကြသည့်အပြင် မိမိတို့ မြို့ရွာအလိုက် အလံတွေ၊ တံခွန် တွေကလည်း လေထဲတဖျပ်ဖျပ် လူပ်ခတ်နေကြ၏။

ပင်လယ်ပြင်ထွက်ကြမည့် အင်္ဂလန်ကျားဖောင်များကို ကြည့်ကာ၊ **မြရွှေ**ရင်ထဲမှာ လွမ်းသလို၊ ဆွေးသလို ဖြစ်လာသဖြင့် သီချင်း ညည်းမိလိုက်ခြင်း ဖြစ်သည်။ ဤသည်ကို **ကြည်ဟန်**က ပခုံးတစ်ချက်တွန့်ပြီး ' ဒါတွေ အလကား အစွဲအလမ်း အယူအဆဟောင်းတွေပါကွာ 'ဟုဆိုသည်။



BURMESE CLASSIC .com

www.burmeseclassic.com


**ဦးကျော်စံ**ကမူ လေသံတီးတိုးနှင့် 'ဟော့ကောင် ဟိုမှာ မင်းအဘ ပိုက်သူကြီး မပြန်သေးဘူး၊ ကြားသွားဦးမယ် 'ဟု ဟန့်တားလိုက်၏။

ဖောင်ဦးစီးမှူးဖြစ်သူ **ဦးကျော်ဝင်း**နှင့်ပိုက်သူကြီး **ဦးစိန်မြ**တို့ကမူ ဘာတွေ တိုင်ပင်နေကြသည်မသိ၊ တီးတိုးတီးတိုးနှင့် ပြောနေကြ၏။ စကား နည်းသူ ဖောင်ဦးစီး **ဦးကျော်ဝင်း** ခေါင်းတညိတ်ညိတ် လုပ်နေသည်ကို **ကြည်ဟန်**က နှုတ်ခမ်းမဲ့ပြပြီး **မြရွှေ** အနားလာထိုင်သည်။

'စောစောက မင်းသီချင်းဆိုသံကြားတော့ ငါ့ ......... ကောင်မလေး ကိုတောင် သတိရသွားတယ်။ မင်းက စကားက မပီတာ သီချင်းဆိုတော့လည်း အဟုတ်ကြီးပဲ '

'ခင်ဗျား ရည်းစားရှိလို့လား '**မြရွှေ**က ကောက်ကာငင်ကာ မေး လိုက်သည်။

'ရှိတာပေါ့ကွ၊ တိုင်းပြည်မှာ စစ်နဲ့၊ သစ်ပင်မှာ အမြစ်နဲ့၊ လူမှာ အချစ်နဲ့တဲ့ '

'တယ်....ဆိုတဲ့စာပါလား၊ ခင်ဗျားကောင်မလေး ဘယ်ရွာကလဲ '

'နောက်တော့ သိရမှာပေါ့ကွာ '

'ဈေးကိုင်နေပြန်ပြီ 'ဟူသော **မြရွှေ**၏ စကားမဆုံးမီ သူတို့ နှစ်ယောက်ကို ပိုက်သူကြီးနှင့် ဦးစီးမှူးတို့က ခေါ်သဖြင့်၊ ဖောင်ဦးပိုင်းဘက် လျှောက်လာကြသည်။ ထုံးစံအတိုင်း အလုပ်ကြိုးစားကြရန်၊ တစ်ဦးနှင့်တစ်ဦး ချစ်ချစ်ခင်ခင်နေကြရန် ဆုံးမစကား ပြောမည်ဆိုသည်ကိုတော့ သူတို့နှစ် ယောက် သိပြီးသားပင်။

x x x x x x x x


BURMESE CLASSIC .com

www.burmeseclassic.com


'ကိုကြည်ဟန် ဘယ်အိမ်လဲဗျ နီးပလား'

'မင်းကလဲကွာ၊ ရောက်တော့ ငါပြောပါ့မယ်ဆို'

'လွန်သွားမှာ စိုးလို့ပေါ့ဗျ'

'စိတ်ချမလွန်စေရဘူး၊ ငါ့ကောင်မလေးကို မြင်တော့သာ မင်းကက္ကန္ဒြေမရ ခေါ်တောင်မ်း မငမ်းနဲ့'

'အမ်မာ.... မာ .....ဖြစ်နေလိုက်တာ၊ ကျုပ် ခဏကြည့်တာနဲ့ ခင်ဗျားရည်းစား ပွဲပါသွားမှာ ကျနေတာပဲ'

**မြရွှေ**၏ စကားကို **ကြည်ဟန်**က တဟဲဟဲရယ်လိုက်၏။

'ငါ့ကောင်မလေးက ရှက်တတ်လို့ပါကွာ'

**မြရွှေ**က နောက်ထပ် နှုတ်တုံ့မပြန်အားတော့၊ ရွှံ့စောင်းသွားသော ကျားဖောင်နောက်မြီးကို ထိုးဝါးနှင့် ကမန်းကတန်း ထိန်းလိုက်ရ၏။

အင်္ဂလန်ကျားဖောင်သည် နောက်မီးချောင်းအတိုင်း မော်တော်ဆွဲရာ နောက်သို့ တရွေ့ရွေ့ပါနေလေသည်။

နောက်မီးချောင်း၏ ဘေးနှစ်ဖက်ရှိ အိမ်ခြေများသည် ကျားဖောင်နောက်တွင် တစ်အိမ်ပြီး တစ်အိမ် ကျန်ရစ်ခဲ့ကြသည်။

**မြရွှေ**က **ကြည်ဟန်**မျက်နှာကို ဖျပ်ခနဲတစ်ချက် လှည့်ကြည့်၏။

သူကသာ ကျားဖောင်ကို ဂရုတစိုက် ရှိနေသော်လည်း **ကြည်ဟန်**ကား ချောင်းအနောက်ဘက်ကမ်းရှိ အိမ်များကိုသာ ငေးကြည့်ပြီး ပါလာသည်။ **ကြည်ဟန်** မသိမသာ ပြုံးလိုက်သည်။

'မြရွှေ ဟိုရှေ့က အိမ်ကြီးပဲကွ၊ မင်း ခေါ်တောင်မ်းတော့ မငမ်းနဲ့နော်'

'ဟိုဆင်ဝင်ဆောင်နဲ့ အိမ်လားဗျ'

'ဟုတ်ပါတယ် လက်ညှိုးမထိုးပါနဲ့ကွ'


BURMESE CLASSIC .com

www.burmeseclassic.com


**ကြည်ဟန်**က အသံတိုးနှင့် သတိပေးသည်။

**မြရွှေ**ကပြုံးပြီး ပခုံးတွန့်ပြ၏။ ထိုးမိနေသော လက်ညှိုးကိုလည်း ကမန်းကတန်း ပြန်ရုပ်လိုက်ရသည်။

'ခင်ဗျား ဖောင်နဲ့ထွက်လာရင် သူကအိမ်ရှေ့ထွက်ပြီး ရှုစားခံပါ့မယ်လို့ သေသေချာချာ မှာထားတယ် ဆိုပါတော့ '

'ဒါပေါ့ကွ '

'သေချာလှချေလား '

'ငါက ပိုင်မှလုပ်တတ်တဲ့ ကောင်ပါကွ '

**ကြည်ဟန်**က ရင်ကော့၍ပြော၏။ လက်တစ်ဖက်ကမူ ထိုးဝါးလုံးကို မြဲမြဲဆုပ်ထားသည်။ **ကြည်ဟန်**၏မျက်နှာကို ကြည့်ကာ **မြရွှေ**က ပြုံးပြန်၏။

အိမ်ရှေ့ ချောင်းကမ်းပါး ချုံစပ်တွင် ဟင်းရွက်ခူးသလိုလို တစ်စုံတစ်ခု ရှာသလိုလိုနှင့် အမျိုးသမီးငယ်တစ်ယောက် မယောင်မလည်နှင့် မတ်တတ်ရပ်နေသည်ကို လှမ်းမြင်ရသည်။

အသားက မဖြူမညို၊ ကိုယ်ဟန်အနေအထားက တောင့်တောင့်တင်းတင်း၊ မျက်နှာက လှလှ။

'တွေ့လားကွ '

**ကြည်ဟန်**က အသံတိမ်တိမ်နှင့် တိုးတိုးမေး၏။

**မြရွှေ**က ငေးကြည့်တုန်း။

'ဟော့ကောင် တွေ့လား '

'တွေ့ပေါ့ 'ဟုပြောကာ **မြရွှေ**က **ကြည်ဟန်**ရည်းစား ဆိုသော အမျိုးသမီးငယ်ကို ငေးကြည့်နေသေး၏။

ဆွဲမော်တော် ဆွဲခေါ်လာသော ကျားဖောင်သည် သူတို့ အိမ်ရှေ့ ရောက်လာ၏။


BURMESE CLASSIC .com

www.burmeseclassic.com


အမျိုးသမီးနှင့် **ကြည်ဟန်**တို့ တစ်ယောက်ကို တစ်ယောက် အပြန်ပြန်အလှန်လှန် စိုက်ကြည့်နေကြသလားဟု **မြရွှေ** အကဲခတ်သည်။

ထိုစဉ် အိမ်ရှေ့ကမ်းနဖူးချုံစပ်နားမှ မတ်တတ်ရပ် ကြည့်နေသော အမျိုးသမီးဆီက အကြည့်သည် မိမိဆီများ ရောက်လာလေသလားဟုလည်း **မြရွှေ**မှာ မလုံမလဲဖြစ်သွားပြန်၏ ။

'ဟော့ကောင် မင်းအကြောင်းသိလို့ စောစောကပဲ ငါပြောထားတယ်နော် '

'မကြီးကျယ်စမ်းပါနဲ့ဗျာ '

'ဘာကြီးကျယ်ရမှာလဲ၊ မင်းခုထိ ငါ့အမျိုးသမီးကို ငမ်းနေတုန်းပဲ မဟုတ်လား '

'တော်စမ်းပါ ဟော့လူရာ၊ ကျွန်တော်က ဘယ်သူများလဲလို့ '

'ဟင်......... မင်းသိလို့လား '

**ကြည်ဟန်** ချက်ချင်းအံ့သြ သွားသည်။ အမျိုးသမီးဆီ ငေးနေသော သူ့အကြည့်သည် **မြရွှေ**ဘက် ချက်ချင်း ရောက်လာ၏။

'သိပ်သိတာပေါ့ဗျာ၊ **ဦးကျော်မြ သမီး**မဟုတ်ဘူးလား '

**ကြည်ဟန်** ချက်ချင်းငိုင် သွားသည်။ ကျားဖောင်သည် မြစ်နားချောင်းအတိုင်း သူတို့အိမ်ရှေ့က ဖြတ်လာ၏။

'ကဲ ......... ကိုကြည်ဟန် ခင်ဗျား အမျိုးသမီးကို မြန်မြန် လက်ပြနှုတ်ဆက်လိုက်လေဗျာ၊ ရှေ့ကွေ့ရောက်ရင် မြင်ရမှာမဟုတ်တော့ဘူး '

'တော်စမ်း ဟော့ကောင်၊ ဟိုအိမ်ရှေ့က လူတွေလဲ တို့ဘက်ကြည့်နေကြတယ် တွေ့လား၊ မတော်လို့ ရိပ်မိသွားရင် ................... '

'ခင်ဗျားကို အဲဒါကြောင့် တုံးတယ်ပြောတာပေါ့ဗျာ၊ ကျွန်တော်တို့ဖောင်ကိုသာမဟုတ်ဘူး၊ ကျွန်တော်တို့ နောက်ကပါလာတဲ့ ဖောင်တွေကိုလည်း

www.burmeseclassic.com


လူတိုင်း ထွက်ကြည့်နေကြတာပဲ၊ ဒါဆန်းသလား၊ ခင်ဗျားမပြရဲရင် ကျွန်တော် ပြလိုက်မယ် တာ့ .... တာ ...... တာ့ .... တာ ... ဟဲ ...... ဟဲ .... '

**ကြည်ဟန်**က 'ဟော့ကောင် ဟော့ကောင် 'ဟု ဟန့်နေသည့် ကြားထဲက **မြရွှေ**သည် **ကြည်ဟန်**အမျိုးသမီးဘက် လက်ပြ နှုတ်ဆက် လိုက်၏။

အမှန်မှာ ဖောင်ကလွန်လာပြီဖြစ်သဖြင့် မည်သူမည်ဝါဟု တိတိကျကျ ပြောမရ၊ ချောင်းဘေးနှစ်ဘက်တွင် အင်္ဂလန်ကျားဖောင်များ ပင်လယ်ပြင် ထွက်သွားကြသည်ကို ငေးကြည့်နေကြသူ အားလုံးအား ရောကော၊ သောကော လက်ပြ နှုတ်ဆက်ခဲ့ခြင်းသာ။ **ကြည်ဟန်**က ဤအခွင့်အရေးကို မယူတတ်သဖြင့် **မြရွှေ**က ရယ်သည်။

**မြရွှေ**က လက်ပြနှုတ်ဆက်သည်ကို မြင်တော့ ချောင်းကမ်းနဖူး ရှေ့ရှိ အိမ်များမှ ကလေးများနှင့် လူကြီးများကပါ ပြန်၍ လက်ပြနှုတ်ဆက်ကြသည်။

ထိုအခါ **ကြည်ဟန်အမျိုးသမီး**ကလည်း မသိမသာ လက်မြှောက်ပြ၏။

'ကိုကြည်ဟန် တွေ့လား၊ ခင်ဗျားအမျိုးသမီးက ကျွန်တော့်ကို ပြန်ပြီး လက်ပြနှုတ်ဆက်နေတာ '

'ငါ့ကိုပါကွ '

'ဟာ ...... ခင်ဗျားက နှုတ်မဆက်ဘဲနဲ့၊ ခင်ဗျားကို ဘယ်လိုလုပ် ပြန်နှုတ်ဆက်မှာလဲ၊ ခု ခင်ဗျားအမျိုးသမီး လက်ပြတာ ကျုပ်ကိုပါဗျ၊ ယုံပြီ မဟုတ်လား ဟဲ ... ဟဲ .... '

အိမ်တွေနှင့် ဝေးသွားပြီဖြစ်သဖြင့် **မြရွှေ**က ကျယ်ကျယ်ပင် ပြောသည်။

'မင်းရယ်လို့ ဘယ်ဟုတ်မလဲကွ၊ ဒါကတော့ ဖောင်သမားတွေ အားလုံးကို သူနှုတ်ဆက်တာပဲ '


BURMESE CLASSIC .com

www.burmeseclassic.com


'အဲဒါကြောင့် ခင်ဗျားကို တုံးတယ်လို့ ပြောတာပေါ့၊ စောစောကပဲ အဲဒီ စိတ်ကူး ဘာလို့မရလဲ၊ ခင်ဗျားက ခင်ဗျားအမျိုးသမီးကို ရည်ရွယ်ပြီး လက်ပြပေမင့် ကမ်းနဖူးမှာရှိတဲ့ လူတွေကတော့ သူဘယ်ကို ရည်ရွယ်ပြီး လက်ပြတယ်ဆိုတာ ဘယ်လိုလုပ်သိမလဲ၊ သမီးရည်းစားမှ ကိုယ့်အဓိပ္ပါယ်နဲ့ကိုယ်၊ သက်ဆိုင်သူချင်း သိကြတာ၊ ခင်ဗျားသာ စောစောကတည်းက ခင်ဗျား အမျိုးသမီးကိုလက်ပြနှုတ်ဆက်လိုက်ရင် ခမျာဘယ်လောက် ဝမ်းသာသွား ရှာမလဲ၊ သူ့ကို ဘယ်လောက် ချစ်မြတ်နိုးတယ် ဆိုတာလည်းသိသွားမယ်၊ ခုတော့ သူက မိဘမသိအောင် လက်မြှောက်ပြ နှုတ်ဆက်တာတောင် ခင်ဗျားက တည်တည်ကြီး လုပ်နေတော့ ........'

'အေးကွာ..........ငါနည်းနည်းလိုသွားတယ်'

'နည်းနည်းမဟုတ်ဘူး ကိုကြည်ဟန်၊ ခင်ဗျား အများကြီး လိုသွားတယ်၊ ကျွန်တော်တို့ ခင်ဗျားတို့က ကမ်းမမြင်လမ်းမမြင်တဲ့ ပင်လယ်ပြင်ကို သက်စွန့်ဆံဖျား ထွက်ကြရမှာ၊ သေမယ် ပျောက်မယ်ဆိုတာ ......'

'မင်းဟာကွာ....နိမိတ်မရှိတဲ့ စကား မပြောစမ်းပါနဲ့'

'ဟာ...... ဘယ်နှယ့် နိမိတ်မရှိရမှာလဲ' 'စစ်ထွက်ယောကျ်ား၊ မြွေသမားနဲ့၊ ရေသွားခရီး၊ ဆင်စီးတမျှ၊ စိတ်ကဘယ်ခါ၊ မချရာဘူး' ဆိုတာ ရှေးလူကြီးများ အဆိုရှိတယ်လေ၊ 'ပြီးတော့ မိန်းမဖောင်စီး၊ ယောကျ်ားမီးနေတဲ့၊ ကြားဖူးတယ် မဟုတ်လား၊ ခု ကျုပ်တို့ ကျားဖောင်စီးလာကြတာ'

'ခွေးကောင် ငါက တကယ်ထင်လို့ နားထောင်နေတာ'

'တကယ်မဟုတ်လို့လား'

'ဘာဟုတ်ရမှာလဲ'

'ကျားဖောင်စီးလာကြတာလေ'

'ကျားဖောင်တော့ ဟုတ်တာပေါ့ကွ'


BURMESE CLASSIC .com

www.burmeseclassic.com


'ဒီလိုဆို ခင်ဗျားဟာက ဘာမဟုတ်တာလဲ '

'မင်း.......ငါ့အမျိုးသမီးနဲ့ သိတယ်ဆိုတာ တကယ်လားလို့ '

'ဟား......ဟား......အဲဒါမှ ဘာမှမဆိုင်တာဗျ '

**ကြည်ဟန်**က ဆွေးသံနှင့် ပြောသည်ကို **မြရွှေ**က ဟားပစ်လိုက်သည်။

'တကယ်ပြောနေတာပါကွ၊ မင်းတို့က ဘယ်တုန်းက သိကြလဲ '

အကြည့် တည်တည်နှင့် မေးသည်။ **မြရွှေ**က ချက်ချင်းမဖြေသေး၊ ဖောင်နောက်ကို တစ်ချက်လှမ်းကြည့် လိုက်၏။

တစ်ကွေ့ကျော်လာပြီ ဖြစ်သဖြင့် **ကြည်ဟန်**၏အမျိုးသမီး အိမ်ကို မမြင်ရတော့။ **ကြည်ဟန့်**ရင်ထဲ မည်မျှ ဆွေးနေပြီမှန်းတော့မသိ၊ မျက်နှာတွင်တော့ ဆွေးရိပ်တွေ ပြည့်လာသည်။

'အားမငယ်စမ်းပါနဲ့ဗျာ၊ ရေသေရက်မှာ မော်တော်နဲ့ပြန်လာနိုင်.. '

'မင်းဘာပြောတာလဲ '

'ခင်ဗျား အမျိုးသမီးကို၊ ခင်ဗျား သိပ်သတိရနေလားလို့ '

'သတိရတာပေါ့ကွာ၊ မင်းကို ငါမေးတာလည်း ပြောပါဦး '

'ဘာလဲ '

'အော်...မင်းနဲ့ ငါ့အမျိုးသမီးနဲ့၊ ဘယ်လိုလုပ်သိကြသလဲဆိုတာ '

'ဒါက ဆန်းသလား ကိုကြည်ဟန်ရယ်၊ ကျွန်တော်တို့က တစ်ရွာတစ်ပြည်သားတွေပဲ၊ ဒီမှာ အလုပ်အကိုင် လာရှာလုပ်ကြရတဲ့ လူတွေ ဆိုတော့ ဟိုပိုက်သူကြီးဆီရောက်၊ ဒီပိုက်သူကြီးဆီရောက်နဲ့ ဦးကျော်မြဆီလဲ ရောက်ခဲ့သေးတယ်လေ '

'သြော် '...... ဟုဆိုကာ၊ **ကြည်ဟန်**က **မြရွှေ**၏မျက်နှာကို စေ့စေ့ကြည့်နေ၏။ သူတို့ နှစ်ယောက်စလုံးသည် ဤဘိုကလေးနယ်သားတွေ မဟုတ်ကြ၊ **ကြည်ဟန်**မှာ အညာသား၊ နတ်မောက်မြို့နယ်က ဖြစ်သည်။


BURMESE CLASSIC .com

www.burmeseclassic.com


ဤအရပ်ရောက်နေသည်မှာ နှစ်ပရိစ္ဆေဒကြာပြီ။ သူ့ဦးလေး ပိုက်သမားတစ်ယောက်က မိဘမရှိသောသူ့အား ခေါ်ထား၍ ဖြစ်သည်။

ယခုအခါ လခစရိတ်ငြိမ်း တစ်လ လေးရာ့ငါးဆယ် ရသော လက်ထောက်ဖောင်ဦးစီး ဖြစ်နေပြီ။

**မြရွှေ**ကမူ ရခိုင်ပြည်နယ်က ဖြစ်သည်။ ဤ အရပ်သို့ ရောက်သည်မှာ တစ်နှစ်ခန့်သာ ရှိသေး၏၊ ယခု စရိတ်ငြိမ်း တစ်လ သုံးရာ့ခြောက်ဆယ်နှင့် ဖောင်စီးပိုက်ချ အလုပ်သမားအလုပ်ကို လုပ်ရသည်။

သူတို့ဖောင်တွင် နောက်ထပ် လူကြီးနှစ်ယောက် ပါသေး၏။ တစ်ယောက်မှာ ဘိုကလေးနယ်သား **ဖောင်ဦးစီး ဦးကျော်ဝင်း** ဖြစ်သည်။ သူ့လခမှာ ဖောင်ဦးစီးဖြစ်သဖြင့် စရိတ်ငြိမ်း ခြောက်ရာရ၏။ နောက်တစ်ယောက်မှာ **အသက်အကြီးဆုံး ဦးကျော်စံ** ဖြစ်သည်။ **ဦးကျော်စံ**၏ လစာမှာ လေးရာ့ငါးဆယ်ဖြစ်၏။

သူတို့ဖောင်နှင့်တွဲပြီး အလုပ်အတူလုပ်ကြရမည့် နောက်ထပ် ပိုက်ဖောင်တစ်ဖောင်မှာလည်း ရေလုပ်သား လေးယောက်ပါသည်။ **ဦးစီးက မျိုးညွန့်၊ လက်ထောက်က ဦးစိန်သောင်း**၊ ဖောင်လက်ထောက် နှစ်ယောက်က **ကြည်ဝင်း**နှင့်**စန်းမြင့်** ဖြစ်သည်။

**ဦးကျော်ဝင်း** ဦးစီးသော ပထမကျားဖောင် ( ၁ ) တွင် အသက်အရွယ်အငယ်ဆုံးဖြစ်ကြသော **ကြည်ဟန်နှင့်မြရွှေ**တို့မှာ လူငယ်များပီပီ နှလုံးသား ရင်ခုန်စရာများကို ထိုးဝါးကိုင်ရင်း ပြောလာကြ၏။

'မင်း ဦးကျော်မြဆီ ဘာလို့ အလုပ်မလုပ်ခဲ့လဲ '

စောစောက ဖြတ်ထားသော စကားကို **ကြည်ဟန်**က ပြန်ဆက်၏။

'ခင်ဗျားကကော ခင်ဗျား ယောက္ခမလောင်းကြီးဆီမှာ ဘာလို့ မလုပ်လဲ '

www.burmeseclassic.com


'ငါ ...... ငါက ဦးစိန်မြဆီ စကားလွှန်ထားခဲ့လို့ကွ၊ ဦးကျော်မြက ငါ့ကို သိပ်လိုချင်တာပေါ့၊ အညာသား သိပ်ရိုးတယ်ဆိုပြီး လူယုံထား.......... '

'အ တယ် ပြောစမ်းပါဗျာ '

'မင်း ........ အဘ၊ ဟုတ်မယ် '

'ဟဲ...ဟဲ...ခင်ဗျားပြောတာ တကယ်တော့ ဟုတ်ပါတယ်နော် '

တွေတွေငေးငေး ပြောလိုက်သော **ကြည်ဟန်**ကိုကြည့်၍**မြရွှေ**ကမေး၏။

'ဟုတ်ပါတယ်ကွ၊ မင်းက ဘာထင်လို့လဲ '

'သူ့သမီးနဲ့ ဖြစ်မှာစိုးလို့ မဟုတ်ဘူးလား '

'သူ့သမီးနဲ့ ငါနဲ့ဖြစ်နေတာ ဦးကျော်မြ မသိသေးပါဘူးကွ၊ ငါကလဲ သိမှာစိုးလို့ အနေအထိုင်ဆင်ခြင်........... '

'ဗျို့.........ဦးကျော်ဝင်း၊ ရှေ့ကွေ့မှာ မော်တော်တွေရော၊ ဖောင်တွေရော ညပ်ပိတ်နေတယ်နော်၊ ခင်ဗျားတို့ဖောင် နောက်ယမ်းနေတယ်၊ သတိထား ကြဦး '

တစ်ဘက်ဖောင်မှ ဦးစီးလုပ်သူ **မျိုးညွှန့်**၏ လှမ်းသတိပေးသံကြောင့် **ကြည်ဟန်** စကားရပ်သွားသည်။

သူတို့ဖောင်ဦးစီးမှူး **ဦးကျော်ဝင်း** အိပ်စင်ထဲမှ ထွက်လာကြည့်၏၊ သူ့လူသုံးယောက်စလုံး အသင့်အနေအထား ရှိနေကြသည်ကို မြင်ရသဖြင့် အိပ်စင်ထဲ ပြန်ဝင်သွားသည်။ တစ်ဖက်ဖောင်မှ ဦးစီးလုပ်သူ **မျိုးညွှန့်**အား လုံးဝ စကားပြန်မပြောခဲ့။ **ကြည်ဟန်**က **မျိုးညွှန့်**ဆီ တစ်ချက်လှမ်းကြည့်၏။ နှုတ်ခမ်းကို မဲ့ကာ ပြန်အော်ပြောလိုက်သည်။

'ဟေး.....မျိုးညွှန့်၊ ငါတို့ဖောင်ကို စိတ်ချပါကွ၊ ဦးကျော်ဝင်းက ဦးစီးကြီးပဲ၊ မင်းဖောင်ကိုသာ မင်းဂရုစိုက် '

**ကြည်ဟန်**စကားကြောင့် **မျိုးညွှန့်**အသံ တိတ်သွားသည်။


BURMESE CLASSIC .com

www.burmeseclassic.com


'ဒီကောင်က ဒီနှစ်မှ ဖောင်ဦးစီးမှူးလုပ်ရတော့ သိပ်မြောက်နေတယ်ကွ၊ ခါတိုင်းနှစ်တွေမှာ ငါနဲ့လက်ထောက် အတူလုပ်နေကျပါ။ ဒီနှစ် ဖောင်ဦးစီး **ထွန်းကျော်**က သူ့မိန်းမ မီးဖွားနေလို့ ရွာပြန်သွားတာနဲ့ **ဦးစိန်မြ**က အစမ်းအနေနဲ့ တစ်ရေ၊ နှစ်ရေ ဦးစီးလုပ်ခိုင်းထားတာ ခြေထောက်မြေမကျ ဖြစ်နေတယ်။ **ဦးကျော်ဝင်း**ကိုများ သူကပဲ သတိပေးရတယ်လို့၊ **ဦးကျော်ဝင်း**ခဏထွက်ကြည့်တာကလဲ ဒီကောင့်အကြောင်းသိလို့ပဲ၊ သူ သတိပေးရက်နဲ့ တစ်စုံတစ်ခုဖြစ်ရင် ဒီကောင်က ဦးစိန်မြကို ကုန်းချောဦးမှာကွ၊ သိပ် မိန်းမလို မိန်းမရလုပ်တတ်တဲ့ အကောင် '

**ကြည်ဟန်**က **မြရွှေ**ကို ကြားရုံမျှ လေသံနှင့်ပြော၏။ **မျိုးညွန့်**နှင့်မရင်းနှီးသူ၊ **မျိုးညွန့်** အကြောင်းကိုမသိသူ **မြရွှေ**ကမူ တစ်ဘက်ဖောင်ပေါ်တွင် ခါးထောက် မတ်တတ်ရပ်နေသော **မျိုးညွန့်**ကို မသိမသာမျှသာ ကြည့်ရဲသည်။

**မျိုးညွန့်**မှာ ကိုယ်လုံးကိုယ်ထည်ကအစ **ကြည်ဟန်**တို့ **မြရွှေ**တို့ထက် တောင့်တင်းကြံ့ခိုင်သူ ဖြစ်သည်။ ရုပ်လက္ခဏာ အနေအထားမှာလည်း ဘာမဆို တုံးတိုက်တိုက်၊ ကျားကိုက်ကိုက် လုပ်မည့်ရုပ်မျိုးရှိသဖြင့် **ကြည်ဟန်**ကလွဲပြီး **မျိုးညွန့်**ကို မည်သူမျှ ပြန်မပြောလိုက်ကြ။

www.burmeseclassic.com

## အခန်း ၂

မော်တော်ဆွဲခေါ်ရာသို့ တရွေ့ရွေ့ပါလာကြသော ကျားဖောင်နှစ်စီးသည် မြစ်နားချောင်းဝဂိတ်သို့ ရောက်လာကြသည်။ ဂိတ်ဝတွင် သူတို့ဖောင်၌ပါသောပစ္စည်းစာရင်းကို ဂိတ်ရုံးတွင် ဦးစီးမှူးကိုယ်တိုင် အတိအကျသွားပေးရ၏။

ဤသို့ ပိုက်ဘယ်နှစ်ဖောင်၊ ကျောက်ဟက်ဘယ်နှစ်လုံး၊ ဒန်အိုး၊ ဒန်ခွက်၊ ရေစည်၊ ဘက်ထရီအိုး၊ မီးချောင်း၊ ငါးခွဲဓား၊ ရေဒီယိုကအစ စာရင်းပေးခဲ့ရခြင်းမှာ သူတို့ ပိုက်ဖောင်ပြန်ဝင်လာသောအခါ ပစ္စည်းအပို ပါမပါ စစ်ကြည့်နိုင်ရန်ဖြစ်သည်။ တချို့ မသမာသူများသည် ပင်လယ်ပြင်ကို ငါးဖမ်းထွက်သလိုလိုနှင့် အပြန်မှာ ဓားပြတိုက်ပြီး ဖောင်သမားများကို သတ်ထားခဲ့ကြသူများလည်း ရှိသည်။ ပိုက်ခိုး၊ ရေစည်ခိုးနှင့် ရရာပစ္စည်းတွေကို ခိုးလာသူများလည်း ရှိသည်။

ပစ္စည်းယူ လူသတ်အမှုများ ပင်လယ်ထဲ မကြာခဏ ဖြစ်တတ်သဖြင့် ဂိတ်ဝတွင် မိမိတို့ဖောင်၌ ပါလာသောပစ္စည်းများကို အတိအကျစာရင်းပေးထားခဲ့ရခြင်း ဖြစ်လေသည်။

ဆွဲမော်တော်ကိုယ်စီနှင့် မြစ်နားချောင်းထဲမှ ထွက်လာကြသော အင်္ဂလန်ကျားဖောင်များသည် ပစ္စည်းစာရင်းပေးပြီးသည်နှင့် ပင်လယ်ဝ ဆက်ထွက်ကြသည်။

ပင်လယ်ပြင်ကို ရောက်လာပြီဖြစ်သဖြင့် **ဦးကျော်စံ**က ဖောင်ဦးကို ပင်လယ်ရေနှင့် လောင်း၍၊ ပါးစပ်ထဲကလည်း တဖွဖွ ရေရွတ်နေသည်။

**မြရွှေ**က **ကြည်ဟန်**ကို လက်တို့၍။

'ကိုကြည်ဟန် အဲဒါ ဘာလုပ်တာလဲဗျ၊ ဘယ်လို အစွဲအလမ်း တွေလဲ '

' အိုး ........ ရာသီဥတုသာယာအောင်၊ ငါးများများရအောင်၊ ဘေးကင်းရန်ကွာအောင်ပေါ့ကွာ၊ ဒီလူကြီးက သိပ်အစွဲအလမ်းကြီးတာ ' **ကြည်ဟန်** က တီးတိုးပြောသော်လည်း **ဦးကျော်စံ**များ ကြားသွားလေပြီလားဟု **မြရွှေ**က **ဦးကျော်စံ**ဘက် လှည့်ကြည့်၍။ **ဦးကျော်စံ**ကမူ သူတို့နှစ်ယောက်ကို လုံးဝဂရုမစိုက်၊ နှုတ်ခမ်းတလှုပ်လှုပ်နှင့်သာ မန်းမှုတ် ရွတ်ဖတ်နေ၏။

အဆုံးအစ မမြင်ရသော ဘင်္ဂလားပင်လယ်ပြင်ကြီးသည် အင်္ဂလန်ကျားဖောင်များကို ဆီးကြိုခေါ်ငင်သကဲ့သို့ လှိုင်းလက်တံရှည်များနှင့် ရိုက်ပုတ်ကျီစယ်စ ပြုလာလေသည်။

ဖောင်ဦးတွင် စိုက်ထူထားကြသော မိမိတို့ မြို့နယ်အလိုက်အလံ၊ တံခွန်များကလည်း ပင်လယ်လေနှင့် တွေ့သောအခါ တဖျပ်ဖျပ် လှုပ်ခတ်လာကြသည်။

ပင်လယ်ပြင်ကို ရောက်နေပြီဖြစ်သဖြင့် လက်ထဲမှ ထိုးဝါးများကို ဖောင်ပေါ်သို့ ချလိုက်ကြ၏။ ငြိခြင်း၊ တိုက်မိခြင်း၊ သောင်တင်ခြင်းတို့လည်း မရှိနိုင်ပြီဖြစ်လေရာ ဖောင်လုပ်သားအားလုံးမှာ မိမိတို့ဖောင်ကို စိတ်ချသွားကြပြီဖြစ်သည်။

www.burmeseclassic.com


လက်ထဲက ထိုးဝါးများကို ဖောင်ကြမ်းပြင်ပေါ် ချလိုက်သည်နှင့် တပြိုက်နက် **ကြည်ဟန်**က ဖောင်အောက်ရေပြင်ကို ငေးစိုက်ကြည့် လိုက်လာသည်။ ဤသည်ကို **မြရွှေ**က 'ကိုကြည်ဟန် ဘာကြည့်တာလဲဗျ၊ ငေးလှချေလား၊ ရေထဲလည်း လိမ့်ကျဦးမယ်နော်'ဟု ပြောလိုက်၏။

**ကြည်ဟန်**က 'ရေကိုကြည့်တာလေကွာ'ဟု ပြန်ပြောသည်။

'ခင်ဗျားဗျာ ......... ပင်လယ်ထဲ လုပ်စားလာတာပဲ ကျောကုန်းဆားပေါက်နေပြီ၊ ခုထိရေကို ကြည့်တုန်းဟုတ်လား၊ ကျုပ်က ခင်ဗျားအမျိုးသမီး အရိပ်များ ရေထဲတွေ့နေရလို့လား ထင်မိတာ'

ရေပြင်အောက်ငုံ့ကြည့်နေသော **ကြည်ဟန်**၏ မျက်လုံးအစုံက **မြရွှေ**ဆီရောက်လာ၏။

'မင်းနားမလည်ပါဘူး၊ ရေအတိမ်အနက်ကို ကြည့်တာကွ'

'ရေအတိမ်အနက်များ ဒီလောက် ငေးစိုက်ကြည့်နေစရာ မလိုပါဘူးဗျာ၊ တစ်ချက်ကြည့်သိတာပဲ'

'အမယ် ....... ရခိုင်ကတယ်ဟုတ်ပါလား၊ ဒါဆိုပြောစမ်းကွာ ခုရေအတိမ်အနက် ဘယ်လောက်လဲ'

'ခု ခင်ဗျားမြင်ရတဲ့ရေ အရောင်ကိုပြောလေ၊ ရေအတိမ်အနက် ကျွန်တော်ပြောမယ်'

'ကမ်းနဲ့ သိပ်မဝေးသေးတော့ ရေက ရွှံ့နှစ်ရောင်ပဲ ရှိသေးတယ်ကွ'

'အဲဒါဆို ခုနှစ်လံနဲ့ဆယ်လံ အတွင်းဖြစ်ရမယ်'

**ကြည်ဟန်**က သူ့ကို တလေးတစားကြည့်ပြီး 'မင်းမဆိုးဘူး'ဟုပြော၏။

'ရခိုင်ပင်လယ်က လာတဲ့လူဗျ၊ ကျွန်တော်တို့ဆီမှာ ဒါကို ကလေးတောင်သိတယ်'


BURMESE CLASSIC .com

www.burmeseclassic.com


'တယ်ဟုတ်ပါလား၊ ဒါဆိုဆက်ပြောစမ်းပါဦးကွ '

'ဘာကိုပြောရမှာလဲ '

'ဆယ်လံကနေပြီး တစ်ဆယ့်ငါးလံ၊ အလံနှစ်ဆယ်၊ သုံးဆယ်၊ လေးဆယ်ထိ ဘယ်လိုအရောင်ရှိလဲ ဆိုတာလေကွာ '

'ခင်ဗျားမသိဘူးလား '

'မသိလို့ မဟုတ်ဘူးကွ၊ အသိချင်းတူ မတူ၊ ဟုတ် မဟုတ်၊ ငါက စူးစမ်းချင်လို့ပါ၊ ညှိနှိုင်းတဲ့သဘော၊ ပညာဖလှယ်တဲ့ သဘောပေါ့ကွာ ……ဟဲ……ဟဲ '

'ဒါဆို ခင်ဗျားပဲ ဆက်ပြော၊ ဟုတ်မဟုတ်၊ တူမတူ ကျွန်တော် နားထောင် နေမယ် '

'မင်းက တော်တော်ကတ်ဖဲ့ လုပ်တဲ့အကောင်ပဲ၊ ပြောပါဆို '

'အိုး ……… မပြောဘူးဗျာ၊ ခင်ဗျားသိချင်ရင် ခင်ဗျားအရင်ပြော '

**မြရွှေ**က **ကြည်ဟန်**ကို စချင်နေသဖြင့် တကယ်ကတ်ဖဲ့ လုပ်နေ၏။

'ဆယ်လံက တစ်ဆယ့်သုံးလံအထိ ဖြူဖျော့ဖျော့အရောင်ကွာ ဟုတ်လား '

'ယက်ဆား '

'တစ်ဆယ့်သုံးလံက တစ်ဆယ့်ငါးလံအထိ အစိမ်းနုရောင်ကွာ၊ ဟုတ်ပြီလား '

'ယက်(စ်) '

'တစ်ဆယ့်ရှစ်လံဆို အစိမ်းရင့် ဟုတ်ကဲ့လား '

'ယက်ဆား၊ ယက်ဆား '

'အေး …. နည်းနည်းပေးစမ်းပါကွ '

ငါးလုမ်းစင်တစ်ဘက်မှ **ဦးကျော်စံ**က လှမ်းတောင်း၏။


BURMESE CLASSIC .com

www.burmeseclassic.com


'ဘာလဲ ဦးလေး '

'လျက်ဆားဆိုကွ၊ ငါရင်ပြည့်ရင်ကယ် ဖြစ်လာလို့ '

'ဟာ ...... ဒီအဖိုးကြီး နားလေးပါးလေးကလဲ တမျောက် '

**ကြည်ဟန်**က အော်လိုက်၏။

'ဟော့ကောင် ဘာနားလေးပါးလေးလဲ၊ ဒါက အော်စရာလား '

'ဒါကျတော့ ကြားတယ် '

'မကြားရအောင် ငါက နားပင်းနေလို့လားကွ '

**ဦးကျော်စံ**က ပြန်အော်၏။

ပင်လယ်ပြင်ထဲ ရောက်လာပြီဖြစ်ရာ၊ လေတဟူးဟူး တိုက်လာသဖြင့် **ဦးကျော်စံ**မှာ တကယ်သဘောရိုးနှင့် လျက်ဆားတောင်းလိုက်ခြင်းသာ။

'သြော် .......... ဒီလိုပါ ဦးလေး၊ ကိုကြည်ဟန်ပြောတဲ့ ယက်(စ်) ဆိုတာက၊ အင်္ဂလိပ်လို "ဟုတ်ကဲ့ခင်ဗျာ" လို့ပြောတာပါ '

**မြရွှေ**က ကြားဝင်ဖျန်ဖြေလိုက်၏။ **ဦးကျော်စံ** အသံတိတ်သွားသည်။ **ကြည်ဟန်နှင့် မြရွှေ**တို့မှာ တစ်ယောက်မျက်နှာ တစ်ယောက် ပြုံးစိစိ ကြည့်ပြီး စကားပြန်ဆက်ကြ၏။

'ကဲပြောစမ်းပါဦးကွ၊ တစ်ဆယ့်ရှစ်လံကနေပြီး အလံနှစ်ဆယ်၊ သုံးဆယ်၊ တို့ပိုက်ချနိုင်တဲ့ လေးဆယ်ထိ ရေအရောင်ပြောင်းပုံကို '

'ဒါကတော့ အဆင့်ဆင့်ပေါ့ဗျာ၊ အဲဒီ ရေနက်တွေထဲ ရောက်ရင် ပြောမယ်၊ အစိမ်းရင့်ကနေပြီး ငှက်ခါးတောင်၊ အပြာရောင် ပြောင်းတယ်ဆိုတာလဲ ရေတက်၊ ရေကျ၊ မနက်၊ နေ့လယ်၊ ညနေ၊ အရောင်ချင်း မတူဘူးလေ၊ တစ်ခါ .......... '

'ဟော့ကောင်လေးတွေ မင်းတို့ ထမင်းချက်ဖို့ မလုပ်ကြသေးဘူးလား၊ မွန်းပဲတည့်တော့မယ် '


BURMESE CLASSIC .com

www.burmeseclassic.com


စကားအချေအတင် ပြောနေကြသော သူတို့ နှစ်ယောက်ကို **ဦးကျော်စံ**က အမြင်ကတ်ကတ်နှင့် လှမ်းပြောလိုက်၏။

'အေးကွ ဟုတ်သားပဲ၊ လာ လာ'

**ဦးစီးမှူးဦးကျော်ဝင်းနှင့် ဦးကျော်စံ**တို့ကမူ သူတို့ အင်္ဂလန်ကျားဖောင်နည်းတူ ပင်လယ်ပြင်ထဲ ငါးဖမ်းရန်ထွက်လာကြသော ရှေ့နောက်၊ ဝဲယာမှ ကျားဖောင်များနှင့် ဆွဲမော်တော်များကို ငေးကြည့်ကာ ဖောင်ကြမ်းခင်းပြင်ပေါ်၌ပင် ယှဉ်ထိုင် နေကြသည်။

ပင်လယ်ပြင်သို့ ငါးဖမ်းရန် ထွက်လာကြသော အင်္ဂလန်ကျားဖောင်များမှာ အရွယ်အစားတည်ဆောက်ထားပုံချင်း အားလုံးအတူတူပင်၊ အလျား ၁၄ တောင်၊ အနံ ရှစ်တောင်နှင့် ဇောက်အမြင့် တစ်တောင့်တစ်ထွာခန့်ရှိ၏။

ဝါးဘိုးဝါး သို့မဟုတ် ကြသောင်းဝါး ၄၄ လုံးကို အပေါ် ၂၂ လုံး၊ အောက် ၂၂ လုံးစီ အညီအမျှ ထပ်ခင်းထားသည်။ အပေါ်ဝါးနှင့် အောက်ဝါးကို သွပ်နန်းကြိုးနှင့် အခိုင်အခံ့ ကွပ်ချည်တုပ်နှောင်ထား၏။ အထက်အောက်ရှိ ဝါးလုံးများကို လေးဖြက်ကျ ရွေခုတ်ထားသော ကနစိုယက်မကြီးတွေက အပေါ်ရှစ်ချောင်း၊ အောက်ရှစ်ချောင်းတို့နှင့်လည်း ထပ်မံ၍ အကွက်ကျကျ ဖွဲ့ချည် သံရိုက်ထားသေးသည်။

ဖောင်ဘေးနှစ်ဘက်တွင် နောက်ထပ် ဝါးဘိုးဝါးလုံးကြီး နှစ်လုံးနှင့်လည်း ဘေးတားရန်ကာ ခိုင်ခံ့စွာချည်နှောင်ထားသေးသည်။ ထိုဝါးဘိုးဝါးကြီး နှစ်လုံးမှာ မော်တော်ကပ်လျှင် ဖောင်နှင့်မော်တော်ညပ်ပြီး ဖောင်မကြီးမှ ဝါးလုံးများ ကွဲကျိုးမကုန်နိုင်အောင် ဖြစ်သည်။

ဖောင်၏နောက်ပိုင်းတွင် အိပ်စင်၊ မီးဖိုချောင်၊ အိမ်သာနှင့် ဖောင်၏ အလယ်တွင် ငါးလှန်းစင်တို့ပါလေသည်။ သူတို့မှာ ကမ်းမမြင်ရသော ပင်လယ်ပြင်ထဲတွင် ရက်ရှည်လများနေပြီး ငါးထောင်၊ ငါးဖမ်းလုပ်ကြရမည့်သူများ

www.burmeseclassic.com


ဖြစ်လေရာ စားနပ်ရိက္ခာဆိုသည်မှာလည်း ဖောင်တိုင်းတွင် လေးငါးရက် တစ်ပတ်စာခန့် ပါလာကြသည်။ သောက်ရေ သုံးရေ တို့မှာလည်း သစ်သား စည်ပိုင်းကြီး၊ တိုင်ကီကြီးတွေနှင့် အပြည့်ပါ၏။

ယခု သူတို့ဖောင်ကို ဆွဲငင်လာသော မော်တော်သည် ပိုက်ဖော်ပြီးချိန် ရေတက် ရေကျကိုမှန်းဆ၍ တစ်နေ့တစ်ခေါက်ဆိုသလို သူတို့ကျားဖောင်ဆီ လာကပ်မည်။

စားနပ်ရိက္ခာ ဖြည့်ပေးခြင်း၊ ရရှိထားသော ငါးပုစွန်များကို ရွာသို့သယ်ဆောင်ယူခြင်း စသည့်အလုပ်များကို နိစ္စဓူဝ ပြုလုပ်နေရမည် ဖြစ်ရာ ပင်လယ်ပြင်တွင် ရက်မည်မျှကြာကြာ အစာရေစာပြတ်လပ်သွားမှာ တော့မပူပင်ရ၊ ရိက္ခာကုန်နေလျှင် ငါးလာယူသော မော်တော်နှင့် အလုပ်ရှင် ပိုက်သူကြီးဆီကို မှာလိုက်ရုံသာ။

သည်လိုနှင့် နောက်မီး၊ အရှေ့ဖျား၊ အလံတိုင်၊ အောင်လှိုင်၊ ပတ်ပြဲ၊ ဘုန်းကြီးသောင်၊ကုလားတိုက်၊ချောင်းဝ၊ခါးပြတ်၊ဆိတ်မစသည့်ရွာများမှ အင်္ဂလန်ကျားဖောင်များနှင့် မော်တော်များသည် အနောက်တောင် ဘင်္ဂလား ပင်လယ်အော်တွင် သူ့အကွက်နှင့်သူ ရှုပ်ယှက်ခတ်နေကြသည်။

ယနေ့မှ ငါးဖမ်းကျားဖောင်များကို ပင်လယ်ပြင်ထဲ ဆွဲခေါ်လာသော မော်တော်များရှိသလို ပင်လယ်ပြင်ထဲတွင် ငါးဖမ်းကျားဖောင်များကို နေရာ တကျချထားခဲ့ပြီး ရွာပြန်၊ မြို့ပြန်လာသော မော်တော်များကိုလည်း မြင်နေရ သည်။

မိုးပြတ်စ အစောပိုင်းကပင် ပင်လယ်ပြင်ထဲ သက်စွန့်ဆံဖျား ထွက်သွား ကြသော မော်တော်များဆိုလျှင် သူတို့ကျားဖောင်များမှ ဖမ်းဆီးရမိသော ငါးများကိုပင် သယ်ဆောင်လာနေကြသည်ကိုလည်း တွေ့ရသည်။


BURMESE CLASSIC .com

**ပိုက်သူကြီး ဦးစိန်မြ** ပိုင် မော်တော်နှင့် အင်္ဂလန်ကျားဖောင် နှစ်ဖောင်ကမူ ဤယနေ့မှ ပင်လယ်ပြင်သို့ စထွက်ဖြစ်သည်။ သူတို့ကဲ့သို့ အကြောင်းအမျိုးမျိုးကြောင့် ဤယနေ့မှ ပင်လယ်ပြင်သို့ စထွက်ဖြစ်သော တခြားမော်တော်ဖောင်များမှာ ဘုန်းကြီးသောင်မှ ဦးသိန်းလှ၊ ကုလားတိုက်မှ ဦးဘာဘာ၊ အလံတိုင်ရွာမှ ဦးငွေးကြွယ်နှင့် ချောင်းဝမှ ဦးစံအေး မော်တော်ဖောင်တို့ဖြစ်ကြသည်။



www.burmeseclassic.com

## အခန်း ၃

'အစ်ကိုကြီး ထမင်းစားရအောင် 'ဟု **ဦးစီးမှူး ဦးကျော်ဝင်း**ကို **မြရွှေ**က ခေါ်၏။

'အေးကွ စားတာပေါ့ 'ဟုပြောကာ ဖောင်ဦးပိုင်းက လျှောက်လာသည်။ **ဦးကျော်ဝင်း**က 'မော်တော်က ဌေးဝင်းကိုလည်း ထမင်းစားခေါ်ပါ ဦးကွာ 'ဟုပြောပြီး၊ သူကိုယ်တိုင် လှမ်းခေါ်သည်။

' မနက်စာက မျိုးညွန့်တို့ဖောင်မှာပဲ စားမယ် အစ်ကိုကြီး၊ ညနေကျမှ စားပါရစေ 'ဟု **ဌေးဝင်း**က ပြန်ပြောသည်။

**ဦးကျော်စံနှင့် ဦးကျော်ဝင်း**တို့က ဦးစွာထမင်းဝ၍ ဝိုင်းမှထကြသည်။ ပန်းကန်ကိုယ်စီကိုင်ထကြသော လူကြီးနှစ်ယောက်ကို 'ထားခဲ့ပါ၊ ကျွန်တော်ဆေးပေါ့မယ် 'ဟု **မြရွှေ**က ပြော၏။

'ရပါတယ်ကွာ၊ မင်းက နေ့တိုင်းဆေးပေးဖို့ အားမှာမှ မဟုတ်တာ'

'ဆေးပေးပါမယ် ဦးလေးရာ၊ ထားမှာသာ ထားခဲ့စမ်းပါ '

**ဦးကျော်စံ**ကို **မြရွှေ**က အတင်းတား၍ ထမင်းစားသံပန်းကန်ကို ဆွဲယူ ထားလိုက်သည်။

**မြရွှေ**သည် ထမင်းလုံးတွေ ပေရေနေသော သူ့လက်နှင့် သံပန်းကန်ပြားတစ်ချပ်ကို ဖောင်အစမှ လှမ်းပြီး ရေထဲနှစ်လိုက်၏။



BURMESE CLASSIC .com

**ကြည်ဟန်**က အထိတ်တလန့်နှင့် 'ဟော့ကောင် ... ဟော့ကောင်' ဟု အော်ဟစ်လိုက်သည်။ **ကြည်ဟန်**အသံကြောင့် **မြရွှေ** လက်တွန့်သွား၏။

'ဘာလဲဗျ'

'မင်းလက်မှာ ထမင်းလုံး၊ ဟင်းဖတ်တွေနဲ့ ပင်လယ်ရေထဲ လက်နှစ် ဆေးရလားကွ၊ ငါးမန်းတွေ လာတွတ်သွားလို့ မိုးလင်းရင် မျက်နှာသစ်စရာ လက်မရှိ ဖြစ်သွားဦးမယ်'

**ကြည်ဟန်**ပြောမှ သတိရ၏။

ပင်လယ်ထဲတွင် ဖောင်ရိပ်ခို၍ ကပ်နေတတ်သော ငါးအကြီး၊ အသေးများ ရှိတတ်သည်။ လူတို့၏ စားကြွင်းစားကျန်နှင့် ထမင်းလုံး၊ ဟင်းဖတ်တွေကို ချောင်းမြောင်းနေကြ၏။ ထို့ကြောင့် ပင်လယ်ထဲတွင် ငါးတွတ်သွားမှာ စိုး၍ ဘာပဲဆေးဆေး ရေထဲနှစ်မဆေးရ၊ ဆွဲပုံး ရေပုံးတွေနှင့်သာ ရေငင်ပြီး ဖောင်ပေါ်တွင် ဆေးရ၏။ ပြီးတော့ ရေတန်းထိမှုနှင့် ပြည်ကြီးခွေးလျှာကိုက်ခံရမှု မဖြစ်အောင်လည်း အထူး သတိထားကြရသည်။

ရေတန်းမှာ လက်လံတစ်ဆယ်နှစ်ဆယ်ခန့် ရှည်လျားပြီး အပ်ချည်မျှင်သာသာ ရှိသော်လည်း လွန်စွာ ကြောက်မက်ဖွယ်ကောင်းသော ရေသတ္တဝါ တစ်မျိုးဖြစ်သည်၊ ရေတန်းနှင့် ထိမိလျှင် ဝမ်းတွင်းမှအစ တစ်ကိုယ်လုံး မခံမရပ်နိုင်လောက်အောင် အောင့်ခြင်း၊ ကျဉ်ခြင်း၊ နာခြင်းတို့ ဖြစ်လေသည်။ ထမင်းစား၊ ရေသောက်၊ ဆေးလိပ်သောက် အသက်ရှူသည်ကအစ နာကျင်ကိုက်ခဲမှုကို အလူးအလဲခံရတတ်သည်။ သို့သော် သုံးလေးရက် ကြာလျှင်တော့ အလိုလို ပျောက်သွားတတ်၏။ ပြည်ကြီးခွေးလျှာ ကိုက်လျှင်လည်း ထိုနည်းတူစွာပင် အခံရ အင်မတန်ခက်သည်။ ပြည်ကြီးခွေးလျှာမှာ အသွားသုံးထပ်ရှိသည်။ သူ၏ သွားများနှင့် ထပ်ကာထပ်ကာ ကိုက်တတ်လေရာ အကိုက်ခံရသော အနာမှာ တဖြည်းဖြည်း ရင်းလာပြီး ကြာလျှင် အလုပ်ပျက် အကိုင်ပျက်ထိ ဒုက္ခပေးတတ်လေသည်။



BURMESE CLASSIC .com

www.burmeseclassic.com


ဤသည်တို့ကို တွေးမိပြီး ပခုံးတွန့် လက်တုံ့ ဖြစ်သွားသော **မြရွှေ** က **ကြည်ဟန်**အား ‘လက်ကို ငါးမန်းလာတွတ်လို့ ပါသွားရင်လဲ အလုပ်သက်သာတာပေါ့ဗျာ၊ နားနေလိုက်ရုံပဲ၊ ပြီးတော့ အလုပ်ရှင် ပိုက်သူကြီးဆီက လျော်ကြေးရတာပေါ့ ’ဟု တမင်ပြောလိုက်၏။

ဤသည်ကို ကြားသွားသော **ဦးကျော်စံ**က ‘ဟေ့ကောင်လေး ပင်လယ်ဆိုတာ နတ်နဲ့နော်၊ မဟုတ်ကဟုတ်ကတွေ မပြောရဘူး၊ မော်တော်မောင်းတဲ့ ဒွေးဝင်းကလဲ မင်းတို့အလုပ်ရှင် ဦးစိန်မြရဲ့ တူအရင်းကွ၊ မင်းစကားပြောတာ ကြည့်ပြော ’ဟု သတိပေးလိုက်သဖြင့် **မြရွှေ** ပါးစပ်ပိတ်သွားသည်။



BURMESE CLASSIC .com

www.burmeseclassic.com

## အခန်း ၄

အင်္ဂလန်ကျားဖောင်နှစ်စီးကို ဆွဲငင်လာသော ဆွဲမော်တော်၏ စက်သံက ပိုကျယ်လာသည်။ ဖောင်ပေါ်က လှမ်းကြည့်လျှင် ကမ်းခြေကို ပျပျ သာ မြင်ရတော့၏။ ရေပြင်နှင့် ကမ်းခြေတို့ ထိစပ်နေသော နေရာတွင် ချိုးလိုင်း အဖြူတန်းများကို စည်းခြားထားသလို မြင်နေရသည် ။

သူတို့ဖောင်၏ ရှေ့နောက်၊ ဝဲယာတို့တွင် တခြားဖောင်များ၊ မော်တော် ဘုတ်များကိုလည်း လှမ်းမြင်နေရ၏။ သူတို့ထက် စောစီးစွာ ထွက်သွားကြ သော ဖောင်များ၊ မော်တော်များကိုမူ ပင်လယ်ပြင်အနက်ကြီးထဲတွင် ရေးရေး သာမြင်ရတော့၏။ တချို့မော်တော်တွေမှာ မီးခြစ်ခွံပမာဏသာ၊ အတွေ့အကြုံ မရှိသူများသာဆိုလျှင် အင်္ဂလန်ကျားဖောင်၊ မော်တော်ဘုတ်ဟုပင် ထင်ကြမည် မဟုတ်။ ပင်လယ်ရေပြင်ပေါ်က အမှိုက်တစ်စ၊ ဒိုက်တစ်ဖတ်ဟုသာ ထင် ကြပေမည်။

ရာသီမှာ ပြာရီ ဆိတ်ငြိမ်သောသမယ၊ တန်ဆောင်မုန်း လဆုတ် ဖြစ်၏၊ လှိုင်းလေ ငြိမ်နေသော ပင်လယ်သမုဒ္ဒအဏ္ဏဝါကြီးသည် နက်ရှိုင်းသော ဣန္ဒြေနှင့် ကြောက်မက်ဖွယ် တိရစ္ဆာန်ကြီးတစ်ကောင်လို ငြိမ်နေသည်။

www.burmeseclassic.com


**မြရွှေ**သည် သက်မတစ်ချက်ကို လေးလေးပင်ပင်ချလိုက်မ၏။ နာရီပိုင်းအတွင်းမှာပင် ကမ်းခြေသည်မြင်ကွင်းထဲမှ လုံးဝပျောက်ကွယ်သွားလေပြီ။ ကမ်းခြေပျောက်ကွယ်သွားတော့ တောင်တန်းမြင့်မြင့်ကြီးတွေက၊ထီးထီးပေါ်လာကြပြန်သည်။ သို့သော်မကြာလိုက် နာရီပိုင်းအတွင်းမှာပင်၊ တောင်တန်းမြင့်ကြီးတွေကလည်း မြင်ကွင်းထဲမှ ပျောက်ကွယ်သွားကြပြန်၏။

အရှေ့အနောက် တောင်မြောက်စသည့် အရပ်လေးမျက်နှာတို့တွင် မိုးကုပ်စက်ဝိုင်းနှင့် ပင်လယ်ရေပြင်ကိုသာ ထိစပ်၍မြင်ရတော့၏။ အကယ်၍ နေလုံးနီနီကိုသာ မမြင်ရလျှင်ဘယ်ကရှေ့နောက်၊ ဘယ်က တောင် မြောက်ဟု တွေးထောက် ခန့်မှန်း၍ပင် မရနိုင်သော ပင်လယ်ပြင်ထဲသို့ ရောက်နေကြရလေပြီ။

နေလုံးနီနီနှင့် ပင်လယ်ရေပြင်တို့ ထန်းတစ်ဖျားခန့် အကွာအဝေးတွင် မော်တော်၏ စက်သံက တိုးသွားသည်။ သူတို့ထက် ရက်စောစွာက၊ ရောက်နှင့်နေကြသော ကျားဖောင်များကိုလည်း တစ်ခေါ်သာသာလောက်ဆီတွင် မကြာမကြာ မြင်တစ်ပြ ခေါ်တစ်ကြား တွေ့လာမြင်လာရပြီ။

တချို့ကျားဖောင်များဆိုလျှင် ငါးခြောက်၊ ငါးခြမ်း ခွဲလှန်းထားကြသည်ကိုပင် လှမ်းမြင်ရ၏။ ပင်လယ်ထဲမှ ဤဒေသသည် သူတို့ငါးထောင်ကြရမည့် ဒေသပေတည်း။

ဆားငန်ရေပြင်က စိမ်းကြည်နေသော်လည်း နက်လွန်းသဖြင့် အောက်ခြေ မြေကြမ်းခင်းပြင်ကို မမြင်ရ၊ သူတို့ထက် စောစီးစွာ ရောက်၍ ပိုက်ချထားကြသော အင်္ဂလန်ကျားဖောင်များ၏ အတန်းလိုက် အကန့်လိုက် အနေအထားကိုသာ သတိပြုပြီး ရေအောက်ရှိသောင်ခုံ ကုန်းတန်းများကို ရေစမ်းကြိုးချ၍ ရှာကြရသည်။

သူတို့၏ ကျားဖောင်နှစ်စီး ကျောက်ကနက်တိုင် စိုက်ထူနိုင်သော


BURMESE CLASSIC .com

www.burmeseclassic.com


သောင်ခုံ၊ ကမူများကို ရေစမ်းကြိုးချ၍ **ဦးကျော်ဝင်း**နှင့်**ဦးကျော်စံ**တို့ ရှာဖွေနေကြချိန်တွင် ဆွဲမော်တော်က စက်ရှိန်လျှော့၍ အနေးမောင်းပေး ထားသည်။

**ဦးကျော်ဝင်း**နှင့် **ဦးကျော်စံ**တို့၏ ရေစမ်းကြိုးချပြီး သောင်ခုံ သဲတန်းရှာပုံရှာနည်းကို **ကြည်ဟန်**နှင့်**မြရွှေ**တို့က လေ့လာမှတ်သား ထား ကြရသည်။ လူကြီးနှစ်ယောက်မှာ လုပ်သက်ရင့် ရေလုပ်သားကြီးများ ဖြစ်ကြ သဖြင့် မကြာခင် သူတို့ အခြေစိုက်စခန်းချကြရမည့် ရေအောက်ရှိ သောင်ခုံ သဲတန်းတစ်ခုကို စမ်းမိ ရမိလိုက်ကြသည်။

**မြရွှေ**တို့ အင်္ဂလန်ကျားဖောင် ( ၁ ) နည်းတူပင် **မျိုးညွန့်** ဦးဆောင် သော ကျား ( ၂ )ကလည်း ခေါ်တစ်ကြား မြင်တစ်ပြတွင် သဲသောင်ကုန်း တန်းတစ်ခုကို နာရီပိုင်းအတွင်း ရမိသွားလေ၏။

နှစ်ဖောင်စလုံးကို ကျောက်အလျှင်ချကြ၏။ ကျောက် ကိုက်ရပ်နား နေသော ဖောင်နားတွင် ဆွဲမော်တော်က ရှိနေသေးသည်။

ဤနေ့တွင် အချိန်မရှိတော့၍ ကနက်တိုင် ရိုက်ရန်နှင့် မျှောချပိုက် ထောင်အလုပ်ကိုမူ မနက်ဖြန်မှ ဆက်လုပ်ရန် အားလုံး အနားယူလိုက် ကြလေ၏။


BURMESE CLASSIC .com

www.burmeseclassic.com

## အခန်း ၅

သည်နှစ်တွင် ပထမဦးဆုံး ပင်လယ်ထွက်လာရသော အခေါက်နှင့် ပထမဦးဆုံး ပင်လယ်ညတွင် **မြရွှေ**က ကောင်းစွာအိမ်မပျော်၊ လှိုင်းပုတ်၍ ဖောင်လှုပ်တိုင်း ခဏ ခဏ နိုး၏။

မိုးလင်းသောအခါ **မျိုးညွန့်**တို့ဖောင်ကို မော်တော်နှင့်ကူးပြီး ကနက်တိုင် လိုက်စိုက်ပေးကြရသည်။ **မျိုးညွန့်**တို့ ကျားဖောင် ( ၂ ) ကနက်တိုင် ကျပြီးသည်နှင့် **မျိုးညွန့်**တို့ ဖောင်ပေါ်က လူများသည် **ဦးကျော်ဝင်း**ဦးစီးသော ကျား ( ၁ )သို့ တစ်လှည့်တစ်ပြန် လာကူကာ ကနက်တိုင်ရိုက်ကြသည်။

သူတို့ကျား ( ၁ )နှင့် ကျား ( ၂ )ဖောင်နှစ်စီးစလုံးမှာ **ဦးစိန်မြ** တစ်ဦးတည်းပိုင် ဖြစ်သဖြင့် အမြဲတွဲလျက် အလုပ်လုပ် ကြပေမည်။

'မမလေး ထဘီဖိုး ကြိုးစားလိုက်စမ်းဗျ '

'ငါ့လခွေး ......... အရေးထဲ 'ဟုဆိုကာ **ကြည်ဟန်**က'ဆော်အိုး' ခေါ် အလေးတုံးကို ဖောင်ကြမ်းခင်းပြင်ပေါ် ပစ်ချလိုက်သည်။ လူမှာ မော၍ ဟောဟဲဆိုက်နေ၏။ **မြရွှေ**က **ကြည်ဟန်**ကို စရသဖြင့် ရယ်နေသည်။ **ကြည်ဟန်**နှင့် တစ်ဖက်ဖောင်မှ **မြစန်း**တို့ကဲ့သို့ပင် သူနှင့် **ကြည်ဝင်း** တို့သည်လည်း စောစောက တစ်ချီတစ်လား ထုရိုက်ထားပြီးကြလေပြီ။

သို့သော် ကနက်တိုင်ထိပ်ချွန်သည် ပင်လယ် ကြမ်းခင်းပြင်ကို သူတို့လိုသလို နစ်မဝင်သေး၊ တစ်ခံနေ၏။

'အဲဒါကြောင့် ပြောတာပေါ့ကွ၊ မင်းတို့ နွားပျိုသန်လှ နွားအိုကြီး ပေါင်ကျိုးဆိုတာ၊ ဒီမှာကြည့် တို့အဘိုးကြီးတွေ လေးလေးမှန်မှန် ဆော်ပြမယ်'

စောစောက **ကြည်ဟန်**တို့အတွဲ ပစ်ချထားသော အလေးတုံး၊ ဆော်အိုးကို **ဦးကျော်စံနှင့် ဦးကျော်ဝင်း**တို့က တစ်လှည့်ကောက်မ၍ အားကုန် ရိုက်သွင်းကြ၏။

'ကဲဟာ ......... နင်လားဟဲ့ သဲထု၊ ငါလားဟဲ့ ......... ကျော် ........ ကျော်စံ၊ ထိလျှင်အန်၊ မှန်လျှင်ကွဲရော့ဟ '

**ကြည်ဟန်**က **ဦးကျော်စံ**၏ စကားကို အမောဖောက်၍ အနားက ဟောဟဲ .... ဟောဟဲ ......... လုပ်ပြနေ၏။

' ကဲဟာ '

**ဦးကျော်စံနှင့် ဦးကျော်ဝင်း**တို့ တအား ဖိရိုက်လိုက်သော မျောတိုင်ကနက်သည် တကယ်ပင် တအိအိဝင်သွားလေ၏။

'ဟဲ ..... ဟဲ ...... တွေ့ ..... တွေ့လားကွ၊ လူအိုပေမင့် ..... အဲ ..... စိတ်မအိုသေးဘူး၊ အားရှိသေးတယ်၊ ယောက်ျားကောင်းတို့ရဲ့ စွမ်းရည်ဆိုတာ၊ ရေလျှော်မှ ပျောက်တယ်တဲ့ကွ၊ ကြည်ဟန်မှတ်ထားနော်၊ တွေ့တယ် မဟုတ် လား၊ တို့အဘိုးကြီးတွေ ဆော်ထည့်လိုက်တာ '

လူကြီးဖြစ်သလို စကားလည်းနည်းသော **ဦးကျော်ဝင်း**က ဘာမှ မပြောသော်လည်း **ဦးကျော်စံ**ကမူ မော၍ တဟဲ ...... ဟဲ ဖြစ်နေသည့်ကြားထဲက အပြောင်အပျက်တွေကို အသောဖောက် ပြောနေသေး၏။

**ဦးကျော်စံ**၏ စကားကို လူငယ်များအားလုံးက ဝိုင်းရယ်ကြသည်။ 'ဒါမှ တို့အဘစံကွ၊ ဘာမှတ်သလဲ၊ ရွာမှာဆို သခွားသီးတောင် အစိမ်းစားတဲ့မောင် 'ဟုလည်း ဝိုင်းနောက်ကြ၏။

www.burmeseclassic.com


**ကြည်ဟန်**မှာ **ဦးကျော်စံ**အား နောက်နေကျ ဖြစ်သဖြင့် 'အဲဒီလို အဘိုးကြီးမျိုးပေါ့ကွ၊ မြှောက်ပေးလျှင် ......... တဲ့ ငှက်ပျောတော မင်းသားဆိုတာ၊ မင်းတို့ သိပ်မြှောက် ပေးမနေကြနဲ့ဦး အတော်ကြာ သူ့လုပ်စာကို ညီလေးစား သွားဦးမယ် 'ဟုပြောသည်။

'မင်းကတော့ ငါလုပ်တာဆို တစ်ခါမှ အကောင်းမပြောတဲ့ အကောင်ပဲ၊ မင်း တစ်သက် ဖောင်ဦးစီးဖြစ်မယ့်ကောင် မဟုတ်ဘူး၊ ခုတွေ့တယ်မဟုတ်လား၊ ငါနဲ့မောင်ကျော်ဝင်းတို့ ရိုက်ထည့်လိုက်တာ၊ ချက်ချင်း ကနက်တိုင် စိုက်သွားပြီ '

'ဟုတ်မယ် အားကြီးကြီး၊ ကျွန်တော်တို့ ရိုက်ထားလို့ သဲကြမ်းခင်း အလွှာ ပေါက်နေပြီပဲဟာ၊ ဝင်တော့မှာပေါ့ '

**ကြည်ဟန်**ပြောလိုက်သည်မှာလည်း အမှန်ဖြစ်သည်။ သမုဒ္ဒရာထဲတွင် အပေါ်လွှာ၌သဲထုရှိ၏။ ထိုသဲထုကို မျောသားအချွန်က တော်တော်နှင့် မဖောက်နိုင်၊ သဲထုလွန်သွားပြီ ဆိုလျှင်တော့ ရိုက်နိုင်သလောက် တအိအိ ဝင်တော့၏။

ယခုလည်း **ကြည်ဟန်**တို့ အတွဲရိုက်ပြီးကတည်းကပင် ပေါက်လုပေါက်ချင် ဖြစ်နေသော သဲထုမှာ **ဦးကျော်စံ**တို့ဆက်အရိုက်တွင် ပေါက်ထွက်သွားလေပြီ။ ဤသည်ကို လုပ်သက်အတွေ့အကြုံအရ အတတ်သိ၍ ပြောခြင်းဖြစ်၏။

**ဦးကျော်ဝင်း** ဦးစီးသော အင်္ဂလန်ကျားဖောင် ( ၁ )နှင့် **မျိုးညွန့်** ဦးစီးသော အင်္ဂလန်ကျားဖောင် ( ၂ )၊ နှစ်စီးစလုံး ကနက်ချပြီးသွားသည်။ တစ်ဆယ့်ရှစ်တောင်ခန့် ရှည်သော အဆစ်ဖောက်ဝါးဘိုးဝါး ကန့်လန့်ထဲတွင် ကျားဖောင် လက်ခွကြိုး တစ်ဖက်စီကို ထည့်ကာ ပိုက်ချထောင်ကြရုံသာ။

အင်္ဂလန်ကျားဖောင်နှစ်စီးကို ပင်လယ်ပြင်ထဲ ဆွဲငင်လာရသော


BURMESE CLASSIC .com

www.burmeseclassic.com


မော်တော်သည် ပိုက်တစ်ရေဖော်ရန်ထိ စောင့်နေသေး၏။ ပိုက်တစ်ရေဖော်ပြီးမှ ရသမျှသော ငါးကိုတင်ကာ ရွာသို့ပြန်လေသည်။

နောက်နေ့ နောက်နေ့တွေမှာလည်း ထိုမော်တော်သည် သူတို့ ကျားဖောင်နှစ်စီးမှ ရသမျှသော ငါးများ၊ ပုဇွန်များကို နေ့စဉ် လာယူရပေလိမ့်မည်။

ပထမဦးဆုံး တစ်ရေဖော်၍ ရသမျှသော ငါးများတင်ပြီး မော်တော် ရွာပြန်သွားသောနေ့မှာ ဖောင်သမားများအတွက် ရင်ထဲအထိခိုက်ဆုံးနေ့ ဖြစ်သည်။

ဖောင်နှစ်စီးမှာ ကနက်တိုင်ကိုမှီပြီး ပင်လယ်ပြင်ထဲကျန်နေခဲ့ကြရာ ခေါင်းမရှိသော ခန္ဓာကိုယ်ပမာ ထီးထီးဖြစ်နေ၏။ ကနက်တိုင်ကို လှည့်ပတ်ရုံကလွဲပြီး ဘယ်မျှရွေ့၍ သွား၍ မရသော အသေဖောင်နှစ်ဖောင်ပင်။

ထို့ကြောင့်လည်း သူတို့ဖောင်သမားများသည် ရွာပြန်သွားသော မော်တော်ကို မျက်စိတစ်ဆုံး လိုက်ကြည့်နေကြ၏။ သူတို့ဖောင်နှစ်စီးမှာ မော်တော်ကလာဆွဲမှ ရွာကို ပြန်ရောက်နိုင်ကြမည်မဟုတ်ပါလား။

ဆွဲမော်တော် သူတို့မြင်ကွင်းထဲမှ ပျောက်ကွယ်သွားသည်။ အားလုံး သက်မ ကိုယ်စီချကာ အကြည့်လွှဲလိုက်ကြ၏။

www.burmeseclassic.com

## အခန်း ၆

'ပြုဗ္ဗာဝိဒေဟ အရှေ့ကျွန်းမှ ပေါ်ထွန်းလာသော နေဝန်းသည် အနောက်ဂေါယာကျွန်းသို့ ယွန်းလေ၏ 'ဟူသော စာထဲက အတိုင်းသာ မှတ်ရပေတော့သည်။

နေထွက်လာသည်ကို မြင်ရ၍သာ အရှေ့ဘက် အရှေ့အရပ်ဟု မှတ်ရသော်လည်း **မြရွှေ**၏စိတ်ထဲမှာမူ အရှေ့ဘက်ဟု မထင်မိ၊ သူ့စိတ်ထဲတွင် တောင်ဘက်က နေထွက်လာသည်ဟုချည်း ထင်မှတ်မှားနေ၏။ အမှန်မှာ သူသည် ပင်လယ်ပြင်ထဲ၌ မျက်စိလည်နေပြီ။ အရပ်လည်နေလေပြီ။

အနောက်ဘက်ရှိ ရေပြင်ထဲသို့ နေဝန်းကြီး ငုပ်လျှိုးသွားသော အခါမှာလည်း သူ့စိတ်ထဲတွင် မြောက်ဘက်သို့ နေဝင်သည်ချည်း ထင်မှတ်မှားနေပြန်၏။ နေဝင်သွားသည်ကို မြင်ရသလို နေထွက်လာသည်ကိုလည်း မြင်ရ၏။ သို့သော် ရေပြင်ထဲက ထွက်လာသော နေဝန်းသည် ရေပြင်ထဲသို့ပင် ငုပ်လျှိုးသွားလေ၏။

ယခင်က ဤသို့ တစ်ခါမျှမဖြစ်ဘူး။ လူကြီးသူမများကမူ မျက်စိလည်သော၊ အရပ်မမှန်သော နေရာတွင် ညဉ့်အိပ်ညဉ့်နေပင် မနေအပ် ဟူသော စကားကိုသတိရပြီး စိတ်ထဲလေးနေ၏။

အရပ်ရှစ်မျက်နှာကို ရေပြင်နှင့် မိုးကောင်ကင်တို့ကသာ စိုးမိုးထား လေသည်။ ဘယ်ကိုကြည့်ကြည့် မိုးကောင်ကင်နှင့် ရေပြင်ကိုသာ အမြဲက မြင်နေရ၏။ သောင်ကမ်း ကုန်းမြေဆိုသည်မှာ စိတ်မှန်းထဲ၌ပင် ပေါ်မလာတော့။ စိတ်ထဲမှာ ပင်လယ်ပြင်ထဲ အကြာကြီး နေခဲ့ရသလို ခံစားနေရ၏။

နေဝင်စတွင် ကောင်းကင်နှင့် ရေပြင်တို့က ပုဇွန်ဆီရောင် တောက်ပ လာ၏။ မကြာခင် မှိုင်းပျ မည်းမှောင်လာပြန်သည်။ မိုးကုပ်စက်ဝိုင်းပတ်လည်မှ အမှောင်ထုကြီးသည် သူတို့ကျားဖောင်ရှိရာသို့ တရွေ့ရွေ့တဖြည်းဖြည်း ရွေ့လျား လာနေသလို မြင်နေရ၏။ တစ်ဘက်တည်း တစ်နေရာတည်း မဟုတ်၊ဝေးလွန်း သော အရပ်ရှစ်မျက်နှာက ဝိုင်းစု၍ လာနေကြသည်ဟု ခံစားနေရသည်။

မည်းနက်သိပ်သည်းသော မိုးကောင်းကင်နှင့်အတူ ရေပြင်သည် လည်း ကြောက်မက်ဖွယ်ရာ မည်းနက်အေးစက်လာသည်။ တစတစနှင့် ရေပြင် ပေါ်ရှိ ကျားဖောင်များကိုလည်း တစ်စင်းပြီးတစ်စင်း၊ တစ်စီးပြီးတစ်စီး ဝါးမျိုနေ ကြသလိုပင် တစ်ခေါ်လောက်တွင်ရှိနေသော **မျိုးညွှန့်**တို့ ကျားဖောင်( ၂ ) ကိုပင် လှမ်းကြည့်၍ မမြင်ရတော့။ အမှောင်ထုသည် လက်မည်းကြီးနှင့် ဖမ်းချုပ်ကာ သူတို့ ကျားဖောင်ကိုလည်း ဝါးမျိုလိုက်လေပြီ၊ မိုးကားစုံးစုံး ချုပ်သွားလေပြီ၊ လရောင်ကလည်းမရှိ။

တော်သေးသည်။ မိုးထက်တွင် လမိုက်ည၏ ကြယ်ပွင့်ကြယ်စုတို့က တဖျတ်ဖျတ် တောက်ပလာကြသည်။ ရေပြင်ရှိ ကျားဖောင်များဆီမှ မီးရောင် မီးပွင့်များသည်လည်း အလျှိုလျှို ထွက်ပေါ်လာကြသည်။ သူတို့ကျား ( ၁ )မှ လည်း ဘက်ထရီနှစ်ပေမီးချောင်းလေးက ဖျတ်ခနဲလင်းလာသည်။ မီးရောင် နှင့်အတူ ရေဒီယိုမှ နိုင်ငံခြားသတင်း ကြေညာသံပေါ်လာသည်။

**မြရွှေ**သည် အသက်အောင့်ပြီး ပင်လယ်ပြင်ကို ငေးကြည့်နေရာမှ ပင်လယ်လေကို တဝကြီး ရှူရှိုက်ပြီး သက်ပြင်းတစ်ချက်ကို ပေါ့ပေါ့ ပါးပါး ချ လိုက်သည်။ ထိုအခါမှ သူ့စိတ်ထဲ နေသာ၊ ထိုင်သာ ရှိသွားလေ၏။ **ကြည်ဟန်**၏


BURMESE CLASSIC .com

သီချင်းသံကိုပါ ကြားရသောအခါမှာတော့ ပို၍ အနေရ၊အထိုင်ရ သက်သာသွားလေသည်။

'ညမှောင်မှောင် လမှောင်မှောင် '

ကြယ်ရောင်သော် မလင်းတစ်လှည့် ......

ချိန်းခဲ့ကြ ညတုန်းကပေါ့ကွယ် ....... '

'လဆုတ်ညပဲဗျာ .... လမှောင်မှာပေါ့၊ ကြယ်ရောင်မရှိလည်း ဘာအကြောင်းလဲ၊ ဘက်ထရီမီးချောင်းတွေ ပါပါတယ် '

**ကြည်ဟန်**အနားထလာပြီး **မြရွှေ**က လှမ်းပြောလိုက်သည်။ သူစ, နေသော်လည်း **ကြည်ဟန်**က သီချင်းဆိုမရပ်သေး။

'ချစ်သူမလာသော ခုလိုညမျိုးမှာ

ချစ်စကားအလှတွေ ဘယ်သူ့ထံပါး

ပြောကြားရမလဲကွယ်

ရေပြင်ကို ပြောရမလား၊ ကောင်းကင်

ကိုပြောရမလား၊ မြေပြင်ကိုပဲ ......... '

'ဟေ့ကောင် နိမိတ်မရှိ နမာမရှိ ဒီသီချင်းချည်း မင်းဆိုနေပါလား၊ တခြားသီချင်းဆို ငါမပြောဘူး '

**ဦးကျော်စံ**က **ကြည်ဟန်**ကို တမင်လှမ်းပြော၏။ ကြည်ဟန်က ဘာမှ ပြန်မပြော၊ **မြရွှေ**ကသာ 'ဖီလင်တက်နေလို့ပါဗျာ၊ ရင်ထဲ အရမ်းခံစားနေရလို့ပါ၊ ခွင့်လွှတ်ပါ ဟဲ .... ဟဲ ..... ' ဟု ဆွေးသံကြီးနှင့် တမင် ဝင်နောက်လိုက်၏။

'အေး မင်းတို့ ဖီလင်တက်တာက အကြောင်းမဟုတ်ဘူး၊ လမိုက်ညနော်၊ ပိုက်ကနက်ခွကြိုးတွေကိုလည်း တလောတလော ထကြည့်ကြဦး ' ဟုပြောသည်။

'ဟုတ်ကဲ့ ဦးလေး စိတ်ချပါ '

www.burmeseclassic.com

## အခန်း ၇

ရေပြင်ပေါ်တွင် မြင်နေရသော မီးရောင် မီးပွင့်များသည် ပွဲခင်းဈေး တန်းပမာ လှပနေသည်။ ပင်လယ်နက် ဝေးဝေးဘက်မှ အမှတ်တမဲ့ ကြည့်မိလျှင် ပင်လယ်ထဲက မြို့လေးတစ်မြို့ဟုပင် ထင်ရမည်။ ရေပြင်ရှိ ကျားဖောင်များဆီက ဘက်ထရီ မီးချောင်းရောင်နှင့် မိုးပေါ်ရှိ ကြယ်ပွင့် ကြယ်စဉ်တို့၏ အလင်းရောင်မှာ အားလုံးရေအောက်ထဲရောက်နေသဖြင့် ရေထဲမှာလည်း မီးတထိန်ထိန်နှင့် မြို့လေးတစ်မြို့လို မြင်နေရသည်။

ပင်လယ်ထဲတွင် နေ့ခင်းနေ့လယ်၌ ပျင်းရိငြီးငွေ့စရာကောင်းသလို ညအခါမှာမူ အလွန်စိတ်အားငယ်စရာ ကောင်းလေသည်။ ကြည့်ရှုစရာဆို၍လည်း မိုးထက်မှ ကြယ်ပွင့်ကလေးများသာ ရှိသည်။

'ပင်လယ်ပြင်ရဲ့ မိုးကောင်းကင်ကတော့ အရမ်းလှတာပဲဗျနော် ဦးလေးကျော်စံ 'လက်ကိုခေါင်းအုံးကာ ဖောင်ကြမ်းခင်းပြင်ပေါ် ကျောချလှဲအိပ်နေသော **ကြည်ဟန်**က မိုးပေါ်မော့ကြည့်၍ ပြော၏။

'ဘာလှတာလဲကွ '

'ကြယ်တွေ အများကြီးနဲ့ ကောင်းကင်လေဗျာ၊ မလှဘူးလား၊ ဒီလောက်လှတဲ့ မိုးကောင်းကင်ကြီး၊ ရွာကလူတွေ ခေါ်ပြချင်စမ်းပဗျာ၊



BURMESE CLASSIC .com

www.burmeseclassic.com


ကျွန်တော်ရွာမှာ နေတုန်းက ကောင်းကင် ဒီလောက်လှတာ တစ်ခါမှမမြင်ဖူးဘူး ’

‘ တန်ဆောင်မုန်း လမိုက်ညပဲကွာ၊ ကြယ်စုံတော့ ပိုလှတာပေါ့၊ ဒီလဟာ နက္ခတ်တာရာ စုံတဲ့လ တဲ့။ ရှေးရှေးကဆို ဒီလမှာ နက္ခတ်ပွဲသဘင်ဆင်ယင် ကျင်းပကြတယ်တဲ့။ ခုတော့ တန်ဆောင်တိုင် မီးထွန်းပွဲတော်ပေါ့ကွာ’

**ဦးကျော်စံ** စိတ်ဝင်တစားပြောသည်ကို ဖောင်ဦးစီးမှူး **ဦးကျော်ဝင်း** ကလည်း စကားဝင်ဆက်၏။

‘ ဒီလကို နီတိဆရာကလဲ မာသာနံ၊ လတို့တွင်၊ သရဒ်၊ တန်ဆောင်းမုန်းလသည်၊ ပဒါနံ၊ မြတ်၏လို့ ဆိုတယ်တဲ့ အစ်ကိုကြီး၊ နက္ခတ်စုံလို့နေမှာပေါ့ ’

‘ ဒါလည်း တစ်ကြောင်းပေါ့ကွာ၊ ပြီးတော့ တန်ဆောင်မုန်းလပြည့်နေ့ မဲဇလီပင်မှာ ဆေးပေါင်းခတယ်လို့ မြန်မာသမားတော်တွေ အယူရှိကြတယ်မဟုတ်လား ’

ရောက်တတ်ရာရာ ပြောနေကြသော သူတို့စကားထဲတွင် **မြရွှေ**ကမူ ယခုထိ တစ်ခွန်းမျှဝင်မပြောသေး၊ သူ့အနေမှာ ရခိုင်သား၊ ဗမာစကားလည်း မပီသဖြင့် **ကြည်ဟန်**နောက်မှာစိုး၍ မိုးကောင်းကင်ကိုသာ အများနည်းတူ မော့ကြည့်နေရ၏။

**ဦးကျော်စံ**၊ **ဦးကျော်ဝင်း**နှင့်**ကြည်ဟန်**တို့မှာ မိုးကောင်းကင်က ကြယ်ပွင့်များကို ကြည့်ပြီး နက္ခတ်အခေါ်တွေ ပြောဆိုနေကြသည်။

**ဦးကျော်စံ** က ဖျောက်ဆိပ်ကြယ်စုကို ‘ ကြတ္တိကာ ’ခေါ်ကြောင်း လက်ာရွတ် ပြသည်။ **မြရွှေ**က စိတ်ဝင်တစားနားထောင်နေမိ၏။

‘ ကြတ္တိကာ ကြယ်ခုနစ်သွယ် ကြက်ယယ်စုသလိုတဲ့၊ ပုဏ္ဏကပုသျှူး ငါးလုံးပြူး နှိုင်းတုသဘော်လိုတဲ့၊ ရောဟဏီမှာ၊ သုံးလုံးသာ ပမာ ခုံလောက်လို


BURMESE CLASSIC .com

www.burmeseclassic.com


တဲ့၊ ပင်လယ်သမားတွေဟာ မိုးပေါ်က နက္ခတ်ကို သိရတယ်။ ကောင်းကင်ကို တစ်ချက်မော့ကြည့်လိုက်ရုံနဲ့ ရှေးရှေးက ပင်လယ်ပြင်သွား လှေသမားကြီးတွေဟာ ဘယ်ရာသီ ဘယ်အချိန်ဆိုတာ အတတ်သိကြတယ်။ ဥပမာ 'ခုနစ်စဉ် ကြယ်ပြောင် အမြီးထောင် သန်းခေါင်အချိန်မှတ်' ဆိုတာမျိုးလိုပေါ့'

သူတို့စကားထဲ ပိုစိတ်ဝင်စားလာသဖြင့် **မြရွှေ**သည် မိုးပေါ်မှ ကြယ်ပွင့်များကို ပို၍ သေသေချာချာ ကြည့်နေမိ၏။ မကြာခဏ ကြွေကျသွားတတ်သော ကြယ်ပွင့်များမှာ သူ့မျက်စိထဲ အရမ်းလှလာ၏။

'အရှေ့ အနောက် တောင် မြောက် အရပ်လေးမျက်နှာကို ဟိုတုန်းကတော့ နက္ခတ်ကို ကြည့်ပြီး မှတ်ကြတာပဲကွ၊ မြောက်မှာ ဓူဝံ၊ တောင်မှာ ကွန်ချာတဲ့။ ဓူဝံကြယ်ကတော့ မြောက်ဘက်မှာ အမြဲရှိနေတယ်။ မိုးလင်းပိုင်းဆိုရင် ကွန်ချာလို့ခေါ်တဲ့ လေးလုံးတွဲ ကြယ်စုသုံးစုဟာ တောင်ဘက်က ထွက်ပေါ်လာတာပဲ၊ အဲဒါ ရေလုပ်သားတွေအတွက် မလွဲနိုင်တဲ့သင်္ကေတတွေလေ။ မိဂသီမှာ သုံးလုံးသာ ပမာဆိုင်ထမ်းလိုတဲ့၊ အဲဒါ ကြည့်ဟန် မင်းတို့ကောင်လေးတွေ မှတ်ထားကြ၊ မင်းတို့က တစ်သက်လုံး ပင်လယ်ပြင်ကို အမှီပြုပြီး အသက်မွေးရမယ့် သူတွေဆိုတော့ ပိုအရေးကြီးတယ် '

'ဟုတ်ကဲ့ ဦးလေး၊ မိဂသီဆိုတဲ့ နက္ခတ်က ဘယ်လိုဟာလဲ ပြပါဦး'

'ဟိုမှာလေကွာ အရပ်စကားနဲ့ဆို မောင်ရင်ဆိုင်ထမ်းပေါ့၊ သုံးလုံးတန်းတွေ့လား '

' ဟုတ်ကဲ့ '

'အဲဒါ မင်းတို့ မှတ်ထားကြ၊ မြစ်ရေ လေလှိုင်း မုန်တိုင်းတွေနဲ့ ပတ်သက်လာရင်လဲ ရှေးရှေးက တံငါကြီးများဆို အကုန်သိတယ်။ ဘယ်ထောင့်က ဘယ်လေတိုက်ရင် ဘာဖြစ်မယ်၊ ငါးရ မရကအစပေါ့ကွာ၊ အချိန်ကာလ ဆိုတာလည်း ...... '

www.burmeseclassic.com


'ဟာ ဦးလေး၊ ဟိုမှာ ဟိုမှာ တွေ့လား၊ ဂြိုလ်တုဆိုတာများလား မသိဘူး၊ ကြယ်တွေကြားထဲမှာ သွားနေတယ် '

**မြရွှေ**၏ အထိတ်တလန့် စကားကြောင့် **ဦးကျော်စံ** စကားပြတ်သွား၏။ လှုပ်လှုပ်ရွရွနှင့် **ဦးကျော်ဝင်း**က 'ဘယ်မှာလဲကွ 'ဟုမေးသည်။

'ဟိုမှာလေဗျာ .... တွေ့လား '

'ဘယ်မှာလဲကွ ဂြိုလ်တု၊ ဘယ်ကြယ်နားမှာလဲ ပြောစမ်းပါ '

**ဦးကျော်စံ**ကလည်း မြင်လိုဇောနှင့် **မြရွှေ**ကိုမေးသည်။

**မြရွှေ**လက်ညှိုးညွှန်ရာသို့ အားလုံး မော့ကြည့်ကြသည်။

ကြယ်ပွင့်တွေ အနမတဂ္ဂထဲတွင် ရွေ့လျားနေသော အနီရောင်မီးပွင့်လေးကို သူတို့တော်တော်နှင့် မမြင်နိုင်ကြသေး။

'ဟင် ...... မြရွှေ၊ မင်းဟာက ဘယ်ကြယ်နားမှာလဲဆို '

'ဟာ... ဦးလေးကလဲ၊ ကောင်းကင်မှာကြယ်တွေက အများကြီးဗျာ၊ ကျွန်တော်က ဦးလေးလို နက္ခတ်သိတာ မဟုတ်ဘူး၊ ဘယ်ကြယ်နားဆိုတာ ဘယ်လိုလုပ်ပြောရမလဲ၊ ကျွန်တော့်လက်ညှိုးဖျားဘက်ကိုသာ ကြည့်စမ်းပါ '

'ဟုတ်တယ်၊ ဟုတ်တယ် အမေရိကန်ဂြိုလ်တုလား၊ ရုရှား ဂြိုလ်တုလား မသိဘူးနော်၊ တော်တော်တော့ မြန်သား '

**ဦးကျော်ဝင်း**နှင့် **ကြည်ဟန်**တို့ကလည်း **မြရွှေ**လက်ညှိုးထိုးပြနေသော ဂြိုလ်တုကို မြင်ရကြောင်း ပြိုင်တူပြောကြ၏။ မျက်စိအဝေးမှုန်သော လူကြီး **ဦးကျော်စံ**ကမူ မမြင်သေး။

'ဘယ်မှာလဲကွ၊ မင်းတို့ ဂြိုလ်တု၊ ငါမမြင်ရပါလား၊ လေယာဉ်ပျံက မီးများလာကွာ၊ ဂြိုလ်တု လကမ္ဘာရောက်တယ်ဆိုတာတော့ ငါမယုံဘူး '

**ဦးကျော်စံ**၏ စကားကို **ဦးကျော်ဝင်း**နှင့်**ကြည်ဟန်**တို့က မြူးကြသည်။ **မြရွှေ**ကတော့ စိတ်မရှည်။



BURMESE CLASSIC .com

www.burmeseclassic.com


'လေယာဉ်မီးနဲ့ တခြားစီပါဗျ၊ လေယာဉ်ပျံက ဒီလောက်အမြင့်ကြီး ဘယ်ပျံမလဲ၊ ဂြိုလ်တုပါဆို၊ ခုဟာက ကြယ်တွေထက်တောင် မြင့်နေသလိုပဲ'

'မြရွှေပြောတာ ဟုတ်တယ် အစ်ကိုကြီး၊ ကြယ်ရောင်ကအဖြူပဲဗျ၊ ခုဟာက အနီ၊ သိပ်မြင့်လွန်းနေတော့ လေယာဉ်မီးလဲမဖြစ်နိုင်ဘူး '

'ဂြိုလ်တုမှ ဂြိုလ်တုအစစ်ပါဆို '

**ဦးကျော်ဝင်း**ကရော **ကြည်ဟန်**ကပါ **မြရွှေ**စကားကို ထောက်ခံကြသည်။ **ဦးကျော်စံ**ကမူ နဖူးပေါ် လက်ဝါးကာပြီး မိုးပေါ်မော့ကြည့်နေတုန်း ......

'ဘယ်ဘက်ကို သွားတာလဲ '

'အနောက်ဘက်ကို သွားတာလေဗျာ၊ ဟိုမှာ မတွေ့ဘူးလား ဦးလေးကလည်း '

'မြင်ပြီလား '

**ဦးကျော်စံ** သက်မချ၏။

'ခွေးကောင်လေး၊ အနောက်ဘက်ကို သွားတယ်ဆိုကွ၊ ငါ့မှာမျက်စိမကောင်းရတဲ့ထဲ အဟုတ်မှတ်လို့ လိုက်ကြည့်လိုက်ရတာ၊ လည်ပင်းကို ....'

'ဟာ ဦးလေး ခုထိအနောက်ဘက်ကို သွားနေတဲ့ ဂြိုလ်တုကို ကြယ်ပွင့်တွေကြားထဲ မမြင်ရသေးဘူးဆို '

'မင်းအဘ ဟုတ်မယ်၊ အဲဒါ အရှေ့ဘက်ကွ '

**ဦးကျော်စံ**ပြောလိုက်မှ **မြရွှေ**က သူမျက်စိလည်နေသည်ကို သတိရသွားသည်။

'ဦးလေး မြင်ပြီပေါ့ '**ကြည်ဟန်**က ကြားဝင်မေး၏။

'အေးကွ မြင်ပြီ '

'ဒါဆို ဦးလေး ကမ္ဘာလည်တယ်ဆိုတာတို့၊ လကမ္ဘာပေါ် လူရောက်သွားတယ် ဆိုတာကို ယုံသွားပြီပေါ့ '


BURMESE CLASSIC .com

www.burmeseclassic.com


'ဘာဆိုင်လဲကွ'

'ဘာဆိုင်သလဲ ဟုတ်လား၊ မဆိုင်ဘူး မဆိုင်ဘူး၊ ဟုတ်တယ် ဘယ်ဆိုင်မလဲ၊ ကုလားဘာဆိုင်က ရွာမှာ သမ္ဗန်ခတ်နေတာကိုးဗျနော်'

**ကြည်ဟန်**က **ဦးကျော်စံ**ကို စေ့စေ့ကြည့်ကာ စိတ်ပျက်သွားသလိုနှင့် နောက်အော် အော်ပစ်လိုက်၏။

**ကြည်ဟန်**မှာ ရှစ်တန်း၊ ကိုးတန်းထိ ကျောင်းနေဖူးသူဖြစ်သဖြင့် လောကဓါတ်ပညာကို အကြွင်းမဲ့ယုံကြည်သူ။ **ဦးကျော်စံ**ကမူ ရှေးလူကြီးဘုန်းကြီးကျောင်းသား၊ ပဍ္ဍင်းလူထွက် အလုပ်အတူလုပ်ကြရင်း ယခင်ကလည်း သူတို့နှစ်ယောက် ရေတက်၊ရေကျနှင့် ပတ်သက်ပြီး ကမ္ဘာလည်၊မလည် ပြဿနာကို အခြေအတင်ငြင်းခဲ့ကြသည်။

ယခုအကွက်ဆိုက်သဖြင့် အမှတ်ကြီးသူ **ကြည်ဟန်**က 'ဒါဆို ဦးလေး ကမ္ဘာလည်တယ်ဆိုတာ ယုံသွားပြီပေါ့'ဟု အမှတ်တမဲ့ ကောက်မေး၏။ **ဦးကျော်စံ**ကလည်း သူ့အယူအဆကို မလျှော့၊ ယခုထိ 'ဘာဆိုင်လဲ' ဟုဆိုနေသေး၏။

'ဟိုတစ်ခါ ဦးလေးက ငါကိုယ်တိုင်မြင်ရရင် ယုံမယ်ဆို၊ ခုမြင်ရပြီလေ ဘယ်နှယ့်လဲ'

'မင်းတို့ဟာက ဘာမှန်းမှမသိတာ'

'ဂြိုလ်တုပါဆို အဲဒါ ခုလကမ္ဘာတင်မကဘူး၊ လကမ္ဘာထက်ဝေးတဲ့ အင်္ဂါဂြိုလ်ပေါ်သွားဖို့ လေ့လာနေတာ'

'မင်းဘာပြောပြော၊ ငါကတော့ မီးပွင့်လေး တစ်ပွင့် ကြယ်တွေကြားထဲ ရွေ့သွားနေတာပဲ မြင်တယ်'

**ဦးကျော်စံ** စကားကို **ဦးကျော်ဝင်း**နှင့် **မြရွှေ**တို့က တခစ်ခစ်ရယ်ကြသည်။ **ကြည်ဟန်**ကမူ ဒေါသထွက်လာသည်။


BURMESE CLASSIC .com

www.burmeseclassic.com


‘ ဦးလေး သက်သက်ကတ်ဖွဲ့ လုပ်ပြောတာပဲဗျ။ အားလုံးက လက်ခံတာ ဦးလေး တစ်ယောက်ထဲ လက်မခံဘူး။ မယုံကြည်ဘူး ဆိုတော့ ခု ဦးလေးဘာဖြစ်သွားမလဲ ’

‘ ငါက ဘာဖြစ်သွားရမှာလဲ ’

‘ အရှုံးပေါ့ဗျ၊ အရှုံးပဲပေါ့ ’

‘ ဟဲ့ကောင် ဒီမှာ မင်းကိုငါပြောမယ်၊ ငါ အရင်ကလဲ မင်းကိုပြော ထားတယ် မဟုတ်လား ’

‘ ဘာပြောထားလို့လဲ ’

‘ ငါ့မျက်စိနဲ့ တပ်အပ်မြင်မှ ယုံမယ်ကွာ ’

‘ ခုပဲ ခင်ဗျားမြင်တယ်ဆို ’

‘ ဟုတ်တယ်လေ၊ မီးပဲ ငါမြင်တယ်၊ မင်းတို့ပြောတဲ့ ဂြိုလ်တုလုံးကြီး မှ ငါမမြင်တာ ’ **ဦးကျော်စံ**၏ စကားကို **ဦးကျော်ဝင်း**နှင့် **မြရွှေ**တို့က ရယ်ကြပြန်သည်။

‘ ကဲ ဒါဆို ခင်ဗျားကို ကျုပ် တစ်ခုမေးမယ် ’

‘ တစ်ခုက နည်းတယ်၊ နှစ်ခု သုံးခုမေးကွာ ’

**ကြည်ဟန်**ကသာ လူငယ်ပီပီ ဒေါသတကြီး ပြောနေသော်လည်း **ဦးကျော်စံ**ကား အပြုံးမပျက် ဆေးတံခဲလျက် ပြန်ပြောနေ၏။

ဤသည်ကို **ကြည်ဟန်**က ‘အကောင်းပြောနေရင် ဖောက်လာပြန် ပြီ ခက်တော့တာပဲ၊ ဖျာစုတ်နဲ့ ထန်းလျက်ခဲလည်း မပါတော့သွားပြီ ’ဟုဆိုသည်။

**ဦးကျော်ဝင်း**နှင့် **မြရွှေ**တို့ကမူ သူတို့နှစ်ယောက် စကားရည်လုပွဲကို ကြည့်ကောင်းကောင်းနှင့် နားထောင်နေကြ၏။

‘ ကဲ .... ခင်ဗျား ရေဒီယို၊ ကက်ဆက်တို့ဆိုတာ မမြင်ဖူးခင်တုန်း ကဆိုပါတော့ ’


BURMESE CLASSIC .com

www.burmeseclassic.com


'အဲဒါ မင်းဟာက လက်တွေ့မပါတော့လည်းဆိုပါတော့၊ ဆိုပါတော့ ချည်းပေါ့ကွာ ဆိုပါတော့ ဆိုပါတော့ ကဲဆက်သာပြော '

' ရန်ကုန်က လွှင့်ထုတ်လိုက်တဲ့ မြန်မာ့အသံဗျာ၊ ကျုပ်တို့ ခုဒီ မော်တော်က၊ ရေဒီယိုမှာ လာကျတယ်။ စောစောကပဲ သတင်းကြေငြာ သွားတယ်ဆိုတာ သူများက ပြောရင် ယုံပါ့မလား၊ ခင်ဗျားအသံကို ကက်ဆက်ထဲ တိတ်ခွေထဲ သွင်းပြတာတို့ပေါ့ '

'ယုံတာပေါ့ကွာ၊ ငါတို့ဆီမှာ ရေဒီယို ကက်ဆက်တွေ အများကြီးပဲ ဟာ၊ ရန်ကုန်ကတင်လားကွ၊ ဟို အင်္ဂလန်ပြည်က လွှင့်တာလဲ တို့နားထောင် ရတာပဲ၊ ရွာက ကျောင်းဆရာလေးက ပြောပြဖူးတယ်၊ ခုအသံလွှင့်နေတဲ့ အင်္ဂလန်နဲ့၊ ရန်ကုန်က မိုင်ပေါင်းရှစ်ထောင်တောင်ဝေးတယ် အဲဒါတဲ့၊ ငါယုံသားပဲ။ အသံကြားနေရတာကိုး၊ ရေဒီယို ကက်ဆက်ဆိုတာလဲ၊ မြင်နေရ ကိုင်နေရတယ်လေကွာ '

'ဩ .... နီးနီးကပ်ကပ် ကိုင်ကြည့်ရမှ၊ နားထောင်ရမှ ခင်ဗျား ယုံမယ်ဆိုပါတော့ '

'ဒါပေါ့ကွာ မင်းက မင်းကိုယ်မင်း၊ ရှစ်တန်း ကိုးတန်းလေး သင်ဖူးတာ နဲ့ သိပ္ပံသမားလို့ ပြောသလို၊ ဦးကျော်စံကလည်း သိပ္ပံထက် တိကျတဲ့ လက် တွေ့သမားပဲ ဟဲ ... ဟဲ .... '

' ဟဲ .... ဟဲ .... '

' ဟား .... ဟား .... '

'ကောင်းပြီ ကောင်းပြီ၊ ကဲ မြင်လည်းမမြင်လိုက်ရဘူး၊ ကြားလည်း မကြားလိုက်ရဘူး၊ ဥရုဝေလတောမှာ ဗုဒ္ဓမြတ်စွာက ပဥ္စဝဂ္ဂီငါးဦးကို ဓမ္မစကြာတရားဟောသွားပါတယ် ဆိုတာကျတော့ကော ခင်ဗျားမယုံဘူး ဆိုပါတော့ '

www.burmeseclassic.com


'ဟဲ့ကောင် ဟဲ့ကောင် ပင်လယ်ပြင်ထဲ မိုးကြိုးပစ်ခံရတော့မယ်နော်၊ အဲဒါက ဘုရားကွ၊ လောကသုံးပါးမှာ အတုလံအတု မရှိဘူးကွ၊ မင်းဂြိုလ်တုတွေ အင်္ဂလိပ်သိပ္ပံတွေနဲ့ နှိုင်းမပြောနဲ့ '

**ဦးကျော်စံ** ချက်ချင်း ရှုံ့ရှုံ့ ရှဲ့ရှဲ့ ဖြစ်သွား၏။

'ဘုရားပညာ မင်းမှာ ရှိတယ်လို့ ဆိုရိုးရှိတယ်ဆို၊ အဲဒီ ဂြိုလ်တု ဆိုတာလဲ ဦးလေး အင်မတန်အထင်ကြီးလှတဲ့ နိုင်ငံခြားသားတွေက လုပ်တာ ဆိုရင်ကော ဦးလေးယုံပါ့မလား '

**ကြည်ဟန်**စကားမဆုံးခင်ပင် ဖောင်ကို လင်းရှူးတစ်ကောင် လာတိုးသဖြင့် အားလုံးရုတ်ခြည်း ထကြည့်ကြရသည်။

ရေပြင်နက်နက် မည်းမည်းထဲ ရေပန်းတဖွေးဖွေးထပြီး လင်းရှူးကြီးလည်း သူ့ခရီး သူထွက်ခွာသွားသည်။ သို့သော် ညရေပိုက်ဖော်ချိန်လည်း နီးနေ ပြီဖြစ်သဖြင့် သိပ္ပံသမား**ကြည်ဟန်**နှင့် လက်တွေ့သမား**ဦးကျော်စံ**တို့မှာ စကား ပြန်မဆက်ဖြစ်ကြတော့ဘဲ၊ ကျားပိုက် အခြေအနေနှင့် ရေစစ်ရေကျ ကိုသာ စကားဖြတ်ပြီး အလေးထား ဂရုစိုက်လိုက်ကြရသည်။


BURMESE CLASSIC .com

www.burmeseclassic.com

## အခန်း ၈

'ပင်လယ်နက်ထဲ ကျားဖောင်နဲ့လိုက်ပြီး အရှေ့ အနောက် တောင် မြောက် လေးပါးတောင် ခွဲခြား မသိတဲ့အကောင်၊ ဒီကို လာစမ်း'

ညကြီးမင်းကြီး ကျားဖောင်ကြမ်းခင်းပေါ် ဆွဲခေါ်နေသော **ဦးကျော်စံ**စကားကြောင့် **မြရွှေ** ရင်ထိတ်သွား၏။**ဦးကျော်စံ**လက်ထဲတွင် အညာစောင်တစ်ထည်ကို ကိုင်ထားသည်။ **ကြည်ဟန်**နှင့် **ဦးကျော်ဝင်း**တို့ကမူ **မြရွှေ**နှင့် **ဦးကျော်စံ**တို့ကို ပြုံးကြည့် နေကြ၏။

'ဘာလုပ်မလို့လဲ ဦးလေး'

'မင်း မျက်စိလည်နေတယ်ဆို'

'ဟုတ်ကဲ့ ခင်ဗျား'

'ခုထိလည်း လည်တုန်းပဲလား'

'ဟုတ်ကဲ့'

'ဒီဟာ ဘယ်ဘက်လဲကွ' အမှောင်ထု ပိန်းပိတ်နေသော ပင်လယ်ပြင်တွင် မြရွှေက သူ့စိတ်ထင်ရာ စွတ်ပြောလိုက်သည်။

'အရှေ့ဘက်'

'မနေ့က မင်းတို့ ဂြိုလ်တုသွားတဲ့ဘက်လေကွာ'

'ကျွန်တော့်စိတ်ထဲတော့ အနောက်ဘက်ချည်းပဲ ထင်နေတာ

ဦးလေးရာ၊ အဲဒီအရှေ့ကို အနောက်ဘက်လို့ချည်း စိတ်ထဲစွဲနေတာ ’

‘ ဗုဒ္ဓဟောတဲ့ ဒိဋ္ဌိဆိုတဲ့အယူစွဲဟာ အဲဒါပေါ့ကွ၊ ငါသူတစ်ပါး ယောကျ်ား မိန်းမ၊ ငှါဟာငှါပစ္စည်း၊ အဲဒါ အားလုံးအစွဲတွေပေါ့မောင်ရာ၊ အမှန်က စိတ်ထဲအစွဲအလမ်း မထားရဘူးကွ၊ နေထွက်လာတာမြင်ရင် အရှေ့အရပ် ရှေ့ဘက်၊ နေဝင်သွားတာမြင်ရင် အနောက်အရပ် အနောက်ဘက်လို့ မှတ် လိုက်ရင် ပြီးတဲ့ကိစ္စပါ။ အဲဒါမှ ဗုဒ္ဓဟောတဲ့ လက်တွေ့ မျက်တွေ့တရားကွ၊ တရားရှုတဲ့အခါ ကိုယ်ခန္ဓာမှာ နာခြင်း၊ ကျင်ခြင်း၊ ယားယံခြင်း၊ ကိုက်ခဲခြင်းစတဲ့ ပစ္စက္ခအဖြစ်အပျက်ကိုပဲ ရှုရတယ်၊ လက်တွေ့ရှု လက်တွေ့သိရင် ဘာမှမမှား နိုင်ဘူး၊ ခုမင်းကို ငါအစွဲချွတ်မှာလဲ ဝိပဿနာနည်းပဲ၊ လာ....ဒီအနားတိုးကွာ’

**မြရွှေ**က **ဦးကျော်စံ**ရှေ့ မသိမသာတိုးလိုက်၏။ ဖောင်ပေါ်စိုက်ထူ ထားသော မျောသားတိုင်နှစ်ချောင်းနှင့် ကြားထဲက ကြိုးတန်းတစ်ခုကိုလည်း ယခုမှ သတိထားမိသည်။

‘အရှေ့ အနောက် တောင် မြောက် ဆိုတဲ့ အရပ်လေးမျက်နှာကို မင်းမှတ်မိနေတယ်နော် ’

လက်ထဲက စောင်ကို ခေါင်းပေါ်အုပ်လိုက်ပြီး **ဦးကျော်စံ**က မေး၏။

‘ဟုတ် ...... ဟုတ်ကဲ့၊ ဒါပေမယ့် ကျွန်တော်စိတ်ထင်တာ မှားနေ တယ် ဦးလေး’

‘မှားနေပါစေကွာ၊ အရေးမကြီးပါဘူး၊ အမှားရှိတာဟာ အမှန်နဲ့ အနီးစပ်ဆုံး တရားကိုယ်ပဲ၊ လက်ညှိုးပေါင်း တစ်ထောင်ရအောင်ဖြတ်တဲ့ အင်္ဂုလိမာလ မင်းကြားဖူးတယ် မဟုတ်လား ’

‘ ဟုတ်ကဲ့ ကြားဖူးပါတယ် ’

‘ ပြီးရောပေါ့၊ ကဲကြိုးတန်းပေါ်မှာထိုင်ကွာ၊ လက်နှစ်ဖက်က ကြိုးကိုကိုင်ထား၊ ပုခက်စီးသလိုပေါ့ကွာ၊ ခြေထောက်က ကြမ်းခင်းပေါ် မထိစေနဲ့၊ အမှားနဲ့အမှန်ဆိုတာ ကျောချင်းကပ်မှာ ရှိတယ်၊ နည်းသိတော့

www.burmeseclassic.com


လွယ်လွယ်ကလေးပါ၊ ချက်ချင်း အမှန်ရောက်သွားမယ် ’

‘ ကဲ ခင်ဗျား ဘုန်းကြီးလူထွက်မှန်း လူတိုင်းသိပါတယ်။ ကြော်ငြာမနေစမ်းပါနဲ့ လုပ်မှာဖြင့် မြန်မြန်လုပ်၊ ရေစစ်ရင် ပိုက်ဖော်ရဦးမယ်၊ အတော်ကြာ ခေါင်းမူးလို့ ဘာမှမလုပ်နိုင်ဖြစ်နေရင် သူ့အစား ခင်ဗျား ဝင်လုပ်ပေးနိုင်တာမဟုတ်ဘူး ’**ကြည်ဟန်**က စိတ်မရှည်တော့သလို ပြော၏။ ခေါင်းမြီးခြုံပြီး ကြိုးတန်းပေါ်ထိုင်နေသော **မြရွှေ**ကို **ဦးကျော်စံ**က ချာလည်ပတ်လည် ဆွဲလိုက်သည်။ **ကြည်ဟန်**က ‘ ရခိုင် မင်းတော့ ဘုရား တရားသာ အောက်မေ့ပေတော့ ’ ဟုပြောပြီး ‘ တို့တိုင်းရင်းသား ငါတို့တစ်တွေ ’ သီချင်းဆိုပြီး လက်ခုပ်တီးစည်းလိုက်နေ၏။

‘ သံသယ ဆိုသည်မှာ အလကား၊ အမှန်ဘဝ ဆိုသည်သာ ပတ္တမြားဖြစ်ပေ။ သံသယ ပျောက်ပါစေ၊ အမှန်ဘဝ ရောက်ပါစေ၊ သံသယ ပျောက်ပါစေ၊ အမှန်ဘဝ ရောက်ပါစေ၊ သံသယ ပျောက်ပါစေ၊ အမှန်ဘဝ ရောက်ပါစေ ’

ဆယ်မိနစ်ပင်မကြာ **မြရွှေ**ချွေးပြန်လာသည်။ **ကြည်ဟန်** ရွှတ်ရွှတ်နောက်နောက် ဆိုနေသော သီချင်းသံကိုလည်း မကြားတစ်ချက် ကြားတစ်ချက် ဖြစ်လာသည်။သူ့ကို **ဦးကျော်စံ**တစ်ယောက်တည်း မဟုတ်၊ **ကြည်ဟန်**နှင့် **ဦးကျော်ဝင်း**တို့ကပါ ဝိုင်းလှည့်နေကြပြီဆိုသည်ကို သိနေသည်။

‘ သံသယ ပျောက်ပါစေ၊ အမှန်ဘဝ ရောက်ပါစေ ’

**ကြည်ဟန်**၏ အသံ၊ ပြီးတော့ .... **ဦးကျော်စံ**အမေး။

‘ ဟော့ကောင် မြရွှေ ’

‘ ဗျာ ’

‘ အရှေ့ အနောက် မှတ်မိသေးရဲ့လား ’

‘ မူးလာပြီဗျ ’

www.burmeseclassic.com


'ငါမေးနေတာက မူးလာတာမဟုတ်ဘူး၊ အရှေ့ရယ် အနောက်ရယ် ဆိုတဲ့ ဒိဋ္ဌိအစွဲဟာ မင်းကိုယ်ပေါ်က ခွာသွားပြီလား၊ ခန္ဓာမှာ ဉာဏ်စိုက်မိပြီလား မေးနေတာ '

တခစ်ခစ်ရယ်သံကို ကြားနေရသည်။ **ဦးကျော်ဝင်း**နှင့်**ကြည်ဟန်** တို့ ရယ်ကြသံမှန်းလည်းသိသည်။ ခေါင်းထဲ မူးနောက်နောက်ဖြစ်နေသဖြင့် ရုတ်တရက်စကားမပြန်နိုင်။

'ဟေ့ကောင် မြရွှေ၊ ငါမေးနေတယ်ကွ၊ ခန္ဓာမှာဉာဏ်စိုက်မိပြီလား၊ မင်းကိုယ်က ဒိဋ္ဌိတွေခွာသွားပြီလား၊ မကြာမကြာခင် ချက်ချင်းပြန်ပြောစမ်း၊ ငါမေးနေတာကော မင်းကြားရဲ့လား '

'ကြား...ကြားပါတယ်ဦး၊ နားက လေထွက်လာပြီဗျ၊ တော်ပါတော့'

ကိုယ်က ချာလည်ပတ်လည် ပို၍လည်လာသည်။ စကားမပြန် နိုင်တော့၊ ချွေးတွေကလည်း ရေချိုးထားသလို တစ်ကိုယ်လုံးစိုရွှဲနေ၏။ သို့သော် သတိတော့မလစ်၊ **ဦးကျော်စံ**ပြောသော စကားကိုလည်း ကြားနေရ၏။

' ကဲ .... တော်တော့ ကြည်ဟန် မင်းသူငယ်ချင်းတော့ ခန္ဓာမှာ ဉာဏ်စိုက်သွားပြီ။ ဒါဟာ မင်းကို ငါပြောဖူးတဲ့ တိဗက်လားမားတွေရဲ့ နည်း မဟုတ်သေးဘူး၊ မင်းကို တစ်ခါလောက် မျက်စိလည်စေ့ချင်တယ်ကွာ၊ သိပ္ပံ နည်းကျကျ တိဗက်နည်းနဲ့ ခပ်ကြမ်းကြမ်း လုပ်ပြချင်လို့ '

'ကျုပ်ကပင်လယ်ပြင်မှာ ဘယ်တော့မှ မျက်စိမလည်ဘူး၊ ခင်ဗျား စကားနဲ့ ပြောရရင် မွေးကတည်းက ခန္ဓာမှာ ဉာဏ်စိုက်ပြီးသား၊ ကျုပ်တို့က ဗုဒ္ဓဘာသာစစ်စစ်ဗျာ၊ မြောက်ပိုင်းသာသနာ သက်ဝင်သူတွေ မဟုတ်ဘူး '

' အေးပါကွာ ဒီလိုခြေခင်းလက်ခင်းသာတဲ့ ရာသီဥတုမျိုးတော့ မင်းဖင်ခေါင်းကျယ်နိုင်တာပေ့ါ။ တကယ်လို့ မိုးသက်မုန်တိုင်းနဲ့ ပင်လယ်မှိုင်း ကျတဲ့အခါမျိုးကျတော့ မင်းလည်း ဘာကောင်မို့ ခံနိုင်မှာလဲ ကြည်ဟန်ရာ၊ ကြည့်


BURMESE CLASSIC .com

www.burmeseclassic.com


ကြသေးတာပေါ့။ ထင်းခွေမဆုံ ရေခပ်တော့ ဆုံဦးမှာပေါ့ကွာ '

**မြရွှေ**ကို ခဏအနားပေးထားပြီး၊ **ကြည်ဟန်**နှင့် **ဦးကျော်စံ**တို့က အခြေအတင် ပြောနေကြသည်။ 'ခင်ဗျားလိုပဲ ကျုပ်မှာလည်း ကျုပ်နည်း ကျုပ်ဟန် ရှိပါတယ်ဗျ၊ ခင်ဗျား တို့လို ကြယ်ကိုမြင်ရမှ တောင်မြောက် လေးပါးခွဲတတ်တဲ့ လူတွေသာ မိုးထဲ လေထဲခက်မှာ '

**ကြည်ဟန့်**စကားကို **ဦးကျော်စံ**က ပြန်မချေတော့၊ **မြရွှေ**၏ ခေါင်းမှ စောင်ကိုဆွဲခွာလိုက်ပြီး တစ်ခွန်းချင်းခေါ်နေ၏။

'မြရွှေ '

'ဟော့ကောင် '

'ဗျာ .... '

'မူးနေသေးလား '

'ဟုတ် ..... ဟုတ်ကဲ့ '

**ဦးကျော်စံ** မျက်နှာတစ်ချက်တည်သွားသည်။

'ကောင်းတယ်၊ ကောင်းတယ် မူးပါစေ '

'ဗျာ '

' မူးပြီး သတိလစ်သွားမှ မင်းကိုယ်က ဒိဋ္ဌိတွေကွာမယ်တဲ့ သူငယ်ချင်း၊ ဘယ့်နှယ့်လဲ တောင် မြောက်လေးပါး သိသေးရဲ့လား '

**ကြည်ဟန့်**အမေးကို **မြရွှေ**က ချက်ချင်းမဖြေ၊ မူးပြီး အန်ချင်သလို ဖြစ်နေသည်။ မျက်လုံးလေး ကလယ်ကလယ်နှင့် ပတ်ဝန်းဘယ်ညာကို ကျိုးကန်းတောင်းမှောက် ကြည့်နေ၏။

'ဘယ့်နှယ့်လဲကွ မြရွှေ၊ မင်းအရပ်လေးမျက်နှာကို မှတ်မိသေးရဲ့လား '**ဦးကျော်ဝင်း**ကပါ ဝင်မေး၏။ **ဦးကျော်စံ**ကမူ **မြရွှေ**ကိုသာ တည်တည်ကြီး စိုက်ကြည့်နေ၏။

www.burmeseclassic.com


'ဒီဘက်ဟာ ကျွန်တော်တို့ ဖောင်ဦးနော် အစ်ကိုကြီး '

'ဟုတ်ပါတယ် ဘာဖြစ်လို့လဲ '

'အဲဒါဆို ဒီဘက်ဟာ အနောက်ဘက်ပဲဗျ၊ ဟုတ်တယ်မဟုတ်လား'

**ဦးကျော်စံ**က သူ့နဖူးသူ လက်နှင့်ရိုက်၏။ **ဦးကျော်ဝင်း**နှင့် **ကြည်ဟန်**တို့က **ဦးကျော်စံ**ကို ကြည့်ကာ ဟဲ .. ဟဲ ... ဟဲ .... ဟဲနှင့် ရယ်နေကြသည်။

'ဘယ့်နှယ့်လဲ ဝိပဿနာဆရာကြီး၊ မြွေရှကတော့ ခုထိခန္ဓာမှာ ဉာဏ်မ စိုက်သေးဘူး။ အရှေ့ အနောက် တောင် မြောက် လည်းမမှန်သေးပါလား၊ ခင်ဗျားပြောတော့ ဒီနည်းက ကျိန်းသေပေါက် လက်တွေ့ဆို '

**ကြည်ဟန်**က **ဦးကျော်စံ**ကို ခနဲ့၏။

'မောင်ကျော်ဝင်းက ဖောင်ဦးဘက်ကို ပြောလိုက်တာကိုးကွ၊ ဒီကောင်က ဖောင်ဦးဘက်ဟာ အရှေ့ဘက်ချည်းမှတ်ပြီး အစွဲအလမ်းကြီးနေတော့ ဒီဘက်ကို အနောက်ဘက်လို့ ပြောတော့တာပေါ့၊ တကယ်က ဟုတ်မှ မဟုတ်တာ၊ ဒါဟာ ဒီကောင် ဒိဋ္ဌိ အစွဲမပျောက်သေးတဲ့ သဘောလို့ ယူဆ ..'

**ဦးကျော်ဝင်း**နှင့်**ကြည်ဟန်**တို့က မအောင့်နိုင်ဘဲ ဝါးလုံးကွဲ ရယ်လိုက်ကြရာ **ဦးကျော်စံ**မှာ ရှက်ရှက်နှင့် စကားရပ်သွား၏။

'ခွေးမသား ဒီကောင်သတိမလစ်ဘဲနဲ့ သတိလစ်ယောင်ဆောင် နေတာနဲ့တူတယ်ကွ၊ အဲဒါကြောင့် အစွဲမပျောက်သေးတာ၊ မင်းအမှန် သတိလစ် သွားခဲ့ရဲ့လား မြွေရှ'

'လစ်ပါတယ် ဦးလေးရာ၊ လစ်လစ် လစ်လစ်တောင်နေသေးတယ် ပြောလိုက်စမ်းပါကွာ၊ လူပဲ မူးလို့သေတော့မယ်၊ သတိမလစ်ဘူးတဲ့၊ ဇောချွေး တွေပြန်နေတာပဲ ကြည့်စမ်းပါဦးဗျ၊ သေခါနီးမှာ ဇောခုနစ်တန်ပြန်တတ်တယ် ဆိုတာ ဝိပဿဆရာကြီး ကြားဖူးပါသလား '

**ကြည်ဟန်**အား 'မင်းအဘ မဆိုကောင်း ဆိုကောင်း 'ဟုပြောပြီး၊


BURMESE CLASSIC .com

'ဒီရခိုင်လေးတော့ မလွယ်ဘူးကွ၊ အတော်အစွဲအလမ်း ဖွဲ့ကောင်းတဲ့ အကောင် 'ဟု **ဦးကျော်စံ**က **မြရွှေ**ကို ပြောသည်။

'အေး .... ဒီနေ့တော့ ပိုက်ဖော်ခါနီးပြီဆိုတော့ နေဦးကွ၊ ဒီလောက် အစွဲကြီးတဲ့ကောင် နောက်နေ့မှ မင်းကို ကြည်ဟန်အတွက် ရွေးထားတဲ့ တိဗက်လားမားကြီးတွေနည်းနဲ့ လုပ်ပြဦးမယ်၊ အဲဒီခါမှ မင်းဒိဋ္ဌိမကွာရင် ပြောချင် သလိုပြော '

'အေးပါ ... လုပ်ပါ၊ လုပ်ပါ ခင်ဗျားနည်းတွေ စုံအောင်သာလုပ်ကြည့် ဟုတ်လား၊ ခင်ဗျားနည်းတွေစုံလို့ ဦးကျော်စံ ဝိပဿနာဆရာကြီး လက်မြှောက် ပါပြီဆိုတော့မှ သိပ္ပံကြည်ဟန်က တစ်ချက်တည်းနဲ့ မြရွှေကို အရှေ့ အနောက် တောင် မြောက် အရပ်လေးမျက်နှာကို အမှန်သိသွားအောင်လုပ်ပြပေ့ါမယ် '

**ဦးကျော်စံ**နှင့် **ကြည်ဟန်**တို့စကားကို **ဦးကျော်ဝင်း**က ပြုံးလိုက် သောအခါ၊ **မြရွှေ**မှာလည်း မောရသည့်ကြားထဲက ပို၍ ချွေးပြန်လာ၏။ အရှေ့ အနောက် တောင် မြောက် လေးဘက်ကို အမှန်သိအောင် သူတို့ ဘယ်လို လုပ်ကြဦးမည်နည်း။ **ဦးကျော်စံ**နည်းကိုတော့ **မြရွှေ**ကတွေးရင်း ယခုထိ လန့်နေသေး၏။ **ကြည်ဟန်**ကလည်း သူ့နည်းသူ့ဟန်နှင့် တစ်ချက်တည်း အပြတ် လုပ်မည်ဟုဆို၏၊ **ကြည်ဟန်**၏နည်းက ဘယ်လိုပါလိမ့်၊ သူကြားဖူး သည်မှာ မျက်စိလည်တတ်သူများ အိပ်ရာပြောင်းအိပ်ရသည်။ သို့မဟုတ် မျက်စိလည်နေသူ တစ်ယောက်ယောက် အိပ်ပျော်နေချိန်တွင် အပေါင်းသင်း သူငယ်ချင်း မိဘ စသည့်တစ်ဦးဦးက မနိုးအောင် ပွေ့ချီသွားပြီး၊ ပြောင်းပြန် သိပ်ထား လိုက်လျှင် ပြန်၍ အရပ်မှန်သွားသည်ဟု ကြားဖူးသည်။

ခေါင်းထဲမူးနေသလို အတွေးတွေကလည်း ရှုပ်ထွေးနေသဖြင့် သူ့မှာ ပြန်မမေးနိုင်သေး။ သူသိချင်နေသော မျက်စိလည်ခြင်းကို စိတ်အတွေး၌သာ ပုံဖော်နေမိ၏။



BURMESE CLASSIC .com

## အခန်း ၉

‘ ဦးကျော်ဝင်း ခင်ဗျားတို့ဖောင်တော့ ဘောက်ဆူးရဦးမယ်ဗျ၊ မျိုးညွန့်တို့ဖောင်ထက် ရေတိုင်း အရများလို့ ပိုက်သူကြီးက သိပ်သဘောကျနေတယ်၊ လဆန်းပိုင်း ရေထရက်ဆို ပိုတောင်ရဦးမယ်လို့ မျှော်လင့်ထားတယ်’

မော်တော်နှင့် ငါးပုဇွန်လာတင်ရသူ **ငွေးဝင်း**က သူတို့ကိုပြော၏။ **ငွေးဝင်း**၏အပြောကို **ဦးကျော်ဝင်း**နှင့် **ဦးကျော်စံ**တို့က ပြုံးရုံသာပြုံး ကြသည်။ **ငွေးဝင်း**၏စကားသည် အမှန်အကန် ဟုတ်ချင်မှလည်းဟုတ်မည်။ ပိုက်သူကြီး၏ လူယုံစကားမှာ ယုံရခက်သည်။ **မျိုးညွန့်**တို့ဖောင်တွင်လည်း **ငွေးဝင်း**သည် ထိုစကားပင်ပြောလေမည်ဟု တွေးစရာရှိ၏။ ပိုက်သူကြီး၏ လူယုံများသည် ဤစကားနှင့်ပင် ဖောင်သမားတွေကို နှစ်သိမ့်ထားတတ်ကြလေသည်။

သို့သော် သူတို့ဖောင်က ငါးအရ မနည်းဆိုသည်ကိုတော့ သူတို့လည်း အတွေ့အကြုံအရ ခန့်မှန်း၍ သိကြသည်။ **ဦးကျော်ဝင်း**နှင့် **ဦးကျော်စံ**တို့မှာ လုပ်သက်ရင့် ဖောင်မှူးကြီးများ ဖြစ်ကြ၏။ ပင်လယ်ရေပြင်ကို ငုံ့ကြည့်ရုံနှင့် သမုဒ္ဒရာ၏ ရေနက်ထဲက ကြမ်းခင်ပြင်ကို ခန့်မှန်းတတ်သူတွေ။ ရေ၏အသွားအလာကို ကြည့်၍ သောင်ခုံ အတိမ်အနက် အကွေ့အကောက် အကျယ်အဝန်းနှင့် ငါးလိုက် မလိုက် မှန်းဆတတ်သူတွေ



BURMESE CLASSIC .com

www.burmeseclassic.com


**ဦးကျော်စံ**မှာ ဖောင်လုပ်သားဟု ဆိုသော်လည်း ယခင်က နှစ်ရှည်လများ ဦးစီးမှူးလုပ်လာခဲ့သူဖြစ်၏။ ယခု အသက်ကြီး၍ မျက်စိမွဲ နားထိုင်းနေ၍ ဦးစီးအလုပ်ကို မလုပ်ဘဲနေသူဖြစ်သည်။

သို့သော် သူ့ကို ဦးစီးမှူးတိုင်း လေးစားကြသည်။ အကြံပေး ဉာဏ်ပေး အရာတွင်ထားကြသည်။ ပိုက်သူကြီးများကလည်း လက်ထောက်လစာ ပေးထား သူပင်။ ထို့ကြောင့် အရေးအကြောင်းဆိုလျှင် **ဦးကျော်စံ**၏စကားကို




BURMESE CLASSIC .com

www.burmeseclassic.com


ပယ်ရှား ရန်မရှိပေ။ **ဦးကျော်စံ**ကား ပဉ္စင်းလူထွက်ဟု ဆိုသော်လည်း မိုးရေ၊ လေလှိုင်း၊ မုန်တိုင်း၊ မြစ်ပင်လယ်တို့၏ အကြောင်းကို နှောကျေနေသူပင်။

သူတို့ကျား ( ၁ )မှ ငါးများကိုတင်ပြီး **မျိုးညွှန့်**တို့ ဖောင်ဘက် ထွက်သွားသော မော်တော်ကို **ကြည်ဟန်**နှင့်**မြရွှေ** ငေးကြည့်နေကြသည်။

'ငွေးဝင်းက ဦးစိန်မြနှင့် ဘာတော်လဲဗျ'

'သူ့တူလို့ ပြောတာပဲ'

**မြရွှေ**၏အမေးကို **ကြည်ဟန်**က စိတ်မပါသလို ဖြေသည်။

'သမက်လောင်းတော့ မဟုတ်ပါဘူးနော်'

'ဦးစိန်မြမှာ သမီးရှိလို့လားကွ'

'ကျွန်တော့်ကိုပဲ ခင်ဗျားက မေးရသေးတယ်လို့'

'ငါလဲ တိတိကျကျတော့ မသိဘူးကွ၊ ဦးစိန်မြက တို့ဇာတိမှ မဟုတ်တာ'

'ဘယ်ကလဲ'

'ဆိတ်မရှာကလေးကွာ၊ မင်းဘာကြားလို့လဲ'

'မကြားပါဘူး၊ ခင်ဗျားတို့ အရပ်က ပိုက်သူကြီးတွေဟာ သူတို့တူ သားဆွေမျိုးနဲ့ သမက်လောင်းတွေမှ မော်တော် မောင်းခိုင်းတတ်ကြတယ် ကြားမိလို့'

'ဒါကတော့ ဟုတ်မှာပေါ့ကွာ၊ ဖြစ်နိုင်မှာပေါ့၊ ငါးခိုးရောင်းကြ မှာစိုးတော့ မော်တော်မောင်းတဲ့ လူကလဲ စိတ်ချရမှ ဖြစ်မယ်လေကွာ'

'ဒါနဲ့ ခင်ဗျားကော ဒီလိုပဲ ကမ်းမမြင် လမ်းမမြင်တဲ့ ပင်လယ်ပြင် ထဲမှာ ဖောင်လက်ထောက်လုပ်ပြီး ပိုက်သူကြီးသမီးကို ဘယ်လိုလုပ် ရည်းစား ဖြစ်လာလဲ ပြောစမ်းပါဦး'

'မင်းရခိုင် စကားကလဲ ကာရန်ဝါကျ မမှန်လိုက်တာ၊ ဘယ်လို


BURMESE CLASSIC .com

www.burmeseclassic.com


လုပ်ပြီး ပိုက်သူကြီးသမီးနဲ့ ကြည်လာလဲ ပြောစမ်းပါ၊ ဟဲ .... ဟဲ '

'အေးပါ၊ ထားလိုက်စမ်းပါ ' ဟု **မြရွှေ**က ရယ်၍ပြောသည်။

'ဘာလဲ မင်းက ဦးစိန်မြမော်တော် မောင်းချင်နေလို့လား '

'ဒါကတော့ဗျာ လူငယ်တိုင်း စိတ်ကူးယဉ် ကြမှာပေါ့၊ ဒါပေမယ့် ပိုက်သူကြီးသမီးနဲ့ ဖောင်သမားတို့ ညားကြလေသတည်း ဆိုတာ ဝတ္ထုစာအုပ်တို့၊ ရုပ်ရှင်တို့မှာသာ ဖတ်ဖူးမြင်ဖူးကြတာပါ။ တကယ့် တကယ် လက်တွေ့ဘဝမှာတော့ မလွယ်ပါဘူး၊ များသောအားဖြင့် ပိုက်သူကြီးသမီးတွေက ရွာမှာတောင် သိပ်မရှိကြပါဘူး၊ သူတို့က မြို့ပေါ်တက်ပြီး ကျောင်းနေကြတာပဲ များပါတယ်၊ ပိုက်သူကြီးသမီးနဲ့ ဖောင်သမားဆိုတာ မိုးနဲ့မြေကြီး ....နီးဖို့ဝေး .... '

'မင်းဒီလိုလဲ တစ်ဖက်သတ် မပြောနဲ့လေကွာ၊ မပဒ္မာနဲ့ ကိုဒါသတောင် တစ်နေ့ကျ ညားကြသေးတာပဲ၊ ဘယ်နဲ့လုပ်မလဲ၊ ကျွန်နဲ့ သဋ္ဌေးသမီးဆိုတာ '

'ဟား ... ဟား .... တုံးလိုက်တဲ့လူ၊ အဲဒါကြောင့် ဘုတ်အုပ်ထဲမှာသာ ရှိတာပါဆို '

'အေး ' ဟုဆိုကာ **ကြည်ဟန်** ငိုင်သွားသည်။

**မြရွှေ**က **ကြည်ဟန်**၏ မျက်နှာကို ခိုးကြည့်ကာ ပြုံး၏။

**ကြည်ဟန်**၏ ရည်းစားမှာ **ပိုက်သူကြီး ဦးကျော်မြ**၏သမီးဆိုသဖြင့် **မြရွှေ**က သူတို့အကြောင်း စိတ်ဝင်စားနေသည်။ သို့သော် ဘယ်လိုမေးမေး နောက်ကြောင်း တစ်ခါမျှမပြော၊ ရည်းစားလောက်သာ ပြော၏။ ဤသည်တို့ကြောင့်လည်း **မြရွှေ**က မပေါ်ပေါ်အောင် **ကြည်ဟန်**ကို စလိုက်ခြင်းဖြစ်၏။ ပိုက်သူကြီးသမီးနှင့် ဖောင်သမား၊ ပိုက်သမားတို့ ဘယ်နည်းနှင့်မျှ မဖြစ်နိုင်ဆိုသော **မြရွှေ**စကားသည် **ကြည်ဟန်**၏ အရိုက်ကို ထိသွားလေ၏။

'ဟင် ကိုကြည်ဟန်၊ ကျွန်တော်ပြောတာ ဟုတ်တယ်မို့လား၊


BURMESE CLASSIC .com

www.burmeseclassic.com


ခင်ဗျားလဲ ဦးကျော်မြသမီးကို စိတ်ကူးယဉ်မနေစမ်းပါနဲ့ဗျာ၊ ကျွန်တော်တို့ ပင်လယ်ပြင်ရောက်နေတဲ့ ခုလောက်အချိန်ဆို သူ့အမေ သူ့ယောက်ဖတို့က ဘယ်ပိုက်သူကြီးသားနဲ့ စေ့စပ်ထားပြီလဲမှ မသိတာ၊ ခင်ဗျားလို လက်ထောက် ဖောင်သမားလောက်ကို ဦးကျော်မြက ပေးစားပ့ါမလားဗျ '

'မပေးစားတော့ ခိုးပြေးမှာပေ့ါကွ '

'ဗျာ .... ခိုးပြေးမယ် ဟုတ်လား၊ မြဝေက ခင်ဗျားနဲ့ ခိုးရာလိုက် ပါမယ့် ကိုဒါသရယ်လို့ ပြောထားပြီးပြီဆိုပါတော့ '

'ဟေး ... မင်းက နာမည်တွေဘာတွေတောင်သိလို့ပါလား '

**ကြည်ဟန်**မှာ အံ့သြသွားရုံမက အထိတ်တလန့်ပင် ဖြစ်သွား၏။

**မြရွှေ**မှာ **ကြည်ဟန်**ကို ကြည့်ကာ တခစ်ခစ် ရယ်နေသည်။ ဤသည်ကိုပင် **ကြည်ဟန်**က ပိုပြီးမလုံမလဲ ဖြစ်သွားပြန်၏။

'ဟဲ့ကောင် ရခိုင်၊ မင်းကတော့ တို့ဗမာပြည်လာပြီး ကမ္ဘာဝါ ဖတ်မယ့် အကောင်ပဲကွ၊ မြဝေနဲ့မင်းနဲ့ ဘယ်လိုလုပ်သိသလဲ ပြောစမ်းပါဦး '

'ခင်ဗျား မေ့သွားလို့ ဖြစ်ပါလိမ့်မယ်၊ ဖောင်စထွက်လာတဲ့နေ့ကပဲ ကျွန်တော် ပြောပြီးပါပြီဗျ '

'မဟုတ်သေးပါဘူးကွာ၊ ငါတော့ မင်းကို တစ်မျိုးပဲ၊ မင်းဟာ စကား သာ မပီလို့၊ ပီပီသသသာ ပြောတတ်ရင် ပိုက်သူကြီးသမီးလောက်တော့ ကောင်းကောင်းကျနိုင်တယ် '**မြရွှေ**ကို **ကြည်ဟန်**က ရယ်၍ ပြောသည်။

'အဲဒီ ဝဲတဲ ဝဲတဲပြောတတ်တာပဲ ခင်ဗျားတို့ အရပ်သူတွေက ချစ်စရာတဲ့ဗျ၊ ကဲ ခင်ဗျား ခုဘာပြောဦးမလဲ '

'မပြောပါဘူးကွာ '

'ခုတိုင်းရင်းသား အသံဝဲဝဲနဲ့ ဆိုတတ်တဲ့ အဆိုကျော်တွေတောင် ဘယ်လောက်ခေတ်စားနေလဲ၊ ရခိုင်အမျိုးသမီးထဲမှာ မိုင်ဗျာ၊ သူ့သီချင်း မလွမ်းပို


BURMESE CLASSIC .com

www.burmeseclassic.com


ခင်ဗျားယောက္ခမကြီး အိမ်မှာတောင် ဖွင့်လို့ ကြားခဲ့ရသေးတယ် ’

‘ ဒီ ရခိုင်နဲ့ကတော့ ခက်ပြီ၊ မင်းဟာ ရွှေဥဒေါင်းရဲ့ စုံထောက်ကြီး ဦးစံရှားများလားကွာ ’ နှစ်ယောက်စလုံး ပြိုင်တူရယ်လိုက်ကြသည်။

‘ ဟော့လူ .... ဟော့လူ၊ နေစမ်းပါဦး၊ ကျွန်တော်မေးတာလည်း ဖြေစမ်းပါဦးဗျ ’

စကားပြောပြီး ထလစ်မည်လုပ်သော **ကြည်ဟန်**ကို **မြရွှေ**က ဘောင်းဘီစဖမ်း ဆွဲထား၏။

‘ ဘာလဲကွ၊ မင်းမေးထားတာ ’

‘မြဝေနဲ့ ခင်ဗျားအကြောင်း တစ်နေ့တော့ ပြောပြပ့ါမယ်ဆိုတာလေ၊ ဘာမေ့ချင်ယောင်ဆောင်သွား ရပြန်တာလဲ ’

‘ မင်းကို ငါပြောတာ အပ်ကြောင်းထပ်နေပါပြီကွာ ’

‘ ခင်ဗျားပြောတာ ဟုတ်ကိုမဟုတ်သေးဘူးဗျာ၊ ဒီသူငယ်ချင်း နှစ်ယောက်ပဲ ရှိတာ အမှန်အတိုင်း ပြောစမ်းပါ၊ ပိုက်သမီး အဲ စကားတောင် မှားကုန်ပြီ၊ ပိုက်သူကြီးသမီးကို ချဉ်းကပ်ပုံ ချဉ်းကပ်နည်း ချိုင်ပုံ ချိုင်နည်းလေး၊ ကျုပ်တို့ ဖောင်သမားငယ်လေးတွေ နည်းနာနိသရည်း ယူရအောင်လို့ပါ ’

ပြေးမလွတ်သော **ကြည်ဟန်**က တဟဲဟဲရယ်ပြီး **မြရွှေ**အနားပြန် ထိုင်လိုက်၏။ ‘ ပေးကွာ မီးခြစ် ’ ဟု **ကြည်ဟန်**တောင်းသဖြင့် အိတ်ထဲက မီးခြစ်အပြင် ‘ရော့ဗျာ၊ ဒါနလေး မြောက်သွားအောင် ပါရမီဖြည့်ပါရစေ’ ဟု ပြောပြီး **မြရွှေ**က ဆေးလိပ်ပါထုတ်ပေးလိုက်၏။

‘ စောစောက ငါထတာ မီးခြစ်သွားယူမလို့ပါကွ၊ ဆေးလိပ်က ရှိပါတယ် ’

‘ ဟော့လူ လိုရင်းစကား ပျောက်သွားဦးမယ်၊ ကဲ ဆေးလိပ်လည်းရပြီ၊ မီးခြစ်လည်းရပြီ၊ ခင်ဗျားနဲ့ မြဝေ အကြောင်းပြောတော့ ’


BURMESE CLASSIC .com

www.burmeseclassic.com


'အကြောင်းကတော့ တစ်ပေါင်းတန်ခူးပါဆို '

'အကောင်းမေးနေတာနော် အညာသား ထလုပ်လိုက်ရဟင်း '

'ဟဲ ဟဲ တကယ်ပါကွာ၊ ငါ့ကို ပိုက်သူကြီးသမီး ကြိုက်သွားတာလဲ အဲဒီ အညာသားဆိုတဲ့ ဂုဏ်ပုဒ်ကြောင့်ပဲကွ၊ ငါတို့ အညာသားတွေဆိုတာ အလိုလို ဂုဏ်ရှိတယ် '

'ဟုတ်ပ သိပ်ရှိတာပေါ့၊ အညာသား အတတဆိုတာလေ ခင်ဗျား လည်း ရှစ်တန်း၊ကိုးတန်း သင်ဖူးတာပဲ၊ အရင်ကဖတ်စာထဲ ကြားဖူးမှာပေါ့ '

'အေး .... အဲဒါလည်း မင်းကို ငါပြောမလို့၊ တို့ ဗိုလ်ချုပ်အောင်ဆန်း ပြောခဲ့သလိုပေါ့ကွာ၊ တို့ ဗမာတွေမှာ မကောင်းတဲ့ အကျင့်တွေရှိတယ်၊ ဘောလုံး ပွဲမှာ ရှုံးရင်လူချသလို အချင်းချင်း၊ ဗမာ ဗမာ အချင်းချင်း စည်းစည်းလုံးလုံး ရှိရမယ့်အစား အညာသား အောက်သားဆိုပြီး နှိမ်ချင်တဲ့ အကျင့်တွေရှိတယ်။ အဲဒီ အညာသား အတတ ဆိုတဲ့စာကိုများ ကျောင်းသင်ခန်းစာထဲ သင်ဖို့ ရေးထားခဲ့တဲ့ ပညာရှိကြီးများ ဘယ်လောက်ချီးကျူးစရာ ကောင်းသလဲဆိုတာ မင်းပဲစဉ်းစားကြည့်၊ ဒါတို့ အညာသားတွေကို သက်သက်စော်ကားတာ '

'ခင်ဗျားကလဲ ပြောရင်း ဒေါနတွေ သရဖီတွေ ဖြစ်လာပြန်ပြီ၊ အဲဒါ ဟို နိုင်တီး၊ ဂွိုင်တီးကပါဗျာ၊ ခေါက်ထားလိုက်စမ်းပါ၊ အဲဒီ အညာသား အတတ ဆိုတဲ့ စာကိုရေးခဲ့တဲ့ ပညာရှင်ကြီးအကြောင်း ခင်ဗျားကို ကျွန်တော်မေးနေတာ မဟုတ်ဘူး၊ ကျွန်တော်မေးနေတာက ပိုက်သူကြီးသမီး မြဝေဆိုတဲ့ အချော အလှလေးနဲ့ ခင်ဗျားအကြောင်းပါ၊ ဒေါသမဖြစ် စမ်းပါနဲ့ '

'ငါဒေါသ မဖြစ်ပါဘူး၊ စကားအဖြစ်ပြောတာပါ၊ အမှန်က ငါ့အနေမှာ အဲဒီ အညာသား အတတလို့ရေးထားခဲ့တဲ့ ပညာရှင်ကြီးကိုတောင် ကျေးဇူး အထူးတင်ရဦးမှာ၊ ဦးသုံးကြိမ် သုံးခါချရဦးမှာ '

'ဖြစ်သွားရပြန်ပြီ၊ ဘာကြောင့်လဲ လင်းစမ်းပါဦး '


BURMESE CLASSIC .com

www.burmeseclassic.com


'ဟဲ ... ဟဲ ဘာကြောင့်လဲဆိုတော့ အဲသလို အညာသားများ ရိုးတယ်၊ အတယ်ဆိုလို့လည်း ပိုက်သူကြီးတွေက ကြိုက်ကြတာကွ၊ ငါနဲ့မြဝေ ချစ်သွားကြတာဟာလည်း အဲသလို ရိုးတာ အတာက ဇတ်လမ်းစတာပဲ '

'အိမ်း ... ဆိုစမ်းပါဦး '

'ငါက သူတို့ရွာကို ဦးလေးတစ်ယောက်နဲ့ လိုက်လာတာကွ၊ ကိုးတန်းနှစ်ခါကျတော့ စိတ်ညစ်ပြီး ပိုက်သမား၊ ဖောင်သမားဝင်လုပ်တာ '

'ဦးကျော်မြ ဆီမှာလား '

'မဟုတ်ပါဘူးကွ၊ နောက်ပိုက်သူကြီး တစ်ယောက်ဆီမှာပေါ့ '

'ခင်ဗျား နိဒါန်းတွေကလဲ ရှည်လိုက်တာဗျာ၊ မြဝေဆိုတဲ့ ပိုက်သူကြီးသမီး ဆတ်ဆလူးစိန်မနဲ့ အညာသား ငတုံးငအေ ကြည်ဟန်ဆိုတဲ့ကောင်နဲ့ ဘယ်လိုလုပ် ချစ်သွားကြလဲ၊ အဲဒါပဲပြော၊ တခြားဟာ ကျွန်တော် စိတ်မဝင်စားဘူး '

'အောင်မာ ... မြဝေကိုများ မင်းက ဆတ်ဆလူးစိန်တဲ့လား '

'သိပ်ဟုတ်တာပေါ့ '

'မင်းဘယ်လိုလုပ်သိသလဲ '

'ဒီလူခက်ပါလား၊ ကျုပ်အလုပ်ရှာဖို့ သူတို့ရွာကိုရောက်လာတော့ ကျုပ်တည်းတဲ့ အိမ်ရှင်က ဦးကျော်မြဆီ လိုက်ပို့တယ်၊ အလုပ်ကိစ္စ ပြောကြတော့ သူ့အမေ အဖေတွေ ပြောဖို့မရဘူး၊ သူကချည်း ရှေ့ထွက်လာပြီး ကျုပ်ကို ရခိုင်မှာ ဒီလိုကျားပိုက်မျိုး အရင်ကလုပ်ဖူးလားတဲ့၊ ကျုပ်က မြင်တောင် မမြင်ဖူးဘူးလို့ အမြင်ကပ်ကပ်နဲ့ ပြောလိုက်တယ်။ အဲဒီတော့ မြဝေက ဒါဆိုလခ သုံးရာပဲရမယ်တဲ့၊ ကျုပ်ကလည်း သူများပိုက်သမား ဖောင်သမားလို သုံးရာ့ ငါးဆယ်၊ သုံးရာ့ခြောက်ဆယ် မရရင်မလုပ်နိုင်ဘူး ပြောပြီး ချက်ချင်း အိမ်ပေါ်က ဆင်းလာတာ၊ ရှင်းပြီနော်၊ သူ့အဖေကတော့ လိုက်ခေါ်ပါသေးတယ်၊ ကျုပ်လှည့်

www.burmeseclassic.com


တောင် မကြည့်ခဲ့တော့ဘူး။ ကျုပ်ကလည်း ရခိုင်သားဗျ၊ ဘူးဆိုဖရုံမသီးဘူး။ ငတ်လို့ လာလုပ်တာမဟုတ်ဘူး၊ ရခိုင်ဘက်က ပင်လယ်ပြင်မှာ ဒီလို ကျားမျိုး ချရင် ရ မရ လာလေ့လာတဲ့ အကောင် '

'အေးပါ .... မင်းကြွားတတ်မှန်း ငါသိပါတယ် '

'အေးသိရင် ခင်ဗျားနဲ့ မြဝေ အကြောင်းဆက်ပြောစမ်း '

'မင်း ငါပြောပါလား၊ အကြောင်းကတော့ တပေါင်းတန်ခူးပါဆို '

'ဟေ့လူ .... တော်တော့ဗျာ၊ သွားတော့ '

**မြရွှေ**က **ကြည်ဟန်**ကို တွန်းပစ်လိုက်၏။

'ဟား .... ဟား တကယ်ပါကွ၊ တပေါင်း တန်ခူးလ ရွာလယ်က လရောင်ထဲမှာ ထုပ်ဆီးတိုးတမ်း ကစားကြတာ၊ ယောကျ်ားလေးတွေက တစ်ဘက်၊ မိန်းကလေးတွေက တစ်ဘက် သိပ်ပျော်စရာကောင်းတာပဲ၊ အဲဒီမှာတင် ပိုက်သူကြီးသမီးမြဝေရဲ့ နှစ်ကျပ်သား ရွှေဆွဲကြိုးကျပျောက်ရော၊ သူကဖေနဲ့ ဆိုတော့ လုံးဝသိပုံမရဘူး၊ သဲတောထဲမှာဆိုတော့ ဟိုလူနင်း ဒီလူနင်းနဲ့ ဘယ်လူမှ သတိမထားမိကြဘူး၊ ပျော်နေကြတာကိုး၊ မြဝေကလည်း သူ့လည်ပင်းကဆွဲကြိုးပါမလာမှန်း အိမ်ရောက်မှ သိတယ်၊ တိုတိုပဲပြောမယ် ငါကောက်ရလို့ ပြန်ပေးလိုက်တယ်ကွ၊ သူများတွေကတော့ တုံးတယ်၊ အညာသား အတယ်၊ နတယ် ပြောကြတာပေါ့၊ ဇတ်လမ်းကတော့ အဲဒီက စတာပဲ '

'သြော် ... ဒီလိုကိုး '

'ဟုတ်တယ်၊ အဲဒါကြောင့် မင်းကို အညာသား အတတလို့ ရေးထားခဲ့တဲ့ ပညာရှင်ကြီးကို ကျေးဇူးတင်တယ် ပြောတာပေါ့၊ မင်းလည်း ရခိုင်သား ဖြစ်ရတာ မဟုတ်မခံတတ်တာ ဂုဏ်ယူစမ်းပါ။ ဆရာတော်ဦးဥတ္တမ က ရခိုင်သားပဲကွ၊ မဟုတ်ဘူးလား၊ ဒါပေမယ့် မြဝေကို ဆတ်ဆလူးလို့ ပြောတာ


BURMESE CLASSIC .com

တော့ ငါမကြိုက်ဘူး၊ ထက်ထက်မြက်မြက် ရှိတယ်၊ စီးပွားရေးနားလည်တယ်၊ တို့ အညာသားများကတော့ အဲဒီလို မိန်းကလေးမျိုးကိုမှ အညာသူ အညာသား မျက်စိနဲ့ သဘောကျတာ၊ ပိုက်သူကြီးသမီးဆိုပြီး ပေါ်ကြော့နေတာ မဟုတ်ဘူး၊ မိဘအလုပ်ကို နားလည်တယ်၊ စိတ်ဝင်စားတယ်၊ အားကိုးရတယ်၊ စိတ်ချရတယ်၊ အိုး ... မျက်နှာလွှဲလို့ ရတယ်ပေါ့ကွာ၊ ဒီလို မဟုတ်လား '

'ခင်ဗျား ကျားပိုက်လက်ထောက် မလုပ်ဘဲ ငါးချဉ်သည် လုပ်စားဖို့ကောင်းတယ် '

'ခွေးကောင် '

'ဟား .... ဟား ...... တော်တော်လာတဲ့ အညာသား '

'လာလို့ပဲ ပင်လယ်ထဲတောင် ရောက်နေပြီပဲကွ၊ ငါပိုက်သူကြီးသမီးနဲ့ရရင် မင်းကို ချက်ချင်း လက်ထောက်ခန့်လို့ရတယ် သိလား '

'တော်စမ်းပါ၊ ခင်ဗျား ပိုက်သူကြီးသမက်ဖြစ်ရင် ကျုပ် ခင်ဗျားဆီမှာ ပိုတောင် မလုပ်သေးဘူးမှတ် '

'ဟင် .... ဘာဖြစ်လို့လဲ သူငယ်ချင်းရာ '

'ကျုပ်ကို ပိုက်သူကြီးကတော် ဆတ်ဆလူးမလေးက သြဇာပေးမှာစိုးလို့ပေါ့ဗျ '

'မပေးစေရပါဘူးကွာ၊ ငါတစ်ယောက်လုံးရှိပါသေးတယ် '

'ဟေ့ကောင်လေးတွေ၊ မင်းတို့ ခုထိ မအိပ်ကြသေးဘူးလား၊ သန်းခေါင်ကျော်ရင် ပိုက်ဖော်ရမယ်နော်၊ နိုးရင် အင်း .... အဲ .... လုပ်ကြဦးမှာ '

**ဦးကျော်စံ**၏ အသံကို ကြားလိုက်ရသဖြင့် နှစ်ယောက်သား လက်ကုတ်ပြီး နှုတ်ဆိတ်နေလိုက်ကြရသည်။ အိပ်၍ကား တော်တော်နှင့်မပျော်။ ပင်လယ်ပြင်ထဲတွင် လှိုင်းလုံးတွေ ရိုက်ခတ်နေသဖြင့် ဖောင်ကလည်း မငြိမ်။ သူတို့ လူငယ်နှစ်ယောက်၏ စိတ်မှာလည်း ဟိုတွေး၊ သည်တွေးနှင့်။



BURMESE CLASSIC .com

www.burmeseclassic.com

## အခန်း ၁၀

'ဘာကြည့်တာလဲ ဦးလေး '

'လေတိုက်တာ သိပ်မကြိုက်လို့ကွ '

ဖောင်တစ်ဘက်အစတွင် မတ်တတ်ရပ် ေးကြည့်နေသော **ဦးကျော်စံ**က **မြရွှေ**ဘက် လှည့်မကြည့်ဘဲဖြေ၏။

**ဦးကျော်စံ**၏ အဖြေကိုကြားသွားသော **ကြည်ဟန်**က 'သြော် ပင်လယ်ထဲ လေတိုက်တာတောင် ခင်ဗျားအကြိုက် လိုက်တိုက်ပေးရဦးမယ်ဆိုပါတော့ 'ဟု တမင်ခွပြောကာ ဖောင်တစ်ဘက် အစွန်နားသို့ လျှောက်သွားသည်။

**ကြည်ဟန်** တမင်စသွားမှန်း သိသဖြင့် **မြရွှေ**က **ဦးကျော်စံ**မျက်နှာကို ပြုံးကြည့်နေသည်။

'ရေငန်သောက် မြက်ခြောက်စားပြီး မိုးခေါင်ရေရှား အရပ်ကလာတဲ့ ဒီအညာသားက တောက်မှန်း၊ ကမ်းမှန်းသိတာ မဟုတ်ဘူးကွ၊ နေရာတကာ ခွပြောဖို့ပဲသိတာ '

**မြရွှေ**က ဘာမှမမေးတော့ဘဲ **ကြည်ဟန့်**အနား လျှောက်လာ၏။ **ကြည်ဟန်**က **ဦးကျော်စံ**၏စကားကို ကြားရသဖြင့် ရယ်ပြနေသည်။

'အဘိုးကြီးက ခင်ဗျားကို နှာကစ်သွားပြီ '


BURMESE CLASSIC .com

www.burmeseclassic.com


'ကစ်ကစ်ကွာ၊ ဒီလူကြီး ခေါက်ထားစမ်းပါ၊ အလကား အလုပ်မရှိ အလုပ်ရှာ ရေကိုကြည့်၊ လေကိုကြည့် လုပ်နေတာပါ '**မြရွှေ**က **ကြည်ဟန်**ရှေ့ ထိုင်ချလိုက်ပြီး ဆေးပေါ့လိပ်ကို မီးညှိသည်။

မှောင်ရီဖျိုးဖျ အချိန်ဖြစ်သဖြင့် အရှေ့ဘက် မိုးကုပ်စက်ဝိုင်းတွင် လျှပ်စီးတဖျတ်ဖျတ်လက်နေ၏။ ဆောင်းဦး၏ မိုးတိမ်တိုက်များကမူ အရှေ့ဘက် မိုးကောင်းကင်စွန်း၌ ဖြစ်ထွန်းစပြုနေ၏။

'ဒီလိုအချိန်မှာ ပင်လယ်ပြင်ကတော့ လွမ်းစရာအကောင်းဆုံးပဲဗျ၊ ခင်ဗျားတို့လို ရည်းစားသနံ ရှိတဲ့သူတွေတော့ ဘယ်လိုနေလဲ မသိဘူး၊ ကျွန်တော့်ရင်ထဲတော့ တစ်မျိုးကြီးပဲ '

'……… ချင်သလို …. သောက်ချင်သလိုလား၊ ပင်လယ်ပြင်မှာ ဒီပစ္စည်းက ရှားသားကွ '

သူ့ကိုစရန် နိဒါန်းချီသော **ကြည်ဟန်**က ညစ်ညစ်ပတ်ပတ် ပြော၏။

ကျားဖောင်တွင် လူသားဆို၍ လေးယောက်သာရှိသော်လည်း ပြောမနာ ဆိုမနာက သူတို့နှစ်ယောက်သာ၊ **ဦးကျော်ဝင်း**မှာ စကား အလွန်နည်းသူ ဖြစ်သဖြင့် စကားပြောဖော်မရ၊ **ဦးကျော်စံ**ကလည်း **ကြည်ဟန်**နှင့် ပြဒါးတစ်လမ်း၊ သံတစ်လမ်း ဖြစ်လေရာ၊ တစ်ခါ တစ်ခါ ပျင်းလွန်း၍ စချင် နောက်ချင် ကြတော့လည်း လူငယ်ဖြစ်သော သူတို့နှစ်ယောက်သာ။

'ပိုက်သူကြီးသမက် ဖြစ်မယ့်လူကတော့ ပြောအားရှိတာပေါ့ဗျာ'

'မင်းလည်း ဖြစ်နိုင်ပါတယ်၊ ရုပ်ကိုတော့ မပြောချင်ပါဘူး၊ အပြောက တော့ ရွှေမန်းပဲ၊ ပိုက်သူကြီးသမီးတွေ ကျနိုင်ပါတယ်၊ ကြိုးစားကြည့်ပေါ့ ' အသားမည်းသော **မြရွှေ**ကို **ကြည်ဟန်**က တစ်ခါတစ်ခါ စတတ်သည်။

'ကျုပ်က ပိုက်သူကြီး သမက် လုပ်မယ့်လူမဟုတ်ဘူးဗျ၊ ပိုက်သူကြီး ကိုယ်တိုင်လုပ်မယ့်လူပါ '


BURMESE CLASSIC .com

www.burmeseclassic.com


'အေးပါ .... မင်းကြွားတတ်မှန်း ငါသိပါတယ်ဆို '

သူတို့ ကျားဖောင်ဘေးမှ ငါးပုံ့တစ်အုပ် ရုတ်တရက် ထပျံသဖြင့် **ကြည်ဟန်** စကားပြတ်သွားသည်။

'အရှေ့ဘက်က တိမ်တွေသိပ်ခွပ်နေတယ်ဗျ၊ မိုးများ ရွာမလား မသိဘူး '

'ဘာရယ်ကွ၊ ဘာခွပ်တယ် '

**မြရွှေ**က အမှတ်တမဲ့ နှုတ်ဝလေ့အတိုင်း ပြောမိလိုက်သည်ကို **ကြည်ဟန်** က 'ဘာခွပ်တယ် 'ဟုမေး၏။

'လျှပ်စီးလက်တာကို ပြောတာပါဗျာ၊ ကျွန်တော်တို့ ရခိုင်စကားနဲ့ တိမ်ခွပ်တယ်လို့ ခေါ်တယ် '

'အေးကွ မင်းတို့စကားက ကဗျာဆန်သလိုပဲ၊ ငါတော့ မင်းဆီမှာ ရခိုင်စကားသင်ရဦးမယ်၊ ငါလဲ မင်းပြောသလိုပဲ ရင်ထဲ တစ်မျိုးကြီးပဲကွာ၊ မင်း ရခိုင်သီချင်း တစ်ပုဒ်လောက် ဆိုပြစမ်းပါ '

'ရခိုင်သီချင်း နားထောင်ချင်လား '

'အေး '

'ဟိုအရှေ့ မိုးကုပ်စက်ဝိုင်းဘက်မှာ တိမ်တွေက တဖျတ်ဖျတ်ခွပ် နေတာ မြင်တော့ ကျုပ်လည်းအလိုလို သီချင်းဆိုချင်စိတ် ပေါက်လာတာနဲ့ အတော်ပဲ'

'အေးပါကွာ .... သူငယ်ချင်းရာ၊ ရခိုင်သီချင်းကောင်းတာလေး လုပ်စမ်းပါဦး '

'ရခိုင် သီချင်းထဲက ခင်ဗျားကို အသံအကောင်းဆုံး သီချင်း တစ်ပုဒ်ရွေးပြီး ဆိုပြမယ် '

'ဘာကွ၊ အသံကောင်းတဲ့ သီချင်း ဟုတ်လား '


BURMESE CLASSIC .com

www.burmeseclassic.com


'ဟုတ်တယ်လေဗျာ '

'မင်းအဘ သီချင်းက အသံကောင်းတဲ့ သီချင်းရယ်လို့ ရှိမလားကွ၊ ဆိုတဲ့သူက အသံကောင်းမှ နားထောင်လို့ ကောင်းမှာပေါ့ '

'ခင်ဗျားတို့မှာ မရှိပေမယ့် ကျုပ်တို့မှာတော့ အသံကောင်းတဲ့ သီချင်း ဆိုတာ သီးသန့်ကို ရှိတာဗျ ဟဲ .... ဟဲ ..... '

'မင်းကတော့လုပ်ပြီ၊ ကဲပါကွာ ငါ့ရင်ထဲ တကယ်ဖီလင်တွေ ပြည့်လာလို့ပါ၊ လုပ်စမ်းပါ သီချင်းတစ်ပုဒ်ကောင်းကောင်း '

'ကျွန်တော်ဆိုပြပြီးရင် ခင်ဗျားလည်း အသံကောင်းတဲ့ သီချင်းတစ်ပုဒ် ဆိုပြရမယ်နော် '

'အိုကေ စိမ်လိုက် '

'အိုကေ စိမ်လိုက်က အကြောင်းမဟုတ်ဘူး၊ ခင်ဗျားတို့မှာ အသံကောင်းတဲ့ သီချင်းမှ ရှိရဲ့လား '

'ရှိပါတယ်ကွာ မင်းသီချင်းသာ အရင်ဆိုပြစမ်းပါ '

'ကဲ နားသောတဆင်ပါ ခင်ဗျာ၊ မိုးရွာရင် မိုးရေချိုးမယ်၊ မေမေလာရင် နို့ကျို့မယ်၊ ဖေဖေလာရင် အုန်းသီးခွဲကျွေးမယ် ...... ငယ် .... ငယ် ..... '

**ကြည်ဟန်**က **မြရွှေ**ကျောကုန်းကို တအုံးအုံးထု၍ ရယ်သည်။

'အေးကွ၊ မင်းနဲ့ အလုပ်အတူ လုပ်ရတာ မပျင်းရဘူး၊ ရယ်ရတယ်၊ နောက်နှစ်တွေလည်း ငါတို့နဲ့အတူလုပ်ပါ ရခိုင်ရာ '

'ဟော့လူ ဘယ်နှစ်ခါ ပြောရမလဲဗျ '

'ဘာကိုလဲကွ '

'ကျုပ်က နောက်တစ်နှစ်ဆို ရခိုင်ပြန်ပြီး ပိုက်သူကြီး လုပ်မယ့်လူပါဆို '

'တကယ်လားကွ '


BURMESE CLASSIC .com

www.burmeseclassic.com


'တကယ်ပေါ့ဗျ၊ ခုကျားပိုက်တွေ ကိုယ်တိုင် လာလေ့လာတာပါဆို'

**မြရွှေ**၏ စကားကြောင့် **ကြည်ဟန်**ငေးသွားသည်။ သူ့စိတ်ထဲ ဘာဖြစ်သွားသည် မသိ၊ 'အေးကွာ တို့ဘဝကလည်း မင်းစောစောက သီချင်းဆို သလို မိုးရွာမှရေချိုးရမယ့် ဘဝပဲ၊ ဖောင်စီးရင် ရေငတ်ဆိုသလိုပေ့ါ၊ ပင်လယ်ပြင် မှာ ရေငန်ချိုးလိုက်၊ နေပူခံလိုက်နဲ့ လူတွေလည်း ကပ္ပလီရုပ်ပေါက်လာပါပြီ 'ဟု ဆိုသည်။



တက်ရေအလိုက်မှာ ကျားပိုက်တစ်ခါဖော်ပြီး သူတို့အိပ်ကြသည်။ မောမောနှင့်မို့ အရှေ့မိုးကုပ်စက်ဝိုင်းဘက်မှ တိမ်တောင် တိမ်လိပ်များကိုပင် သတိမထားမိခဲ့ကြ။

www.burmeseclassic.com

## အခန်း ၁၁

'ဟော့ကောင် မြရွှေ၊ မိုးရွာရင် ရေချိုးမယ်ဆို၊ သွားချိုးလေကွာ မိုးရွာနေပြီ'

**ကြည်ဟန်**သည် **မြရွှေ**ကိုယ်ပေါ်မှစောင်ကို အတင်းဆွဲ လှုပ်နှိုးစ၏။

မိုးမှာ ဘယ်အချိန်ကပင် စရွာနေမှန်းမသိ၊ တစ်ချက်တစ်ချက် လေပြင်းကျသံကိုလည်း ကြားရသည်။ လေနှင့် လွင့်ပါလာသော မိုးသီးမိုးပေါက်များသည် အိပ်စင်ခေါင်မိုး ဓနိပေါ် ပေါက်ပေါက်ဖောက်သလို တဖြောက်ဖြောက် ကျလာ၏။ မိုးလင်းနေပြီဖြစ်သဖြင့် အားလုံးအိပ်ရာက ထလာကြသည်။

ရေချိုးရန်မဆိုထားနှင့် အိပ်စင်ထဲမှ ဖောင်ကြမ်းခင်းပြင်ပေါ် ထွက်ရမှာပင် စိတ်မပါသလို ဖြစ်နေကြ၏။ သို့သော် ပိုက်တစ်ရေဖော်စရာ ရှိနေသဖြင့် အားလုံးအပြင်သို့ ထွက်ကြရသည်။

သူတို့ ပိုက်မဖော်ခင်ပင် မိုးပြေးက စဲသွား၏။ အရှေ့ဘက် ရေပြင်ပေါ်တွင် နေဝန်းနီကျင်ကျင်ကိုလည်း မပီဝိုးဝါးမြင်နေရသည်။ လေပြတ်တွေကတော့ တစ်ချက်တစ်ချက် ဂူးကနဲ ဝေါကနဲ လာနေတုန်း။

'ဒီလေမျိုးတိုက်တာ ငါတော့မကြိုက်ဘူးကွ ကျော်ဝင်း'ဟု **ဦးကျော်စံ**၏ အပြောကို **မြရွှေ**နှင့် **ကြည်ဟန်**တို့က 'လုပ်ပြန်ပြီ'ဟု တီးတိုးပြောကြ၏။

www.burmeseclassic.com

**ဦးကျော်စံ**၏ စကားကြောင့်လားမသိ၊ **ဦးကျော်ဝင်း**က 'မြရွှေမင်းတို့ ထမင်းဟင်း စောစောချက်ကြကွာ၊ ပြီးမှ ပိုက်ဖော်ကြတာပေါ့ '

နေရောင်ခြည်သည် ပင်လယ်ပြင်ထဲသို့ ထိုးကျလာသဖြင့် အချမ်းပြေသွားကာ လူတွေမှာ နွေးထွေးလာကြသည်။

ထမင်းဟင်းချက်ပြီး နံနက် ခုနစ်နာရီခွဲ ပိုက်ဖော်နေကြချိန်မှာပင် မြန်မာ့အသံက 'မုန်တိုင်း အထူးသတိပေးချက် 'ကြေညာသံ ပေါ်ထွက်လာသည်။

'ဟင် 'ဟု ပါးစပ်ထဲမှ ပြိုင်တူ အသံထွက်သွားကြသည်။

ကျားပိုက်တွင်မိနေကြသော ပုဇွန်များကို ဖြုတ်နေကြသည့် သူတို့၏ လက်များသည် ရုတ်ခြည်းတုံ့ခနဲ ရပ်တန့်သွားကြသည်။

**ဦးစီးမှူး ဦးကျော်ဝင်း**က အိပ်စင်ရှေ့ ဆွဲချိတ်ထားသော ရေဒီယိုဆီ ပြေးသွား၏။ အသံထိန်းခလုတ်ကို ချက်ချင်းလှည့်လိုက်သည်။ **ကြည်ဟန်၊ မြရွှေ**နှင့် **ဦးကျော်စံ**တို့မှာ ချက်ချင်းပါးစပ် အဟောင်းသားနှင့် ရေဒီယိုမှ ကြေညာသံကို အသက်အောင့်ပြီး နားစွင့်ထားမိကြသည်။

ရေဒီယိုမှ မုန်တိုင်းသတိပေးသံက ပိုကျယ်လာသည်။

'ဘင်္ဂလားပင်လယ်အော် အရှေ့ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်း ရပ်ဝန်းတစ်ခုသည် မကြာခင် နာရီပိုင်းအတွင်း ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်တစ်ခု ဖြစ်ပေါ်လာဖွယ်ရာ ရှိပါသည် '

'မုန်တိုင်းတဲ့ '

**ကြည်ဟန်**နှင့်**မြရွှေ**တို့၏ ပါးစပ်မှ ပြိုင်တူ အသံထွက်သွားကြသည်။

'ထိုမုန်တိုင်းငယ်သည် ပုသိမ်မြို့၏ အနောက်တောင်ဘက် ယွန်းယွန်း မိုင်တစ်ရာ့နှစ်ဆယ်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေပါသည်။ မုန်တိုင်းကျချိန်တွင် မြေပြင်ရေပြင်လေသည် တစ်နာရီလျှင် မိုင်လေးဆယ်မှ ခြောက်ဆယ်အထိ တိုက်ခတ်နိုင်ပါသည် '

www.burmeseclassic.com


'နောက်ဆယ့်နှစ်နာရီအတွင်း မုန်တိုင်းငယ်သည် ပိုမိုအားကောင်းလာကာ အနောက်မြောက်ဘက် အိန္ဒိယကမ်းခြေသို့ ရွေ့လျားသွားနိုင်ပါသည်။ မုန်တိုင်းကျချိန်တွင် မြန်မာနိုင်ငံ အောက်ပိုင်းနှင့် ......'

**ဦးစီးမှူး ဦးကျော်ဝင်း**သည် ကျား ( ၁ )ရှိ သူ့လူများကို ချက်ချင်း အော်ဟစ်ပြောလိုက်သည် ။

'တို့ ငါးပုစွန်တွေ မြန်မြန် ဖြုတ်ပြီးရင် ပိုက်ကိုပြန်မချနဲ့တော့ ဆွဲမော်တော်လာရင် အဆင်သင့်ဖြစ်နေပါစေ၊ အစ်ကိုကြီး ဦးကျော်စံ ကျွန်တော် ကျား ( ၂ )ကို အော်ပြောလိုက်ဦးမယ် '

' အေး ... အေး '

**ဦးကျော်ဝင်း**က ဖောင်အစတစ်ဘက်သို့ ထွက်သွားသည်။

**ဦးကျော်ဝင်း**တို့ ကျား ( ၁ )နှင့် မျိုးညွန့်တို့ ကျား ( ၂ )မှာ တအားအော်ပြောမှ ရသည်။ မျိုးညွန့်တို့ ကျား ( ၂ )မှာ ရေဒီယိုမပါသဖြင့် မုန်တိုင်းသတင်းကို သူတို့က မသိကြသေး။ ပိုက်ဖော်ကောင်းတုန်းသာ ရှိနေကြသေး၏။

' ဟေ့ မျိုးညွန့် .... မျိုးညွန့် .... '

**ဦးကျော်ဝင်း**က သူ့ပါးစပ်ကို လက်ဝါးနှစ်ဖက်နှင့် အော်လန်လုပ်ကာ တအားအော်ခေါ်၏။

' ဗျို့ ..... အစ်ကိုကြီး '

' မင်း ငါ့အသံကို ကောင်းကောင်းကြားရရဲ့လား ဟေး '

**မျိုးညွန့်**၏ ပြန်ထူးသံကြောင့် **ဦးကျော်ဝင်း**မှာ အားတက်သွားသည်။

'ကြားတယ် အစ်ကိုကြီး၊ ကြားတယ်၊ ကြားတယ် ...... အစ်ကိုကြီး အသံကို ကောင်းကောင်းကြားတယ် '

သူ့အော်သံကိုသာ ' ကောင်းကောင်းကြားတယ် 'ဟုဆိုသော်လည်း


BURMESE CLASSIC .com

www.burmeseclassic.com


**မျိုးညွန့်**၏ ပြန်ပြောသံကိုမူ လေထက်နှင့် လေအောက်ဖြစ်နေသဖြင့် **ဦးကျော်ဝင်း**မှာ သဲ့သဲ့သာ ပြန်ကြားရသည်။

‘ ပင်လယ်ပြင် တစ်နေရာမှာ မုန်တိုင်းကျနေတယ်လို့ ရေဒီယိုက အသံလွှင့်သွားတယ်ဟေး ........၊ ဒီတစ်ရေဖော်တဲ့ ပိုက်ကိုပြန်မချကြနဲ့တော့၊ မော်တော်လာရင် အားလုံးအဆင်သင့်ဖြစ်ဖို့ ပြင်ဆင်ထားကြကွ၊ ကြားလား ’

‘ကြားတယ် အစ်ကိုကြီး၊ မုန်တိုင်းက ကျွန်တော်တို့နဲ့ နီးလို့လားဗျ’

‘ဟာ ဒီခွေးမသား တယ်လျှာရှည်ပါလား၊ မင်းတို့လည်း မှတ်ထားကြ၊ ငါပြောတယ် မဟုတ်ဘူးလား၊ မနေ့ကပဲ လေတိုက်တာ ငါမကြိုက်ပါဘူးလို့၊ ပင်လယ်ပြင်မှာ ဒီလိုလေပြတ်မျိုး လာပြီဆိုရင် သူ့နောက်မှာ မုန်တိုင်းပါလာတတ်တယ်၊ ခုခေတ်က ရေဒီယိုရှိတော့ ရေဒီယိုက မိုးလေဝသကြေညာသံပဲ အားကိုးပြီး အမှုမဲ့နေကြတာ၊ တို့ငယ်ငယ်တုန်းကဆိုရင် ဒီလိုလေပြတ်လာပြီဆိုတာနဲ့ မုန်တိုင်းကျပြီဆိုတာ ကျိန်းသေသိကြတယ်၊ မင်းတို့လည်း ‘မှတ်ထားကြ ’၊ **မျိုးညွန့်** ပြန်ပြောသံကို ကြားလိုက်သော **ဦးကျော်စံ**က **မျိုးညွန့်**ကို တီးတိုး ဆဲဆိုပြီး **ကြည်ဟန်**နှင့် **မြရွှေ**တို့ကိုလည်း ပညာပေး စကားပြောနေ၏။

**ဦးကျော်စံ** ပြောသည်မှာ အမှန်ပင်ဖြစ်နေသဖြင့် **ကြည်ဟန်**နှင့် **မြရွှေ**တို့မှာ ဤတစ်ခါတော့ ဘာမှ အငေါ်မတူးရဲကြ၊ မုန်တိုင်းဆိုသဖြင့် သူတို့စိတ်ထဲ ထိတ်လန့်သွားကြ၏။ **မြရွှေ**နှင့်**ကြည်ဟန်**တို့ကို ပြောနေရင်းက **ဦးကျော်စံ**သည် **ဦးကျော်ဝင်း**ဆီ လှမ်းပြောပြန်၏။

‘ပင်လယ်မုန်တိုင်းဆိုတာ ဘယ်လောက်ဝေးဝေး နာရီပိုင်းအတွင်း ရောက်လာနိုင်တယ်လို့ အော်ပြောလိုက်စမ်းပါ ကျော်ဝင်းရာ ’

**ဦးကျော်စံ**၏ စကားမဆုံးခင်ပင် **ဦးကျော်ဝင်း**က **မျိုးညွန့်**တို့ ကျားဖောင်( ၂ )ဆီကို အော်ပြောလိုက်ရသည်။


BURMESE CLASSIC .com

www.burmeseclassic.com


'ဟော့ကောင် .... မျိုးညွန့်၊ ပင်လယ်မုန်တိုင်းဆိုတာ ဘယ်လောက် ဝေးဝေး နာရီပိုင်းအတွင်း ရောက်လာနိုင်တယ်ကွ၊ မင်းအရှေ့တောင် ပင်လယ်ဘက်ကြည့်မိရဲ့လား၊ တိမ်တွေ မည်းတက်လာနေတယ်၊ အားလုံး အသင့်ပြင်ထား၊ နောက်ထပ် ငါမပြောတော့ဘူးနော်၊ လေပြတ်တွေက တဖြည်းဖြည်းကြမ်းလာတယ် ကြားရဲ့လား '

'ဟုတ်ကဲ့ ကြားတယ် အစ်ကိုကြီး ကြားတယ်၊ ကြားတယ် အသင့်ပြင်ထားမယ် '

'အေး .... အေး၊ တခြားနီးစပ်ရာ ဖောင်တွေကိုလည်း ချက်ချင်းအကြောင်းကြားပေးပါကွာ '

'ဟုတ်ကဲ့၊ စိတ်ချ အစ်ကိုကြီး '

**ဦးကျော်ဝင်း**တို့ ကျား ( ၁ )၊ ကျား ( ၂ )ဝန်းကျင်ရှိ အခြားကျားဖောင်များဆီမှလည်း တစ်စီးနှင့်တစ်စီး၊ တစ်ဦးနှင့်တစ်ဦး အော်ဟစ်သတိပေးသံတွေမှာ ချက်ချင်းဆူညံလာကြသည်။

**ဦးကျော်ဝင်း**တို့ ကျား ( ၁ )မှ ပထမဦးဆုံး အော်ဟစ်သတိပေးလိုက်သော ရေဒီယိုသတင်းသည် ၁၅ မိနစ် မကြာခင်မှာပင် **ဦးကျော်ဝင်း**တို့ဆီပြန်ရောက်လာ၏။ သူတို့မှာ လုပ်ဖော်ကိုင်ဖက်ချင်းဟူသော စိတ်ဓါတ်နှင့် တစ်ဖောင်နှင့်တစ်ဖောင် မကြားလိုက် မသိလိုက် မဖြစ်မရှိကြရအောင် အော်ဟစ်သတိပေးနေကြသည်။ **ဦးကျော်ဝင်း**တို့ ကျား (၁ )ကို အော်ဟစ်သတိပေးသောဖောင်မှာ **ကဒုံကနိက ဦးကျော်လှ**တို့ဖောင်ပင်၊ ကြားကြောင်းသိကြောင်း ပြန်အော်ပြောရ၏။

'ဒီကျော်လှဆိုတဲ့ အကောင်က သူ့ဖောင်မှာ ရေဒီယိုကက်ဆက် ပါတဲ့အကြောင်း ကြွားချင်လို့ တမင်အော်ပြောနေတာကွ ကျော်ဝင်း၊ ငါတို့မှာလည်း ရေဒီယိုပါတယ်ဆိုတာ အော်ပြောလိုက်စမ်းပါ 'ဟု **ဦးကျော်စံ**က ဆိုသည်။


BURMESE CLASSIC .com

www.burmeseclassic.com


**ဦးကျော်ဝင်း**တို့ ကျား ( ၁ )မှ ပိုက်တစ်ဖုံ မရုပ်ပြီးခင်မှာပင် ထွန်းလင်း တောက်ပနေသော နေရောင်ခြည်များ ပင်လယ်ပြင်မှ ရုတ်ခြည်း ကွယ်ပျောက်သွားလေ၏။

အထိတ်တလန့်နှင့် အရှေ့တောင် ပင်လယ်ဘက်လှမ်းကြည့်ကြရာ နေဝန်းကို လုံးဝမမြင်ရတော့၊ တိမ်ဆိုင် တိမ်လိပ်ခဲများသည် အရှေ့တောင် ထောင့်ဆီမှ နဂါး၊ ဂဠုန်၊ ကုမ္ဘဏ်၊ ယက္ခရုပ်တွေပေါ်ကာ တစ်ကောင်နှင့် တစ်ကောင် လုံးထွေးရစ်ပတ် သတ်ပုတ် ကိုက်ခဲ လာနေကြပြီ။

တအိအိနှင့် ကမ်းခြေရှိရာဘက်ဆီ မျောပါနေကြသော ပင်လယ်လှိုင်း လုံးကြီးတွေမှာ မသိမသာ ပုခက်လွှဲစပြုလာကြသည်။ ရှေ့တိုး နောက်ဆုတ်



ဖြစ်လာကြသော လှိုင်းလုံးကြီးများကို ကြည့်ကာ **ဦးကျော်ဝင်း**နှင့်**ဦးကျော်စံ** တို့မှာ မုန်တိုင်းကြီး မကြာခင် ရောက်လာတော့မည် ဆိုသည်ကို အတွေ့ အကြုံ အရ ချက်ချင်းသိနေကြပြီ။

ထို့ကြောင့် **ကြည်ဟန်**နှင့်**မြရွှေ**တို့ကို ချက်ချင်း ပိုက်သိမ်းခိုင်း လိုက်သည်။ **ဦးကျော်ဝင်း**နှင့် **ဦးကျော်စံ**တို့၏ အရိပ်အခြည်ကို ကြည့်ကာ **ကြည်ဟန်**နှင့် **မြရွှေ**တို့မှာ ထိတ်ထိတ်လန့်လန့် ဖြစ်နေကြလေ၏။



BURMESE CLASSIC .com

www.burmeseclassic.com

## အခန်း ၁၂

ရေဒီယိုမှ နံနက်ပိုင်းအစီအစဉ် ပြီးသွားသည်နှင့် တစ်ပြိုင်နက် မိုးသက်လေပြင်းသည် ပင်လယ်ပြင်ကို စတင်နှုတ်ဆက်လာလေသည်။

'ကဲ .... မြရွှေနဲ့ ကြည်ဟန် မင်းတို့ စားအိုးစားခွက်တွေနဲ့ ရေစည်တွေကို ကြိုးချည်ထားကြကွာ၊ လှိုင်းလေကြမ်းချင်ကြမ်းမယ်ထင်တယ်'

'ဟုတ်ကဲ့ အစ်ကိုကြီးစိတ်ချ '

ဖောင်နောက်ပိုင်းရှိ မီးဖိုချောင်သို့ **ကြည်ဟန်**နှင့်**မြရွှေ**တို့ လျှောက်လာကြစဉ် **ဦးကျော်ဝင်း**နှင့်**ဦးကျော်စံ** တို့ကဖောင်ရှေ့ပိုင်း ထွက်သွားကြသည်။ ဖောင်၏နောက်ပိုင်းတွင် သောက်ရေ၊ သုံးရေနှင့် ဆန်ပုံး၊ ရေတိုင်ကီများကို **မြရွှေ**နှင့် **ကြည်ဟန်**တို့က ခိုင်ခိုင်ခံ့ခံ့ ချည်နှောင်ထားကြသည်။

မိုးသက်လေပြင်းကား အားနည်းလျော့ပါးမသွား၊ ပို၍သာပြင်းလာ၏။ တစ်ဖက်ရှိ **မျိုးညွန့်**တို့ ကျား ( ၂ )ကိုလှမ်းကြည့်ရာ ကြားတွင် မိုးသီးမိုးပေါက်တွေခံနေသဖြင့် ဝိုးတဝါးသာ မြင်ရတော့သည်။

**ဦးစိန်မြ**ပိုင် မော်တော်က သူတို့ကျားဖောင်နှစ်စီးကို လာဆွဲမခေါ်ခင် မုန်တိုင်းကြီးကျမလာပါစေနှင့်ဟု ကြိတ်၍ ဆုတောင်းနေမိကြသည်။

သူတို့ဖောင်တွေမှာ မော်တော်အကူမပါဘဲ ဘယ်မျှမသွားနိုင်၊ ရေပေါ်တွင် ဖော့နေနိုင်ရုံကလွဲပြီး မိမိ၏အစွမ်းအစဆို၍ကား ကနက်တိုင်ကိုသာ

www.burmeseclassic.com


အမှီပြုနေရ၏။ အရေးအကြောင်းဆိုလျှင် မိမိရွာရှိရာ ကမ်းခြေကို သွားနိုင်ဖို့ မဆိုထားနှင့် အလုပ်အတူတွဲလုပ် နေကြရသော ကျား ( ၁ )နှင့် ကျား ( ၂ ) တို့မှာ ပူးပူးကပ်ကပ်ပင် ရွေ့၍ မရနိုင်။ လှေများလို သူတို့မှာ ရွက်၊တက် ဆို၍လည်း ဘာမျှမရှိ။ ဦးခေါင်းနှင့်တူသော ဆွဲမော်တော်အလာကိုသာ မျှော်ကိုးပြီး ကနက်တိုင်တစ်ခုပေါ်မှာ အမှီသဟဲ ပြုနေကြရလေသည်။

ပင်လယ်ပြင် မုန်တိုင်းကြီးသည် အသည်းထိတ်စရာကောင်း လောက် အောင် ပြင်းထန်လာ၏။ မြင်းတစ်ကောင်ကို ဇက်ကြိုးချည်ပြီး အရိုက်ခံနေရသလို အင်္ဂလန်ကျားဖောင်ကြီးသည် လှိုင်းလုံးကြီးများပေါ်တွင် ကဆုန်ပေါက် ထခုန်နေ၏။ ဦးမြုပ်ပဲ့ထောင် ပဲ့မြုပ်ဦးထောင်နှင့် ဆောက်တည်ရာမရ ဖြစ် လာသည်။

လေပြင်းက ဂူးခနဲ ဝေါခနဲ ကျလာရာ လှိုင်းလုံးကြီးတွေမှာ ကျားဖောင်ပေါ် ဝေါခနဲဝေါခနဲ တစ်လုံးပြီးတစ်လုံး ပြေးတက်လာ၏။ လူတွေမှာ မတ်တတ်ရပ်၍ပင် မရတော့။ လေနှင့်လှိုင်းထဲ လွင့်ပါသွားမှာ စိုးသဖြင့် ရမိရာ ကို ဆုပ်ကိုင်ထားကြရသည်။ လေပြင်းက အိပ်စင်ခေါင်မိုးမှ ဓနိပျစ်တွေကို ရုတ်ခြည်း ခွာယူသွားသည်။ ကျား( ၁ )၊ ကျား ( ၂ )မှ ဓနိပျစ်များ၊ ဝါးလုံးများ၊ မြက်ကွင်းများသည် လေထဲပလူပျံပါသွားကြ၏။

ဖောင်ပေါ်တရကြမ်း ပြေးတက်လာကြသော လှိုင်းလုံးကြီးတွေက အိုးခွက်ပန်းကန်အချို့ကို ဆွဲချသွားကြသည်။ ဖောင်ပေါ်တွင် လုံးဝမတ် တတ်ရပ်၍မရသော လူတွေမှာ လေးဘက်ကုန်းကာ ငါးလှမ်းစင်တိုင်တွေနှင့် အိပ်စင်တိုင်တွေကို မြဲမြဲဖက်တွယ်ထားကြရသည်။ ထိုအခါ ဖောင်ပေါ်ပြေးတက် လာနေကြသော လှိုင်းလုံးကြီးတွေက လေးဘက်ကုန်းခံနေကြသော လူများကို ဆားငန်ရည်ထဲ နှစ်နှစ်ထားခဲ့ကြ၏။

'ဘာမှ မကြောက်ကြနဲ့၊ ဆွဲမော်တော်တွေ ဒီအချိန်လောက်ဆို


BURMESE CLASSIC .com

www.burmeseclassic.com


ရောက်ခါနီးပြီ၊ သတိထားကြ ’ဟူသော စကားကို **ဦးကျော်စံ**က လေးဘက်ကုန်းကြီးနှင့် အကြိမ်များစွာ အော်ဟစ်ပြောနေသည်။

လက်ထောက်ဦးစီးနှင့် ဦးစီးမှူးကြီးတို့က ယခုထိပေါ်မလာကြသေးသော **ဦးစိန်မြ** မော်တော်မောင်းသူ **ဒွေးဝင်း**ကို တဆဲတည်း ဆဲဆိုနေကြ၏။ အကြောက်လွန်နေသူ **မြရွှေ**ကမူ ပါးစပ်ထဲ ဝင်လာသော ဆားငန်ရည်များကို တဖွီဖွီနှင့် ထွေးထုတ်နေရသည်။

သူတို့မှာ အားလုံးဝရုန်းသုန်းကားနှင့် တစ်ချက်တစ်ချက်တွင် တစ်ယောက်နှင့် တစ်ယောက် ဘယ်သူက ဘယ်နေရာမှာရှိပြီး၊ ဘယ်သူက ဘယ်နေရာတွင် နေရာယူထားသည်ကိုပင် မေ့မေ့သွားတတ်ကြသည်။

လှိုင်းလုံးကြီးတစ်လုံး ပြေးတက်လာတိုင်း တစ်ယောက်ယောက်များရေထဲ မျောပါသွားလေပြီလားဟူသော စိုးရိမ်စိတ်နှင့် ဦးစီးမှူးကြီး **ဦးကျော်ဝင်း**မှာ တစ်ယောက်စီ၏ နာမည်များကို ‘အစ်ကိုကြီးကျော်စံ၊ ကြည်ဟန်၊ မြရွှေကောဟေ့ ’တုန်တုန် ခိုက်ခိုက်နှင့် အော်အော်မေးနေ၏။ ထူးသံမကြားလျှင် အထိတ်တလန့်နှင့် မထူးနိုင် သူ၏နာမည်ကို ထပ်ခေါ်မေးနေသည်။တစ်ယောက်နှင့် တစ်ယောက် ဖောင်ပေါ်ပြေးတက်လာနေသော လှိုင်းလုံးကြီးတွေကြားထဲဖြစ်နေသဖြင့် ကြည့်ရန်ပင် အချိန်မပေးနိုင်ကြ။ သတိတစ်ချက် လက်လွတ်သွားသည်နှင့် ပင်လယ်ရေထဲ ရောက်သွားနိုင်၏။

မိမိတို့ တစ်ဖောင်တည်းရှိ လူလေးယောက်မှာ တစ်ယောက်ကို တစ်ယောက် အခါခပ်သိမ်း သတိမထားနိုင်ဖြစ်နေကြရာ သူတို့နှင့် အလုပ်အတူတူ တွဲလုပ်နေကြသော ကျား ( ၂ )မှ **မျိုးညွန့်**တို့ကိုလည်း ယခုအခါသေပြီလား ပျောက်ပြီလားဟုပင် သတိမထားနိုင်ကြတော့၊ တဝုန်းဝုန်းတဝေါဝေါ အော်မြည်တိုက်ခတ်နေသော လှိုင်းကြား လေကြားထဲတွင် ဖောင်ပေါ်ရှိ မိမိတို့၏ လူများအသံကိုပင် မနည်းနားထောင်နေကြရသည်။


BURMESE CLASSIC .com

www.burmeseclassic.com


‘ ဗျို့ .... ဦးကျော်ဝင်း၊ ဦးကျော်ဝင်း ’ ဟု မိုးထဲလေထဲ အော်ခေါ်နေသံလိုလို ကြားရသဖြင့် **ဦးကျော်ဝင်း**က ‘ ဗျိုး ’ ဟု တအားအော်ထူးလိုက်၏။ ‘ ဆွဲမော်တော်တွေ လာနေကြပြီတဲ့ဗျိုး ..... ဘာမှ အားမငယ်ကြနဲ့၊ ရှေ့ဖောင်တွေက မော်တော်စက်သံတွေတောင် ကြားရတယ်လို့ သတင်းပေးတယ်ဗျိုး၊ တစ်ဆင့်တစ်ဆင့် အော်ပြောလိုက်ကြပါဦး၊ ကြားရဲ့လား ကြားလား’

‘ ကြားတယ် ကြားတယ်ဗျိုး ကြားတယ် ဦးကျော်လှ ’

သူတို့နှင့် အနီးကပ်ဆုံးတွင် ရှိနေသော **ကဒုံကနိဖောင်က ဦးကျော်လှ**၏ သတင်းကောင်းပါးသံကို မိုးကြား လေကြားထဲတွင် သဲ့သဲ့ကြားရသဖြင့် **ဦးကျော်ဝင်း**က ဝမ်းသာအားရ ပြန်အော်ပြောလိုက်သည်။

ထိုစဉ် စိတ်အားငယ်တတ်သူ **ကြည်ဟန်**က ‘ လာနေတာ ကျွန်တော်တို့ မော်တော်လား ဦးလေး ’ ဟု ဝမ်းပန်းတသာနှင့် ထမေး ထရပ်လိုက်စဉ် ဖောင်ပေါ်ပြေးတက်လာသော လှိုင်းလုံးကြီးတစ်လုံးက ဆီးရိုက်လိုက်သဖြင့် **ကြည်ဟန်**မှာ ဖောင်ကြမ်းခင်းပြင်ပေါ် ကျွမ်းပြန်လိမ့်ထွက်သွားသည်။ လှိုင်းလုံးကြီးအရှိန်နှင့် ငါးလှန်းစင်နားမှသည် မီးဖိုချောင်ဘက် ရောက်သွား၏။

‘ ဟော့ကောင် ဟော့ကောင် ကြည်ဟန် မထနဲ့ ... မထနဲ့ကွ၊ ရရာမိရာကို မြဲမြဲ ကိုင်ထား၊ ကိုင်ထား လုံးဝလက်မလွှတ်လိုက်နဲ့ လုံးဝမထနဲ့၊ ငါ....ငါတို့ ဒီမှာရှိတယ် ’ **ကြည်ဟန်**၏ အဖြစ်ကို ရိပ်ခနဲမြင်လိုက်သော **ဦးကျော်စံ**က အထိတ်တလန့်နှင့် အော်ဟစ်သတိပေးသည်။

‘ ကျွန် .... ကျွန်တော်က မီးဖိုနားရောက်သွားပြီ၊ စိတ်ချ ဦးလေး စိတ်ချ၊ ဦးလေးတို့ကသာ ဖောင်အစနား ရောက်နေကြပြီ .... သတိ ’

‘ ခွေးမသား ..... မင်း ..... မင်းသာသတိထား၊ ငါပြောထားရဲ့နဲ့ ဘာလို့ မတ်တတ်ထရပ်ရတာလဲကွ၊ လှိုင်းလုံးနဲ့ပါသွားမှာ မင်း .... မင်း မသိဘူးလား ’

www.burmeseclassic.com


ဤတစ်ခါတော့ ဦးစီးမှူးကြီး **ဦးကျော်ဝင်း**က **ကြည်ဟန်**ကို ကရုဏာဒေါသနှင့် မဆဲစဖူး အော်ဆဲလိုက်၏။ တစ်ကြိမ်တစ်ခါမျှ ပင်လယ်ပြင်တွင် မုန်တိုင်းနှင့် မကြုံဖူးသူ **မြရွှေ**ကမူ လူကြီးတွေမှာထားသည့်အတိုင်း ငါးလှမ်းစင်တိုင်ကိုဖက်ကာ မျက်စိ စုံမှိတ်ပြီး သမ္ဗုဒ္ဓေရွတ်နေ၏။

**ကြည်ဟန်**အား **ဦးကျော်ဝင်း** ဆဲဆိုနေသံ မဆုံးခင်မှာပင် 'ဆွဲမော်တော်တွေ လာနေကြပြီဗျို့၊ ဘာမှ အားမငယ်ကြနဲ့၊ မော်တော်တွေကို ကျုပ်တို့ မြင်နေရပြီတဲ့ဗျို့၊ မော်တော်တွေကို ကျုပ်တို့ မြင်နေရပြီတဲ့ 'ဟု ဟိုမှသည်မှ အော်ဟစ်လိုက်ကြသံတွေမှာ မုန်တိုင်းနှင့်အတူ ဆူညံလာနေသည်။

မှန်သည်။ ရေဒီယိုမှ မုန်တိုင်းသတိပေးချက်ကို ကြားကြားချင်း ပိုက်သူကြီးများ၏ ဆွဲမော်တော်ဆယ်စင်းခန့်သည် သူတို့၏ အင်္ဂလန်ကျားဖောင်များရှိရာ ဘင်္ဂလားပင်လယ်အော်ဘက်သို့ စက်ကုန်ဖွင့်မောင်း ထွက်လာကြသည်။ရင်ပေါင်တန်း မောင်းထွက်လာနေကြသော ဆွဲမော်တော်ဆယ်စင်းကို မြင်ရသည်မှာ လက်နက်အပြည့်အစုံနှင့် ရန်သူသင်္ဘောများကို တစ်မုဟုတ်ချင်း ဖြိုခွင်းချေမှုန်း တိုက်ခိုက်ရန် ပြေးလိုက်လာကြသော စစ်သင်္ဘောကြီးများနှင့်ပင် တူနေကြလေသည်။အကယ်၍ မိုးသံလေသံနှင့် လှိုင်းသံများသာ ဆူညံမနေလျှင် မာန်ဖီ ခုတ်မောင်းလာနေကြသော ဆွဲမော်တော်ဆယ်စင်း၏ စက်သံတွေမှာ ခွန်အား အပြည့်နှင့် ပင်လယ်ပြင်ထဲ ဆူညံနေကြမည်မှာမုချပင်။

သို့သော် ယခုတော့ သူတို့ထက် ခွန်အား အဆအရာသာသော ပင်လယ်ပြင် မုန်တိုင်းကြီးသည် ဆွဲမော်တော်ဆယ်စင်း၏ စက်သံများကို လှောင်ပြောင် ရယ်မောနေကြ သလိုပင် ရှိတော့သည်။ ပင်လယ်ပြင် မုန်တိုင်းကြီးမှာ ပို၍ပို၍ အားကောင်းစွာ တိုက်ခတ်လာဆဲပင်။ မော်တော်များကလည်း ရှိသမျှ ခွန်အားကို ညှစ်ထုတ်ကာ သူတို့ ကျားဖောင်ပိုက်ကွက်များ ရှိရာသို့ အစွမ်းကုန် ဦးတည်ခုတ်မောင်းလျက်။


BURMESE CLASSIC .com

www.burmeseclassic.com

## အခန်း ၁၃

မွန်းတိမ်းစတွင် ဆွဲမော်တော်များက စက်သံလေး ဖုတ်ချက် ဖုတ်ချက်နှင့် ကျားပိုက်ကွက်ထဲ ချည့်နဲ့စွာ ရောက်လာကြ၏။

မိုးသံလေသံ လှိုင်းသံများကြားထဲတွင် ဆွဲမော်တော်များနှင့် မော်တော်ပေါ်မှ လူများ၏ သူ့လူကိုယ့်လူ အော်ဟစ်ခေါ်နေကြသံတွေမှာ ငရဲပွက် သလို ဆူညံနေသည်။

မိုးရော လေပါ သည်းထန်နေသဖြင့် လေးငါးလံအဝေးရှိ မိမိတို့ ဖောင်ကိုပင် သဲသဲကွဲကွဲ မမြင်နိုင်ကြ။ ထို့ကြောင့် မိမိတို့ ဖောင်ပေါ်မှ ဦးစီးမျူးတို့၏ နာမည်များကိုသာ အော်ခေါ်နေကြရသည်။ ဖောင်ပေါ်တွင် အတိဒုက္ခရောက် နေကြရသော ဖောင်သမားများကလည်း မော်တော်စက်သံကြားတိုင်း ပိုက်သူကြီးနှင့် မော်တော်မောင်းသူတို့၏ နာမည်ကိုသာ အငမ်းမရ တစ်လှည့် တစ်ပြန်အော် ခေါ်ကာ အသံပေးနေကြရ၏။

'ဟေ့ ... ဌေးဝင်း၊ ငါ .... ငါတို့ ဒီမှာဟေ့၊ ဒီဘက်မှာ ဒီဘက်မှာ '

' ဗျို့ .... ဗျို့ .... ဦးစိန်မြ ဖောင်တွေက ဒီဘက်မှာ ဗျို့ .... ဒီဘက်ကို မောင်းလာပါ၊ ဒီဘက်ကို '

သူတို့အနား ဆွဲမော်တော်တစ်စင်းရောက်လာသဖြင့် ဦးစီးမျူး **ဦးကျော်ဝင်း**နှင့် **ကြည်ဟန်**တို့က အော်ဟစ်ခေါ်ငင်ကြသည်။

'ကျုပ်တို့ နောက်မီးက ဦးမောင်ကလေးတို့ဖောင်ကို ရှာနေတာဗျို့ ခင်ဗျားတို့ ဘယ်ကလဲ '

ဆွဲမော်တော်မှ တစ်စုံတစ်ယောက်က ပြန်ပြော၏။

'ဟာ ... နောက်မီးက ဦးမောင်ကလေးဖောင်ဆိုရင် တောင်ဘက်က အကွက်မှာဗျို့၊ တောင်ဘက်က အကွက်မှာ၊ ကျုပ်တို့ ဦးစိန်မြမော်တော်ကော ဟော့၊ မပါဘူးလားဗျို့၊ ဘာလို့ ဒီလောက် နောက်ကျ ..... '

'ပါတယ်ဗျို့ ပါတယ်၊ ဘာမှ အားမငယ်ကြနဲ့တော့၊ ကျုပ်တို့နဲ့ ရှေ့ဆင့် နောက်ဆင့်ပါပဲ၊ မကြာခင် ရောက်လာလိမ့်မယ်၊ ဦးစီးမှူး ဦးကျော်ဝင်း မဟုတ်လား '

'ဟုတ် ...ပါ ... တယ် .... ဟုတ်ပါ .... တယ် '

တုန်တုန် ခိုက်ခိုက်နှင့် **ဦးကျော်ဝင်း** အော်ပြောလိုက်စဉ် နောက်မီးက ဦးမောင်ကလေး မော်တော်သည် သူတို့ ကျားပိုက်ရှိရာ တောင်ဘက်ပိုက်ကွက်ထဲ စက်ကုန်ဖွင့် ပြေးလိုက်သွား၏။

ခဏသာကြာသည်။ နောက်ရောက်လာသော ဆွဲမော်တော် တစ်စင်း၏ စက်သံကြားထဲမှ ပိုက်သူကြီး **ဦးစိန်မြ**၏ အသံသြသြကြီးကို ကြားရသည်။

'ဗျိုး .... ကိုကျော်ဝင်း၊ ကိုကျော်ဝင်း၊ အစ်ကိုကြီး ကျော်စံ '

'ဟာ .... ပိုက်သူကြီး၊ ကျုပ်တို့ဒီမှာ ဗျိုး၊ ဒီမှာ .... ဒီမှာ '

**ဦးကျော်ဝင်း**က အားတက်သရော သူ့ပိုက်သူကြီး **ဦးစိန်မြ**ကို အော်ပြောလိုက်သည်။

'ဘာမှ အားမငယ်ကြနဲ့တော့၊ ရေဒီယို သတင်းကို ကြားကြားချင်း ကျုပ်ကိုယ်တိုင် ထွက်လိုက်လာတာ '

ဆွဲမော်တော်သည် စက်ရှိန်လျှော့ပြီး **ဦးကျော်ဝင်း**တို့ ကျား(၁) ရှိရာသို့ ချဉ်းကပ်လာသည်။

'ချည်ကြိုးတွေ ဖြုတ်ရအောင် အသင့်လုပ်ထားကြပါဗျို့၊ ကြိုးပစ်



BURMESE CLASSIC .com

www.burmeseclassic.com


ပေး .... ပေး၊ ဟော့ကောင် ကြည်စိုး .... ဟော့ကောင် စက်အရှိန်ကို အရမ်းလျှော့မပစ်နဲ့ကွ၊ စက်ရှိန်ကို အရမ်းလျှော့မပစ်နဲ့ဦး ’

ပင်လယ်ပြင် အတွေ့အကြုံရင့်နေသော ပိုက်သူကြီး၏ အသံမှာ ဖောင်သမားတွေအတွက် အားတက်စရာပင်။ မုန်တိုင်းကျနေသော ပင်လယ်ပြင်ထဲ ကိုယ်တိုင်ကိုယ်ကျ ဆွဲမော်တော်ကလေးနှင့် လိုက်လာသော ပိုက်သူကြီးဆိုသည်မှာ ရှားမှရှားပင်။

‘ ကြည်စိုး၊ စက်အရှိန်ကို မလျှော့နဲ့၊ ဌေး ..... ဌေးဝင်း ဖောင်ကို ပတ်မောင်းပေးပါကွ၊ ဟော့ကောင် ဟော့ကောင် ဖောင်နားကို အရမ်းမကပ်နဲ့ဦး၊ ကျားဖောင်က သောက်ရမ်းကြီး ကဆုန်ပေါက်နေတယ်ဟ၊ မော်တော်ပါ ဖောင်နဲ့ပိုက်နဲ့ ငြိပါပြီးနစ်ကုန်လိမ့်မယ်၊ ဗျို့ ...... ကိုကြီးကျော်စံ၊ ပိုက်တွေကောဖော်ပြီးပလား ’

**ဦးစိန်မြ**သည် ကြိုးခွေကို လက်တစ်ဖက်က ကိုင်ကာ ကျန်လက်တစ်ဖက်နှင့် မော်တော်ထုပ်တန်းကို မြဲမြဲဆွဲထားပြီး မော်တော်မောင်းသူ၊ စက်ဆရာနှင့် ကျား ( ၁ )မှ လူများကို စီမံနေ၏။

ထိုသို့ပြောရင်း သတိပေးရင်းက ဖောင်ပေါ်တွဲကြိုးပစ်ပေးနိုင်ရန် အခွင့်အရေးကိုလည်း မုန်တိုင်းနှင့် ပြိုင်၍ ကြိုးစားနေ၏။

‘ ဦးစိန်မြ .... ဦးစိန်မြ၊ ကနက်တွဲကြိုးကို ခုတ်ဖြတ်လိုက်ရတော့မလား၊ ဖောင်က အရမ်းကဆုန်ပေါက်လာပြီ ’

‘ မဖြတ်နဲ့ဦးဗျို့ .... အစ်ကိုကြီးကျော်စံ၊ မဖြတ်နဲ့ဦး၊ ကျွန်တော်ဒီက ပစ်ပေးလိုက်တဲ့ ကြိုးရမှဖြတ်ပါ၊ လေသိပ်ပြင်းလာတယ်၊ အထိန်းမဲ့သွားရင် မော်တော်က လိုက်နိုင်မှာ မဟုတ်ဘူး။ ကျွန်တော် ပြောတာကြားလား ’

‘ ကြားတယ်၊ ကြားတယ် ’

‘ ခုပဲ ကြိုးပစ်လိုက်တယ် ရပြီလား ’


BURMESE CLASSIC .com

www.burmeseclassic.com


'မရဘူးဗျို့၊ မရသေးဘူး'

**ဦးစိန်မြ** ပစ်ပေးလိုက်သောကြိုးမှာ လှိုင်းလုံးကြီးအတိုးနှင့် မိပြီး၊ ဖောင်ပေါ်ရောက်မလာဘဲ ရေထဲကျသွားလေ၏။

'နောက်တစ်ပင် ပစ်အုံးမယ်ဗျို့၊ ကြားလား'

'ကြားတယ်၊ ကြားတယ်၊ ပစ် ... ပစ်၊ မြန်မြန်သာ ပစ်ပါ'

'ကျွန်တော်တို့ကို မြင်ရဲ့လား'

'မြင်တယ်၊ မြင်တယ်၊ပစ်သာပစ်'

'ပစ်လိုက်ပြီ၊ ရလား၊ မိရဲ့လား၊ ကြားလား'

ဝါးပိုးဝါးလုံးကြီးတွေနှင့် တည်ဆောက်ထားသော ကျားဖောင်မှာ မော်တော်လို ဝမ်းဗိုက်အလုံး မဟုတ်သဖြင့် လှိုင်းလုံးကြီးတွေ ထမ်းမြှောက်လိုက်တိုင်း ကဆုန်ပေါက် ထခုန်နေသည်။ ထို့ကြောင့် တော်တော်နှင့် တွဲကြိုးပစ်မရ။ ဖောင်နှင့် တအားရိုက်မိလျှင် မော်တော်လေးမှာ နစ်သွားနိုင်သဖြင့် ဖောင်နားကိုလည်း အတင်းဇွတ်တိုးပြီး ဝင်မကပ်ဝံ့။

ထိုအချိန်တွင် **မျိုးညွန့်**တို့ ကျား( ၂ )မှလည်း **ဦးစိန်မြ**နှင့်**ငွေးဝင်း** တို့၏နာမည်ကို တအားအော်ခေါ်လာကြသည်။

တွဲကြိုးရရန် ကျား ( ၁ )ကို ပတ်မောင်းနေရင်းက လေနှင့်လှိုင်းဒဏ်ကြောင့် ကျား( ၂ )ဘက်ရောက်သွားတိုင်း **ဦးစိန်မြ**ကလည်း ကျား( ၂ )မှ၊ **မျိုးညွန့်**တို့ လူအုပ်ကို လှမ်းလှမ်းအော်ပြီး အားပေးနေသံကြားရ၏။

**ဦးစိန်မြ**၏သဘောမှာ သည်နှစ်မှ ဝယ်ထားသော ပိုက်အသစ်ချည်းဖြစ်သည့် ကျား( ၁ )ကို မိရန် အဓိက လုံးပန်းနေရသည်။

'ငါရောက်နေပြီကွ မျိုးညွန့်၊ မင်းတို့ ဘာမှအားမငယ်ကြနဲ့၊ ကျား ( ၁ )ကို တွဲကြိုးပစ်နေပြီ၊ ရတော့မယ်။ မင်းတို့ ကျား( ၂ )ကနက်ကို သတိထား။ ဖြစ်နိုင်ရင် နောက်တစ်ပင်ထပ်စွပ်ထား၊ မကြာပါဘူး၊ မကြာဘူး

www.burmeseclassic.com


ကျား( ၁ ) မိရင် တို့လာခဲ့မယ်။ လှိုင်းက ပိုကြီးလာတယ်။ ကနက်ကြိုးကွနော်၊ ကနက်ကြိုးကို သတိထား။ မျိုးညွန့် ကြားရဲ့လား၊ ကနက်ကြိုး ..ကနက်ကြိုး'

'ကြားတယ်ဗျို့၊ ကြားတယ် .... ကြားတယ်၊ မုန်တိုင်းက ပိုထန်လာတယ်၊ ပိုက်သူကြီးတို့ မြန်မြန်လုပ်ကြပါဗျို့၊ ကျား ( ၂ )ပေါ်မှာ လှိုင်း .... လှိုင်းလုံး .... '

'အာ ...... ဒီကောင် ငါတို့ကလည်း ကစားနေတာမှ မဟုတ်....ဟာ '

'သွား ........ သွားပြီဗျို့၊ က .... ကနက်ကြိုးပြတ်သွားပြီ လုပ်ကြပါဦး ..... လုပ် .... လုပ်ကြပါဦး '

**ကြည်ဟန်**က အထိတ်တလန့် ထအော်လိုက်၏။

မုန်တိုင်း ပိုထန်လာသည်ဟု ပြောသော **မျိုးညွန့်**တို့ကျား( ၂ )က ဘာမှမဖြစ်ဘဲ **ဦးကျော်ဝင်း**တို့ ကျား( ၁ )မှ ကနက်ကြိုးပြတ်ထွက်သွားသည်။ စောစောက ကျား( ၁ )နှင့် ဆွဲမော်တော်တို့မှာ ဇွဲခတ်ရန်မာန်ဖီနေကြသော ကျွဲကြီးနှစ်ကောင်ပမာ လှည့်ပတ်ဝင့်နေကြရာမှ ယခုတော့ ကျား( ၁ )သည် မမျှော်လင့်ဘဲ ကနက်ကြိုးပြတ်ထွက်ကာ ပင်လယ်လှိုင်းလုံးကြီးများပေါ် ကဆုန်ပေါက် မျောပါသွားလေပြီ။

'ကိုကျော်ဝင်း ... ကနက်ကြိုးပြတ်သွားရင် သံကျောက်ကိုက်ပါဗျို့၊ သံကျောက်ချပါ၊ သတိရရဲ့လား '

**ဦးစိန်မြ** လှိုင်းလုံးကြီးပေါ် လွင့်ပါသွားသော ကျား( ၁ )နောက်ကို အော်ဟစ်သတိပေးရင်း မော်တော်ကို စက်ကုန်ဖွင့်မောင်းကာ နောက်ကလိုက်ပါလာ၏။ သို့သော် လှိုင်းတစ်အား၊ လေတစ်အားနှင့် ပင်လယ်နက်ထဲ ထွက်ပါသွားသော ကျား( ၁ )နှင့် ဆွဲမော်တော်တို့မှာ မိနစ်ပိုင်းအတွင်း အဝေးကြီးဝေးကွာ သွားကြ၏။ အော်၍ ခေါ်၍ပင် ပြန်ထူးသံမကြားရတော့။

သို့သော် **ဦးစိန်မြ**တို့က လုံးဝအားမလျှော့ကြသေးဘဲ ကျား( ၁ )


BURMESE CLASSIC .com

www.burmeseclassic.com


နောက်ကို စက်ကုန်ဖွင့်၍ လိုက်ကြ၏။ ဆွဲမော်တော်လေးနှင့် ဘယ်လိုမှ လိုက်မမီတော့၊ အထိန်းကြိုး ပြတ်သွားသော ကျား ( ၁ )သည် လိုက်ရင်း လိုက်ရင်း မှပင် **ဦးစိန်မြ**တို့ မြင်ကွင်းထဲက ပျောက်သွားလေ၏။

ကနက်ကြိုးပြတ်သွားသည်ကို သိသော **ဦးကျော်ဝင်း**တို့ကလည်း သံကျောက်ဟက်တစ်လုံးကို ဖောင်ပေါ်က အတင်းဆွဲချကြ၏။ ကြိုးတိုနေသဖြင့် ကျောက်ဟက်က မကိုက်၊ အကယ်၍ ကျောက်တစ်လုံးသာ ကိုက်လျှင် လေလှိုင်းတို့၏ ဆွဲခေါ်ရာ ပင်လယ်နက် အနောက်ဘက်ထဲ ဘယ်လိုမှ လွင့်ပါမသွားနိုင်။ သူတို့တွင် နောက်ထပ်ပြုးသား ကျောက်ဟက်တစ်လုံးလည်း အပိုပါသေးသည်။

သို့သော် ကျောက်မကိုက်သဖြင့် ကြိုးဆက်ချရန် ကြိုးစားရင်းကပင် သူတို့မြင်ကွင်းထဲမှ ပိုက်သူကြီးမော်တော်မှာ ပျောက်ချင်းမလှ ပျောက်ကျန်ရစ်ခဲ့လေပြီ။ သူတို့ဖောင်မှာ လှိုင်းလုံးကြီးတစ်လုံးပြီး တစ်လုံး ဆက်စီးကာ ပင်လယ်နက်ဆီသို့သာ ဆောက်တည်ရာမရ မျောပါလျက်ရှိလေသည်။


BURMESE CLASSIC .com

www.burmeseclassic.com

## အခန်း ၁၄

'ဦးလေး ဦးကျော်စံ၊ ခုဆို ဆွဲမော်တော်ကိုလဲ မမြင်ရတော့ဘူး၊ ကျွန်တော်တို့ ဘယ့်နှယ့်လုပ်ကြမလဲ '

မုန်တိုင်းထဲတွင် ဖောင်ပေါ်လေးဘက်ကုန်း တွားသွားကာ၊ ကျောက်ဟက်တစ်လုံးကို ကိုက်လိုကိုက်ငြား ကြိုးစားဆွဲချနေကြရင်းက **ဦးကျော်စံ**ကို **မြရွှေ**ကမေးသည်။

'တို့ကနက်ကြိုးပြတ်ပြီး ပင်လယ်ထဲ မျောပါသွားတာ ဦးစိန်မြ ကိုယ်တိုင်မြင်လိုက်တာပဲ လိုက်လာမှာပေါ့ကွာ၊ ဘာမှ မစိုးရိမ်နဲ့ မင်းက မကြုံဖူးသေးလို့ပါ။ ဦးလေးတို့ကတော့ ဒီလို ပင်လယ်ပြင်မှာ မုန်တိုင်းနဲ့တွေ့ရတာ ရိုးနေပြီ၊ အရေးကြီးတာက ခုနေခါ ကျောက်ဟက်တစ်လုံးလုံး ကိုက်ဖို့ပဲ၊ ကျောက်ကိုက်ရင် ဖောင်လဲငြိမ်သွားမယ်၊ ဦးစိန်မြတို့ လိုက်လာရင်လဲ စောစောတွေ့နိုင်တာပေါ့ မဟုတ်ဘူးလား '

**ဦးကျော်စံ**၏ စကားမဆုံးခင်ပင် 'အစ်ကိုကြီး ကျောက်ကိုက်သွားပြီဗျ 'ဟု **ဦးကျော်ဝင်း**က ဝမ်းသာအားရ အော်ပြောလိုက်သည်။

မုန်သည်၊ ပင်လယ်ပြင်ထဲတွင် ရေစီးရေဝဲကို လိုက်၍ သဲတန်းသောင်ခုံများ ရေအောက်တွင် ထွန်းနေတတ်ရာ ရေ ၄၅ လံတွင် သံကျောက်ဟက်တစ်လုံး ကိုက်နေပြီ။



BURMESE CLASSIC .com

ကျောက်တစ်လုံး ကိုက်နေသော ကျားဖောင်သည် ကျောက်ကြိုးကို ဆွဲပြေးကာ ဘေးနှစ်ဖက်ကို ယမ်းလှည့်နေ၏။ ကျွဲနွားတစ်ကောင် ကောင်လံ ကြိုးတန်းလန်းနှင့် ရုန်းကန်ပြေးလွှား နေသလိုပင်။ သို့သော် ပင်လယ်နက်ထဲ ဘယ်နည်းနှင့်မျှ ထွက်ပါမသွားနိုင်တော့သဖြင့် စိတ်အေးသွားကြသည်။

လေပြင်းမုန်တိုင်း ကျနေသော်လည်း ဝမ်းဗိုက်တွေကတော့ အလိုက် မသိတတ်ကြ။ ထို့ကြောင့် **ဦးကျော်စံ**က ‘ငါ့ဗိုက်ထဲလည်း မုန်တိုင်းကျနေတာ ကြာပြီ၊ ဗိုက်ကို ကျောက်သွားပြီးချထားဦးမှ၊ ကဲ လာကြ ’ဟုပြောကာ မီးဖို ချောင်ထဲ လေးဘက်ကုန်း ဝင်သွား၏။ အားလုံးမှာ ဆာလောင်မွတ်သိပ် နေကြပြီဖြစ်ရာ **ဦးကျော်စံ**နောက် ဝင်လိုက်လာကြသည်။

လူတွေမှာ အချမ်းလွန်ကဲပြီး တခိုက်ခိုက်တုန်နေကြ၏။ မီးဖို ချောင်ထဲရောက်မှ ရေစိုအဝတ်တွေကို လဲရန်သတိရကြသည်။ သို့သော် အိပ်စင် နှင့် မီးဖိုချောင်အမိုးတွေမှာ လေဒဏ်ကြောင့် ဖွာလန်ကြဲနေသည်။ ကြယ်မြင် လမြင် ဖြစ်နေသည်။

မီးဖိုချောင်ထဲတွင် မနက်က ချက်ထားသော ထမင်းအိုးကို လိုက်ရှာ ကြသည်။ ကြိုးတုပ်ထားသော ဆန်ပုံးဆီပုံး နှစ်လုံးကြားထဲမှာ မှောက်လျက် ညပ်၍တွေ့ရ၏။ ချက်ထားသော ပုဇွန်အိုးမှာ ရေငန်ရည်တွေ ပြည့်နေသည်။ မုန်လာဥချဉ်ရေ ဟင်းအိုးနှင့် ငါးပိရေအိုးတို့ကိုတော့ အစအနပင် မတွေ့တော့။ ရေပုံးတစ်လုံးလည်း ရှာမရဟု **ကြည်ဟန်**က ညည်းသည်။ အဖုံးဖုံးပြီး ကြိုး ချည်ထားသော ရေတိုင်ကီမှာလည်း ရေကတစ်ဝက်လောက်သာ ရှိတော့သည်။ မုန်တိုင်းထဲတွင် ယခုထိ ဘောင်ဘင်ခတ် ဖိတ်စဉ်နေတုန်း။

သူတို့အားလုံးမှာ ဆာဆာနှင့် ညမနက်စာထမင်းကို ပေါင်းပြီး လေးနာရီ ကျော်ကျော်လောက်မှာ ကမန်းကတန်း စားကြရသည်။ မုန်တိုင်းကြီး ကမူ အရှိန်မသေသေး။ ပို၍သာ ပြင်းထန်လာ၏။ တက်ရေနှင့်အတူ လှိုင်းလုံး ကြီးတွေမှာလည်း ကျားဖောင်ပေါ် တစ်လုံးပြီးတစ်လုံး ပြေးတက်လာကြပြန်၏။



BURMESE CLASSIC .com

www.burmeseclassic.com


ရေ ၄၅ လံတွင် ကျောက်ကိုက်နေသော ကျားဖောင်မှာ လှိုင်းလုံးများပေါ် ကဆုန်ပေါက် လာပြန်သည်။

'ကျောက်ဟက်ကိုက်ရင် ဖောင်ငြိမ်မယ်ဆို ဦးလေး၊ ခုဖောင်က ပိုပြီးတောင် ကဆုန်ပေါက်လာပါလား၊ ထိုင်လို့တောင် မရတော့ပါလား '

'လေက ပိုပြင်းလာလို့ပါကွ '




BURMESE CLASSIC .com

www.burmeseclassic.com


**မြရွှေ**၏အမေးကို **ဦးကျော်စံ**က အမှန်အတိုင်းပင်ပြော၏။ စောစော က လှိုင်းလုံးကြီးများပေါ် မျောပါနေသော ကျားဖောင်မှာ ကျွမ်းထိုး မှောက်ခုန် မဖြစ်ဘဲ လှိုင်းလုံးကြီးတွေက ဆွဲခေါ်ရာ ယိမ်းယိမ်းယိုင်ယိုင် မျောပါနေရာမှ ယခု သံကျောက်တစ်လုံး ကိုက်ထားကာမှ ပြေးစရာမရှိသော မြင်းတစ်ကောင် ခုန် ပေါက်နေသလို ဖြစ်လာသည်။

ဒီရေတက်လာသောအခါ ကျောက်ဟက်ကြိုး တိုသွားသော ကျားဖောင်မှာ ပိုပြီး ကျွမ်းထိုးလာသည်။ ဘယ်လိုမှ ထိန်းမနိုင်တော့။ တစ်ဖောင် လုံး၏ သစ်ဝါးများ လှုပ်ခါပွတ်ကြိတ်သံများကို လှိုင်းသံ လေသံထဲ၌ပင် တကျိကျိ ကြားလာရသည်။

'ပြူးသား ကျောက်ဟက်ကကြိုးကို ဆက်ရလိမ့်မယ် အစ်ကိုကြီး' ဟူသော **ဦးကျော်ဝင်း**၏စကားမဆုံးခင်မှာပင် သံကျောက်ဟက်ရိုး ကျိုးထွက် သွားလေသည်။ ကျောက်ကြိုးကို လှမ်းဆွဲကြည့်ကြရာ ကျောက်ကြိုးမှာ အရိုးတစ်ပိုင်းနှင့် ပါလာ၏။

'သွားပြန်ပြီ' ဟူသော အသိနှင့် အားလုံး သက်မပြိုင်တူချလိုက်ကြ သည်။ အင်္ဂလန်ကျားဖောင်ကြီးသည် လှိုင်းလုံးကြီးများပေါ် ပါသွားပြန်လေပြီ။

သံကျောက်ဟက် ကျိုးသွားသောအခါ အပိုပါလာသော ပြူးသား ကျောက်ဟက် တစ်လုံးကို ကြိုးစားချကြရပြန်သည်။ ရေနက်ပိုင်း ရောက်လာ သဖြင့် ပြူးသားကျောက်ဟက်မှာ ကိုက်တစ်ချက် မကိုက်တစ်ချက် ဖြစ်နေ သည်။ ကိုက်နေသော ကျောက်ဟက်ကြောင့် တန့်နေသော ကျားဖောင်မှာ လေပြင်းတစ်ချက် လာရိုက်သည်နှင့် ပင်လယ်နက်ထဲ မျောပါသွားပြန်၏။

မှောင်စပြုလာသောအခါမှ ဘက်ထရီအိုးတွေနှင့် ရေဒီယို၊ မီးထင်း တို့ကို သတိရလာကြသည်။ ဘက်ထရီအိုးသုံးလုံးကို လိုက်ရှာကြ၏။ နှစ်လုံး တွေ့သည်။ သို့သော် ဆားငံရည်တွေ ဝင်သွားသဖြင့် ထွန်း၍မရတော့။ ငါးလှန်း

စင်ထုပ်တန်းတွင် တွဲချည်ထားသော နှစ်ပေမီးချောင်း၏ ဝါယာကြိုးများမှာလည်း သူတို့အား အလင်းရောင်မပေးနိုင်တော့။ မကြာခင် မုန်တိုင်းကျလာတော့မည်ဟု မနက်က သူတို့အား သတင်းပေးခဲ့သော နေရှင်နယ် ရေဒီယိုကလေးမှာ အိပ်စင် အောက်တွင် သနားစရာ တုံးလုံးပက်လက် ဖြစ်နေသည်။

အရေးပေါ် အာလာဒိန် ဖန်မီးအိမ်လေးကို လိုက်ရှာကြ၏။ ပြောင်း တစ်ပိုင်းကျိုးနေသော ဖန်မီးအိမ်လေးကမူ အိပ်စင်ခေါင်းရင်းက ထုပ်တန်း အောက် ယီးလေးခိုကာ မုန်တိုင်းထဲ ပုခက်စီးနေ၏။

**ဦးကျော်ဝင်း**က ဖန်မီးအိမ်လေးကို ဝမ်းသာအားရ လှမ်းထိန်း ထားသည်။ မီးပြောင်းအပေါ်ပိုင်း ကျိုးသွားသော်လည်း မီးထွန်း၍ ရသေး၏။ သူ့အင်္ကျီအိတ်ဖုံးကို ဖွင့်ပြီး ယိမ်းယိမ်းယိုင်ယိုင်နှင့် ဓါတ်မီးခြစ်ကို ထုတ်သည်။ ဖန်မီးအိမ်လေးကို မီးထွန်းသည်။

'ကျော်ဝင်း မင်းမီးအိမ်က ရှေ့မှာထွန်းရင် ကောင်းမယ်ထင်တယ်။ ဒါမှ ဦးစိန်မြတို့ ဖောင်နဲ့လာတော့ မီးမြင်ရ ...... '

' ဟာ ...... အစ်ကိုကြီးကလဲ ဒီလောက်လေထန်နေတာ ဒီပြောင်းကျိုးက ချက်ချင်းလေဝင်ပြီး မီးငြိမ်းသွားမှာပေါ့ '

အမှန်ဖြစ်နေသဖြင့် **ဦးကျော်စံ**က ဘာမှမပြောတော့။ **ဦးကျော်ဝင်း** က မီးအိမ်လေးကို အိပ်စင်ထောင့် လေကွယ်ရာမှာ ချိတ်ထားလိုက်သည်။

အမှောင်ထဲတွင် သူတို့ ကျား( ၁ )ကား ပင်လယ်ပြင်ထဲ မျောလျက် ....................။

www.burmeseclassic.com

## အခန်း ၁၅

တစ်ညလုံး မိုးရွာလိုက်၊ လေတိုက်လိုက်နှင့် ဖြစ်နေရာ မိုးလင်းပိုင်းမှာ မိုးစဲသွားသည်။ လေကမူ ပြတ်တောင်း ပြတ်တောင်း တိုက်နေတုန်း။

‘မိုးစဲရင် လေစဲမှာပဲ ’ဟု **ဦးကျော်စံ**က ပြောသည်။

သူတို့ ကျားဖောင်မှာ လှိုင်းလုံးကြီးများပေါ် စီးမျောပါနေသဖြင့် ယခင် ကျောက်ချထားတုန်း ပိုက်ကွက်ကနက်တိုင်မှာ ရှိတုန်းကလို ကဆုန်ပေါက် ခုန်မနေတော့။

နေရောင်ခြည်ကို လုံးဝမမြင်ရသော်လည်း ဆွဲမော်တော်တစ်စင်း သူတို့ရှိရာသို့ ဦးတည်လာနေသည်ကို လှမ်းမြင်ကြရသည်။ အားလုံး ဝမ်းသာ အားရနှင့် မတ်တတ်ထရပ်ပြီး ‘ဟေး .... ဟေး ’ဟု အော်မိလိုက်ကြသည်။

‘ ဒွေးဝင်း .... ဒွေးဝင်း တို့ဒီမှာကွ ’

‘ဦးစိန်မြရေ ..... ကျုပ်တို့ဖောင် ဒီမှာဗျို့ .... ဒီမှာ .... ဒီမှာ ’

ဘယ်လိုမှ မကြားနိုင်မှန်းသိသော်လည်း ဝမ်းသာအားရ လှမ်းအော် ခေါ်ကြသည်။ မော်တော်ကလည်း သူတို့ဖောင်ကို မြင်ရသဖြင့် စက်ကုန်ဖွင့် မောင်းလာ၏။

‘ဘယ်က မော်တော်လဲဗျို့ ’ဦးစိန်မြမော်တော် မဟုတ်မှန်း သိသဖြင့် **ဦးကျော်စံ**က လှမ်းမေးသည်။

www.burmeseclassic.com


'ကဒ့်ကနိကပါ၊ ကျုပ်တို့လည်း ဖောင်ပျောက်လိုက်ရှာနေတယ်။ ခင်ဗျားတို့ကော ဘယ်ကလဲ '

'ကျုပ်တို့ ဦးစိန်မြဖောင်ကပါ၊ ကျုပ်တို့ကိုလည်း ကယ်ပါဦး '

မော်တော်ကမှ သူတို့ဖောင်နားသိပ်မကပ်။ ခပ်ခွာခွာက လှမ်းပြော၏။

'ခင်ဗျားတို့မော်တော်လည်း ရောက်လာပါလိမ့်မယ်၊ လေငြိမ်သွားပြီပဲ၊ စိုးရိမ်စရာ မရှိတော့ပါဘူး။ ဖောင်ပျောက်လိုက်ရှာနေကြတဲ့ မော်တော်တွေ နောက်မှာအားကြီးပဲ၊ ကျုပ်တို့လည်း ခင်ဗျားတို့ကို ခေါ်မသွားနိုင်သေးဘူး၊ ကျုပ်တို့ ဖောင်ပျောက်တွေ လိုက်ရှာနေကြတယ် '

တွေးကြည့်လျှင်တော့ ဟုတ်ပေသည်။ သူတို့မှာလည်း သူတို့ဖောင် ပျောက်လိုက်ရှာနေကြသူတွေ ဖြစ်ရာ ကျားပိုက်နှင့် ဖောင်ပေါ်က ပစ္စည်းများကို မော်တော်ပေါ်တင်နေရလျှင် အချိန်က နာရီဝက်ခန့်ကြာသွားနိုင်သည်။ သူတို့သည် **ဦးကျော်ဝင်း**တို့ ဖောင်မှလူများကို စောင့်ခေါ်ရန် အချိန်မရကြ၊ သူတို့ ကျားဖောင်များ မုန်တိုင်းနှင့် ပင်လယ်နက်ထဲ ပါမသွားရအောင် အချိန်မီ တွေ့နိုင်ရန် အရေးကြီးနေပေသည်။

'ဦးစိန်မြတို့ မော်တော်ကောဗျ၊ မတွေ့ခဲ့မိဘူးလား '

**ကြည်ဟန်**၏ အလောတကြီးအမေးကို 'ဘယ်သိမလဲ 'ဟုတော့ မပြော 'လာပါလိမ့်မယ် ဒီပိုက်ကွက်တစ်ဝိုက်မှာ မော်တော်တွေ အများကြီးပါ' ဟုသာ၊ ဝတ်ကျေတမ်းကျေ ပြောထားခဲ့ပြီး တောင်ဘက်ကို မောင်းထွက် သွား၏။

လေပြင်းမုန်တိုင်းကမူ ပင်လယ်ပြင်တွင် တစ်ချက်တစ်ချက်ထန်ဆဲ၊ သို့သော် အရေးမကြီး။ မော်တော်သမားတွေ စကားအရမူ ဆွဲမော်တော်တွေ က ပတ်ဝန်းကျင်တွင် ရှိနေကြသည်။ ရှာနေကြသည်ဆိုသဖြင့် စိတ်အေးသွား ကြသည်။ ပြီးတော့ 'ဒီပိုက်ကွက် တစ်ဝိုက်မှာ 'ဟူသော စကားက ပင်လယ်


BURMESE CLASSIC .com

www.burmeseclassic.com


နက်ထဲ သူတို့ဖောင်ရောက်မသွားသေးဆိုတာ သေချာသည်။

မိုးထဲလေထဲ မုန်တိုင်းထဲ၌ပင် ညမနက်စာထမင်းကို တစ်ခါတည်း ချက်ပြီး မနက်စာစားကြသည်။ အိပ်စင်ထဲဝင်ကာ ဆေးလိပ်ရေစိုတွေကို မီးကင် ဖွာရင်း **ဦးစိန်မြ**တို့ ဆွဲမော်တော် အလာကို စောင့်မျှော်နေကြ၏။

နေ့လယ်တစ်နာရီလောက်တွင် လေပြင်းကျ၍ ပင်လယ်နက်ထဲမှ ဝင်လာသော ငါးကွမ်းရှပ် ပိုက်လှေတစ်စင်းကို မြင်ကြရပြန်သည်။ လုံချည် အင်္ကျီတွေကို ယမ်းလှုပ်ပြပြီး အော်ခေါ်ကြ၏။ ငါးကွမ်းရှပ်လှေက အနားကပ် လာသည်။

'ခင်ဗျားတို့ လူတွေလိုက်ချင် တက်လိုက်ခဲ့ကြ၊ ခင်ဗျားတို့ ပိုက်ကြီး တွေတော့ ကျုပ်မတင်နိုင်ဘူး၊ ခင်ဗျားတို့ မြင်တဲ့အတိုင်းပဲ ဝန်နဲ့အားမမျှရင် မုန်တိုင်းထဲ ကျုပ်လှေ မြုပ်သွားလိမ့်မယ် '

ငါးကွမ်းရှပ်လှေဦးစီးက မာရေကျောရေပင် ပြော၏။

**ကြည်ဟန်**နှင့် **မြရွှေ**တို့က တက်လိုက်ရန် ဆွဲကြိုးကိုင်ကြသော အခါ **ဦးကျော်စံ**က မသိမသာ လက်တို့သည်။ လေး၊ ငါးသောင်းတန် ပိုက်ကို လုယူချင်၍ အကွက်လာဆင်သူများလား ဟူသောအတွေးကို **ဦးကျော်ဝင်း** ကလည်း တွေးမိသွားပုံရ၏။

လူချည်းသက်သက် လိုက်သွားကြပြီး ပိုက်နှစ်ဖုံနှင့် ပစ္စည်းပစ္စယ တွေကို ထားပစ်ခဲ့ကြရမှာ သူတို့အနေက ဝန်လေးစရာပင်။ ငွေ လေး၊ငါးသောင်း တန်သော ကျားပိုက်တွေကို ဖောင်ပေါ်ပစ်ထားခဲ့ကြပြီး လူချည်းသက်သက် ကိုယ်လွတ်ရုန်းလာကြသော သူတို့အား ပိုက်သူကြီးကလည်း ငြိုငြင်မည်။ နာမည်လည်း ပျက်မည်။ တစ်သက်လုံး မည်သည့် ပိုက်သူကြီးကမျှ သူတို့ကို ယုံကြည်ကြတော့မည်မဟုတ်။ ဤအတိုင်းမျောနေလျှင် သူတို့ မော်တော်သည် လည်း သူတို့ကို လိုက်ရှာနေပေလိမ့်မည်။ အပြောကျယ်သော ပင်လယ်ပြင်တွင်


BURMESE CLASSIC .com

www.burmeseclassic.com


မုန်တိုင်းကျနေ၍သာ ယခုထိရှာမတွေ့သော်လည်း မကြာခင် မိမိမော်တော်လည်း ရောက်လာနိုင်သေးသည် မဟုတ်ပါလား။

**ဦးကျော်စံနှင့် ဦးကျော်ဝင်း**တို့ တိုင်ပင်ဆုံးဖြတ်ချက်အရ ငါးကွမ်းရှပ်လှေနှင့် လိုက်မသွားဖြစ်ကြ။

'ပင်လယ်နက်ထဲမှာ မုန်တိုင်း သိပ်ထန်နေတယ်နော်။ ကိုယ့်ပစ္စည်းလည်း မဟုတ်ဘဲနဲ့ ခင်ဗျားတို့ဗျာ၊ ဘာလို့ ဒီပိုက်တွေ သံယောဇဉ်ကြီးနေကြလဲ၊ ထားခဲ့ကြစမ်းပါ'

အဘိုးကြီးတစ်ယောက်က အော်ပြောသည်ကိုလည်း **ဦးကျော်ဝင်း**နှင့်**ဦးကျော်စံ**တို့မှာ သံသယနှင့်၊ နောက်တစ်ယောက်ကလည်း ......

'ဟုတ်တယ်ဗျို့ ကျုပ်တို့က အလုပ်သမားချင်း ကိုယ်ချင်းစာလို့ ပြောတာ၊ ပိုက်တွေကိုထားခဲ့ကြပါ၊ မုန်တိုင်းက ပိုပြင်းလာမယ်နော်၊ ကျုပ်တို့က ပင်လယ်နက်ထဲက ဝင်ပြေးလာကြတာ၊ ခင်ဗျားတို့ ဒုက္ခရောက်လိမ့်မယ်၊ ပစ္စည်းကို မမက်ကြပါနဲ့၊ အသက်ထက် တန်ဖိုးရှိတာ လောကမှာ ဘာရှိလဲဗျာ'

ငါးကွမ်းရှပ်လှေကလူတွေ ဘယ်လိုပဲပြောပြော၊ သူတို့မှာ **ဦးစိန်မြ**ပိုင်ပစ္စည်းကို မိမိပစ္စည်းပမာ သဘောထားကာ အသက်စွန့်ပြီး ကျားဖောင်နှင့် ပင်လယ်ထဲ ဇွဲခတ်နေလိုက်ကြ၏။

ကြောက်ရွံ့ထိတ်လန့်နေကြသော **ကြည်ဟန်**နှင့် **မြရွှေ**တို့က အတင်းလိုက်သွားမည်ဟု လုပ်နေသည်ကို **ဦးကျော်စံ**နှင့် **ဦးကျော်ဝင်း**တို့က ဖျောင်းဖျထားသည်။

'သွားစမ်းပါစေကွာ၊ မကြာခင် တို့ဆွဲမော်တော်လည်း ရောက်လာတော့မှာပါ'ဟု **ဦးကျော်စံ**၏အပြောကို **မြရွှေ**က ယုံကြည်သွားသည်။

ဤလူကြီးမှာ ပင်လယ်ပြင်၏ သဘာဝကို နောကျေနေသူ ဖြစ်သဖြင့် **ဦးစိန်မြ**မော်တော် မိုးမချုပ်ခင် ရောက်လာလိမ့်မည်ဟု ထင်သွားသည်။


BURMESE CLASSIC .com

www.burmeseclassic.com


**ကြည်ဟန်**ကတော့ သိပ်ကျေနပ်ပုံမရ။

'တော်တော်မိုက်တဲ့သူတွေပဲ 'ဟု ငါးကွမ်းရှပ်လေ့မှ လူတွေက မှတ်ချက်ချပြီး ထွက်ခွာသွားကြလေသည်။

မိုးသာ စုံးစုံးချုပ်သွား၏။ သူတို့မျှော်လင့်ထားသော **ဦးစိန်မြ**၏ မော်တော်ကိုကား အရိပ်အယောင်မျှပင် မမြင်ရသေး။ ငါးကွမ်းရှပ်လေ့က လူတွေပြောသွားသလို မုန်တိုင်းကြီးမှာ ပင်လယ်ပြင်တွင် ကြမ်းထန်လာပြန်သည်။

ꩰ ꩰ ꩰ ꩰ ꩰ ꩰ ꩰ ꩰ ꩰ

မုန်တိုင်းညကိုတော့ လွန်မြောက်သွားပြီ။ မုန်တိုင်းတိုက်သွားသော ကောင်းကင်ပြင်တွင် မိုးသား တိမ်တိုက်ဆို၍ တစ်ဖွဲ့တစ်စကိုပင် မမြင်ရတော့။ ပကတိ ပြာလွင် ကြည်သန့်နေသည်။ နေဝန်းနီနီကလည်း အရှေ့ဘက်ရေပြင်မှ စူးစူး ရှရှပေါ်ထွက် လာပေပြီ။ သို့သော် သူတို့အား ကယ်မခေါ်ငင်မည့် **ဦးစိန်မြ**ဆွဲမော်တော်မှာ ယခုထိ ပေါ်မလာသေး။ မျှော်ကြတုန်းပင်။

**ကြည်ဟန်**က ဘာကိုသတိရသည်မသိ၊ ရုတ်တရက် ထရပ်လိုက်ပြီး နေထွက်လာသော အရှေ့ဘက်ကို ငေးကြည့်ကာ 'ဟော့ကောင် မြရွှေ ဟော့ဟိုမှာ နေဝင်တော့မယ် ကြည့်စမ်း လှလိုက်တာ 'ဟု ဆိုသည်။

ဤလို နေဝန်းနီနီကို မမြင်ရသည်မှာ နှစ်ရက်သုံးရက် ရှိသွားပြီဖြစ်သဖြင့် **မြရွှေ**၏မျက်စိထဲမှာလည်း နေဝန်းက အလွန်လှနေသည်။ သမုဒ္ဒရာ ပင်လယ်ထဲ ကျားဖောင်နှင့် မျောပါနေကြရသော်လည်း နေဝန်းနီနီကို မြင်ရသော အခါ လူတွေမှာ တဒင်္ဂတော့ ပျော်ရွှင်ဝမ်းသာသွားကြသည်။ အလင်းရောင်ကြောင့် အားလည်း တက်သွားကြသည်။


BURMESE CLASSIC .com

www.burmeseclassic.com


'ကိုကြည်ဟန် အဲဒါ နေထွက်လာတာဗျ၊ အနောက်ဘက်မဟုတ်ဘူး၊ အရှေ့ဘက် 'ဟုအော်ပြောလိုက်၏။

**ကြည်ဟန်**က **မြရွှေ**ကို ကြည့်ပြီး 'အဟဲ့'ဟု တစ်ချက်ရယ်သည်။

'ဦးလေး ဦးကျော်စံရဲ့ တိဗက်လားမားနည်းက မဆိုးပါဘူးကွ၊ ခုမှ အစွမ်းပြတော့တာကိုး၊ မင်း အရှေ့ အနောက် တောင် မြောက်မှန်း သိသွားပြီပဲ၊ နောက်ထပ် မျက်စိမလည်စေနဲ့တော့နော်၊ ဦးလေး ဦးကျော်စံမှာ နောက်ထပ် ပုဂံခေတ်က အရည်းကြီးတွေ ကျင့်တဲ့ ရေငုပ်၊ မီးလျှို၊ တုံးခုန်၊ ဇယ်ခတ်ဆိုတဲ့ ကျင့်နည်းတွေ ရှိသေးတယ် 'ဟု ဦးကျော်စံကို စသည်။

**ဦးကျော်စံ**ကမူ ဤတစ်ခါ **ကြည်ဟန်**၏ စကားကို ဘာမှပြန်မပြော။ ငါးလှန်းစင်တိုင်ကို မှီကာ ဆေးတန်ခဲ၍ ပြုံးနေ၏။

ငါးစိမ်း၊ ပုစွန်စိမ်းတွေမှာ ပုပ်စော်နံလာသဖြင့် နေပူလျှင် အခြောက်လှန်းရန် တစ်မနက်လုံး ပြင်ဆင်ကြသည်။ ပင်လယ်ပြာတွင် တစ်နေ့လုံး နေချစ်ချစ်တောက်ပူနေ၏။ သို့သော် သူတို့ကို ကယ်မမည့် **ဦးစိန်မြ**၏ ဆွဲမော်တော်ကိုကား အရိပ်အရောင်မျှပင် မမြင်ကြရသေး။

တစ်နေ့ဝင်သွားပြန်၏။ ဆွဲမော်တော်ကပေါ်မလာ။ နောက်တစ်နေ့မှာလည်း နေပူသည်။ ညနေ မိုးချုပ်စမှာတော့ **မြရွှေ**ပြောသလို 'တိမ်ခွပ်' လာပြန်သည်။ လျှပ်စီးတဖျတ်ဖျတ် လက်နေသည်ကို အနောက် မိုးကုပ်စက်ဝိုင်းတွင် မြင်နေရ၏။ ညမှာ မိုးများ ရွာလေမလား ဟူသော စိုးရိမ်သောကစိတ်နှင့် လှန်းထားသော ငါးပုစွန်များကို ရုပ်ထားကြသည်။ 'မိုးရွာရင် သောက်ရေ ဖြည့်ထားရမယ် 'ဟု **ဦးကျော်စံ**က ပြောသည်။ သို့သော် သူတို့ထင်သလို မိုးကတော့ ရွာမလာ၊ မိုးခြိမ်းသံလိုလို ကြားရသဖြင့် မိုးများ ရွာလေမလား၊ မုန်တိုင်းများ ကျလာပြန်ဦးမလား ဟူသော စိုးရိမ်စိတ်နှင့် ဖောင်ရှေ့ ထွက်ကြည့်သော **မြရွှေ**၏ အထိတ်တလန့် အော်သံကို ကြားလိုက်ကြရသည်။


BURMESE CLASSIC .com

www.burmeseclassic.com


'ဦးလေး..ဦးကျော်စံ၊ ဘာကြီးလဲမသိဘူးဗျ၊ ဘာကြီးလဲမသိဘူး '

**မြရွှေ**၏ အော်လိုက်သံကြောင့် အားလုံး အိပ်စင်ထဲမှ ပြေးထွက်လာကြ၏။

**ဦးကျော်စံ**က 'ဘာလဲကွ၊ ဘယ်မှာလဲ 'ဟု အရေးတကြီးမေး၏။

**ဦးကျော်စံ**၏ စကားမဆုံးခင်မှာပင် စိတ်ဓါတ်ကျနေသူ **ကြည်ဟန်**က 'ဟုတ်တယ်ဗျ၊ သရဲ ...... သရဲ 'ဟု အသံနက်ကြီးနှင့် အော်လိုက်၏။

အားလုံးမှာ အကြီးအကျယ် တုန်လှုပ်ချောက်ချားသွားကြသည်။

သပိတ်လုံး ပမာဏခန့်ရှိသော မီးလုံးကြီးတစ်လုံးသည် ငါးလှန်းစင်ပေါ်ရှိ တိုင်တစ်တိုင်၏ ထိပ်တွင် လာကပ်နေ၏။

'ဟင် .... ဦးလေး သရဲဗျ၊ သရဲမီး '

'မင်းအဘ သရဲ ရမလား၊ ဒါ ပင်လယ်မီးစုန်းကွ၊ ပင်လယ်မီးစုန်း ဘာမှ ကြောက်စရာမလိုဘူး '

**ဦးကျော်စံ**က **မြရွှေ**ကို အော်ငေါက်ပစ်လိုက်မှ **ဦးကျော်ဝင်း**ကလည်း ယခင်က နောင်တော့်နောင်တော်များ ပြောပြဖူးသော ပင်လယ်မီးစုန်းအကြောင်း သတိရသွားသည်။

ပင်လယ်မီးစုန်းများသည် ပင်လယ်သွား လှေများပေါ်ကို ဤသို့ပင် စွဲကပ်ကျ ရောက်တတ်သည်ဟု ဆိုသည်။ စွဲကပ်တတ်သော မီးလုံးများမှာ အရွယ်အစား ပမာဏချင်း မတူကြ၊ ကြယ်တံခွန် ပမာဏ၊ သပိတ်လုံး ပမာဏပင် ရှိတတ်ကြသည်ဟုဆိုသည်။

ပထမဦးစွာ မီးတစ်လုံးစွဲကပ်လာသည်နှင့် တစ်ပြိုက်နက် လှေဆိုလျှင် ရွက်များကို ရုပ်သိမ်းပြီး၊ လှေဦးနှင့် ရွက်တိုင် အရင်းကို ကျင်ငယ်ရေနှင့် ပန်းခြင်း၊ ယောက်မနှင့် လက်ပြန်ရိုက်ခြင်း၊ ကျောက်ဖရုံသီး လှေပေါ်ပါလျှင် ကျောက်ဖရုံသီးကို ဓါးနှင့် လက်ပြန်ပိုင်းဖြတ်ခြင်း၊ စလောင်းဖုံး နှစ်ချပ်ကို


BURMESE CLASSIC .com

www.burmeseclassic.com


လင်းကွင်းကဲ့သို့ တီးခြင်း၊ ငါးပိနှင့် ငရုတ်သီးခြောက်များကို ရွက်တိုင်ရင်း၌ မီးဖုတ်ပြီး အငွေ့လွှတ်ခြင်း စသည်တို့ကို ပြုလုပ်ကြရသည်ဆို၏။

ယခု သူတို့မှာ ကျောက်ဖရုံသီးလည်းမပါ။ မီးဖိုမှာလည်း မီးမရှိသဖြင့် ငါးလှန်းစင်တိုင်ကို **ဦးကျော်ဝင်း**က ပြေးပြီး သေးပန်း၏။ သို့သော် တစ်ခါမျှ မတွေ့ဖူး၊ မကြုံဖူးသဖြင့် ကြောက်ရွံ့ပြီး သေးကထွက်မလာ။ ထိုအခါ မီးဖိုချောင်ထဲ ပြေးဝင်သွားပြီး ဒန်အိုးဖုံးနှစ်ချပ်ကို ဆွဲထုတ်လာကာ လင်းကွင်းတီး၏။

'ဂျမ်း ... ဂျမ်း '

'ဂျမ်း ...... ဂျမ်း '

'ဂျမ်း ..... ဂျမ်း '

သို့သော် ငါးလှန်းစင်တိုင်ထိပ်တွင် စွဲကပ်နေသော ပင်လယ်မီးစုန်းမှာ ကွယ်ပျောက်မသွား၊ တစ်တိုင်မှ တစ်တိုင်သို့သာ ခုန်ကူးသွား၏။

**ဦးကျော်စံ**က ဖောင်ထိုး ဝါးတစ်လုံးနှင့် စွဲကပ်နေသော မီးစုန်းကို တအား ရိုက်ချလိုက်သည်။

**ဦးကျော်စံ** ရိုက်ထည့်လိုက်မှ မီးလုံးသည် တစ်လုံးက နှစ်လုံး ဖြစ်သွားပြီး ငါးလှန်းစင်တိုင်တွေပေါ် ဟိုပြေး သည်ပြေးနှင့် ခုန်ကူး ပြေးကပ် လာပြန်၏။

**ကြည်ဟန်**နှင့် **မြရွှေ**တို့မှာ ဘာမှမလုပ်ဝံ့ကြတော့ဘဲ 'သရဲဗျ .... သရဲ 'ဟုသာ အော်ပြီး ဖောင်ကြမ်းခင်းပြင်ပေါ် ထခုန်နေကြ၏။

**ဦးကျော်ဝင်း**ကမူ **ဦးကျော်စံ**လုပ်သလို ထိုးဝါးတစ်လုံးနှင့် ငါးလှန်းစင်ပေါ်တွင် ခုန်ဆွ၊ ခုန်ဆွ လျှောက်ပြေးနေသော မီးလုံးစိမ်းပြာပြာ နှစ်လုံးကို လိုက်ရိုက်ချနေ၏။

မီးလုံး၏ အရောင်မှာ မီးကျီးမီးခဲလို ရဲရဲနီနီမဟုတ်၊ မာကျူရီ မီးလုံးလို စိမ်းပြာနေ၏။ ထို့ကြောင့်လည်း ကြောက်ရွံ့ထိတ်လန့်ပြီး ဖောင်ကြမ်းခင်း


BURMESE CLASSIC .com

www.burmeseclassic.com


ပြင်ပေါ်တွင် ခုန်ပေါက်ကာ ဆောက်တည်ရာမရ ဖြစ်နေကြသော **ကြည်ဟန်**နှင့် **မြရွှေ**တို့အား **ဦးကျော်စံ**က ‘ သူရဲမီး မဟုတ်ဘူးကွ၊ ပင်လယ်မီးစုန်းတွေပါ၊ သရဲမီးဆို ရဲရဲနီနေမှာပေ့ါ၊ ဘာမှမကြောက်ကြနဲ့ မြန်မြန်သာ ရိုက်ချကြပါဟ၊ မြန်မြန် ရိုက်ကြစမ်းပါ၊ မအေပေးတွေရဲ့ ’ဟု ဆဲဆို၍ အော်ပြော၏။

ထိုအခါမှ **မြရွှေ**နှင့် **ကြည်ဟန်**တို့မှာ ငါးလှန်းစင်ပေါ်မှ ရရာ ဝါးလုံးကို လှမ်းဆွဲပြီး ပင်လယ်မီးစုန်းတွေကို ဝိုင်းရိုက်ကြသည်။

သို့သော် **ကြည်ဟန်**မှာ ဝါးလုံးကို ရုတ်ခြည်း ပြန်ချလိုက်ပြီး သူ ကြားဖူး နားဝနှင့် အိပ်စင်ဘက် ပြေးသွားကာ ဓါးဆွဲ ထွက်လာပြန်သည်။

သူ၏ ကြားဖူးနားဝ အရဆိုလျှင် ပင်လယ်ပြင်၌ သွားလာနေကြသော စက်လှေများပေါ်ကို ဤသို့ ပင်လယ်မီးစုန်းများ ကျလာပြီဆိုလျှင် လူတွေမှာ အားလုံး အင်္ကျီချွတ်ပြီး လက်မောင်းနှစ်ဖက်စလုံးတွင် ထုံးဖြူ သုတ်ထားရသည် ဆို၏။

ယင်းသို့ ထုံးဖြူသုတ်ထားရခြင်းမှာ ပင်လယ်မီးစုန်း ကျချိန်၌ နာနာဘာဝများသည် လူယောင်ဆောင်ကာ လှေပေါ်တက်လာကြသည်။ ထိုသို့ တက်လာသော နာနာဘာဝများကို ဓါးနှင့်ခုတ်ချရသည်။ ထုံးဖြူသုတ်၍ အမှတ်အသားပြုလုပ်ထားရခြင်းမှာ လှေပေါ်ပြေးတက်လာသော နာနာဘာဝနှင့် လူလှေသားတို့ မမှားအောင် ဖြစ်သည်ဟုဆိုသည်။

ယခု သူတို့မှာ ထုံးလည်းမပါ၊ မည်သို့ လုပ်ရမည်နည်း၊ ဤအတွေး ကြောင့်ပင် **ကြည်ဟန်**သည် အိပ်စင်အောက်တွင် ထိုးထားသော ငါးခွဲဓါးကို ပြေးယူလာခြင်းဖြစ်သည်။

‘ ဟေ့ကောင် .... ဟေ့ကောင် ကြည်ဟန်၊ မင်းဓါး ဘာလုပ်မှာလဲ မီးစုန်းတွေကို ဝါးလုံးနဲ့ရိုက်ချပါဆို မကြားဘူးလား ’

‘ လှေ .... လှေ ... အဲဖောင်ပေါ်ကို ဟို .... ဟို ... အကောင်တွေ


BURMESE CLASSIC .com

www.burmeseclassic.com


တက်လာရင် ခုတ်ချမလို့ အစ်ကိုကြီး၊ ဓါးနဲ့ ခုတ်ချမလို့ '

**ဦးကျော်ဝင်း**၏ စကားကို **ကြည်ဟန်**က ပြန်အော်ပြော၏။

**ကြည်ဟန်**၏ စကားကြောင့် **ဦးကျော်စံ**နှင့်အတူ မီးစုန်းလုံးတွေကို လိုက်ရိုက်နေသော **မြရွှေ**က 'ဟင် .... ကိုကြည်ဟန် ဘာကောင်တွေလဲဗျ၊ ဘာကောင်တွေ တက်လာကြပြီလဲ .... ဟီး ... ဟီး ... ဘယ်မှာလဲဗျ၊ ဘယ်မှာလဲ' ဟု အော်မေးကာ မီးလုံးတွေကို လိုက်ရိုက်နေရာမှ၊ ဖောင်ဦးဘက် **ကြည်ဟန်** ရှိရာ ပြေးလာသည်။

'ကြည်ဟန် .... ငါ .... မသွား၊ မင်းပါးစပ် ပိတ်ထားစမ်း '

**ဦးကျော်စံ**က အတွေ့အကြုံ နည်းပါးပြီး စိတ်ဓါတ်ကျနေသော **မြရွှေ**မှာ ကြောက်ကြောက် ရွံ့ရွံ့နှင့် ရေထဲများ ခုန်ချသွားလေပြီလား ဟူသော စိုးရိမ်စိတ်နှင့် **ကြည်ဟန်**ကို မအော်၊ နှမဆဲတော့၏။

**ဦးကျော်စံ**လှမ်းဆဲမှ **ကြည်ဟန်**ကလည်း **မြရွှေ**၏ အခြေအနေကို ရိပ်မိသွားကာ 'ဘာကောင်တွေရမှာလဲကွ၊ မီးစုန်းတွေလေ၊ ပင်လယ်မီးစုန်းတွေ၊ တုတ်နဲ့ ရိုက်လို့မရရင် ဓါးနဲ့ခုတ်မလို့ ဖယ်စမ်း 'ဟုအော်ကာ မီးစုန်းကပ်နေသော ငါးလှန်းစင်တိုင် တစ်တိုင်ကို တစ်ချက်ထဲနှင့် ခုတ်ပိုင်းချလိုက်၏။

**ကြည်ဟန်** ဓါးနှင့် ခုတ်ပိုင်းချလိုက်သောအခါ တိုင်ထိပ်တွင် စွဲကပ်နေသော မီးလုံးတစ်လုံးမှာ တိုင်နဲ့အတူ ရေထဲကျသွား၏။ ထို ပင်လယ်မီးစုန်းကြီး ရေထဲကျသွားသည်နှင့် တစ်ပြိုင်နက် မိုးချုန်းသံကဲ့သို့ ပေါက်ကွဲသံ တစ်ခု မြည်ဟည်းသွားကာ မီးစုန်းလုံးများ ချက်ချင်း ပျောက်ကွယ်သွားလေသည်။

'သွားပြီ၊ သေပြီ 'ဟု **ကြည်ဟန်**က ကြုံးဝါး အော်ဟစ်လိုက်စဉ် **မြရွှေ**ရိုက်လိုက်သော မီးလုံးမှာ **မြရွှေ**၏ ဝါးလုံးပေါ် ကပ်ပါလာပြီး အပေါ်မှ အောက်သို့ လျှောဆင်းလာ၏။ ထိုအခါ **မြရွှေ**မှာ လက်ထဲက ဝါးလုံးကို ချက်ချင်း ဖောင်ကြမ်းခင်းပြင်ပေါ် ပစ်ချလိုက်ပြီး 'မီး ... မီး ... သရဲမီးဗျ '


BURMESE CLASSIC .com

www.burmeseclassic.com


ဟု ကြောက်လန့်တကြားနှင့် ထအော်ပြန်သည်။

**မြရွှေ**ပစ်ချလိုက်သော ဝါးလုံးမှာ မီးစွဲပြီး စိမ်းစိမ်းပြာပြာနှင့် မီးချောင်း တစ်ချောင်းလို ဖြစ်သွားသည်။ သို့သော် တစ်ခုထူးခြားသည်မှာ ထိုမီးချောင်းလို ဖြစ်သွားသော ဝါးလုံးမှာ တခြားဘာကိုမျှ မီးမစွဲ၊ မကူးဘဲ စိမ်းစိမ်းပြာပြာ အရောင်တွေသာ အလျှံအလျှံ ထွက်နေသည်။ မီးရောင်တွေမှာ ပိုးစုန်းကြူး ကောင်၏ အရောင်လို ချက်ချင်း စိမ်းပြာလာ၏။

'ခွေးမသား ဘယ်လိုလုပ်လိုက်တာလဲ 'ဟု ဆဲဆိုအော်ပြေးလာသော **ဦးကျော်ဝင်း**က **မြရွှေ**ပစ်ချထားခဲ့သော ဝါးလုံးကို သူ့လက်ထဲပါ လာသော ဝါးလုံးနှင့် ရေထဲ ကလော်ချလိုက်၏။

ထိုအချိန်မှာပင် မီးလုံးကြီးတစ်လုံး စွဲကပ်လာသော အိပ်စင်နားက ဝါးလုံးတစ်လုံးကို **ကြည်ဟန်**က ပြေးခုတ်ပိုင်းချလိုက်ပြန်၏။ **မြရွှေ**မှာလည်း သတိပြန်ရကာ ဝါးလုံးတစ်လုံးကို ပြေးဆွဲ၍ မီးစုန်းတစ်လုံးကို လှမ်းရိုက် နေပြန်၏။

**မြရွှေ** ရိုက်ချလိုက်သော မီးလုံးမှာ **ဦးကျော်စံ**အနားရှိ ဝါးလုံး တစ်လုံး၏ ထိပ်ပေါ် ပြေးပုံ့ရောက်သွားသည်။ သူ့အနားရှိ ဝါးလုံးပေါ် ခုန်ပုံ့ပြေးနားသော မီးစုန်းတစ်လုံးကို **ဦးကျော်စံ**ကလည်း လက်ထဲရှိ ဝါးလုံးနှင့် ဗိုးခနဲ ဆွဲယမ်းရိုက် ပစ်လိုက်၏။

**ဦးကျော်စံ** ရိုက်ချလိုက်သော မီးလုံးမှာ အလုံးသဏ္ဍာန် ပျောက်ပြီး စောစောက **မြရွှေ**ဝါးလုံးလို မီးချောင်း ဖြစ်သွားသည်။ ထိုဝါးလုံးကို **ဦးကျော်စံ** က ခြေထောက်နှင့် လှမ်းကလော်ကာ ပင်လယ်ထဲ ပစ်ချလိုက်သည်။ ထိုအခါမှ အသံနက်ကြီး တစ်ခု မြည်ဟည်းကာ ပျောက်ကွယ်သွားပြန်၏။

'ဦး .... ဦးလေး လောင်လားဗျ၊ ပူသလား '

'မပူဘူးကွ၊ လောင်လဲ မလောင်ဘူး၊ တစ်မျိုးတော့ တစ်မျိုးပဲ '


BURMESE CLASSIC .com

www.burmeseclassic.com


**မြရွှေ**၏အမေးကို **ဦးကျော်စံ**က မောသံကြီးနှင့် အလျှင်စလို ပြောပြီး ဖောင်ပေါ်တွင် နောက်ထပ် ပင်လယ်မီးစုန်းတွေများ ကျန်နေသေးလားဟု ကျီးကန်းတောင်းမှောက် ရှာကြည့်နေသည်။

ကျားဖောင်ပေါ်တွင် မီးလုံးများကား တစ်လုံးမျှ မရှိတော့ပေ။

ထိုအခါမှ ဖောင်ပေါ်တွင် ထီးထီးမည်းမည်း ရပ်နေကြသော လူများကို **ဦးကျော်စံ**က ' ကျော်ဝင်း၊ ကြည်ဟန်၊ မြရွှေ 'ဟု တစ်ယောက်စီကို ခေါ်ကြည့်၏။ 'ရှိပါတယ် အစ်ကိုကြီး၊ ရှိပါတယ် ဦးလေး 'ဟု ထူးလိုက်ကြမှ **ဦးကျော်စံ**က ရှည်လျားသော သက်မကို ပင်ပန်းကြီးစွာ ချလိုက်သည်။

လူလေးယောက်မှာ ထိတ်ထိတ်လန့်လန့်နှင့် ၁၅ မိနစ်၊ မိနစ် ၂၀ ခန့် တိတ်တိတ် ဆိတ်ဆိတ် စောင့်ကြည့်နေကြသေး၏။ နောက်ထပ် ပင်လယ်မီးစုန်းများ တစ်လုံးမျှ ပေါ်မလာတော့သဖြင့် **ဦးကျော်စံ**က 'ကဲလာကြ .... လာကြ 'ဟုပြောကာ အလင်းရောင်ဆို၍ ပြောင်းကျိုးဖန်မီးအိမ် တစ်လုံးသာ ရှိသော အိပ်စင်နား၌ စုထိုင်လိုက်ကြသည်။

'တို့လူတွေ ဘယ်သူမှ အထိအရှ မရှိကြပါဘူးနော် '

'မရှိပါဘူး 'ဟု တစ်ယောက်ကို တစ်ယောက် စေ့စေ့ ကြည့်ပြီး ဖြေကြ၏။

'မှောင်လိုက်တာကွာ၊ ပင်လယ်ပြင်မှာ ဒီလောက်မှောင်တာ ငါတော့ တစ်ခါမှ မကြုံဖူးဘူး၊ ပင်လယ်မီးစုန်း ကျပြီးခါစမို့လား မသိဘူး '

**ဦးကျော်စံ**က ရေတစ်ခွက်ကို မော့သောက်ချလိုက်ရင်း ပြော၏။

'ခင်ဗျားက ခုမှမှောင်တယ် လုပ်မနေစမ်းပါနဲ့၊ မှောင်မှန်း သိရဲ့သားနဲ့ စောစောက မီးချောင်းဝါးလုံးတွေကို ဘာဖြစ်လို့ ခင်ဗျားတို့ ပင်လယ်ထဲပစ်ချလိုက်တာလဲ၊ ဒီအတိုင်း ထားလိုက်ရင် ခုလောက်ဆို တစ်ဖောင်လုံး ထိန်ထိန် လင်းနေပြီ၊ ထွန်းမရတဲ့ ဘက်ထရီ မီးချောင်းတွေထက် အများကြီး တန်ဖိုးရှိမှာ၊


BURMESE CLASSIC .com

www.burmeseclassic.com


ကျွန်တော်ဖြင့် ရေထဲကျသွားတဲ့ မီးချောင်းတွေ နမြောလို့ ’

‘ခွေးသား၊ ငါက အကောင်းပြောတယ်မှတ်လို့ နားထောင်နေတာ’ **ကြည်ဟန်**ကို **ဦးကျော်စံ**က ဆဲ၏။

‘ဦးလေးကျော်စံ၊ အရင့်အရင်က ဦးလေးတို့ ဒီလို ပင်လယ်ပြင်မှာ မီးစုန်းတွေကျတာ ကြုံဖူး တွေ့ဖူး ကြလားဟင် ’

‘ ဘယ်ကလာ ကြုံဖူးတွေ့ဖူးပ့ါမလဲ ငါ့တူရာ၊ ဦးလေးတစ်သက် ဒီတစ်ခါ ပထမဦးဆုံးပဲ၊ တစ်ခုတော့ ရှိတာပေ့ါကွာ၊ ရှေးရှေးက လူကြီးသူမ တံငါးသည်ကြီးတွေ၊ လှေသမားကြီးတွေ ပြောပြတာတော့ ကြားဖူးတာပေ့ါ ’

**မြရွှေ**၏ အမေးကို **ဦးကျော်စံ**က လေရှည်ဆွဲ၍ ပြောပြ၏။

‘ဒါဆို ကျွန်တော်တို့ သိပ်ကံကောင်းလို့ တွေ့ ကြုံရတာလို့ ခင်ဗျား ပြောချင်လား ’

‘ ဟေ့ကောင် မင်းပါးစပ် ဒီနေ့ ပိတ်ထားရင် ကောင်းမယ်ကွာ ’

**ကြည်ဟန်**၏ စကားကို **ဦးကျော်စံ**က သဘောမတွေ့သဖြင့် အော်ပစ်လိုက်၏။ သို့သော် **ကြည်ဟန်**၏ စကားကမရပ်သေး။ **ဦးကျော်စံ**ကို ပြောမရတော့ **ဦးကျော်ဝင်း**ဘက် လှည့်လာပြန်၏။

‘အစ်ကိုကြီး ဒီပင်လယ်မီးစုန်းတွေဟာ ဘာကြောင့် ဖြစ်တယ်လို့ ထင်လဲ ’

‘ ငါဘယ်သိမလဲ ကြည်ဟန်ရာ ’

**ဦးကျော်ဝင်း**က အရိုးခံအတိုင်းပင် ပြန်ပြောသည်။

‘ ကျွန်တော့်အထင် ပြောရရင်တော့ ပင်လယ်မီးစုန်းတွေဟာ လျှပ်စစ်မိုးကြိုးကြောင့် ဖြစ်တာလို့ ထင်တယ် ’

‘ဘယ်လို လျှပ်စစ်မိုးကြိုးလဲကွ ’

‘ဒီလိုလေ အစ်ကိုကြီး၊ ကျွန်တော်တို့ ကုန်းပေါ်မှာ မိုးကြိုးပစ်တာ


BURMESE CLASSIC .com

www.burmeseclassic.com


အစ်ကိုကြီး မြင်ဖူးမှာပေ့ါ။ သစ်ပင်တွေ လောင်မီးကျသွားတာ၊ မိုးကြိုး ပစ်ခံရလို့ တချို့ သစ်ပင်တွေဆိုရင် ပင်စည်ကို ရှပ်ပြီး၊ မိုးကြိုးသွား လှည့်ပတ်မှန်သွားတာ သစ်ပေါက်ခွံတွေတောင် ကွာကျပြီး၊ မြေကြီးထဲ မိုးကြိုးသွား ဝင်သွားတာလေ'

'အေး မြင်ဖူးတာပေ့ါကွ၊ တို့ရွာထိပ်မှာတောင် ထိန်ပင်ကြီးတစ်ပင် ရှိတာပဲ၊ ဟက်တက်ကြီးကွဲပြီး သေနေတာ။ မိုးကြိုးသွား စားသွားတာများ ရဲတင်းနှင့် ပေါက်ခွဲထားသလား ထင်ရတယ် '

**ကြည်ဟန်**နှင့် **ဦးကျော်ဝင်း**တို့၏ စကားကို ဤတစ်ခါတော့ **ဦးကျော်စံ**နှင့် **မြရွှေ**တို့ကပါ စိတ်ဝင်စားလာကြသဖြင့် နားထောင်နေကြ၏။

'မိုးကြိုးပစ်တယ်ဆိုတာ သိပ္ပံနည်းအရတော့ ဒီလိုတဲ့ဗျ အစ်ကိုကြီး'

'အဟမ်း ..... အဟမ်း '

**ဦးကျော်စံ**က ရိုးရိုးသားသားလား၊ **ကြည်ဟန်**ကို နောက်ချင်၍ လားတော့ မသိ၊ ချောင်းထဟန့်လိုက်သည်။ **ကြည်ဟန်**က **ဦးကျော်စံ**ကို မျက်စောင်းထိုး၏။ **ဦးကျော်ဝင်း**ကမူ ပြုံးပြီး

'ဟဲ ... ဟဲ .... အိမ်း .... ပြောပါဦးကွ၊ မင်းက သိပ္ပံတွေ ဘာတွေ သင်ဖူးတော့ ဘယ်လိုတဲ့တုန်း '

'အဓိကကတော့ အပူနဲ့အအေး ပဋိပက္ခဖြစ်တာပဲ အစ်ကိုကြီး၊ တစ်နည်းပြောရရင် အဖိုဓါတ်နှင့် အမဓါတ်ပေါင်းစပ်ပြီး .... '

'ညာကြရောလား '**ဦးကျော်စံ**က ဝင်နှောင့်ပြန်၏။

' ဟုတ်တယ် ဟုတ်တယ်၊ ညာကျတာ၊ မီးပွင့်ကုန်တာ၊ အဲဒါကြောင့် လျှပ်စီးဖြစ်လာတာ၊ အရည်ကနေ အေးခဲပြီး အစိုင်အခဲဖြစ်လာတာ ဦးလေး မှတ်ထား၊ ကျွန်တော်တို့ ကုန်းမြေပေါ်မှာဆိုရင် အမြင့်ဆုံး နေရာတွေကို မိုးကြိုး ပစ်တတ်တယ်တဲ့၊ အဲဒါကြောင့် လျှပ်စီးလက်နေချိန်မှာ မြရွှေ မင်းစကား နဲ့ဆို တိမ်ခွပ်နေချိန် မှာပေ့ါကွာနော် '

www.burmeseclassic.com


သူနဲ့ ပြဒါးတစ်လမ်း သံတစ်လမ်းလို ဖြစ်နေသော ဦးကျော်စံကပါ သူ့စကား စိတ်ဝင်စားလာမှန်းသိသဖြင့် **ကြည်ဟန်**က **မြရွှေ**ကိုပါ သူ့စကား အဝိုင်း အဝန်းထဲ ဆွဲသွင်းပြန်၏။

'ခင်ဗျားပြောတာ သိပ်မှန်တယ်ဗျာ၊ ဆက်ပြောပါဦး ဟဲ .... ဟဲ..'

'နောက်တာလား ဟေ့ကောင် '

'အကောင်းပြောတာပါဗျ '

'ဟုတ်ပါတယ်ကွာ ပြောစမ်းပါ '**ဦးကျော်ဝင်း**ကပါ ပြောလာသော အခါ **ကြည်ဟန်**က သူ့စကား ပြန်ဆက်သည်။

'လျှပ်စီးလက်နေချိန်၊ မိုးလေ တဖြောက်ဖြောက် ကျနေချိန်မှာ လွင်တီးခေါင်တို့ ကွင်းပြင်တို့မှာ ထီးဆောင်းပြီး မသွားရဘူးတဲ့ '

'ဘာဖြစ်လို့လဲ '

'အဲဒါ ပြောပြမလို့ 'ဟုဆိုပြီး **ကြည်ဟန်**က ဆေးလိပ်တစ်လိပ်ကို မီးညှိသည် ။ တစ်ဖွာ၊နှစ်ဖွာ ဖွာလိုက်ပြီး 'နိုင်ငံခြားမှာ အင်ပါယာစတိတ်ဆိုတဲ့ ဧရာမအမြင့်ကြီး အထပ်တစ်ရာလောက်ရှိတဲ့ အဆောက်အအုံကြီး တစ်ခု ရှိတယ်တဲ့၊ အဲဒီ အဆောက်အအုံကို တစ်နှစ်တစ်နှစ် မိုးကြိုးပစ်တာ အကြိမ်ပေါင်း သုံးရာ့ခြောက်ဆယ် ကျော်သတဲ့ '

'အဲဒါကြီး အဲဒီလောက် မိုးကြိုးပစ်ခံရရင် ပြာကျမသွားဘူးလားကွ' **ဦးကျော်စံ**က ဝင်မေး၏။

'မိုးကြိုးလွှဲတပ်ထားတော့ အဲဒီ အဆောက်အအုံကြီးဟာ ဘာမှမ ဖြစ်ဘူးဗျ၊ သဘောကတော့ မြင့်တဲ့နေရာကို မိုးကြိုး ပိုပစ်တဲ့သဘောပဲ၊ ခု ကျွန်တော်တို့ ဖောင်ဟာ ပင်လယ်ထဲက ရေပြင်မှာဆို အမြင့်ဆုံးအရာ ဖြစ်နေ တယ်၊ အဲဒါကြောင့် စောစောက ပင်လယ်မီးစုန်းကျတယ်လို့ ဦးလေးတို့ အစ်ကို ကြီးတို့က ပြောတာ မိုးကြိုးပစ်တာပဲ၊ ပင်လယ်မီးစုန်းကျတာ မဟုတ်ဘူး '


BURMESE CLASSIC .com

www.burmeseclassic.com


‘မင်းဟာက မိုးကြိုးပစ်တာနဲ့ ပင်လယ်မီးစုန်းတွေ ဖောင်လာကပ်တာနဲ့ ဘာဆိုင်လဲကွ ’

‘ ဟာ သိပ်ဆိုင်တာပေါ့ ဦးလေးရာ၊ ဒီမှာ ကျွန်တော်ပြောမယ်၊ ကျွန်တော်တို့ ကုန်းပေါ်မှာဆိုရင် သစ်ပင်ရင်းတွေမှာ မြေဓါတ် ပထဝီကြောဆွဲအားရှိတယ်လေ။ အဲဒီတော့ အရည်ကနေ ဖိုဓါတ် မဓါတ် ပေါင်းစည်းပြီး ပြောင်းလဲ ဖြစ်ပေါ်လာတဲ့ အစိုင်အခဲ မိုးကြိုးသွားဆိုတာ ပထဝီဆွဲအားနဲ့ အေးခဲပြီး မြေထဲ ဝင်သွားတယ်။ ခု ပင်လယ်ပြင်မှာတော့ မြေဓါတ်က ရေအောက်မှာပဲရှိတယ်၊ ရေရဲ့ ပမာဏထုထည်ကလဲ ကြီးမားစွာ ခံထားတယ်။ အဲဒါကြောင့် ပစ်ချလိုက်တဲ့ မိုးကြိုးသွားဟာ အစိုင်အခဲမဖြစ်ဘဲ မီးစုန်းတွေဖြစ်ပြီး အမြင့်ဆုံးနေရာဖြစ်တဲ့ ငါးလှန်းတဲ့ တိုင်ထိပ်ပေါ်လာကပ်နေတာ၊ ဒါပေမဲ့ ပထဝီဓါတ်မရတော့ ကုန်းပေါ်က မိုးကြိုးသွားလို အမာကြီးမဖြစ်ဘဲ အစိုင်အခဲပေမင့် အပျော့စားပဲ ဖြစ်သွားတယ်။ အဲဒါကြောင့် ရေထဲချလိုက်တော့ ပေါက်ကွဲသံမြည်ဟည်းပြီး ရေထုထဲကနေ မြေထဲ ငုပ်ဝင်သွားတာတယ်၊ အဲဒါ .... ပဲ။ ကျွန်တော်ပြောတာ ဟုတ်တယ်နော် ဦးလေး ’

‘မင်းပြောတာကျတော့လည်း ဟုတ်တော့ ဟုတ်နိုင်သလိုပဲကွ၊ ဒါပေမဲ့ ငါတော့ သိပ်နားမရှင်းဘူး။ မိုးကြိုးသွားကို မြင်ဖူးတဲ့လူတွေက ပုဆိန်သွားနဲ့ တူတယ်လို့ ပြောကြတယ်။ ကောင်းကင်ပေါ်မှာပေါက်တဲ့ သက်တန့်တန်းတွေကိုတောင် မိုးကြိုးသွားနဲ့ မြေပေါ်က လှမ်းခုတ်ရွယ်လိုက်ရင် အပိုင်းပိုင်း ပြတ်ထွက်သွားတယ်လို့ ပြောကြတယ် ’

‘ဖြစ်နိုင်တာပေါ့ ဦးလေးရာ။ သက်တန့်ဆိုတာလည်း ရေရဲ့ အလင်းတန်းကြောင့် ဖြစ်တာဆိုတော့ ကောင်းကင်ပေါ်က ကျလာတဲ့ လျှပ်စစ် မိုးကြိုးသွားဟာ ကောင်းကင်ပေါ်မှာ ပေါ်တဲ့သက်တန့်ကို ဓါတ်သဘောချင်း ဆက်နွယ်မှုရှိပြီး နိုင်မှာပေါ့ ’


BURMESE CLASSIC .com

www.burmeseclassic.com


'ငါပြောတာက မိုးကြိုးသွားဆိုရင် မာရမယ်၊ ပြီးတော့ အလုံးအခဲ မဖြစ်ရဘူး၊ စောစောက တို့ဖောင်ပေါ်လာကပ်တာ နည်းတဲ့ အလုံးကြီးလားကွ မင်း မျက်မြင်ပဲလေ '

' ဟုတ်တယ်လေ ဦးလေး ကျွန်တော်ပြောပြီး ပါပကောလား၊ မြေကြီးအား ဆွဲခါတ်မရတော့၊ အမာကြီး မဖြစ်သေးဘူးလေဗျာ၊ သိပ်သည်းမှု မရှိသေးလို့ ကြီးထွားနေတာ၊ ကျန်တစ်ဝက် စဉ်တစ်ဝက်ဖြစ်ပြီး အသံလှိုင်း ဟာလဲမကုန်သေးဘူး၊ အဲဒါကြောင့် ရေထဲချလိုက်တဲ့အခါ ထပ်ပြီး ပေါက်ကွဲတဲ့ သဘောပဲဗျာ၊ မြည်သံကြီးကို ဦးလေးကြားလိုက်သားပဲ '

'အိမ်း .... မင်းက ခုမှ ကြီးကြီးကျယ်ကျယ် ပြောနေတာကိုး၊မီးစုန်း ကျတုန်းကတော့ ဓါးဆွဲတုတ်ဆွဲနဲ့ နာနာဘာဝလေး၊ ဝိနာဘာဝ အကောင်လေး ထင်ခဲ့သေးတယ် မဟုတ်လား '

' ဒါကတော့ ချက်ချင်း ဘယ်စဉ်းစားမိမလဲ ဦးလေးရာ .... ရုတ်တရက်ဆိုတော့ ကျွန်တော်လည်း လန့်သွားတာပေါ့၊ လူကြီးသူမတွေ ပြောသံကြားဖူးတဲ့စကား အဟုတ်ထင်တာကိုး '

'မင်းက လူကြီးတွေကို စော်ကားပြန်ပြီ '**ဦးကျော်စံ**က မကျေ မနပ်နှင့် ဆိုသည်။ **ဦးကျော်ဝင်း**ကတော့ ' အေးကွ .... မင်းပြောတော့လည်း ဟုတ်တုတ်တုတ်ပဲ၊ ဒါပေမယ့် တို့က မင်းလို လောကဓါတ်ကျောင်းတွေ ဘာတွေလည်း မနေဘူးတော့ နားထွေးနေတယ်ကွာ။ သိပ္ပံပညာဆိုတာလည်း တို့မှ မသင်ဖူးတာ 'ဟုပြော၏။

'ဟုတ်တယ်လေ အစ်ကိုကြီး၊ သိပ္ပံပညာဆိုတာ အခြေခံမရှိရင် နားမလည်ဘူး၊ ဘယ်လိုပြောပြော သဘောမပေါက်နိုင်ဘူး၊ ဦးလေး ဦးကျော်စံပဲ ကြည့်တော့ '

'ဘာ မင်းက ငါ့ကိုလာပြီး ခလုတ်တိုက်ရပြန်တာလဲ '


BURMESE CLASSIC .com

www.burmeseclassic.com

'ခလုတ်တိုက်တာ မဟုတ်ပါဘူး၊ ဦးလေးက ကမ္ဘာလုံးတယ်၊ ကမ္ဘာလည်တယ်၊ လကမ္ဘာပေါ် လူရောက်တယ်၊ ဒီရေ အတက်အကျဟာလည်း နေနဲ့ လတို့ရဲ့ ဆွဲအားကြောင့် ဖြစ်တယ်ဆိုတာ မယုံလို့ပြောတာပါ'

'မပြောနဲ့ကွာ တော်တော့။ ပြီးရောမဟုတ်လား။ ဘယ်အချိန်ရှိ သွားပလဲ ငါအပြင်ထွက်ပြီး အရှေ့ အနောက် တောင် မြောက် နက္ခတ် သွားကြည့် ဦးမယ်'ဟုပြောကာ **ဦးကျော်စံ** အိပ်စင်ထဲက ထွက်သွားသည်။

**ကြည်ဟန်**၏ သိပ္ပံဟောပြောချက်ကား မပြီးသေး။ **မြရွှေ**နှင့် ဖောင်ဦးစီး**ဦးကျော်ဝင်း**တို့အား သူထင်ရာ မြင်ရာတွေကို အာပေါင်အာရင်း သန်သန်နှင့် ဆက်ပြောနေတုန်း။



BURMESE CLASSIC .com

## အခန်း ၁၆

'တော်တော်မိုက်တဲ့ သူတွေပဲ 'ဟု ပြောသွားကြသော ငါးကွမ်းရှပ်လှေမှ ရေလုပ်သားကြီးများ၏ စကားကို ယခုအခါ အားလုံး သတိရနေကြသည်။

အေးစက်နေသော တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ လူကြီးနှစ်ယောက်မှာလည်း မည်သို့ လုပ်ကြရမှန်း မသိတော့။ လေးငါးရက်အကြာတွင် မိုးလေတို့ လုံးဝ ကင်းစင်သွားပြီ ဖြစ်သော်လည်း ကမ်းကိုမူ လုံးဝ မမြင်ရတော့။ **ဦးစိန်မြ**၏ ဆွဲမော်တော်ဆိုသည်မှာလည်း လုံးဝ မျှော်လင့်ချက် မရှိတော့။ အရပ်ရှစ်မျက်နှာတွင် ရေပြင်ကျယ်ကြီးကသာ မင်းမူပြီး မိုးကောင်းကင်မှာလည်း ဒယ်အိုးကြီးတစ်လုံး မှောက်ထားသလို ဖုံးအုပ်နေသည်။

သူတို့ ငါးကွမ်းရှပ်လှေနှင့် လိုက်သွားပါရစေ ပြောသည်ကို ဝိုင်းဖျက်ကြသော **ဦးကျော်စံ**နှင့်**ဦးကျော်ဝင်း**တို့အား **မြရွှေ**နှင့်**ကြည်ဟန်**တို့က အာဃာတ စကားဆိုလာကြ၏။

'ဟ ...... မင်းတို့သေတော့ ငါတို့ကကော ရှင်မလားကွ၊ မင်းတို့ကို အဲဒီတုန်းက ငါတို့တားထားလိုက်လို့ မင်းတို့ ခုထိအသက်ရှင်နေကြသေးတာ။ ငါးကွမ်းရှပ်လှေက လူယုတ်မာတွေ ပြောတဲ့စကားကိုသာ ယုံပြီး မင်းတို့ လိုက်



BURMESE CLASSIC .com

www.burmeseclassic.com


သွားကြည့်ရင် ခုလောက်ဆို ပင်လယ်ပြင်မှာ ငါးမန်းစာ ဖြစ်သွားကြပြီမှတ်။ မင်းတို့က ဘာမှ အရိပ်အခြည်ကို နားမလည်ဘူး၊ အဲဒီကောင်တွေ ပိုက်လုချင်လို့ တမင်တို့ကို သူတို့လှေပေါ်တင်ကြတာ၊ လှေပေါ်ရောက်ရင် အားလုံး ခေါင်းဖြတ်ပြီး ပင်လယ်ထဲပစ်ချခံရမှာ။ ပင်လယ်ပြင်ထဲ မုန်တိုင်းကျပြီဆိုရင် ဒီလူယုတ်မာတွေက ဥပါယ်တံမျဉ်တစ်ခုခုနဲ့ ပိုက်လုနေကြ။ လူရုပ်တွေကို မင်းတို့ ကြည့်ပါလား။ လူမိုက်ရုပ်ချည်းပဲ။ ပြီးတော့ လှေထဲမှာ ဓါးလုံ့တွေ အသင့်ကိုင်ပြီး စောင့်နေကြတဲ့ လူဘယ်နှစ်ယောက် ရှိသေးတယ်ဆိုတာကော မင်းတို့ တွေးမိလား၊ လောလောဆယ် လှေပေါ်ရောက်ချင်တာပဲသိတာကိုး၊ သေဖို့တော့ မစဉ်းစားဘူး '

'မထူးပါဘူး ပိုက်သူကြီးဆီမှာ မျက်နှာလုပ်ချင်ကြတဲ့ လူတွေကြောင့် ခုလည်း ပင်လယ်ထဲသေကြရတော့မှာပဲ '

**ဦးကျော်စံ**၏ အကျိုးသင့် အကြောင်းသင့် ပြောစကားကို **ကြည်ဟန်**နှင့်**မြရွှေ**တို့က ကောင်းကောင်း နားမဝင်ချင်ကြတော့။ သူတို့နှစ်ယောက်မှာ တစ်နေ့ တစ်နေ့ အားငယ်စကားချည်း ပြောလာကြ၏။

သူတို့နှစ်ယောက် စိတ်ဓါတ်ကျမည်ဆိုကလည်း ကျစရာပင်။ ကမ်းမမြင် လမ်းမမြင်သော ပင်လယ်ထဲမျောပါ နေခဲ့ကြသည်မှာ ခုနစ်ရက် ရှိပြီးဖြစ်သဖြင့် အစာရေစာကလည်း ပြတ်လပ်လာသည်။ ဆန်ပြုတ်ကိုပင် ခွက်ချိန်နှင့် မသောက်ကြရတော့။ သောက်ရေကလည်း လုံးဝကုန်သွားသည်။

ထိုနေ့တွင် ပင်လယ်ကူးသင်္ဘောကြီးတစ်စင်း လှမ်းမြင်ရသဖြင့် အလံထောင်ပြပြီး အော်ဟစ် အကူအညီတောင်းကြသည်။ သင်္ဘောပေါ်က လူတွေကိုပင် သဲသဲကွဲကွဲ မြင်လိုက်ကြရ၏။ သို့သော် သင်္ဘောကြီးက သူတို့ကို မကယ်ခဲ့။သူ့လမ်းသူသာ ဖြောင့်ဖြောင့်တန်းတန်း မောင်းသွားလေ၏။လူတွေ အားလုံး၏ မျက်နှာတွေမှာ ဖြူဖပ်ဖြူရော်ဖြစ်ကာ ဆဲဆို ကျန်ရစ်ခဲ့ကြသည်။


BURMESE CLASSIC .com

www.burmeseclassic.com


ရေအသက်တစ်မနက်၊ ထမင်းအသက် ခုနစ်ရက်ဟူသော ဆိုရိုးစကားအရ သောက်ရေအတွက် ပထမဦးဆုံး ဆွေးနွေး တိုင်ပင်ကြသည်။ ရေငန်ကို ပေါင်းတင်သောက်ကြရန် **ဦးကျော်စံ**က တာဝန်ယူ စီမံသည်။

ဒန်အိုးကြီးတစ်လုံးကို ရေငန်တစ်ဝက်ထည့်ကာ မီးဖိုပေါ်တင်၏။ ဒန်အိုးထဲက ရေလွတ်တစ်နေရာတွင် ငါးလှန်းစင်မှ မုန့်တိုင်း အကြွင်းအကျန် ဝါးခြမ်းပြား နှစ်ပြားကို ကန့်လန့်ခံ၏။ ထိုကန့်လန့်ပေါ်တွင် သံပန်းကန်ကြီး တစ်လုံးကို တင်ထားရသည်။ နောက်ထပ် ဒန်အိုးတစ်လုံးကို ဖင်ချွန်း သွားအောင် ထုကြရ၏။ ထို ဒန်အိုးဖင်ချွန်းနှင့် သံပန်းကန်ဝကို တည့်တည့် မတ်မတ်ချိန်ကာ ပေါင်းအိုးအဖြစ် အပေါ်ကတင်၏။ ဒန်အိုးနှစ်လုံးကြားကို အဝတ်စုတ် ‘ ပေါင်းချောင်ပတ် ’ ပတ်ထားရသည်။ အပေါ်က ဒန်အိုးထဲလည်း ရေငန်ထည့်ကာ ရေပေါင်းတင်ကြ၏။

တစ်နေ့လုံး တစ်ညလုံး ဤသို့ အမြဲ ရေပေါင်းတင်ထားကာ အပေါ် ဒန်အိုးဖင်ချွန်းမှ စီးကျပြီး သံပန်းကန်လုံးထဲတွင် တင်နေသော ပေါင်းတင်ရေကို ဝေမျှ၍ သောက်ကြရသည်။ အစားအတွက်မူ ဖောင်နားကပ်လာသော ဂဏန်း၊ ဗလီး( ပုစွန်လုံးသေးသေး )များ၊ ပုစွန်များ၊ ငါးများကို ဖမ်းပြီး မီးကင် ဖုတ်စား ကြရသည်။ သို့သော် ဘယ်လိုမှ ဝဝလင်လင် မစားကြရ။ လူတွေ အားလုံးမှာ စိတ်ဓါတ်ကျပြီး အားနည်းလာကြသည်။

ယခုနေခါတွင် သူတို့အတွက် ကမ်းကိုရောက်ရန် မည်မျှ အရေးကြီး နေပြီ ဆိုသည်ကို ထုတ်ဖော်မပြောဘဲနှင့် သိနေကြသည်။

သို့သော် သောင်ကမ်းဆို၍ကား ဘယ်ဘက်မှာမှ မမြင်ကြရ။ သူတို့အား ကယ်မလာမည့် သူတွေကလည်း ဝေလာဝေးပင်။

အပြောကျယ်လှသော ပင်လယ်ပြင်ထဲတွင် ပင်လယ်ကူးသင်္ဘောကြီး တွေကိုတော့ နေ့စဉ်လိုလို လှမ်းမြင်ကြရသည်။ ပထမတစ်ရက် နှစ်ရက်ကမူ


BURMESE CLASSIC .com

www.burmeseclassic.com

သဘော်တစ်စင်းစင်းကို လှမ်းမြင်ရပြီဆိုလျှင် မည်သူမြင်မြင် အားရဝမ်းသာနှင့် အော်ဟစ် အော်ပြောကာ လုံချည်တွေ စောင်တွေကို အလံထူ၍ ကယ်ကြပါရန် ဖွေ့ယမ်း အော်ဟစ်ခေါ်ကြသည်။

သို့သော် ဒုက္ခသည် သူတို့အား မမြင်၍လား။ တကယ်ပဲ မကယ်ချင်ကြ၍လား မသိ။ မည်သည့် ပင်လယ်ကူးသဘော်ကမျှ သူတို့အနား ကပ်မလာကြ။ ဝေးဝေး နီးနီးကသာ ခုတ်မောင်းသွားကြ၏။ သို့သော် အားတော့ မလျှော့ကြသေး။ သဘော်မြင်တိုင်း အလံပြ၍ အော်ဟစ် အကူအညီတောင်းကြဆဲပင်။

သဘော်တွေမှာလည်း တစ်နေ့တစ်စင်း၊နှစ်စင်း နေ့တိုင်းမြင်နေရ၏။ ရာသီဥတုမှာလည်း ပိုပြီးသာယာလာသည်။ နှင်းကွဲချိန်ဆိုလျှင် မိုးကုပ်စက်ဝိုင်းနားမှ ခုတ်မောင်းသွားလာသော ပင်လယ်ကူးသဘော်ကြီးများ၏ မီးခိုးခေါင်းတိုင်၊ ဝန်ချီကရိန်းတိုင်ကြီးများကိုပင် သူတို့ကမြင်နေကြရသည်။

ညဆိုလျှင်လည်း လျှပ်စစ်မီးတထိန်ထိန်နှင့် ခုတ်မောင်းသွားလာနေကြသော သဘော်ကြီးများကို မီးတစ်ပျောက်၊ မျက်စိတစ်ပျောက် ကြည့်ကြသည်။ တစ်ခါ တစ်ခါ မြင်လို မြင်ငြား မီးဖိုထဲက ထင်းစနှင့် ဝါးလုံး မီးတောက်များကိုပင် ထောင်ပြကြသည်။ သို့သော် သူတို့ အင်္ဂလန်ကျွန်းဖောင်နားကိုကား မည်သည့် သဘော်ကမျှ ရောက်မလာကြ။

သူတို့မှာ သဘော်ကြီးတွေက လာမကယ်ကြသော်လည်း သဘော်ကြီးတွေကို မြင်နေ တွေ့နေလျှင်တော့ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ သဘော်ကြီး တစ်စီးစီးတော့ လာကယ်မှာပဲ ဟူသော မျှော်လင့်ချက်နှင့် ကမ်းမမြင် လမ်းမမြင်သော ပင်လယ်ပြင်ကြီးထဲတွင် အားတက် အသက်ရှင်နေကြသည်။



BURMESE CLASSIC .com

www.burmeseclassic.com

## အခန်း ၁၇

'ကိုကြည်ဟန် ဒီမှာ ... ဒီမှာဗျို့ '

'ဘာလဲကွ၊ မြင်ပြန်ပလား ခွေးမသား သင်္ဘောတွေ။ မင်း အလံကြီး ခေါက်ထားစမ်းပါကွာ။ အဲဒီ သင်္ဘောတွေတို့ကို လာမကယ်ပါဘူး '

**မြရွှေ**၏ ဝမ်းသာအားရ အပြောကို **ကြည်ဟန်**က သင်္ဘောမြင်၍ အကြောင်းကြားသည် အထင်နှင့် လှမ်းဆဲ၏။ အမှန်က **ကြည်ဟန်**သာမဟုတ်။ ယခုအခါ သူတို့အားလုံးမှာ ပင်လယ်ကူးသင်္ဘောတွေကို နေ့စဉ် မြင်ခဲ့ရသဖြင့် မည်သူကမျှ စိတ်မဝင်စား ကြတော့။ လောလောဆယ် အရေးကြီးသည့် အစာအာဟာရအတွက်သာ ဖောင်ဘေးက ရေပြင်ကို စူးစူးစိုက်စိုက် ငေးကြည့်နေကြ၏။ သူတို့အတွက် သေရေးရှင်ရေးမှာ အပ်တစ်ချောင်း၊ နှီးတစ်ပြားပမာဏ ငါးပုစွန်တစ်ကောင် ကောင် ရရေးသာ။

'သင်္ဘောမဟုတ်ဘူးဗျ၊ လိပ် ... လိပ်၊ လိပ်တစ်လုံး ဖောင်နား လာနေတယ်၊ လာ ... လာ မြန်မြန် '

**မြရွှေ**၏ စကားမဆုံးခင်မှာပင် ဖောင်တစ်စီး၏ လေးဖက်လေးတန်၌ ငါးပုစွန်ရှာနေကြသော **ဦးကျော်ဝင်း**နှင့် **ကြည်ဟန်**တို့မှာ ချက်ချင်း **မြရွှေ** အနား ပြေးရောက်လာကြသည်။ **ဦးကျော်စံ**ကမူ သောက်ရေ ပေါင်းတင်ရန် တာဝန်ယူထား၏။



BURMESE CLASSIC .com

www.burmeseclassic.com


ပန်းကန်ပြားတစ်ချပ်သာသာရှိသော လိပ်တစ်လုံးသည် သူတို့ဖောင်နား နေရိပ်လာခိုရာ၏။ ချက်ချင်း အမိအရ ဝိုင်းဖမ်းကြသည်။ ထိုအထဲ အားလွန်ပြီး ရေထဲပြုတ်ကျသွားသော **ကြည်ဟန်**ကိုလည်း ပင်လယ်လိပ်နှင့်အတူ ရေထဲမှ ကမန်းကတန်း ဆွဲတင်ကြရသည်။

ဝမ်းသာအားရနှင့် ထိုလိပ်ကို ထုခွဲဖျက်နေကြစဉ် နောက်ထပ် ပြင်သာလိပ်ကြီးတစ်လုံး သူတို့ဖောင်နား ကပ်လာပြန်၏။ အလွတ်မပေးဘဲ အမိအရ ဖမ်းကြသည်။ ဒုတိယရသော လိပ်ကြီးမှာ လူကြီးတစ်ယောက်ဖက် နီးပါး ရှိသဖြင့် ပင်လယ်ရေငန်နှင့် လိပ်နှစ်လုံးကိုပြုတ်ကာ ညနေစာကို အဝစားပစ်လိုက်ကြသည်။ စား၍ မကုန်သော လိပ်သားပြုတ်တွေကို နေလှန်းထားရန်လည်း စားပြီးမှ သတိရကြ၏။

နောက်နေ့ နောက်နေ့တွေမှာလည်း ပင်လယ်လိပ်ကြီးတွေမှာ တစ်နေ့ တစ်လုံး နှစ်လုံး သူတို့ဖောင်နား လာလာကပ်နေကြရာ အစာအာဟာရ ပြတ်နေကြသော သူတို့မှာ ပြန်ပြီးစိုပြည်လာကြပြန်သည်။

အယူသည်းတတ်သော **ဦးကျော်စံ**က သူတို့ကို ပင်လယ်ပိုင်,မသည်ဟုဆိုသည်။ အတိဒုက္ခရောက်နေသော ကာလဖြစ်သဖြင့် သူ့စကားကို မည်သူမျှ မကန့်ကွက်ခဲ့ကြ။ နတ်တွေ၊ စုန်းတွေနှင့်တကွ နာနာဘာဝ ဝိနာဘာဝများ အားလုံးကိုပင် ရှိခိုးကန်တော့ဖို့ ဝန်မလေးကြ။ ကာယကံ ဝစီကံ မပြောနှင့် မနောကံနှင့်ပင် မပစ်မှားရဲကြ။ အားလုံး အရပ်ရှစ်မျက်နှာကို ရှိခိုးဆုတောင်းနေကြရ၏။

စုန်း နတ်တွေကို လုံးဝအယုံအကြည်မရှိသော သိပ္ပံ**ကြည်ဟန်**ပင် ယခုအခါ နတ်တကာနတ်ကို ရှိခိုးဆုတောင်းနေလေပြီ။ နေ့စဉ် သူများသတ်ထားသော လိပ်သားကို အဝအပြဲစားပြီး ရေပေါင်းတင် တာဝန်ခံ **ဦးကျော်စံ**မှာလည်း ငါးပါးသီလ ဆောက်တည်နေသည်ဟု ပြောသည်။

www.burmeseclassic.com


**ကြည်ဟန်**က 'ရှစ်ပါး သီလပါ စောင့်လိုက်ပါဦးလေး၊ ဦးလေးဝေစု ညနေစာ လိပ်သား ကျွန်တော်စားပါရစေ 'ဟု နောက်သည်။

'လိပ်တွေ တွေ့တွေ့နေတာ ကမ်းနဲ့ သိပ်မဝေးသေးတဲ့ သဘောပဲကွ 'ဟု **ဦးကျော်စံ**၏ အပြောကိုတော့ အားလုံး ယုံကြည်ကြသည်။ ဆောင်းဦး နှင်းမှိုင်းထုတိုက် နေသဖြင့်သာ ကမ်းကို မမြင်ရတာ များလားဟုလည်း တွေးဆကြ၏။

သူတို့မှာ နေ့ရော၊ ညပါ လိပ်ဖမ်းရန်သာ ချောင်းနေကြ၏။ လေမုန်တိုင်းကြီးကျ၍ ဖောင်စမျောလာသောနေ့ကပင် ရေတွက်လျှင် ရက်ပေါင်း တစ်ဆယ်ကျော် လာလေပြီ။ ကမ်းကိုလည်းမမြင်ရ။ ဘယ်သင်္ဘောကမှလည်း သူတို့ကို လာမကယ်။ လိပ်သား မှန်မှန် စားပြီး အသက်ဆက်နေကြရသော်လည်း လူတွေမှာ စိတ်ဓါတ်ကျလာပြန်၏။ ထိုအခါ နှလုံးသားရေးရာ ကိုယ့်ဝန်တာများကို ရင်ဖွင့်လာကြပြန်သည်။

**ကြည်ဟန်**က **မြဝေ**အကြောင်း တပြောတည်း ပြောလာသလို **ဦးကျော်ဝင်း**ကလည်း သူ့မိန်းမအကြောင်း ပြောသည်။ သူ့မိန်းမမှာ ကိုယ်ဝန်နှင့် ကျန်ခဲ့၏။ ယခုဆိုလျှင် မီးဖွားလောက်ပြီ၊ သူသာ ပင်လယ်ပြင်တွင် သေသွားလျှင် သူမွေးသော ကလေးသည် ယောကျ်ားလေးလား၊ မိန်းကလေးလားဟုပင် သိသွားရမည် မဟုတ်ဟုဆို၏။ **ဦးကျော်စံ**မှာလည်း သူ့ထက် အသက်တစ်ဝက် နီးနီးငယ်သော အိမ်ကမိန်းမကို စိတ်မချစကား ဆိုလာသည်။ ယခင်ကတော့ သူမိန်းမ ငယ်ငယ်လေး ယူထားသည်ကို 'ငါက စာဆိုနဲ့အညီ ယူထားတာကွ၊ ဒွေးချိုးလေးတိုးတဲ့ မင်းတို့ မှတ်ထားကြ၊ ခုငါက ငါးဆယ့်လေးနှစ်၊ ငါ့မိန်းမက သုံးဆယ့် တစ်နှစ်။ ယောကျ်ားနဲ့ မိန်းမဆိုတာ ဒါမှညီမျှတာ၊ ရှယ်တူတန်းတူယူကြတော့ မိန်းမဆိုတာက အာဝေနိကဒုက္ခဆိုတဲ့ မလွဲတရားတွေနဲ့ အသက်ကလေးလည်း ၄၀–ကျော်ရော ကလေးမမွေးချင်တော့ဘူး။


BURMESE CLASSIC .com

www.burmeseclassic.com

လင်စိတ် သားစိတ်ကုန်ရော။ အဲ့ဒီအခါမှာ အသက်လေးဆယ်အရွယ် အိမ်က ဟာကြီးက ကမြင်းလို့ကောင်းတုန်း။ ဒါနဲ့ နောက်တစ်ယောက်ယူရော။ အဲဒီမှာတင် ပြဿနာတွေက အလုံးလိုက် အခဲလိုက် ဝင်ကြတော့တာပဲ။ အဲဒါကြောင့် ငါက ရှေးမြန်မာတွေ နည်းအတိုင်း ဒွေးချိုးလေးတိုးနဲ့ ယူထားတာ 'ဟု ဂုဏ်ယူဝင့်ကြွားကာ မပြောနိုင်တော့။ ' ငါသာ ပင်လယ်ပြင်ထဲ သေသွားရင် ကလေးလေးငါးယောက်နဲ့ မလုပ်တတ် မကိုင်တတ် ဒုက္ခပဲ ' ဟု မျက်ရည်လေးစမ်းစမ်းနှင့် တမ်းတမ်း တတ ဆိုလာသည်။

**မြရွှေ**ကလည်း အားကျမခံ ' ဦးလေးတို့ကတော့ သေမယ် ဆိုလည်း သေပျော်ပြီပေါ့ဗျာ၊ မိန်းမလဲ ရဖူးပြီးပြီ။ သားတွေ သမီးတွေလည်း ဦးလေးတို့ ကိုယ်ပွား လေးတွေအဖြစ် လောကထဲချန်ထားနိုင်ပြီ။ လူ့ဘဝမှာ တော်ရှော့ပေါ့၊ ကျွန်တော်တို့မှာသာ လူ့လောကကြီးထဲ ရောက်လာပြီး ကောင်းမှန်း ဆိုးမှန်း မသိခင် သေသွားရမယ်ဆိုတော့ 'ဟု ပြောသည်။ ဝမ်းဗိုက်လေးပြည့်လာသောအခါ နှလုံးသားရေးရာဘက် လှည့်တွေး ၍ ဆွေးကြ၊ လွမ်းကြ၊ ကျိတ်ငိုကြ၊ ရယ်ကြနှင့်ပင် သမုဒ္ဒရာထက်မှာ နတ်တော်လ၏ ဆန်းစသော်တာကို မြင်လာရသည်။

သားသမီးနှင့် ဇနီးမယားများကို အမြဲသတိရနေသူ ဦးစီးမှူးကြီး **ဦးကျော်ဝင်း**သည် ဘယ်တော့မှ မျှော်လင့်ချက်ကို အဆုံးမသတ်။ သူများတွေက ဘယ်သင်္ဘောကိုမှ စိတ်မဝင်စားကြသော်လည်း၊ သူ့ခမျာကား ညဆိုလျှင်လည်း သင်္ဘောမီးမြင်သည်နှင့် အဝတ်စုတ်တွေကို လိပ်ဆီနှင့် လူးကာ မီးထွန်းယမ်းပြလျက် အကူအကယ် အော်ခေါ်နေတတ်၏။ ပုစွန်နှင့်ငါးရလျှင် ကြော်စားရန်ထားသော လိပ်ဆီများကို ဖြုန်းပစ်ရမည်လားဟု **ကြည်ဟန်**က ဦးစီးမှူးကြီးကိုပင် မကျေမနပ် ဖြစ်လာသည်။ ' ခွေးမသား သင်္ဘောတွေ အားမကိုးစမ်းပါနဲ့ အစ်ကိုကြီးရာ ' ဟုလည်း ကရုဏာဒေါသနှင့် အော်ပြောတတ်လာသည်။ အကျပ်တည်းထဲ သူက မည်သူ့ကိုမှ အားမနာတော့၊ မရိုသေ နိုင်တော့။



BURMESE CLASSIC .com

www.burmeseclassic.com

## အခန်း ၁၈

တစ်နေ့တွင် ရေပေါင်းတင်တာဝန်ခံ **ဦးကျော်စံ**က လောင်စာပြဿနာကို တင်ပြလာသည်။ နှစ်ဆယ့်လေးနာရီ မီးမပြတ်အောင် သောက်ရေအတွက် ရေငန်ပေါင်းတင် ထားရလေရာ ဖျက်ထားသော ငါးလှန်းစင် ကုန်သွားသောအခါ အိပ်စင်ကို ဖျက်ပြီး မီးထိုးကြရသည်။ ယခု အိပ်စင်မှ အခင်းအနည်းငယ်နှင့် အတိုအစလေးတွေသာ ကျန်တော့သည် ဟုဆို၏။

'အဲဒါ ဘယ်လိုလုပ်ကြရင်ကောင်းမလဲ အစ်ကိုကြီးပဲပြောပါ' **ဦးကျော်ဝင်း**က **ဦးကျော်စံ**၏ မျက်နှာကိုငေးကြည့်၍ အကြံဉာဏ်တောင်း၏။

'ငါ့သဘောကတော့ ဒီလို ပင်လယ်ပြင်ထဲ မျောနေရတာနဲ့စာရင် ရောက်ချင်ရာရောက် ပေါက်ချင်ရာပေါက် ဖောင်ကို ရွက်တိုက်ပြီး လွှင့်ထားလိုက်ချင်တာပဲ။ တို့စောင်တွေလည်းပါသားပဲ တစ်နေ့ သောင်ကမ်းတစ်ခုခုတော့ ကပ်မှာပေါ့။ ခုလို နေကြလို့ကတော့ မျှော်လင့်ချက် မရှိတော့ဘူး။ **ဦးစိန်မြ** မော်တော်ကိုတော့ မင်းတို့ မမျှော်လင့်ကြနဲ့တော့။ ခုလောက်ဆို သူ့ပိုက်ကွက်ထဲ ရေပြင်မှာ တို့အတွက် သပိတ်တောင် သွတ်ပြီးပြီနေမှာ။ ငါပြောတာ ဟုတ်မဟုတ် မင်းတို့လည်း စဉ်းစားကြပါ။ ဒီကျားဖောင်ကြီးကို ပင်လယ်ပြင်မှာ ဒီအတိုင်း မျှောထားရင် ဒီရေတက်လာတာနဲ့ ကမ်းရှိရာဘက်ကို ဖောင်က မျောပါမှာပဲ။ ဒီရေကျပြန်တော့ ပင်လယ်နက်ဘက် ပြန်ထွက်ပါလာဦးမှာ၊ ဒီတော့



BURMESE CLASSIC .com

မျောလိုက် ပါလိုက်နဲ့ ဒီသံသရာထဲက လွတ်မှာမဟုတ်ဘူး။ သောင်ကမ်း ဆိုတာလည်း ဘယ်တော့မှ တွေ့မှာမဟုတ်ဘူး။ ဘယ့်နှယ်လဲ ငါပြောတာ ’

‘ဟာ ဦးလေးပြောတာ သိပ်မှန်တယ်ဗျာ၊ ဟုတ်တယ် ဒီအတိုင်း ပင်လယ်ထဲ ကြာနေရင် လောင်စာပြဿနာက ကျွန်တော်တို့ အသက်ပဲ။ လောင်စာကုန်လို့ ရေပြတ်တာနဲ့ အားလုံးသေကုန်ကြမှာပဲ။ ဒီတော့ ဦးလေး ကျော်စံ ပြောသလို ခုကပဲ ဖောင်ကို ရွက်လွှင့်ထားကြမယ်။ ရောက်ချင်ရာ ရောက်ပေါ့ဗျာ၊ တစ်နေ့တော့ သောင်ကမ်းတစ်ခုခု ကပ်မှာပဲ ’

မျက်နှာသေလေးနှင့်ထိုင်မှိုင်နေသော **ကြည်ဟန်**က ဤတစ်ခါတော့ **ဦးကျော်စံ**၏ စကားကို ကောင်းကောင်းကြီး ထောက်ခံသည်။

**ကြည်ဟန်**သာမဟုတ် **မြရွှေ**နှင့် **ဦးကျော်ဝင်း**ကလည်း သဘော တူကြသဖြင့် သူတို့၏ ကျားဖောင်ကို ရွက်လွှင့်နိုင်ရန် ချက်ချင်း ရွက်စပ် တိုင်ထူ လုပ်ကြတော့သည်။

www.burmeseclassic.com

## အခန်း ၁၉

မနက်မိုးလင်းသည်နှင့် 'ဘယ်ကမ်းကို မြင်ရပါ့မလဲ 'ဟူသော မျှော်လင့်ချက်နှင့် အမြဲကြည့်တတ်ကြသော သူတို့သည် ယနေ့လည်း နံနက် အထမှာ အရပ်ရှစ်မျက်နှာကို လှည့်ပတ်ကြည့်ကြ၏။

သောင်ကမ်းကိုတော့ ယနေ့လည်း ခါတိုင်းနေ့များလိုပင် မမြင်ကြရ။ သို့သော် ထူးခြားသော အရာဝတ္ထုတစ်ခုကိုတော့ သူတို့ဖောင်ဦးတည့်တည့် ရေပြင်ပေါ်တွင် ရုတ်တရက် မြင်လိုက်ကြရ၏။

သူတို့အားလုံး ငေးမျှော်ကြည့်ကြသည်။ ပထမဦးဆုံး မြင်ရသော **မြရွှေ**က 'သင်္ဘောနဲ့ တူတယ်ဗျ၊ ခေါင်းတိုင်လိုလိုလည်း မြင်ရတယ် 'ဟုဆို၏။

**ကြည်ဟန်**ကမူ 'မဟုတ်ပါဘူး၊ သင်္ဘောဆိုရင် အလံမြင်ရမှာပေါ့၊ တို့အရင် မြင်ဖူးတဲ့ သင်္ဘောတိုင်း အလံပါတာချည်းပဲ 'ဟုပြော၏။

**ဦးကျော်ဝင်း**က 'ဝေးသေးလို့ မမြင်ရတာလားမှ မသိတာကွာ ကြည့်ပါဦး 'ဟု မမှိတ်မသုန် မျှော်ငေးကြည့်ရင်းက ဆို၏။

မျက်စိအဝေးမှုန်သော **ဦးကျော်စံ**ကမူ 'အိမ်း 'ဟု သက်ပြင်းရှည် တစ်ချက်ကို နှမ်းလျစွာချကာ၊ 'အေး မင်းတို့လူငယ်တွေက မျက်စိကောင်း တယ် ကြည့်ကြကွာ။ ငါတော့ မင်းတို့ပြောလို့သာ ကြည့်နေရတာ ဘာဆိုဘာ တစ်ခုမှ မမြင်ရပါဘူး 'ဟုပြော၏။

www.burmeseclassic.com


သူတို့ ကျားဖောင် ဦးတည်ရွေ့လျားနေသော ရှေ့တည့်တည့် ရေပြင်ပေါ်က အရာဝတ္ထုကို သင်္ဘောလား ... စက်လှေလား .... ဘာလား ညာလားနှင့် မျှော်ကြည့်နေကြ၏။ မည်သူကမျှ တိတိကျကျ မပြောနိုင်ကြသေး။ ခရီးအကွာအဝေးကလည်း အမြင်တစ်ဆုံး မိုးကုပ်စက်ဝိုင်းနားမှာ။

မှန်တိုင်း တိုက်ပြီးသွားကတည်းက အရှေ့တောင်လေသည် လုံးဝပြတ်သွား၏။ မြောက်ပြန် ဆောင်းနှင်းလေက သူတို့ဖောင်ကို သယ်ဆောင်နေသည်။ သူတို့ဖောင် အနောက်တောင်ဘက်ကို ရွေ့လျားနေသည်ကိုတော့ အားလုံး သတိပြုမိကြလေသည်။

မျက်စိတစ်ဆုံး မိုးတစ်ဆုံး ရေပြင်ပေါ်၌ ပေါလောမျောနေသော မည်းမည်း ကွက်ကွက် အရာဝတ္ထုကလေးကို သူတို့အားလုံး 'ကျွန်းလား၊ သောင်ကမ်းလား 'ဟူသော မျှော်လင့်ချက်နှင့် စူးစူးစိုက်စိုက် ငေးကြည့်နေကြ၏။

သည်လိုနှင့် တစ်နာရီခန့်ကြာသွားသည်။ ထိုအရာဝတ္ထုသည် သူတို့မြင်ကွင်းထဲ ကွက်ကွက်ကွင်းကွင်း ဝင်လာ၏။ ထိုအရာဝတ္ထုမှာ ရွက်လွှင့်ထားသော သူတို့ဖောင်လို အမြန်နှုန်းဖြင့် ရွေ့လျားမှု မရှိ။ လှိုင်းလုံးပေါ်က ရေပြင်၌သာ အိဝဲအိဝဲမျောနေ၏။ သို့သော် တစ်ခါတစ်ခါမှာတော့ ရေပြင်ပေါ်က နှင်းလွှင်ပြင်ထဲပျောက်သွား၏။ ခဏအကြာမှာ ပြန်ပေါ်လာပြန်သည်။

' သင်္ဘောမဟုတ်ဘူးဗျို့ ... စက် ....... စက်လှေ၊ ဟာ ... စက်လှေလည်း မဖြစ်နိုင်ဘူးဗျ၊ ရွက်ပါတာမတွေ့ရဘူး '

မြင်စက မီးခြစ်ဘူးခွံလောက်သာရှိသော အရာဝတ္ထုမှာ ယခုအခါ သေတ္တာကြီးတစ်လုံး ပမာဏခန့်ထိ မြင်လာရသည်။

'လေမသင့်လို့ ရွက်မလွှင့်ဘဲ စက်နဲ့သွားနေတာလားမှ မသိတာ'

'မဟုတ်ပါဘူး ကြည်ဟန်ရာ .... စက်လှေနဲ့မတူပါဘူး၊ ဟာ ..... ဖောင်ကွဖောင် တို့ကျားဖောင်လိုပဲ ပင်လယ်ထဲမျောနေတဲ့ဖောင်ကွ '



BURMESE CLASSIC .com

www.burmeseclassic.com


'ဟုတ် .... ဟုတ်တယ် ထင်တယ် အစ်ကိုကြီး၊ ဖောင်ပေါ်မှာလည်း ငှက်တွေလားဗျ။ ကြည့်ကြပါဦး၊ ပင်လယ်စင်ရော်ကြီးတွေလား၊ စွန်ရဲတွေလား၊ မိုးပေါ်မှာ ဝဲနေကြတာ မြင်ရတယ် '

**ကြည်ဟန်**နဲ့ **ဦးကျော်ဝင်း**တို့ စကားထဲ **မြရွှေ**ကလည်း ဝင်ပါ၍ သူမြင်နေရသည်ကို ပြော၏။ မျက်စိအဝေးမှုန်သူ **ဦးကျော်စံ**ကမူ 'ဆိုခဲစေ၊ မြဲစေ ' သဘောနှင့် ယခုထိ သူ့ထင်မြင်ချက်ကို မပြောသေး၊ ငေး၍သာ ကြည့်နေဆဲ။ မြင်ကွင်းမှာ နီးကပ်လာသည်။ စောစောက မြင်နေရသောအရာဝတ္ထုမှာ ထင်ရှားပီပြင်လာ၏။ ပင်လယ်ထဲမျောနေသော ဖောင်တစ်ဖောင်။ သူတို့ ဖောင်လို ရွက်မပါသဖြင့် ရွေ့လျားမှုကတော့ မသိသာလှ။ သို့သော် လှိုင်းလုံးကြီး တွေပေါ် မြောက်ပါသွားတိုင်း အင်္ဂလန်ကျားဖောင် တစ်ဖောင်၏ အင်္ဂါရပ်တွေ ကိုတော့ ပီပီပြင်ပြင် မြင်လာရပြီ။ အိပ်စင်၊ မီးဖိုချောင်၊ ငါးလှန်းစင် .... ။

'ဖောင်ပေါ်ဝဲလိုက်လာကြတဲ့ ငှက်တွေကတော့ ပင်လယ်ပျော် စင်ရော်ကြီးတွေပဲ နေမှာ။ စင်ရော်တွေဟာ ငါတို့ရေလုပ်သား သင်္ဘောသား တွေအတွက် မိတ်ဆွေကောင်းတွေပဲ၊ တစ်ခါတစ်ခါ သင်္ဘောကြီးတွေ လေမုန် တိုင်းမိပြီး ရေကြောင်းလွဲသွားရင် သူတို့က ရေကြောင်းပြကြတယ်တဲ့။ အဲဒါ ကြောင့် ဟိုခေတ်တုန်းကဆိုရင် ပင်လယ်စင်ရော်တွေကို မသတ်ရဘူးလို့ ဥပဒေ တောင် ထုတ်ထားတယ်တဲ့။ ငါတို့ ဘိုးဘွား ရေလုပ်သား တံငါသည်များက လည်း ပင်လယ်စင်ရော်တွေဟာ ငါတို့ရဲ့ မိတ်ဆွေလို့ပြောကြတယ်၊ ခုတို့ မိတ်ဆွေကို တွေ့နေ၊ မြင်နေရပြီ၊ တို့မသေပျောက်နိုင်တော့ဘူး၊ ဘာမှ အားမ ငယ်ကြနဲ့တော့၊ ပင်လယ်ပြင်မှာ စင်ရော်ငှက်တွေကို မြင်ရရင် လူသူလေးပါးနဲ့ နီးလာပြီလို့ မှတ်ရမယ်၊ ဒီ ပင်လယ်စင်ရော်ကြီးတွေဟာ ဒီလိုပဲ သင်္ဘောတွေ စက်လှေတွေနဲ့ မိတ်ဖွဲ့ပြီး သင်္ဘောနောက် စက်လှေတွေနောက် လိုက်ပါ လေ့ရှိကြတယ်၊ ခုလည်း သင်္ဘော တစ်စင်း စက်လှေတစ်စင်းနောက် လိုက်ကြ


BURMESE CLASSIC .com

www.burmeseclassic.com


ရင်းက လမ်းခွဲပြီး၊ ဖောင်နောက် လိုက်လာကြတာ ဖြစ်ရမယ် ’

**ဦးကျော်စံ**က ယခုမှ ထင်မြင်ချက်ပေး၏။

ထိုအချိန်မှာပင် အရှေ့မြောက်လေသုတ်ဖြူးလိုက်ရာ၊ သူတို့ ဖောင်မှာ ဖောင်မျောနှင့် ပို၍နီးသွား၏။ မြင်ကွင်းက ရှင်းသထက် ရှင်းလာသည်။

‘ စင်ရော်တွေ မဟုတ်ဘူး အစ်ကိုကြီး၊ ကျွန်တော့် မျက်စိထဲတော့ စွန်ရဲတွေလားထင်ရတယ်၊ ကြည်ဟန် သေသေချာချာ ကြည့်ကွာ ’

‘ စင်ရော်တွေ မဟုတ်ဘူး၊ စွန်ရဲတွေပဲဖြစ်ရမယ်၊ အတောင်ပံကြီးတွေက တစ်လံနှစ်လံ ရှည်တာဗျ ’**ဦးကျော်ဝင်း**စကားကို **မြရွှေ**ကလည်း ထောက်ခံ၏။ **ကြည်ဟန်** ကမူ ‘ ဖောင်ပေါ်မှာ လူတွေပါတယ်ဗျ၊ လှုပ်လှုပ်ရှားရှား လုပ်နေကြတာ မြင်ရတယ် ’ဟုဆိုသည်။

ကောင်းကင်မှ ငှက်များကိုသာ ဂရုတစိုက် ကြည့်နေကြသော **ဦးကျော်ဝင်း၊ မြရွှေ**နှင့် **ဦးကျော်စံ**တို့ကလည်း **ကြည်ဟန့်**စကားကြောင့် ချက်ချင်း ဖောင်ပေါ် အကြည့်ရောက်သွားကြပြန်၏။

‘ ဟော ... ဟုတ်တယ် ... ဟုတ်တယ်၊ သူတို့ကလည်း ကျွန်တော်တို့ကို လှမ်းမြင်လို့နဲ့တူတယ်၊ လှုပ်လှုပ်ရှားရှားနဲ့ လက်ပြနှုတ်ဆက်နေကြတယ် ’

နေဝန်းသစ်၏ နေရောင်ခြည်နှင့် ရေပြင်မှရောင်ပြန်ကြားထဲ နှင်းငွေ့နှင်းမြူတွေက ဝင်လာရာ ဖောင်မျောကြားနှင့် သူတို့ဖောင်ကြားမှာ ဝိုးတဝါး ဖြစ်သွားပြန်သည်။

‘ ဗျို့ .... ဘယ်က ဖောင်လဲဗျ၊ မှန်တိုင်းမိလို့ ကျုပ်တို့လည်း ဖောင်မျောလာတာ၊ ကျုပ်တို့နောက်မီးဘက်က လူတွေပါ၊ ခင်ဗျားတို့ ဘယ်ကလဲ ’

**ကြည်ဟန်**၏အသံ အဆုံးမှာ ဖောင်ပေါ်ကလူများ ပို၍ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။ ဖောင်ပေါ်ထက်ရှိ မိုးကောင်းကင်တွင် ပျံဝဲနေကြသော ငှက်များလည်း ပို၍ ပလူပျံလာကြသည်။


BURMESE CLASSIC .com

www.burmeseclassic.com


သူတို့ဖောင်နှင့် ငှက်များပျံ့ဝဲနေကြသောဖောင်မှာ ခေါ်တစ်ကြား၊ မြင်တစ်ပြသို့ ရောက်နေကြပြီ၊ စူးရှသော နေရောင်ခြည်နှင့်အတူ ပြိုက်ခွဲစပြု နေသော ရေပေါ်နှင်းထုတစ်လွှာကိုလည်း ဖောင်က ဖောက်ထွက်လာသည်။ မြင်ကွင်းမှာ ပိုရှင်းသွား၏။

သို့သော် ဝမ်းသာအားရနှင့် **ကြည်ဟန်**က ဆက်ခေါ် အော်ဟစ်နေသည်။

'ဟေး .. ခင်ဗျားတို့ ဘယ်က ကျားဖောင်လဲ၊ ဘိုကလေးဘက် '

'ဟော့ကောင် .... ဟော့ကောင်၊ ဖောင်ပေါ်မှာ လူတွေမဟုတ်ဘူး ..... သရဲ ...အဲ .... လင်းတတွေ၊ လင်းတကြီးတွေဟ '

'ဟေး ..... '

ဦးစီးမှူးကြီး **ဦးကျော်ဝင်း** စကားကြောင့် အားလုံးအထိတ်တလန့် ဖြစ်သွားကြသည်။

မှန်သည်။ အဝေးက ကြည့်လျှင် လူတွေ ငုတ်တုတ်ထိုင်နေကြသလား၊ မတ်တတ်ရပ်ပြီး လျှောက်သွားနေကြသလား ဟုထင်ရသော မည်းမည်း မှောင်မှောင် အရာဝတ္ထုတွေမှာ အဏ္ဏဝါလင်းတ မောက်နီကြီးများ ချည်းသာ .... ။

လွှင့်ထားသော ရွက်အရှိန်နှင့် တအိအိသွားနေသော သူတို့ဖောင်မှာလည်း အဏ္ဏဝါလင်းတကြီးများ ကြီးစိုးနေသော ကျားဖောင်နှင့် ပိုပြီး နီးကပ်လာလေရာ မြင်ကွင်းမှာ ပီပီပြင်ပြင် ရှင်းရှင်းလင်းလင်း ဖြစ်လာသည်။ အမြင်မှားစရာ မရှိတော့။

လူတွေ အော်ဟစ် ပြောဆိုကြသံ၊ ရွက်ကို လေတိုး၍ တဖျပ်ဖျပ်မြည်သံတို့ကြောင့် လင်းတကြီးများသည် လန့်ဖျပ်ကုန်ကြ၏။ အပေါ်မှ ဝဲဆင်းလာနေကြသော အကောင်များက လမ်းကြောင်းလွှဲပြီး တစ်ဘက်လွှဲ ပျံသွားသလို၊


BURMESE CLASSIC .com

www.burmeseclassic.com


ဖောင်ပေါ်မှ လင်းတကြီးအချို့ကလည်း မတက်ချင် တက်ချင်နှင့် လေးလေးပင် မိုးပေါ် ပျံတက်ပြေးနေကြ၏။ အချို့ကမူ ယခုထိ ဖောင်ပေါ်မှနေပြီး၊ သူတို့ဖောင်ကို လည်ပင်းရှည်ကြီး ဆန့်ထုတ်ကာ ငေးကြည့်နေကြတုန်း။

'အိမ်း ... ဟိုဖောင်က လူတွေတော့ အကုန်သေကုန်ကြပြီနဲ့ တူတယ်၊ တို့ အဲဒီဖောင်နားကို ကပ်နိုင်အောင် ကြိုးစားကြရမယ်'

အဏ္ဏဝါလင်းတကြီးများ ကြီးစိုးနေကြသော ဖောင်ကို ယခုအခါ နီးနီးကပ်ကပ် ထင်ထင်ရှားရှား မြင်နေရပြီး ဖြစ်သဖြင့် **ဦးကျော်စံ**က ပြောလိုက်၏။

'ဟာ .... အစ် ....အစ်ကိုကြီး ..... မဟုတ်တာဗျာ၊ အဲဒီဖောင်နားသွားကပ်လို့ ဘယ်ဖြစ်မလဲဗျ၊ ဝေးဝေးကတောင် ရှောင်သွားကြရမယ့် ဥစ္စာ ...... ဘယ့်နှယ် .... ဘယ့်နှယ် .... လင်းတဖောင်နားသွားကပ်ရမယ်လို့'

**ဦးကျော်စံ**၏ စကားကို ဦးစီးမှူး**ဦးကျော်ဝင်း**က ချက်ချင်း ကန့်ကွက်၏။

'ဟုတ်တာပေါ့၊ ဘယ် .... လင်းတဖောင်နား သွားကပ်လို့ ဖြစ်မလဲ၊ ဦးလေးကလည်း'

**ကြည်ဟန်**ကလည်း **ဦးကျော်ဝင်း**၏ စကားကို ထောက်ခံ၏။

**မြရွှေ**မှာမူ နီးကပ်နေပြီဖြစ်သော ဖောင်မျောမှ လင်းတကြီးများကို ကြည့်လိုက်၊ **ဦးကျော်စံ၊ ဦးကျော်ဝင်း**နှင့် **ကြည်ဟန်**တို့မျက်နှာကို ကြည့်လိုက်နှင့် ဘာပြောရမှန်းမသိ ဖြစ်နေ၏။

'ဘာဖြစ်လို့လဲကွ ကြည်ဟန် ပြောစမ်းပါဦး'

**ဦးကျော်စံ**က **ကြည်ဟန်**နှင့် **ဦးကျော်ဝင်း**တို့၏ မျက်နှာကို လှည့်မကြည့်ဘဲ ဖောင်မျောတွေဘက် ကြည့်ရင်းက မေး၏။

'မတော်လို့ လင်းတကြီးတွေက ကျွန်တော်တို့ကို ဝိုင်းကိုက်ကြရင် ဘယ့်နှယ်လုပ်မလဲ၊ ပင်လယ်လင်းတကြီးတွေက နည်းနည်းနောနော အကောင်

www.burmeseclassic.com


ကြီးတွေမဟုတ်ဘူး၊ ဦးလေး သေသေချာချာ ကြည့်စမ်းပါဦး။ ထိုင်နေကြတာ တောင် လူတစ်ရပ်လောက်မြင့်တဲ့ အကောင်ကြီးတွေဗျ။ ကျွန်တော့်အထင် ပြောရရင်တော့ ဒီလင်းတကြီးတွေက အဲဒီဖောင်က လူတွေ အစာငတ် ရေငတ် ဖြစ်ပြီး မေ့မျောနေချိန်မှာ လင်းတကြီးတွေက ဝမ်းဗိုက်ကိုဖောက် အူတွေ ဆွဲထုတ်၊ မျက်စိကို .... '

'ဟေ့ကောင် ကြည့်ဟန်၊ တော်စမ်း၊ တောက်တီးတောက်တဲ့ကွာ၊ လင်းတဆိုတာ ငှက်သူတော်ကောင်းတွေကွ၊ သူတို့ဟာ သူတစ်ပါးအသက် သတ်စားဖို့ မပြောနဲ့ အသေကောင်ကို ဆင်းပြီးစားတဲ့အခါမှာတောင် သွေးစိမ်း တွေ ထွက်လာရင် တခြားသိန်းငှက် စွန်ရဲမျှားလို ဆက်မစားတော့ဘဲ ချက်ချင်း ပျံသွားတတ်ကြတယ်။ အင်မတန် သစ္စာရှိတဲ့ ငှက်တွေပါ။ လင်းတငှက်တွေဟာ ဘယ်လောက်ထူးဆန်းသလဲဆိုရင် သူတို့ ဥခွံက ပေါက်လာပြီး ကောင်းကင်ပေါ် ပျံတက်တတ်တဲ့ အရွယ်အထိ ဘယ်ပိုးမွှား တိရစ္ဆာန်ကိုမှ သတ်ဖြတ်မစားဘဲ ကြီးလာကြတာတဲ့ '

'ခင်ဗျားကလည်း အရေးထဲ မဟုတ်မဟတ်တာတွေ ပြောပြန်ပြီ '

'ခွေးကောင်၊ ငါဘယ်တုန်းက မဟုတ်မဟတ်တာ ပြောလို့လဲ '

' ခုပြောနေတာပဲဗျ။ ဦးလေးလိုပဲ ကျွန်တော်လည်း ဘုန်းကြီး ကျောင်းနေဖူးပါတယ်။ ကံ စိတ် ဥတု အာဟာရဆိုတဲ့ အကြောင်းတရား လေးပါးနဲ့ ကင်းပြီး အသက်ရှင်လာတဲ့ သတ္တဝါ၊ တိရစ္ဆာန်ဆိုတာ မရှိနိုင်ပါဘူးဗျ၊ ဘုရားတောင် ခြောက်နှစ်လုံးလုံး အစာမစားဘဲ ဥရုဝေလတောထဲ ကျင့်ကြည့် တာ သုံးဆယ့်နှစ်ပါးသော ရုပ်လက္ခဏာတွေကွယ်ပြီး အရိုးပဲ ကျန်တယ်ဆို မဟုတ်လား '

' ဘာဆိုင်လဲကွ '

' သိပ်ဆိုင်တာပေါ့။ သူ အဲ .... ဗုဒ္ဓအလောင်းဟာ အဲဒီလို မစား


BURMESE CLASSIC .com

www.burmeseclassic.com


မသောက်ဘဲ ကျင့်တာ မှားတယ်၊ အတ္တကိလမထအကျင့်ဖြစ်တယ်၊ ကိုယ့်ကိုယ်ကိုယ် ပင်ပန်းညှဉ်းဆဲပြီး ကျင့်တာ မှားတယ်ဆိုတဲ့အမြင်ကို ရလို့ မဇ္ဈိမပဋိပဒါဆိုတဲ့ အလယ်အလတ် အစွန်းနှစ်ဘက်ရှောင်တဲ့ အကျင့်ကို ကျင့်ပြီး အစာစားလို့ ဘုရားဖြစ်လာတာ၊ ခင်ဗျားလင်းတတွေက ဘာမှမစားဘဲ ကြီးလာတယ် ဆိုတော့ ဘုရားထက်တောင် ’

‘ ဟ ... တို့ကြည်ဟန်ကလည်း အဟုတ်ကြီးပဲကွ။ သိပ္ပံရော ဝိဇ္ဇာရော မင်းတော်တယ် ’ ဟု **ဦးကျော်ဝင်း**က ဝင်ပြောရာ **ဦးကျော်စံ**က

‘ ဟော့ကောင် ... ကြည်ဟန်၊ မင်းကိုငါက လင်းတလေးတွေဟာ ဘာမှမစားဘဲ ကြီးလာတယ်လို့ ပြောလို့လားကွ ’

‘ ဟော့ .... ဗျာ .... ချက်ချင်းပဲ ငြင်းပြန်ပြီ၊ တွေ့လား အစ်ကိုကြီး၊ စောစောက ခင်ဗျားပဲ ပြောတယ်လေ၊ ဥခွံကပေါက်လာပြီး ကောင်းကင်ပေါ် ပျံတက်တတ်တဲ့အထိ ဘာမှမစားဘဲ ကြီးလာတာဆို ’

‘ ငါပြောတာက အသက်ဇီဝရှိတဲ့ ပိုးကောင် မွှားကောင်တွေကို သတ်ဖြတ်ဖမ်းမစားဘဲလို့ ပြောတာပါကွ ’

‘ ဒါဆို ခင်ဗျား လင်းတလေးတွေ ဘာစားပြီး ကြီးလာလဲ ’

‘ လေကို စားပြီး ကြီးလာတာကွ ’

‘ ခင်ဗျားလူကြီးနော် ဂွမပြောနဲ့ဗျ ’

‘ ဟော့ ...... ကောင် ဂွပြောတာမဟုတ်ဘူး ကြည်ဟန်၊ မင်းမသိရင် ငါပြောပြမယ် လင်းတကလေးတွေဟာ ဥကပေါက်ပြီး အကောင်ကလေးဘဝကို ရောက်တာနဲ့ ပါးစပ်ကိုဟာပြီး အစာတောင်းကြတယ်။ မိဘက အစာမပေးတော့ ပိုပြီး ကျယ်ကျယ်လောင်လောင် အော်လာကြတယ်။ အဲဒီအခါမှာ သူတို့ပါးစပ်ထဲ လေတွေဝင်လာတယ်။ အဲဒါကြောင့် စောစောက လေကိုစားပြီး ကြီးလာကြတယ်လို့ ငါပြောတာ။ အာနာပါနပေါ့ကွာ။ ထွက်သက် ဝင်သက်လေနဲ့ပဲ


BURMESE CLASSIC .com

www.burmeseclassic.com


ကြီးပြင်းလာကြတာ။ တစ်နည်း မင်းတို့ ခုခေတ်စကားနဲ့ ပြောရရင်တော့ မျှော်လင့်ချက်နဲ့ အသက်ရှင်လာကြတယ်လို့ ပြောရမှာပေါ့။ လင်းတမကြီးတွေကို သူတို့ဘာသာ ဘာဝကလေးတွေက အမေ ကျွန်တော်တို့အတွက် အစာပေးပါလို့ တောင်းကြတယ်တဲ့၊ အဲဒီတော့ အမေဖြစ်တဲ့ လင်းတမကြီးက သားရယ် ဒီနေ့တော့ အမေ အစာရှာလို့ မရခဲ့သေးဘူး၊ မနက်ဖြန်မှ စားပါလို့ ပြောထားသတဲ့၊ မနက်ဖြန်ဆိုရင် သားတို့ စားဖို့ အမေရှာလာခဲ့မယ်ပေါ့ကွာ။ မနက်ဖြန်ကျတော့လည်း သန်ဘက်ခါမှ၊ ဒီနေ့လည်း မရခဲ့သေးဘူးပေါ့။ သန်ဘက်ခါကျတော့လည်း အဖိတ်နေ့ခါမှ ရှာလာပေ့ါမယ်ပေါ့။ ဒီလိုနဲ့ ယနေ့ အကြွေးမရောင်းပါ ဆိုသလို ပေါ့ကွာ၊ မနက်ဖြန် မနက်ဖြန်နဲ့ပဲ လင်းတလေးတွေဟာ ကြီးပြင်းလာကြတယ်တဲ့၊ အဲဒါ ဘာကြောင့် အစာမစားရဘဲနဲ့ ကြီးပြင်းလာကြလဲ မင်းတို့သိလား...'

'လေကို စားလို့ပဲ ဆိုပါတော့ '

'အေး ဝိပဿနာနည်းနဲ့ ပြောရရင်တော့ အာနာပါနပေါ့ကွာ၊ လေကို ရှူရှိုက် စားသောက်ရလို့ ဆာလောင်မွတ်သိပ်စေတတ်တဲ့ ဝမ်းမီးကို ငြိမ်းအေးစေတာလည်းပါတယ်၊ နောက်တစ်ချက်က ခုတို့လူစကားနဲ့ ပြောရရင် မနက်ဖြန်စားရမှာပဲဆိုတဲ့ မျှော်လင့်ချက်နဲ့ အသက်ရှင်လာတာလည်းပါတယ်၊ တိရစ္ဆာန်တွေတောင် မျှော်လင့်ချက်နဲ့ အသက်ရှင်သေးတာ ခုလည်း မင်းတို့ ဒီပင်လယ်ပြင်မှာ ဘာအခက်အခဲနဲ့ပဲ ကြုံရကြုံရ တို့မသေနိုင်ဘူး ဆိုတဲ့ မျှော်လင့်ချက်ကိုထားကြ၊ အဲဒီ လင်းတကလေးတွေရဲ့ မနက်ဖြန် အစာစားရမယ်ဆိုတဲ့ မျှော်လင့်ချက်၊ တောင့်တမှု 'ချင်'ခြင်းမျိုးကို ဘယ်လိုမျှော်လင့်ချက်မျိုးလို့ ထင်လဲ '

'ကျွန်တော်တို့က ဝိပဿနာ ထိုင်ဖူးတာမှ မဟုတ်တာ ဦးလေးရာ ဘယ်သိမလဲ '**ဦးကျော်စံ**၏ ကျိုးကြောင်း ဆီလျော်သော စကားကြောင့် ဤတစ်ခါတော့ **ကြည်ဟန်**မှာ လေသံ ပျော့လာသည်။

'အေး ... မသိရင် မင်းတို့ မြဲမြဲစွဲစွဲ မှတ်ထားကြ၊ ဘုရားဟောတဲ့

www.burmeseclassic.com


ပဋ္ဌာန်းနှစ်ဆယ့်လေး ပစ္စည်းထဲမှာ ပစ္ဆာဇာတပစ္စည်းဆိုတာပါတယ်၊ ပစ္ဆာဇာတ ပစ္စယေန၊ လင်းတငယ်တို့၏ အာဟာရ၌ ချစ်ခြင်းစေတနာသည် နောက်မှဖြစ်၍ ထင်ရှားရှိသော ကိုယ်အား ကျေးဇူးပြုသကဲ့သို့ နောက်မှဖြစ်သော ပစ္ဆာဇာတ ပစ္စကသတ္တိဖြင့် ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ ဖြစ်၏တဲ့ အဲဒါ ဘုရားဟောပဲ ’

‘ အံ့သြစရာပဲနော် အစ်ကိုကြီး ’

**ဦးကျော်ဝင်း**က **ဦးကျော်စံ**၏ မျက်နှာကို တလေးတစား ကြည့်၍ ပြော၏။

‘ ငါပြောမယ်၊ လင်းတတွေဟာ ဒီ့ထက် အံ့သြစရာကောင်းတာ ရှိသေးတယ်။ လင်းတငှက်တွေဟာ မိုးပေါ်ကို ဘယ်လောက်ထိ အမြင့်ပျံ တက်နိုင်သလဲဆိုရင် ဒီကမ္ဘာကြီးကို ဆန်ကောလောက်ပဲ မြင်ရတဲ့ အမြင့်ထိ ပျံတက် နိုင်ကြတယ်။ မိုးပေါ်မှာ ပျံဝဲပြီး မစားမသောက်ဘဲ သုံးလေးလ နေနိုင် ကြတယ်တဲ့။ အဲဒီလို ဘာကြောင့် နေနိုင်သလဲဆိုတော့ သူတို့ဟာ ငယ်ငယ်က တည်း မွေးကတည်းကပဲ လေကိုစားပြီး ထွက်သက် ဝင်သက်ကို ရှုရှိုက်ပြီး ရှင်သန်လာကြတဲ့ အကျင့်ရှိလို့၊ တစ်နည်းပြောရရင် အဿာသ၊ ပဿာဆိုတဲ့ ဝိပဿနာတရားကို သိသိ မသိသိ ကြိမ်ဖန်များစွာ လေ့လာထားလို့ ပွားများ ထားလို့၊ လေ့ကျင့်ထားလို့၊ အဲဒီလို ထွက်လေ ဝင်လေကို ကြိမ်ဖန်များစွာ လေ့လာထားလို့လည်း လင်းတတွေရဲ့ မျက်စိတွေဟာ ဘယ်လောက် ကြည်လင်ပြီး ဘယ်လောက် အကြည်ဓါတ်ရနေလဲဆိုရင် ကမ္ဘာကြီးကို ဆန်ကောဝိုင်းလောက် ပဲ မြင်ရတဲ့အမြင့်ကို ရောက်နေပေမယ့် မြေပြင်မှာ ပိုး၊ ပုရွက်ဆိတ်တွေ သွားလာ နေကြတာကိုတောင် မြင်ရတယ်လို့ တို့အဘိုးအဘွားတွေ ပုံပြောတဲ့အခါ ပြောပြ ဖူးတယ်။ ဒါလည်း ဖြစ်နိုင်တာပဲ။ အဲဒါကြောင့်လည်း လင်းတငှက်တွေဟာ ဘယ်မှာ ခွေးသေကောင်ပုပ်ရှိတယ်ဆိုတာ သိတာ၊ မြင်တာပေါ့။ ခုပဲ ကြည့်လေကွာ


BURMESE CLASSIC .com

www.burmeseclassic.com


ဒီလောက် အပြောကျယ်တဲ့ ပင်လယ်ပြင်ကြီးထဲက ဖောင်နဲ့ လူသေတွေကို မြင်ရတာသာကြည့်တော့။ ဒီထက်ထူးခြားတာကတော့ လင်းတတွေရဲ့ အာလယ ပြတ်ခြင်းပဲ။ ဘယ်လို အာလယပြတ်လဲဆိုတော့ ပုံသကူလို့ပြောရမယ့် အသေ ကောင်ပုပ်တွေကို တွေ့ရင် အဝစားမယ်။ မတွေ့ဘူး၊ မစားရဘူးဆိုရင်လည်း တခြား တိရစ္ဆာန်တွေလို ပင်ပန်းကြီးစွာ ရှာဖွေမနေဘူး။ ကောင်းကင်ပေါ်မှာ ဝဲပြီး လေကိုစားနေတာပဲ။ အစာအာဟာရနဲ့ ပတ်သက်ပြီး အာလယများစွာ မထားဘူး။ ဘယ်လောက်ထိ အာလယပြတ်လဲဆိုရင် သူ့သား သမီးတွေအတွက်တောင် တစ်ပဲ့တစ်စ ယူမသွားဘူး။ လင်းတတွေဟာ တခြားသိန်းငှက် စွန်ရဲတို့လို ကြက်ကလေး ငှက်ကလေးတွေကို ကိုက်ချီယူသွားတာ မင်းတို့မြင်ဖူးလား။ ဘယ်တော့မှ ယူမသွားဘူး။ အဲဒါကြောင့် ငါစောစောက ပြောတယ် မဟုတ် ဘူးလား။ လင်းတငှက်တွေဟာ ငှက်သူတော်ကောင်းတွေပါ။ မင်းတို့ကို မကိုက် ပါဘူးလို့၊ အော်ဟစ် လှန့်လိုက်ရင် မိုးပေါ်ပျံတက်သွားကြမှာပါ '

'ဦးလေးကလည်း၊ ကျွန်တော်တို့ကို လင်းတတွေမကိုက်ဘူးဘဲ ထား ပါဦး။ အဲဒီ လူသေတွေ ရှိနေတဲ့ဖောင်နားသွားကပ်လို့ ဘာအကျိုးရှိမှာလဲ '

'မင်းက ဒီလောက်ပဲ သိတာကိုးကွ၊ အဲဒီဖောင်မှာ ဆန်တွေ သောက် ရေတွေ ရှိနေရင် တို့မရနိုင်ဘူးလား၊ ပြီးတော့ .... '

'ဟာ .... ဦးလေးကလည်း အဲဒီဖောင်မှာ ဆန်တွေ သောက်ရေတွေ သာ ရှိနေရင် ဟိုလူတွေ ဘယ်သေကြမလဲ၊ သူတို့လည်း ကျွန်တော်တို့လို အစာရေ စာပြတ်ပြီး သေကြတာပဲ ဖြစ်မှာပေါ့ '

'ဟ .... တို့က ဘာလို့သေရမှာလဲကွ၊ ခွေးကောင်ရဲ့ နိမိတ်မရှိ၊ နမာမရှိ '**ဦးကျော်စံ**နှင့် **ကြည်ဟန်**တို့ စကားပြောကြပြီဆိုလျှင် ထုံးစံအတိုင်း ရေပက်မဝင် ဖြစ်နေကြရာ **ဦးကျော်ဝင်း**နှင့် **မြရွှေ**တို့မှာ ပါးစပ်အဟောင်းသား နှင့် ......


BURMESE CLASSIC .com

www.burmeseclassic.com


သို့သော် **ကြည်ဟန်**ပြောသလို အဏ္ဏဝါလင်းတကြီးများ ကြီးစိုးထားသော ဖောင်နားကိုတော့ သွားမကပ်သင့်ဟု **ဦးကျော်ဝင်း**နှင့် **မြရွှေ**တို့ကလည်း ယူဆကြ၏။

ဖောင်ပေါ်တွင် လင်းတကြီးများ အုဖောက်စားထားသော လူသေအလောင်းများကို တွေ့မြင်ရမှာကို ယခုကပင် ကြက်သီးဖြန်းဖြန်းထနေကြ၏။ သို့သော် **ဦးကျော်စံ**ကမူ သူ့အယူအဆကို မလျှော့။

'ခက်ပါလား ကြည်ဟန်ရာ ...... မင်းမသိပါဘူး၊ ဒီမှာ ငါပြောမယ်၊ ငါတို့နောက်ထပ် ပင်လယ်ပြင်မှာ ဘယ်နှစ်ရက် ဘယ်နှစ်လ ဒီလိုမျောနေကြရဦးမယ်ဆိုတာ မင်းပြောနိုင်သလား။ ခု တို့ဖောင်မှာ ငါးလုန်းစင်ရော၊ အိပ်စင်ရော ထင်းဆိုက်ရေပေါင်းတင်လို့ ကုန်ပြီ။ မကြာခင် ဖောင်တစ်ခန်း ဖြတ်ဆိုက်ကြရတော့မယ့် အခြေအနေကို ရောက်နေပြီ။ ဒီတော့ ခုလောလောဆယ်မှာ ငါတို့စားဖို့ လိပ်သားခြောက်တွေ ရှိနေပေမယ့် သောက်ရေက သိပ်အရေးကြီးတယ်ကွ။ ရေအသက်တစ်မနက်ဆိုတာ မင်းလည်းသိသားနဲ့၊ ခုသောက်ရေ ပေါင်းတင်ဖို့ တို့ဖောင်မှာ ဘယ်မှာလဲ လောင်စာထင်း၊ မင်းပြောသလို လင်းတတွေဖောင်မှာ ဆန်တို့ ရေတို့ မရှိဘူးထား၊ ထင်းတော့ တို့ကျိန်းသေ ရမယ်ကွာ။ ကျားဖောင်တစ်ဖောင်ဆိုရင် တို့ပင်လယ်ပြင်မှာ နောက်ထပ် တစ်လ၊ နှစ်လလည်း အသက်ရှင်နေနိုင်သေးတယ်။ ဘယ့်နှယ်လဲ ငါပြောတာ မင်းတို့ ဘယ်လို သဘောရကြလဲ။ ကျော်ဝင်း မင်းသဘောလည်း ပြောဦးလေကွာ '

'အစ်ကိုကြီး ပြောတာ ဟုတ်တာပဲ ကြည်ဟန်ရာ 'ဟု ဦးစီးမှူး **ဦးကျော်ဝင်း**ကပြော၏။

**ဦးကျော်စံ**ပြောသည်မှာ ကျိုးကြောင်းဆီလျော်နေသဖြင့်၊ အားလုံးလက်ခံကြရသည်။ အဏ္ဏဝါလင်းတကြီးများ ကြီးစိုးထားသော မျောဖောင်နှင့် သူတို့ ဖောင်မှာလည်း နီးသထက် နီးလာနေပြီ။


BURMESE CLASSIC .com

www.burmeseclassic.com


'ကဲ .... မင်းတို့ အားလုံးသဘောတူရင် အဲဒီဖောင်နားကို ရောက်အောင် သွားကြရလိမ့်မယ်။ လောလောဆယ် လင်းတတွေရှိတဲ့ဖောင်နဲ့ ငါတို့ဖောင်လွဲ မသွားအောင် ဝိုင်းပြီးပဲ့ထိန်းပေးကြရမယ်။ ဖောင်နားကို ရောက်တာနဲ့ ရွက်ကိုရုပ်ကြရမယ်။ လင်းတတွေကို အော်ဟစ်မောင်းထုတ်လိုက်ရင် ရပါတယ်။ တို့နီးလာလို့ ခုတောင် လင်းတတွေ ထပျံနေကြပြီပဲ'

**ဦးကျော်စံ** ပြောသည်မှာ အမှန်ပင်ဖြစ်သည်။

အဏ္ဏဝါလင်းတကြီးများ ကြီးစိုးနေသော ဖောင်မျောနှင့် သူတို့ဖောင်မှာ ကိုက်သုံးလေးဆယ်ခန့်သာ ဝေးတော့သည်။ လင်းတကြီးများသည် သူတို့ဖောင်နီးလာသဖြင့် မတ်တတ်ရပ်ကြည့်နေကြသော လူသားများကို ပီပီပြင်ပြင် မြင်နေကြပုံရ၏။ ပိုပြီး လှုပ်လှုပ်ရှားရှား ဖြစ်လာကြသလို ဖောင်ပေါ်မှ ထပျံသည့် အကောင်တွေက ထပျံနေကြပြီ။

'အရေးကြီးတာက တို့ အဲဒီ ဖောင်နားရောက်တဲ့အခါ ရှေ့ကို တို့ဖောင်လွန်မသွားဖို့ပဲ၊ ရှေ့ကိုလွန်သွားရင် တို့က ဘယ်လိုမှ ဖောင်ကို ပြန်လှည့်လို့ မရနိုင်ဘူး။ တို့မှာ ပြုံးသား ကျောက်ဟက်တစ်လုံးပါသေးတာပဲ၊ မျောဖောင်နဲ့ နီးတာနဲ့ ကျော်ဝင်းက ပြုံးသားကျောက်ဟက်နဲ့ လှမ်းပစ်၊ မိရင်ပြီးရော။ ငါပြောတာ မင်းတို့အားလုံး သဘောပေါက်ကြတယ်နော်'

'ဟုတ်ကဲ့ ပေါက်ပါတယ် အစ်ကိုကြီး'

'ဟုတ်ပြီ ဒါဆို ကျော်ဝင်း မင်းက ကျောက်ဟက်မိအောင်ပစ်၊ ငါနဲ့ကြည်ဟန်၊ မြရွှေတို့က ရွက်ကြိုးကို လွဲမသွားအောင် နှစ်ဘက်ညှပ်ထိန်းပေးမယ်၊ ကျော်ဝင်း မင်းအရေးကြီးတယ်နော်၊ တကယ်လို့ မတော်တဆ ကျောက်ဟက်လှမ်းပစ်လို့ လွဲသွားရင် တို့မှာ သံချိတ်တွေလည်းပါတာပဲ၊ သံချိတ်တွေပါ အဆင်သင့် လုပ်ထားကြ'

ပင်လယ်ပြင် အတွေ့အကြုံ ကြီးမားသော **ဦးကျော်စံ**၏ စကားကို


BURMESE CLASSIC .com

www.burmeseclassic.com


အားလုံး တစ်သဝေမတိမ်း လိုက်နာကာ မျောဖောင်နား ရောက်သည်နှင့် မျောဖောင်ကို ဖမ်းမိရန် အသင့် ဖြစ်နေကြသည်။

လင်းတဖောင်နှင့် သူတို့ဖောင်က လက်တစ်ကမ်း အလိုသို့ရောက်လာရာ အဏ္ဏဝါလင်းတကြီးအချို့မှာ လေးလေးပင်ပင်နှင့် မိုးပေါ်ထပျံကြသည်။ လူတွေကလည်း လှမ်းပြီး အော်ဟစ်ခြောက်လှန့်ကြ၏။ သို့သော် အကောင်သုံးလေးဆယ်ရှိသော လင်းတ မောက်နီကြီးအချို့မှာ ရုတ်တရက် ထမပျံကြသေးဘဲ လူတွေကိုသာ ကြောင်ကြည့် နေကြသေး၏။

တကစ် ........ ကစ် အော်လိုက်ကြသော လင်းတမောက်နီကြီးများ၏ တစ် .... ဟစ်နေကြသံနှင့်အတူ အနံ့အသက်တွေမှာလည်း စူးစူးရှရှ ဆိုးဆိုးဝါးဝါးနံလာသည်။ ‘ ကဲ ကျော်ဝင်း .... ပစ် .... ပစ် ’ ဟူသော **ဦးကျော်စံ**၏ သတိပေးသံနှင့်အတူ **ဦးကျော်ဝင်း**ကလည်း အားသွင်းကီထည့်ကာ‘ဟီး’ ဟူသော အသံကြီးကိုပြုပြီး ပြူးသားကျောက်ဟက်ကို မျောဖောင်ပေါ် လှမ်းပစ်တင်လိုက်သည်။

ပြူးသားကျောက်ဟက်က မျောဖောင်ပေါ် ‘ ဝုန်း ’ ခနဲ ကျသွားမှ ပေကပ်ကပ်လုပ်နေကြသော အဏ္ဏဝါလင်းတကြီးလေးငါးကောင်မှာ ကစ် .... ကစ် .... အသံမြည်ကာ ဖောင်ပေါ်မှ ထပျံသွားကြသည်။

ပြူးသားကျောက်ဟက်နှင့် မျောဖောင်ငြိမိချိန်မှာ ဖောင်ရွက်ကို ရုတ်ခြည်း ဖြုတ်ချလိုက်သည်။ **ဦးကျော်ဝင်း**ကလည်း ပို၍စိတ်ချရအောင် သံချိတ်တစ်ခုနှင့် လင်းတဖောင်ကို လှမ်းချိတ်ထားလိုက်၏။

ဖောင်ပေါ်မှ ပျံတက်သွားကြသော လင်းတကြီးများသည် မိုးပေါ် မြင့်မြင့်သို့ ပျံမတက်ကြသေးဘဲ ဖောင်နှစ်ဖောင်၏ အပေါ်၌သာ လှည့်ပတ် ဝဲပျံနေကြသေး၏။

အဏ္ဏဝါလင်းတကြီးများ ကြီးစိုးနေခဲ့ကြသော မျောဖောင်နှင့်

www.burmeseclassic.com


သူတို့ဖောင် မှာ ဘေးချင်းကပ်မိနေပြီ။ တွဲကြိုးကြီးတစ်ပင်နှင့် တွဲမိပြီးသောအခါ **ဦးကျော်စံ**က မျောဖောင်ပေါ် ဦးဆုံး ခုန်တက်လိုက်သည်။ ပြီးမှ **ဦးကျော်ဝင်း ကြည်ဟန်**နှင့် **မြရွှေ**တို့က မျောဖောင်ပေါ် ခုန်တက်လာကြ၏။

ဖောင်ပေါ်ခုန်တက်လာကြသော သူတွေအားလုံးမှာ နှာခေါင်းကို ပြိုင်တူလက်နှင့် ပိတ်လိုက်ကြပြီး 'ဟိုက် 'ခနဲ အသံထွက်သွားကြသည်။

ပုပ်ဟောင် ညှီစို့သော အနံ့ဆိုးများသည် သူတို့နှာခေါင်းထဲ စွတ်ဝင်လာ၏။ ထိုထက်ဆိုးသည်မှာ အဏ္ဏဝါလင်းတကြီးများ ထိုးဆိတ်စားသောက်ထားသော ဒဏ်ရာ ဒဏ်ချက်ဗရပွနှင့် အိပ်စင်အောက်မှ အလောင်းသုံးလောင်းကို မြင်မကောင်း ရှုမကောင်းစွာ မြင်လိုက်ကြရသည်။

ထူးခြား အံ့သြဖွယ်ကောင်းသည်မှာ ယင်ရိုင်း မည်းမများကို တစ်ကောင်တစ်လေမျှ မတွေ့ရခြင်းပင်။ အကယ်၍ ကုန်းပေါ်က လူသေအလောင်းတွေသာဆိုလျှင် ယင်ရိုင်းမည်းမများမှာ အသေကောင်ပေါ်၌ မည်းမည်းလှုပ်နေကြပေလိမ့်မည်။

ဤဖောင်မျောပေါ်မှ ရေလုပ်သား ဖောင်သမား တံငါသည်ကြီးများ သေသွားကြသည်မှာ ရက်အတန်ကြာပြီ ဖြစ်ပုံရသည်။ အသားနည်းသော ခြေသလုံးရိုးများ၊ လက်ချောင်းများသည် ခြောက်ကပ်မည်းပိန် နေကြ၏။ ဗိုက်ကမူ သုံးလောင်းစလုံး ဟောင်းလောင်းပေါက်၊ အူ အသည်းနှင့် တကွ၊ အတွင်းကလီစာတွေမှာလည်း လင်းတတွေစား၍ ဘာမျှမရှိတော့။

အသားတွေက ဖွာလန်ကြဲနေကြသလို ဦးခေါင်းခွံတွေမှာလည်း လင်းတကြီးတွေ နှုတ်သီးနှင့် စမ်းပေါက်ထားကြသဖြင့် ဆံပင်တွေ ကွက်တိ၊ ကွက်ကျား ကျင်းနေသည်။ မျက်လုံးတွေကလည်း အားလုံး ဟောက်ပက်၊ အကြည့်ရအဆိုးဆုံးနှင့် ထိတ်လန့်စရာ အကောင်းဆုံးမှာ အပေါ်အောက် မရှိသော နှုတ်ခမ်းမဲ့ ပါးစပ်ထဲမှ ငေါ်ထွက်ပေါ်နေသော သွားဖွေးဖွေးများပင်။


BURMESE CLASSIC .com

www.burmeseclassic.com


ဖောင်ပေါ်တွင် ဆားငန်ရေ ပြည့်နေသော ဒန်အိုးကြီး သုံးလေးလုံးနှင့် ပန်းကန်ခွက်ယောက်ကလွဲပြီး ဘာမျှမတွေ့ရ။ ဆန်ထည့်သော သစ်သားစည်ပိုင်းကြီးတွေ၊ ရေစည်၊ ရေတိုင်ကီတွေမှာ မုန်တိုင်းကျစဉ်ကပင် လွင့်ပါသွားကြပြီး ဖြစ်ဟန်တူ၏။

အမှန်က အင်္ဂလန်ကျားဖောင် တစ်ဖောင်၏ ဖွဲ့စည်းပုံအပြည့်ဆိုလျှင် လူလေးယောက် အနည်းဆုံးပါရမည် ဖြစ်သော်လည်း ယခုကား အလောင်းသုံးလောင်းသာ တွေ့ရ၏။

ဖွဲ့စည်းပုံထဲမှ လျော့နေသော လူသားတစ်ဦးမှာ မုန်တိုင်းကျစဉ်က ပင်လယ်ပြင်ထဲ ကျသေသလား၊ လမ်းခရီးတွင် အစာရေစာပြတ်ကာ စောစောသေသွားသဖြင့် ကျန်လူများက အဏ္ဏဝါသင်္ချိုင်းထဲ ပစ်ချသင်္ဂြိုလ်ထားခဲ့ကြလေသလား။ မည်သူကမျှ အတိအကျ မခန့်မှန်းနိုင်ကြ။ ဤဖောင်နှင့် ဤသေဆုံးနေကြသော လူသားများမှာ ဘယ်အရပ် ဘယ်ဒေသက ဟုလည်း မသိနိုင်ကြတော့။

**ဦးကျော်စံ**သည် စိတ်ထိခိုက်မှုကြီးစွာနှင့် ဖောင်ပေါ်မှ အလောင်းတစ်လောင်းကို ဦးဆုံးခြေထောက်ကဆွဲပြီး ပင်လယ်ပြင်ထဲ ပစ်ချလိုက်၏။ **ဦးကျော်စံ**နည်းတူ **ဦးကျော်ဝင်း**ကလည်း တစ်လောင်းဆွဲချသည်။ လူငယ်နှစ်ယောက်ဖြစ်ကြသော **ကြည်ဟန်**နှင့်**မြရွှေ**တို့မှာမူ သွေးဆုတ်သော မျက်နှာ၊ ပြူးကျယ် ဝိုင်းစက်သော မျက်လုံးအစုံနှင့် လူသေအလောင်းတွေကို စိုက်ကြည့်ကာ မှင်သက်မိနေကြ၏။

အလောင်းသုံးလောင်းကို **ဦးကျော်စံ**က နှစ်လောင်း၊ **ဦးကျော်ဝင်း** တစ်လောင်း ပစ်ချလိုက်ပြီးသည်အထိ မလှုပ်မရှား ငေးကြည့်ကာ ကျောက်ရုပ်ဖြစ်နေကြသော **ကြည်ဟန်**နှင့်**မြရွှေ**တို့အား **ဦးကျော်စံ**က 'ဟေ့ကောင်တွေ ဒီနေရာတွေကို ပင်လယ်ရေငန်နဲ့ ခပ်ဆေးကြစမ်းကွာ 'ဟု စောစောက သူတို့


BURMESE CLASSIC .com

www.burmeseclassic.com


ပစ်ချလိုက်သော အလောင်းနေရာများကို ခြေထောက်နှင့် လှမ်းပြသည်။

**ဦးကျော်စံ**ပြောမှ **ကြည်ဟန်**နှင့် **မြရွှေ**တို့က ဖောင်ပေါ်တွင် ကြိုးတန်းလန်းနှင့် အသင့်တွေ့ရသော ဗာလီပုံးတစ်လုံးကို လှမ်းယူကြသည်။ ယင်ကောင်၊ လောက်ကောင်များ မရှိသော်လည်း အနံ့ အသက်ဆိုးဝါးနေသော မျောဖောင်၏ ကြမ်းခင်းပြင်ကို ပင်လယ်ဆားငန်ရေနှင့် ဆေးချကြရ၏။ ပြီး လင်းတကြီးများ အုပ်စိုးသွားသော ဖောင်ပေါ်မှ အိုးခွက် ပန်းကန်နှင့် အသုံးတည့်မည့် ပစ္စည်းပစ္စယများကို သူတို့ဖောင်ပေါ် သယ်ဆောင်ကြ၏။

တွဲထားသော ဖောင်နှစ်ဖောင်က ဘေးတိုက်ဆိုလျှင် အသွားနှေးမည် ဖြစ်သဖြင့် ဖောင်နှစ်ဖောင်ကို အလျားလိုက် ပြန်တွဲကြရသည်။ ထိုအခါ ဖောင် အရှည်မှာ ၄၈ တောင်၊ ပေပေါင်း ၇၂ ပေ ရှိသွားလေသည်။

သောက်ရေပေါင်းတင်ရန် တစ်လ နှစ်လအတွက် ထင်းလောင်စာကို မပူကြရတော့။ သည်လိုနှင့် **ဦးကျော်ဝင်း**ဦးစီးသော ကျားဖောင်သည် ရေလုပ်သား လေးယောက်နှင့်အတူ အဆုံးအစ မမြင်ရသော အဏ္ဏဝါရေပြင်ထဲမှာ ရွက်လွှင့်လျက် ဆက်လက် မျောပါနေလေသည်။


BURMESE CLASSIC .com

www.burmeseclassic.com

## အခန်း ၂၀

အဏ္ဏဝါလင်းတကြီးများ အစားခံသွားကြရသော မျောဖောင်မှ လူများကဲ့သို့ သူတို့သည်လည်း ဘယ်နေ့ ဘယ်ရက်တွင် လင်းတစာ ဖြစ်ကြလေမလဲဟူသော အတွေးကိုယ်စီနှင့် လူတွေမှာ ပို၍ ချောက်ချောက် ချားချား ဖြစ်လာကြလေသည်။

ကျားဖောင်တစ်ဖောင် ရလာခဲ့ကြသဖြင့် သောက်ရေအတွက်မှာ မပူကြရသော်လည်း အခြောက်လှန်းထားသော လိပ်သားတွေမှာ ကုန်သွားပြန်သည်။ သူတို့ဖောင်မှာ ရွက်လွှင့်ပြီး ရွေ့လျားနေသဖြင့် နောက်ထပ် လိပ်တွေလည်း သူတို့ဖောင်နား လာမကပ်ကြတော့။

ပင်လယ်ပြင်တွင် ရက်ပေါင်းနှစ်ဆယ်ကျော် ကြာလာကြပြီ ဖြစ်သဖြင့် ကယ်မ,လာမည့် သင်္ဘောများကိုလည်း များစွာ မျှော်လင့်ချက် မထားဝံ့ကြတော့။ သောင်ကမ်းဆိုသည်မှာလည်း ပင်လယ်အဆုံးမှာလား၊ ကောင်းကင်ပေါ်မှ ရုတ်တရက် ပြုတ်ကျလာလေမလားဟူသော ကယောင်ချောက်ချား တွေးစရာ ဖြစ်လာ၏။

လူငယ်နှစ်ယောက်ဖြစ်သော **မြရွှေ**နှင့်**ကြည်ဟန်**တို့မှာ အဏ္ဏဝါလင်းတကြီးများ ကြီးစိုးသွားသော ဖောင်ပေါ်မှ ပစ္စည်းများနှင့် ဖောင်ကို ယူလာကြခြင်းမှာ အတိတ်မကောင်း၊ နိမိတ်မကောင်းဟု တွေးနေကြသည်။



BURMESE CLASSIC .com

လူကြီးတွေကိုသာ မပြောရဲကြသော်လည်း သူတို့နှစ်ယောက် ဆုံမိတိုင်း ထိုအကြောင်းကိုသာ ပြောလာကြသည်။ ညအိပ်ပြီဆိုလျှင်လည်း မျောဖောင်မှ လူသေအလောင်းများကိုသာ သူတို့မျက်စိထဲ မြင်နေကြ၏။

အမှန်မှာ သူတို့နှစ်ယောက်သာမဟုတ်၊ ဦးစီးမှူး လုပ်လာသူ **ဦးကျော်ဝင်း**မှာလည်း မျောဖောင်မှ လူသေအလောင်းကောင်ကို တွေ့ပြီး ကတည်းကပင် ပေါင်းတင်ရေ ပေါ့ရွှတ်ရွှတ်ကို သောက်မရသလို ပျို့ပျို့ တက်လာ၏။

ယခင်ကနှင့်စာလျှင် ယခုအခါ လောင်စာထင်းမပူရသည့်အပြင် မျောဖောင်မှ ဒန်အိုးကြီး သုံးလေးလုံးကိုလည်း ရလာခဲ့ကြရာ ရေပေါင်း တင်အိုးမှာ နှစ်လုံး တစ်ပြိုင်တည်းဖြစ်လာသည်။ ထို့ကြောင့် ယခင်ကနှင့်စာလျှင် သူတို့မှာ ရေကိုတော့ ဝဝလင်လင် သောက်ကြရ၏။ သို့သော် အပြောကျယ် လှသော အဏ္ဏဝါပြင်ကြီးထဲတွင် အခက်အခဲတွေကတော့ တစ်ခုပြီးတစ်ခုပင်။

ယခု ရေပေါင်းတင်ရန်အတွက် လောင်စာထင်း မပူပန်ရသောအခါ စားစရာက ပြတ်လပ်လာပြန်သည်။ ဤတစ်ခါ အစာပြတ်လျှင် သူတို့အားလုံးမှာ သူတို့ ကြုံတွေ့ခဲ့ရသော မျောဖောင်မှ လူများကဲ့သို့ လင်းတစာဖြစ်မည်မှာ မုချပင်တည်း။

အရပ်ရှစ်မျက်နှာမှာလည်း ဘယ်ကိုကြည့်ကြည့် ရေပြင်ချည်း။ မည်သို့ လုပ်ကြမည်နည်း။ အားငယ်စိတ်ဓါတ်ကျမည်ဆိုက အားငယ် စိတ်ဓါတ် ကျစရာချည်းပင်။

ꩤ ꩤ ꩤ ꩤ ꩤ ꩤ ꩤ ꩤ ꩤ ꩤ ꩤ ꩤ

www.burmeseclassic.com

## အခန်း ၂၁

ကောင်းကင်ပေါ်တွင် ပြည့်ပြည့်ဝဝ ထွန်းပနေသော နတ်တော်လဝန်းက ပိန်သွားသလို လူတွေအားလုံး၏ ကိုယ်ခန္ဓာနှင့် စိတ်မှာလည်း ပိန်ချုံးလာကြပြန်သည်။

'ကောင်းကင်ကို ပြောရမလား၊ ရေပြင်ကို ပြောရမလား 'ဟူသော အလွမ်းသီချင်း အော်ဆိုနေသည့် **ကြည်ဟန်**၏ သီချင်းသံကလည်း ယခုအခါ တိတ်သွားသည်။

ဤနေ့ လိပ်တစ်လုံး ငါးတစ်ကောင်မျှ မရသဖြင့် **ဦးကျော်ဝင်း**သည်လည်း ဒေါသထွက်နေသည်။ အားလုံးမှာ ရေပြင်ကို ငုံ့ကြည့်ပြီး ဝမ်းဟာဟာနှင့် ပင်ပန်းနွမ်းနယ်လာကြ၏။

ဝမ်းရေးက ကြုံလာပြန်ပြီ ဖြစ်သဖြင့် အလွမ်းစကား၊ နှလုံးသားစကားတို့လည်း တိတ်ဆိတ်သွားကြသည်။ ရွက်လွှင့်ထား၍ တရွေ့ရွေ့သွားနေသော ဖောင်ကိုပင်ရပ်ထားရလျှင် ကောင်းလေမည်လား။ ဖောင်၏ ရွေ့လျားမှုနည်းပါးသွားလျှင် ယခင်ကလို ပင်လယ်လိပ်ကြီးများ သူတို့ဖောင်နားလာကပ်ကြလေမလားဟုလည်း တိုင်ပင်ကြသည်။

သို့သော် ဖောင်ကိုရပ်ထားလျှင် ကမ်းကိုရောက်ရန်မှာ မျှော်လင့်ချက်မရှိပြန်၊ ဖောင်ကိုရပ်ထားလျှင် လိပ်ကြီးများ လာကပ်လိမ့်မည် ဆိုသည်မှာလည်း


BURMESE CLASSIC .com

မရေရာ။ လိပ်ရရေးမှာ မျှော်လင့်ချက်သာဖြစ်သဖြင့် လိပ်မရလျှင် နှစ်ခုစလုံး ဆုံးရှုံးမည်။ ထို့ကြောင့် **ဦးကျော်စံ**က ဖောင်ကိုတော့ ရပ်မထားနိုင်ဟု ဆိုလေသည်။

နောက်ဆုံး ကံရာမရသောအခါ လိပ်ခွံကို နုပ်နုပ်စဉ်းပြီး လိပ်ဆီနှင့် ကြော်စားကြ၏။ ဘာအရသာမှ မတွေ့၊ ချစ်နေတူးနေအောင်ကြော်မှ ဝါးနိုင်သဖြင့် မီးသွေးခဲကို ဝါးစားရသလိုပင်။

ထိုအခါ **မြရွှေ**ကို ဝိုင်းဆဲကြသည်။ လိပ်ခွံကို ဆီနှင့်ကြော်စားရန် အကြံပေးသူမှာ **မြရွှေ**ဖြစ်သည်။

သူတို့ ရခိုင်တွင် ဒင်္ဂါးဝိုင်းလောက်ရှိသော ငါးအကြေးခွံကြီးကြီးတွေကို ပေါက်ပေါက်ဖောက်သလို သဲနှင့်လှော်ဖောက်ကာ ရေစိမ်ပြီး အစာခတ်၊ ချဉ်ရေထည့်၊ ဆီချက်နှင့် သုပ်စားလျှင် ငါးစည်ဖောင်း စားရသလို ကောင်းသည် ဆိုသဖြင့် စမ်း၍ ကြံဖန်လုပ်စား ကြခြင်းဖြစ်၏။

သို့သော် အာဟာရကားဖြစ်မလာ။ သုံးရက်အကြာမှာ ဝမ်းသွားလျှင် သွေးတွေပါလာပြီး အချို့မှာ ဝမ်းကိုပင်မနည်း ညှစ်ထုတ်မရ ဖြစ်ကြ၏။ ထိုအခါ ဝမ်းပျော့သွားအောင်ဆိုပြီး ပင်လယ်ဆားငံရေကို သွားသောက်သော**ကြည်ဟန်**မှာ ဝမ်းလျှော၍ အိပ်စင်ပေါ်လဲလေသည်။

တစ်နေ့လုံး လေတိုက်ခံ၊ နေပူခံစောင့်၍ ဖောင်ဘေးတွင် ထိုင်နေကြသည်။ နေသာကုန်သွား၏။ တစ်ယောက်မျှ လိပ်တစ်လုံး ငါးတစ်ကောင် ပုစွန်တစ်ထုပ်ကို မရကြ။

လက်ညှိုးလက်မ ငါးတစ်ကောင်၊ ပုစွန်တစ်ထုပ်ပင် မရကြသောအခါ အာဟာရပြတ်၍ လူတွေမှာ ချည့်ချည့် နဲ့နဲ့ ဖြစ်လာကြ၏။ လေပြင်းတိုက်တတ်သော ရေတက်၊ ရေထရက်ဆိုလျှင် ဖောင်ပေါ်တွင် မတ်တတ်ရပ် လျှောက်သွားရမှာပင် စိုးရွံ့ပြီး လေးဖက်ကုန်း လျှောက်နေကြရ၏။

ထိုအခါ **မြရွှေ**ပြောသလို ခံတွင်း၏အလိုနှင့် ဗိုက်၏ဆာလောင်



BURMESE CLASSIC .com

မွတ်သိပ်မှုကို မခံမရပ်နိုင်ဖြစ်ကာ၊ သေခါမှသေရော၊ သေသွားလျှင်လည်း အေးရောဟူသော ဆုံးဖြတ်ချက်နှင့် လိပ်ခွံမီးကျွမ်းနှင့် ဖောင်ပေါ်တွင် တစ်ကောင်တလေကပ်ပါလာသော ပေါင်းကောင်၊ ခုံးကောင်၊ ခရုကောင်၊ ဂွင်းကောင်တွေကို ထုခွဲပြီး တစ်မျိုးတစ်ဖုံ ရေနှင့်ရောပြုတ်ကာ ကြံဆတီထွင်ပြီး စားသောက်ကြရပြန်သည်။

လိပ်ခွံကို နုပ်နုပ်စဉ်းပြီး လိပ်ဆီနှင့်ကြော်စားသည်နှင့် စာလျှင် နည်းနည်းခံသာသဖြင့် လိပ်ခွံတွေစုမထားမိကြသည်ကိုပင် နောင်တရနေကြပြန်သည်။ သူတို့မှာ အစာက လုံးဝပြတ်တော့မည်။

အစာပြတ်သွားလျှင် သူတို့ဖောင်နောက်တွင်ပါလာသော ဖောင်ပေါ်မှ ရေလုပ်သားကြီးများလို တစ်နေ့ လင်းတစာဖြစ်တော့မည်ဟူသော အတွေးတွေ ဝင်လာကြသောအခါ လူတွေမှာ ဆောက်တည်ရာမရ ဖြစ်လာကြပြန်လေသည်။

သို့သော် အပြောကျယ်လှသော အဏ္ဏဝါရေပြင်ထဲတွင် သူတို့မှာ ဘာမှမတတ်နိုင်ကြ၊ သဗ္ဗေသတ္တာ ကမ္မသကာ ဟုသာ သဘောထား နေကြရတော့သည်။

စိတ်ချောက်ချားလာကြသော သူတို့သည် ထုံးစံအတိုင်း အားကိုးအားထားရာကိုရှာကာ အရပ်ရှစ်မျက်နှာနှင့် ရေငန်ပိုင် ဦးရှင်ကြီးကို စိတ်ထဲက ရှိခိုးဆုတောင်း နေကြရသည်မှာလည်း နေ့တိုင်း နာရီတိုင်းပင်။

www.burmeseclassic.com

## အခန်း ၂၂

ဒုဗ္ဗိက္ခန္တရကပ်ကြီး ဆိုက်နေသော သူတို့အတွက် ဤနေ့တော့ အစာရေစာမိုးကြီး ရွာလာသည်။

အစကမူ သူတို့ငတ်ပြတ်ပြီး သေကြရတော့မည့်ဘေးကို မြင်သဖြင့် ပင်လယ်စောင့် ရေငန်ပိုင်ကြီးက မ,ပြီဟု ထင်လိုက်ကြသည်။ သူတို့ဖောင်ပေါ်မှာ ငါးတွေ၊ ငါးတွေ၊ ညကြီးမင်းကြီးဖြစ်သဖြင့် အားလုံး လန့်ဖျပ်ကုန်ကြ၏။

သို့သော် နတ်တော်လဆုတ်ငါးရက်လ၏ လရောင်ထဲတွင် ဖွေးဖွေး လူပ်မျှ ဖောင်ပေါ်ခုန်တက်လာကြသော ငါးများကို ဘယ်လိုမျှ မဖမ်းဘဲ၊ မကောက်ဘဲမနေနိုင်ကြ၊ တစ်တောင်၊ နှစ်တောင်ရှည်သော ငါးများကို အလု အယက် လိုက်ကောက်ကြသည်။ ကောက်ရင်း ဖမ်းရင်းနှင့် အစိမ်းလည်း ကိုက်ဝါးစားကြ၏။ သူတို့လေးယောက်သည် မိနစ်ပိုင်းအတွင်း ငါးအကောင် တစ်ဆယ်ကျော်ကို ရလိုက်ကြသည်။ ရသမျှသော ငါးများကိုလည်း ချက်ချင်း မသေမရှင်တွေပါ တိုင်ကီထဲ ပစ်ထည့်ထားကြ၏။

သူတို့ဖမ်းမမိ ကောက်မရ၍ ဖောင်ပေါ်မှ ခုန်ဆင်းလွတ်ပြေးသွား ကြသော ငါးအုပ်ကြီးသည် တစ်ကောင်နှင့်တစ်ကောင် ခုန်ပျံကျော်လွှားကာ ပင်လယ်ပြင်ထဲတွင် ဆောက်တည်ရာမရ ပြေးထွက်သွား နေကြသည်ကို လရောင်ပျပျထဲ၌ ရေဖွေးဖွေးထ၍ မြင်နေရ၏။



BURMESE CLASSIC .com

www.burmeseclassic.com


ထူးထူးဆန်းဆန်း ဖောင်ပေါ်ခုန်တက်လာကြပြီး ပြန်ပြေးခုန်ဆင်း သွားကြသော ငါးအုပ်ကြီးကို ငေးကြည့်ကာ သူတို့မှာ 'နတ်မတာပဲ၊ ရေငန်ပိုင်ကြီးပေးတာပဲ 'ဟု တစ်ယောက်တစ်ပေါက် ပြောနေကြစဉ် သူတို့ကျားဖောင်သည် လှိုင်းလုံးကြီးတွေနှင့် ချက်ချင်း ယိမ်းထိုးလှုပ်ခါလာ၏။

ထိုအခါ 'ဘုရား ... ဘုရား .... 'ဟု နှုတ်က ဘုရားတကြရပြန်သည်။ လေမတိုက်၊ မိုးမရွာဘဲ ဖောင်ဘယ်လိုဖြစ်ပြန်ပါလိမ့်ဟု ပတ်ဝန်းကျင် ဘယ်ညာကို အထိတ်တလန့် ကြည့်ကြရသည်။

အားလုံးနှုတ်မှ 'ဟာ 'ခနဲဖြစ်သွားကြရပြန်၏။ သူတို့ဖောင်တစ်ဖက်ဘေးမှ ရေပန်းတဖွေးဖွေးတွေနှင့် ပေါ်လာသော ဆူးတောင်ကြီးတစ်တောင်မှာ သူတို့ လူတစ်ရပ်ထက်ပင် မြင့်လေသည်။ ဝေးဝေးတုန်းကမူ မည်းမည်း ရှည်ရှည်သာ မြင်ကြရသဖြင့် ဘာမှန်းမသိ၊ အနားရောက်မှ ဧရာမ ငါးကြီးတစ်ကောင်၏ ကျောရိုးဆူးတောင်မှန်း သိကြရသည်။

သူတို့အားလုံးသည် ပင်လယ်ပြင်၏ အတွေ့အကြုံအရ ချက်ချင်း ဖောင်အလယ်တွင် ပြေးကပ်ပြီး အိပ်စင်တိုင်၊ ဖောင်ကြမ်းပြင် စသည်တို့ကို မိမိရရ တွယ်ဖက် ထားလိုက်ကြသည်။ ငါးမန်းကြီးများဆိုလျှင် အစွယ်နှင့် လှမ်းခုတ်၍ မမီအောင်၊ လိပ်ကျောက်ကြီးများ ဆိုလျှင်လည်း အမြီးဖျားရှိဆူးနှင့် လှမ်းပစ်၍ မမီအောင် အကာအကွယ်ယူထားကြသည်။

ငါးကြီးက သူတို့အနားရောက်လာသည်။ သူတို့ဖောင်မှာ လှိုင်းလုံးကြီးတွေပေါ် လူတစ်ရပ် နှစ်ရပ်ခန့်ပင် မြင့်တက်ပါသွား၏။ ဝမ်းခေါင်းလုံးသော သင်္ဘောများ၊ လှေများသာဆိုလျှင် မှောက်ပင် မှောက်သွားနိုင်သည်။

သို့သော် ယခုသူတို့ဖောင်မှာ ဝမ်းပိုက်ပြားချပ်ကြီးဖြစ်သဖြင့် ဘယ်လိုမှ မှောက်မသွားနိုင်။ ယိမ်းထိုးကခုန်ကာ ပကတိ ပင်လယ်ရေပြင်ပေါ်သို့သာ အိခနဲ ပြန်ကျလာ၏။ ရင်တထိတ်ထိတ်နှင့် ဘုရားတ လှိုင်းစီးနေခဲ့ကြရသော

www.burmeseclassic.com


လူတွေမှာ ယခုမှ သက်ပြင်းချ နိုင်ကြတော့သည်။

ငါးကြီးသည် သူတို့ဖောင်နားတွင် လုံးဝရပ်နားခြင်း မပြုခဲ့ဘဲ စောစောက သူတို့ဖောင်နှင့် ဝင်တိုးသွားသော ငါးအုပ်ကြီးနောက်ကိုသာ ရေပြင်ဖွေးဖွေးထသွားအောင် ပြေးလိုက်သွားလေ၏။

သူတို့သည် ရေပြင်ပေါ်မှ ငါးကြီး၏ ကျောရိုးဆူးတောင်ကြီး ဝေးဝေးရောက် ပျောက်သွားသည်ထိ ငေးကြည့်နေကြ၏။

ငါးအုပ်ကြီးနောက် ပြေးလိုက်သွားသော ငါးကြီးမှာ မိနစ်ပိုင်းအတွင်းတွင် ရေပြင်ပေါ်မှ ပျောက်ကွယ်သွားသည်။ ထိုအခါမှ သူတို့မှာလည်း ရထားသော ငါးများကို ချက်ချင်း ဖုတ်ကင်ကာ တစ်နပ်တော့ အဝအပြဲ ကြိတ်လိုက်ကြ၏။

ကျန်သောငါးများကို မိုးလင်းလျှင်စားရန် ချက်ပြုတ်ပြီး တချို့တဝက်ကို ငါးခြောက်လှန်းရန် ညတွင်းချင်း ခွဲစိတ်ပြုပြင်ထားလိုက်ကြ၏။


BURMESE CLASSIC .com

## အခန်း ၂၃

နောက်ထပ် တစ်ရက်၊ နှစ်ရက်စာ ငါးကင်များ၊ ငါးခြောက်များ ရှိနေသေးသော်လည်း ဖောင်ဘေးက ရေပြင်ကိုတော့ သူတို့မှာ အလစ်မပေးကြ၊ အမြဲ ငုံ့ကြည့်၍ လိပ်တစ်လုံး၊ ငါးတစ်ကောင် ပုစွန်တစ်ထုပ်ရရန်သာ စိတ်စောနေကြသည်။

ပင်လယ်ထဲတွင် မျောနေသည်မှာ ရက်ပေါင်းသုံးဆယ် ကျော်လာပြီဖြစ်သဖြင့် သဘော်နှင့် သောင်ကမ်းကိုပင် အိပ်မက်မမြင်ရဲကြတော့၊ အချိန်ရှိသမျှ အစာရေးအတွက်သာ ဖောင်ဘေးရေပြင်ကို ငေးကြည့်နေ၏။

ကြည်စိမ်းနေသော ပင်လယ်ရေရောင်သည် သိသိသာသာ ပြောင်းလာ၏။ ထုံးရေကြည်ဖျော်ထားသလို နောက်ပြာပြာ ရေကြောတစ်ခုထဲ ရောက်လာ၏။ အစကမူ မည်သူမျှ သတိမပြုမိကြ၊ နောက်တစ်ရက်ကြာမှ ဖောင်ဘေးလာကပ်နေကြသော ဂွင်းခေါ် ( ခရုတစ်မျိုး )မှာ အပွတ်လိုက် အတွဲလိုက် ကျပ်ခဲနေကြ၏။ လက်သည်းခွံလောက်ရှိသော အခွံမာများထဲတွင် အသားဆိုင် အသားခဲတွေက ခွျဲကျိနေ၏။ ငါးထက်ချိုသော ဂွင်းကောင်တွေကို အခွံခွာပြီး သူတို့ မီးကင်စားကြသည်။ များများစားလျှင် ဝမ်းသွားတတ်သဖြင့် ပြုတ်၍တော့ မစားရဲကြ၊ ရေချိုပေါင်းတင်ထားကြသော မီးဖိုနှစ်ဖို ပတ်လည်တွင် သီတံနှင့် တံစို့ထိုး၍ တံကျင်လျှို၍ ကင်စားကြသည်။

ဖောင်ဘေး ဖောင်အောက် ဝါးလုံးများတွင် လာကပ် ရှင်သန်နေကြသော ဂဝိုင်းကောင်များမှာ သူတို့နောက်ထပ် တစ်လ နှစ်လစား၍ပင် မကုန်နိုင်ဟု ထင်ရလောက်အောင် များပြားလာသည်။

**မြရွှေ**က ကြာရှည်ခံအောင် ထုခွဲအသားနုတ်ပြီး ဖောင်ပေါ်တွင် လှန်းထားရအောင်ဟုဆို၏။ **ကြည်ဟန်**က 'အေး .... ကောင်းတယ်၊ ငါတို့က ဖောင်ပေါ်မှာ နောက်ထပ် ဘယ်နှစ်လ၊ ဘယ်နှစ်ရက် နေပြီးမှ ပင်လယ်သင်္ချိုင်း အောက်ရောက်ရမှန်းမသိတော့ ဝမ်းစာရိက္ခာ ကြိုတင်လုပ်ထားမှ 'ဟုထောက်ခံ၏။

ကုန်းပေါ်မရောက်နိုင်တော့ဘူးဟူသော အတိတ်နမိတ်မကောင်း စကားကို ဆိုရမည်လားဟု **ဦးကျော်ဝင်း**က ဆူသည်။ အသက်အကြီးဆုံးဖြစ်သူ **ဦးကျော်စံ**ကလည်း **ကြည်ဟန်**၏ အပြောအဆိုကို အမြင်ကတ်ကတ်နှင့် ' ဟုတ်တယ်ကွ၊ ဟုတ်တယ် မင်းပြောတာသေချာတယ်၊ လင်းတစာပဲဖြစ်မလား၊ ငါးမန်းစာပဲဖြစ်မလား မသိတဲ့ မင်းအတွက်ကတော့ အာဟာရအဖြစ် ဂဝိုင်းကောင်တွေပဲ အားထားရမယ်။ ဒါပေမဲ့ မင်းတို့ပြောသလို အခြောက်လှန်းထားလို့တော့မဖြစ်ဘူး၊ အခြောက်က အစိမ်းလောက် အာဟာရမဖြစ်ဘူး၊ အဲဒီတော့ တို့ဖောင်မှာ ဂဝိုင်းတွေကို မွေးမြူရေးလုပ်ထားရမယ်၊ ဒီနေ့ကစပြီး အကောင်ကြီးကြီးတွေကိုပဲ ကောက်ခွဲ ကင်ကြ၊ ငယ်ငယ်တွေကို ကြီးလာအောင် မွေးထားကြ 'ဟုဆို၏။

ဤနည်းနှင့် ငါးခြောက်တွေကို ဖုတ်စားလိုက်၊ ဂဝိုင်းကောင်တွေကို ကင်စားလိုက်နှင့် လောင်စာပြဿနာကိုလည်း တွက်ဆကြရပြန်သည်။ နှစ်ဆယ့်လေးနာရီ မီးမပြတ်အောင် သောက်ရေ ရရေးအတွက် ပေါင်းတင်နေကြရလေရာ မျောဖောင်မှ ငါးလှန်းစင်၊ အိပ်စင်၊ မီးဖိုဆောင်တို့မှာလည်း တရွေ့ရွေ့နှင့် ကုန်သွား ပြန်၏။

ထိုအခါ နှစ်ဆယ့်လေးတောင်ရှည်သော မျောဖောင်၏ နောက်ပိုင်း



BURMESE CLASSIC .com

လေးတောင်တစ်ခန်းကို ဖြတ်ကြရသည်။ အထက်အောက်ဆိုလျှင် လေးတောင် အပိုင်းပေါင်း လေးဆယ့်လေးပိုင်းရသည်။ ဘေးကပိုးထားသော ကပ်ပါးဝါးပိုင်း နှစ်ပိုင်းပါ ဆိုလျှင် လေးဆယ့်ခြောက်ပိုင်း၊ ထို့နောက် အပေါ်အောက် ကပ်ညှပ်ထားသော မျောသား ရှစ်တောင်ပိုင်း နှစ်ပိုင်းကလည်း ထင်းဖြစ်လာ၏။

ဝါးဘိုးဝါးကြီး လေးတောင်အရှည်တစ်ပိုင်းကို ထင်းအဖြစ် အသုံး ပြုလျှင် အနည်းဆုံး နှစ်နာရီသုံးနာရီတော့ ခံနိုင်၏။ ဤသို့ မျောဖောင်ကို တစ်ပိုင်း စီ တစ်ခန်းစီဖြတ်ပြီး၊ လောင်စာထင်းလုပ်ခြင်းအားဖြင့် နောက်ထပ် တစ်လနီးပါး တော့ သူတို့ပင်လယ်ပြင်တွင် မုချနေနိုင်ကြသေးသည်။

ထို့ကြောင့် အိပ်စင်၊ မီးဖိုဆောင်၊ ငါးလှန်းစင်တို့ မကုန်မီပင် သူတို့ သည် မျောဖောင်နောက်မီး လေးတောင်တစ်ခန်းကို ဖြတ်ထားကြ၏။ ဖောင်၏ အောက်အလွှာ ဝါးဘိုး ဝါးကြီးတွေမှာ ပင်လယ်ဆားငန်ရေထဲ ရက်ရှည်လများ နှစ်နေခဲ့သဖြင့် တော်တော်နှင့် မီးမစွဲနိုင်သေး။ မီးစွဲကောင်းအောင် ခွဲခြမ်းပြီး အခြောက်လှမ်းထားကြရလေသည်။

www.burmeseclassic.com

## အခန်း ၂၄

ပင်လယ်ပြင်၏ ရေအရောင်မှာ သုံးရက်တစ်ခါ၊ လေးရက်တစ်ခါ လောက် ပြောင်းပြောင်းနေ၏။ မှတ်မှတ်ရရဆိုလျှင် ဂြင်းစကပ်သော ကုန်ခဲ့သည်အပတ်မှ ယခု ရက်သတ္တနှစ်ပတ်အကြာထိ ရေအရောင်မှာသုံးလေး မျိုးပြောင်းသွားပြီ။ အဖြူ၊ အစိမ်း၊ အမည်း၊ အကြည်၊ အနောက်နှင့် မသိမသာ အဖြူ ရောသောရေများကို သူတို့ကျားဖောင်သည် တစ်ခုပြီးတစ်ခု ကျော်လွန်လာနေ၏။ သို့သော် မည်သည့်အရပ် မည်သည့်ဒေသဘက် ဦးတည်ရွေ့လျားနေသည်ကိုတော့ မည်သူမျှ မခန့်မှန်းတတ်ကြ။ ဖောင်ဦးတည်ရာ ရောက်ချင်ရာရောက် ပေါက်ချင်ရာပေါက် ရှက်လွှင့်ထားကြ၏။

‘ ဦးလေး ကြယ်တွေ နက္ခတ်တာရာတွေ ကြည့်ပြီး ဘယ်နေရာ ဘယ်ဒေသရောက်နေတယ်ဆိုတာ အတတ်ပြောနိုင်တယ်ဆိုဗျ၊ ကဲ ပြောစမ်းပါဦး၊ ခုဘယ်နိုင်ငံရဲ့ ရေပိုင်နက်ထဲ ကျွန်တော်တို့ ဖောင်ရောက်သွားပြီလဲ ’

**ကြည်ဟန်**၏ အမေးကို **ဦးကျော်စံ**က အေးစက်မာကျောနေသော မျက်နှာနှင့် လှည့်ကြည့်ပြီး၊

‘အင်း ...... ကြယ်လနက္ခတ်တာရာအရ ပြောရရင်တော့ ယမမင်းရဲ့နိုင်ငံတွင်း ခြေတစ်လှမ်းချဉ်းနင်း ဝင်ရောက်နေပြီကွ ခွေးကောင်ရဲ့ ’

‘ ခင်ဗျား လူကြီးနော် ဒါဆဲစရာလားဗျ၊ အကောင်းမေးတာ ’

www.burmeseclassic.com


'ငါက ကြယ်လနက္ခတ်ကို ကြည့်ပြီး ဘယ်နိုင်ငံကို ရောက်နေပြီ ဆိုတာ သိတယ်လို့ မင်းကို ဘယ်တုန်းကပြောဖူးလဲ၊ အရှေ့ အနောက် တောင် မြောက် သိတယ်သာ ပြောဖူးတာကွ '

'ဟာ .... ဗျာ၊ ခင်ဗျားတို့ကလဲ စကားနောက်တရားပါ၊ နိမိတ်မရှိ နမာမရှိတာတွေ မပြောကြစမ်းပါနဲ့၊ ကလေးတွေကျနေတာပဲ '

သားသမီးနှင့် ဇနီးသည်တို့ကိုချည်း ခုရက်ပိုင်းအိပ်မက်ထဲ မြင် လာသည်ဆိုသော ဦးစီးမှူး**ဦးကျော်ဝင်း**က ဟန့်တားသည်။

**ဦးကျော်စံ**နှင့်**ကြည်ဟန်**တို့မှာ တစ်ယောက်ကိုတစ်ယောက် မျက်နှာလွှဲပြီး ငြိမ်သွားကြ၏။

'ကျွန်တော် အိပ်မက်မြင်တယ်ဗျ၊ မကြာခင် ကျုပ်တို့ကို ကယ်မ မယ့်လူတွေ ရောက်လာကြတော့မှာပါ '

'အေး .... မင်းပြောသလို မြန်မြန်ကယ်မမယ့်သူတွေ လာမှလည်း ဖြစ်တော့မယ် ကျော်ဝင်းရယ်၊ နို့မို့ဆိုရင် တစ်နေ့နေ့ ငါဒီကောင်ကို သတ် .. '

'ဦးလေးကို ခုဟာက ကျွန်တော် မရိုသေမလေးစားလို့ မေးတာ မဟုတ်ပါဘူး ဦးလေးရာ၊ ကမ်းကို ရောက်ချင်ဇောနဲ့ အကောင်းမေး .... '

'မင်း ငါ့ကိုအကောင်းမေး ...... မေး၊ အဆိုးမေး ..... မေး၊ နောက်ထပ်ဘာမှ မပြောနဲ့ကွာ တော်ပြီ '

**ကြည်ဟန်**ပြောသည်မှာလည်း ဟုတ်တော့ ဟုတ်ပေလိမ့်မည်။ ယခု ဆိုလျှင် သူတို့ ပင်လယ်ထဲ မျောပါလာကြသည်မှာ ရက်ပေါင်းလေးဆယ်ရှိနေပြီ။ ကယ်မမည့်သူတွေကို ယခုထိ မတွေ့ရသေး၊ အားလုံးမှာ အမည်ရှာမရဘဲ တစ်စုံတစ်ခု အကြောင်းမရှိဘဲ စိတ်တိုလာကြသည်။

ထို့ကြောင့် ယခင်တလောကလို **ဦးကျော်စံ**နှင့် **ကြည်ဟန်**တို့ရန်ဖြစ် ကြမှာစိုး၍ **မြရွှေ**က**ကြည်ဟန်**ကို လက်တို့ဟန့်တားရ၏။


BURMESE CLASSIC .com

www.burmeseclassic.com


တလောကဖြစ်သည့်အကြောင်းမှာ **ဦးကျော်စံ**က ရေပေါင်းတင်ရင်း ဝိပဿနာတရားပွားများ နေသည်ဆိုသောစကားကို **ကြည်ဟန်**က 'ပွားများ၊ ပွားများ လုပ်တော့ သူများအသက်ကို သတ်ရတဲ့ ရေတံငါ၊ ငါးဖမ်းအလုပ်၊ ပြောတော့ ဝိပဿနာစကား၊ တရားစကား၊ ခင်ဗျားကိုတော့ ယမမင်းက ဟားတိုက်ရယ်မောပြီး အဝီစိကစောင့်နေလိမ့်မယ် 'ဟု ဆို၏။

ဤသည်ကို **ဦးကျော်စံ**က 'ခွေးတိရစ္ဆာန် မင်းဘာနားလည်လဲ၊ တို့ဗုဒ္ဓဘာသာဆိုတာ ဘဝပေးမကောင်းလို့ ငရဲမကင်းတဲ့ အကုသိုလ် အလုပ်လုပ်ကြရပေမယ့် ဘုရား၊ တရား၊ သံဃာဆိုတဲ့ ရတနာသုံးပါးကို ဘယ်တော့မှ မမေ့ရဘူးကွ။ ငါတို့ ပင်လယ်ထဲ ကျားပိုက်ထောင်ထားတာ သဗ္ဗေသတ္တာကမ္မ သကာပဲ၊ သူ့ဟာသူ ငါးတွေက ပိုက်ထဲကို တိုးဝင်လာတာ ငါလည်းမတတ်နိုင်ဘူး။ မင်းမြင်ဖူးပါတယ်။ ဈေးထဲမှာ ငါးရံ့ခေါင်းတွေကို အလေးတုတ်နဲ့ ထုရိုက်သတ်ပြီး ရောင်းနေတဲ့ ငါးစိမ်းသည်မတွေလေ။ ဈေးသိမ်းလို့ အိမ်ပြန်တော့ ဘုရားပန်းတင်ဖို့ ပန်းလေး ငါးကျပ်ဖိုး၊ တစ်ဆယ်ဖိုး ဝယ်သွားတာ၊ အဲ .....အဲဒါ ဗုဒ္ဓဘာသာကွ။ ဘဝပေးမကောင်းလို့ ငရဲမကင်းတဲ့ အသက်မွေးမှုကို လုပ်နေရပေမယ့် တစ်ဖက်က ကုသိုလ်ရေး၊ ဒါနရေးကို မမေ့ဘူး၊ ငါရဟန်းဘဝ တုန်းက ငါးစိမ်းသည်မတွေအိမ် ဆွမ်းခံဖူးတယ် သိလား၊ ငါးမြင်းပိုက်သားမှ ဆွမ်းခံကိုယ်တော်တွေကို အထွတ်အမြတ်ထားပြီး လောင်းတာ၊ လှူတာ။ ငါးစိမ်းသည်မတွေ အလှူမလုပ်ရတော့ဘူးလား။ ရှင်မပြုရတော့ဘူးလား။ ဘုရားလက်ထက် တုန်းက လင်က တောတိရစ္ဆာန်တွေကို နေ့တိုင်း သတ်ဖြတ်နေတဲ့မုဆိုး၊ မယားက သောတပန်၊ လင်သည် သတ်ဖြတ်လာတဲ့ ချေ( ဂျီ )သားတွေ၊ ဆတ်သားတွေကို ခုတ်ထစ်ပြီး ရောင်းချပေးတာ။ လင့်ဝတ္တရားငါးပါး မပျက်ရအောင်လည်း ..... '

'တော်စမ်းပါ ဦးလေးရာ၊ ခင်ဗျား ငါးစိမ်းသည်မ အိမ်က ငါးမြင်း


BURMESE CLASSIC .com

www.burmeseclassic.com


ဗိုက်သားစားခဲ့ရလို့ ဟောတဲ့တရား ကျွန်တော်လက်မခံဘူး၊ လူတွေဟာ ဒုက္ခရောက်မှ ဘုရား၊ တရား ပြေးလုပ်ကြတာ ဟာလည်း ......'

'ဟော့ကောင် .... ဟော့ကောင် ဒီမှာ ငါပြောမယ်၊ လူတွေဆိုတာ ဆင်းရဲလေလေ သံဝေ ရဆိုတဲ့စကားရှိတယ်ကွ။ မပဋ္ဌာဟာ သားသေ၊ လင်ဆုံး ဆိုတဲ့ ဒုက္ခနဲ့ မကြုံရရင် ရဟန္တာထေရီမ ဖြစ်ဖို့တောင် အကြောင်းမရှိဘူးမှတ်၊ မင်းတို့လူငယ်တွေ မြဲမြဲမှတ်ထားကြ။ ဒုက္ခဖြစ်လာပြီ၊ အကုသိုလ်ဝင်လာပြီဆိုရင် ရတနာသုံးပါးကိုသာ ပြေးကပ်ပေတော့။ တချို့များ ဒုက္ခအကြီးအကျယ် ရောက်နေတာတောင် ရတနာသုံးပါးကို သတိမရကြလို့ ဆည်းကပ်ကိုးကွယ်ရမှန်း မသိလို့ ပိုပြီးနစ်မြုပ် သွားကြတာတွေ၊ ပျက်စီး သွားကြတာတွေ တစ်ပုံကြီးပဲ၊ ဒုက္ခရောက်လို့ ရတနာသုံးပါးကို သတိရမိတဲ့ လူတွေဟာ အဖတ်ဆယ်လို့ ရသေးတယ်၊ စုံးစုံး မြုပ်မသွားဘူး'

'အဲဒါကြောင့် ခု ခင်ဗျား ဝိပဿနာ ပွားနေတယ်ဆိုပါတော့'

'ဒါပေါ့ကွ'

'အဲဒါဆို ဒီကနေ့ကစပြီး ငါးပါးသီလထက်မြင့်တဲ့ ရှစ်ပါးသီလယူထား၊ ညနေစာ မစားဘဲနေ ကျွန်တော်တို့ တစ်ယောက်စာ ပိုစားရတာပေါ့'

'ဒီအထိတော့ ခု ငါမကျင့်နိုင်သေးလို့ပေါ့ကွ'

'သြော် .... ဒါကျတော့ မကျင့်နိုင်ဘူး၊ ဒါဆို ခင်ဗျား ဝိပဿနာ ပွားများနေတယ် ဆိုတာလည်း အလကားပဲ'

'ဘာဆိုင်လဲကွ၊ သူ့အပိုင်းနဲ့သူပဲ'

'မဆိုင်ဘဲနေမလားဗျ၊ ပါးစပ်က ဘုရား၊ ဘုရား၊ လက်က ကားရား၊ ကားရားဆိုတာ ဦးလေးတို့လို လူမျိုးပဲပေါ့'

'ဟာ .... ဒီခွေးကောင် ငါထလုပ်လိုက်ရ'ရန်ဖြစ်ကြတော့မည် ထင်သဖြင့် **မြရွှေ**က ဦးစီးမှူး **ဦးကျော်ဝင်း**ကို ဖျန်ဖြေပေးရန် လက်ကုတ်၏။

www.burmeseclassic.com


**ကြည်ဟန်**က ဖောင်နောက်ပိုင်း ထပြေးသွားသည်။

**ဦးကျော်ဝင်း**က မြရွှေကို မျက်စိမှိတ်ပြ၏။

သူတို့နှစ်ယောက်မှာ ဤသို့ဖြစ်နေကျ၊ ကျားဖောင် ငါးဖမ်းကြရာ၌သာမဟုတ်၊ ရွာတွင်လည်း ဤသို့ပင် တကျက်ကျက်ဟုဆို၏။

သို့သော် မခေါ်နိုင် မပြောနိုင်၊ ထိုးလားကြိတ်လားတော့ တစ်ခါမျှ မဖြစ်ကြ၊ ဖောင်တွင် သူတို့နှစ်ယောက်မပါလျှင် ပျင်းစရာကောင်းသည်။ ပွဲမစည်ဟုဆိုကာ ဖောင်ဦးစီးတချို့က **ဦးကျော်စံ**နှင့်**ကြည်ဟန်**ကို တမင်ပင် တွဲခေါ်တတ်ကြသည် ဟုလည်းဆို၏။ တစ်စုံတစ်ယောက်ကို 'ကျားဖောင် လိုက်မလား 'ဟုမေးလျှင်တောင် 'ကြည်ဟန်၊ ကျော်စံပါသလား 'ဟု မေးတတ်ကြသည်ဟု ပြောသည်။

အမှန်က **ဦးကျော်စံ**နှင့် **ကြည်ဟန်**တို့မှာ တူသားအရွယ်တွေ ဖြစ်ကြရာ ဤသည်ကိုလည်း **ကြည်ဟန်**က လူတောသူတောတွင် 'ဦးလေး ဦးကျော်စံကို ပြောလို့သာပြောရတာ၊ သားအဖအရွယ်တွေဆိုတော့ ငရဲအုံ လည်းကြီးမှာပဲ 'ဟု ပြောရမည့်အစား 'ဦးလေး ဦးကျော်စံတစ်ယောက် မလိမ်မိုး မလိမ္မာအရွယ်မို့သာ ပြောနေရတာ၊ သမီးယောက္ခမ အရွယ်တွေဆိုတော့လည်း ငရဲအုံက ကြီးဦးမယ် ' ဟု ဆိုလိုက်ရာ လူတွေမှာ ဝါးလုံးကွဲ ရယ်လိုက်ကြသည်။

သမီးအပျိုဖြန်းအရွယ်ရှိသော **ဦးကျော်စံ**ကမူ မရယ်နိုင်၊ **ကြည်ဟန်**ကို မအေနမကော်တုတ်၏။ သို့သော် **ကြည်ဟန်**ကလည်း လုံးဝမနာတတ်။ **ဦးကျော်စံ**အား အသက်အရွယ်ကြီးရင့်သူမို့ ပိုက်သူကြီး၊ ဦးစီးမှူးတွေက မခေါ်ချင်ကြသည်ကိုပင် ' ဟာ .... ဦးလေး ဦးကျော်စံမပါရင် ကျွန်တော် မလိုက်ချင်ဘူးဗျာ၊ တစ်နေ့မဟုတ်၊ တစ်လမဟုတ် ပင်လယ်ထဲ စကားပြော မယ့်လူတောင် မရှိတော့ ပျင်းစရာကြီး၊ လုပ်စမ်းပါ။ ဦးလေးဦးကျော်စံကို

www.burmeseclassic.com

ကျွန်တော်ကိုယ်တိုင် သွားခေါ်ပါရစေ ’ဟု ပြောပြီးလာခေါ်တတ်၏။

ထိုသို့ **ကြည်ဟန်**၏ စိတ်ရင်းကိုသိထားသူ **ဦးကျော်စံ**ကလည်း **ကြည်ဟန်** ဘာပဲပြောပြော ခွင့်လွှတ်ထားသည်။ ရာသီရောက်၍ အချိန်တန်လျှင် သူတို့နှစ်ယောက်က ကျားဖောင် တစ်ဖောင်ထဲမှာ တွဲလျက်။

ထိုအကြောင်းများကို **ဦးကျော်ဝင်း**က ယခု အကြောင်းစုံ ပြောပြလိုက်သောအခါ **မြရွှေ**မှာလည်း **ဦးကျော်စံ**နှင့် **ကြည်ဟန်**တို့၏ စကားနိုင်လုပြောပွဲ၊ စကားရည်လုပွဲကို စောင့်မျှော်လျက်။





BURMESE CLASSIC .com

www.burmeseclassic.com

## အခန်း ၂၅

ပင်လယ်ပြင်တွင် ရက်ပေါင်းများစွာ ကြာလာသောအခါ လူတွေ၏ စိတ်မှာ ကယောင်ချောက်ချား ဖြစ်လာကြသည်။

ညက မည်သူက မည်သို့ အိပ်မက်မြင်သည်ဟု ပြောလျှင် နောက်တစ်ယောက်ကလည်း ညက သူမြင်မက်သည့် အိပ်မက်အကြောင်း ပြောပြသည်။ ထိုအခါ ဝိုင်းစု၍ အိပ်မက်အကြောင်း ပြောကြ၊ အတိတ်နိမိတ်ကောက်ကြနှင့် အတွေးအခေါ်တွေပါ ချောက်ချားလာကြ၏။

အများဆုံး သူတို့မြင်မက်ကြသော ညစဉ်အိပ်မက်တွေမှာ ယခင်က သူတို့ ကုန်းပေါ်တွင် သွားလာ လှုပ်ရှားခဲ့ကြသည့် အကြောင်းများချည်း ထပ်နေလေသည်။ သူတို့သည် ယခင်က ကုန်းပေါ်တွင် သွားလာ လှုပ်ရှားခဲ့ကြသည်များကိုသာ ယခု ပင်လယ်ပြင်ထဲမှာ တစ်နေ့လုံး တစ်ချိန်လုံး တွေးနေကြလေရာ အိပ်ခါနီး၊ နိုးခါစအတွေးတွေမှာ ကုန်းပေါ်၌ ချည်းသာ။

အတွေးများသောအခါ အမြင်တွေပါ ဝေဝါးလာသည်။

တစ်နေ့ည သန်းခေါင်ကျော်တွင် **ကြည်ဟန်**က ကမ်းခြေကို လှမ်းမြင်နေရပြီ ဟုအားလုံးကို အထိတ်တလန့် နှိုးပြောသည်။ အားလုံးမှာ ဝမ်းသာအားရနှင့် ချက်ချင်း ပြေးထကြ၏။

**ကြည်ဟန်** ညွှန်ပြသောဘက်ကိုလည်း အားလုံးမျှော်ကြည့်ကြ၏။



BURMESE CLASSIC .com

www.burmeseclassic.com




လတစ်ခြမ်းပဲ့အောက်တွင် တောတန်း တောင်ကုန်းလိုလို အရိပ်တန်းတစ်ခုကိုတော့ လှမ်းမြင်ကြရသည်။ အားလုံး ဝမ်းသာအားရ ဖြစ်သွားကြ၏။ ကမ်းကို မြင်နေရပြီ။ သူတို့ကမ်းကို ရောက်တော့မည်။


BURMESE CLASSIC .com

www.burmeseclassic.com


'ခင်ဗျားတို့ကို ကျုပ်မပြောဘူးလား၊ ကျုပ်အိပ်မက် ကောင်းနေတာ သုံးလေးညရှိပြီဗျ၊ ကမ်းကိုရောက်ကြတော့မယ်၊ ရခိုင်နဲ့ တနင်္သာရီကမ်းခြေ တစ်ခုခုဖြစ်ရမယ် '

**ဦးကျော်ဝင်း**၏ ဝမ်းသာအားရ စကားကြောင့် **ကြည်ဟန်**နှင့်**မြရွှေ**တို့၏ မျက်နှာတွေမှာ ရုတ်ခြည်း ဝင်းထိန်သွားကြ၏။ မျက်စိ အဝေးမှုန်သော **ဦးကျော်စံ**ကမူ အားလုံးမြင်နေကြရသည်ဆိုသော **ကြည်ဟန်**၏ကမ်းကို ယခုထိ လက်ဝါးကာ မျက်မှောင်ကြုတ်လျက် ကြည့်နေ၊ ငေးနေတုန်း။

ခဏကြာသောအခါ **ဦးကျော်စံ**မှာ ဘာမပြော၊ ညာမပြောနှင့် အိပ်စင်ထဲပြန်သွား၏။

**ဦးကျော်စံ**၏ အပြုအမူကို **ဦးကျော်ဝင်း**ကပါ ဤတစ်ခါ အံ့သြသွား၏။

**ဦးကျော်စံ**နှင့် တခေါင်းစေးနှင့် မျက်ချေးပမာ ဖြစ်သော **ကြည်ဟန်**ကမူ 'ခင်ဗျားတော့ ဂွလုပ်ပြန်ပြီ၊ ဘာလဲ ကမ်းကိုမလိုက်တော့ဘဲ ရေထဲ သေကျန်ခဲ့မလို့လား၊ သေချင်ရင်တော့ .... 'ဟု စကားမဆုံးခင်ပင် **ဦးကျော်စံ**က

'ခွေးကောင် မင်းသာ သောင်မှန်းကမ်းမှန်းမသိဘဲ သေမယ့်အကောင်၊ ငါကသာ မျက်စိမကောင်းဘူးလား ထင်နေတာ မင်းတို့အားလုံး အကန်းတွေချည်းမှန်း ခုမှသိရတော့တယ်။ မိုးသားထုမှန်း၊ သောင်ကမ်းတောတန်းမှန်းတောင် ခွဲခြား မမြင်ကြရတော့ဘူးလား '

လူတွေအားလုံးမှာ စိတ်ဓါတ်ချောက်ချားကာ လုပ်ဖော်ကိုင်ဖက်၊ သေဖော်သေဖက်တွေပါလားဟုပင် ယခုအခါ သည်းညည်း မခံနိုင်ကြတော့။ တစ်ယောက်အမှား တစ်ယောက်က ရိုးရိုးသားသား အမှားပါလားဟု မမြင်နိုင်ကြတော့ဘဲ လူငယ်များက သူ့အား မျက်စိမှုန်နေသဖြင့် တမင်ကြံစည်၍

အရှုံးလုပ်နေကြသည်။ ဤတစ်ခါတော့ **ကြည်ဟန်**နှင့် **မြရွှေ**တို့၏ အရှုံးလုပ်ရာတွင် **ဦးကျော်ဝင်း**ပါ အကြံတူ ဉာဏ်တူပါသည်ဟု **ဦးကျော်စံ**က အိပ်ချင်မူးတူးနှင့် **ဦးကျော်ဝင်း**ကိုပါ ရောဆဲလေတော့သည်။

**ဦးကျော်စံ**ပြောမှ သူတို့ကလည်း **ကြည်ဟန်**ပြသော ကမ်းခြေက တောတန်း တောင်ကုန်းတွေကို သေသေချာချာ ကြည့်မိကြသည်။

တောတန်း တောင်ကုန်းဟု ထင်ရသော မိုးကုပ်စက်ဝိုင်းနားမှ မိုးသားတိမ်တန်းသည် ခဏအကြာမှာပင် သဏ္ဍာန်ရုပ်ဆင်းပြောင်းပြီး မြင့်တက်လာ၏။ ထိုအခါ လဆုတ်ည၏ လခြမ်းကိုပင် ဖုံးအုပ်သွားလေသည်။

မိုးသား တိမ်တန်းကို သောင်ကမ်းထင်ပြီး ဝမ်းသာအားရ ဖြစ်ခဲ့ကြရသော လူသုံးယောက်မှာ ထိုအခါမှ ဝမ်းနည်းပက်လက်ဖြစ်ကာ သက်မပြိုင်တူ ချလိုက်ကြရလေသည်။



BURMESE CLASSIC .com

## အခန်း ၂၆

သူတို့မိုးတိမ်တန်းကို သောင်ကမ်းအမြင် မှားကြပြီးနောက် နှစ်ရက်အကြာမှာ **မြရွှေ**က ကမ်းကို မြင်ရပြီဟု အခိုင်အမာ ထအော်ပြန်သည်။

'ဒီတစ်ခါတော့ ဟုတ်ကို ဟုတ်ရမယ်ဗျို့၊ ကျွန်တော်ကြည့်နေတာ ကြာပြီဗျ၊ ဘယ်လိုမှ မမှားနိုင်ဘူး၊ သေချာတယ် ဦးလေး ဦးကျော်စံ၊ သစ်ပင်ထိပ်ဖျားတွေကိုတောင် မြင်နေရပြီဗျ '

**မြရွှေ**၏ ဝမ်းသာအားရစကားကြောင့် အားလုံး လှုပ်လှုပ်ရှားရှားဖြစ်သွားကြသည်။ ဆောင်းနံနက်ခင်း ဖြစ်သော်လည်း ဤနေ့ ပင်လယ်ပြင်တွင် နှင်းမရှိသဖြင့် နေရောင်ခြည်ကလည်း ဖောင်ပေါ်ခွပင် တောက်ပနေလေရာ **မြရွှေ**စကားမှာ ဖြစ်နိုင်သည်ဟု **ဦးကျော်စံ**တွက်၏။

'မင်းတို့ မျက်ကန်းတွေ ဒီတစ်ခါ သေသေချာချာ ကြည့်ကြစမ်း၊ **မြရွှေ**စကားဟာ ဧကန်မှန်နိုင်တယ်၊ ဒီနေ့တော့ ဥပုသ်နေ့၊ ပြာသိုလဆုတ်ရှစ်ရက်၊ တနင်္ဂနွေနေ့ဆိုတော့ မှန်ကိုမှန်ရမယ်၊ ဥသျှစ်ခံထား မှန်စကားတဲ့။ တနင်္ဂနွေထိပ်စီးနေတယ် '

ထိုင်ရာကမထ ဗေဒင်ကိန်းခန်းနှင့် ဟောကိန်းထုတ်နေသော **ဦးကျော်စံ**၏ စကားကို အားလုံးထောက်ခံကြသည်။ **ဦးကျော်စံ**က လွဲလျှင် သစ်ပင်ထိပ်ဖျားကို အားလုံး မြင်ကြရသည်။



BURMESE CLASSIC .com

www.burmeseclassic.com


ဝမ်းသာလိုက်ကြသည်မှာ ဆိုဖွယ်ရာမရှိတော့၊ ဦးဆုံးသောင်ကမ်းကို မြင်ရသော **မြရွှေ**ကို ဝိုင်းကိုင်မြှောက်ထမ်း၍ ဖောင်ပေါ်တွင် ကခုန်အော်ဟစ် ပစ်ကြသည်။ ပြီးတော့ **ဦးကျော်စံ**၏ ထိုင်ရာမထ ဟောကိန်းကို ချီးကျူး ထောမနာပြုကြ၏။

ခရီးတလျှောက်လုံး နောက်သလိုပြောင်သလိုနှင့် တမင်နှိမ်ပြောလာ သော **ကြည်ဟန်**ကပါ **ဦးကျော်စံ**ကို ထိုင်ရှိခိုးပြီး 'ဦးလေး ဗေဒင် ခုလောက် မှန်မှန်း ခုမှ ကျွန်တော်သိရလို့ပါ 'ဟု ဝမ်းသာဝမ်းနည်းအသံကြီးနှင့် ပြော၏။

'မြရွှေပြောကတည်းက ငါချက်ချင်းတွက်လိုက်ပြီးပြီကွ၊ ခု တနင်္ဂနွေက ထိပ်စည်းမှန်နေတဲ့အပြင် မြဆိုတဲ့ ကြာသပတေးနဲ့ တနင်္ဂနွေဟာ အောင်ပလဲဖြစ်နေတယ်။ ရွှေဆိုတဲ့ အဆုံးအလုံးက ဗုဒ္ဓဟူး၊ ဓမ္မသောက၊ ပြဒါးတစ်လမ်း သံတစ်လမ်းပဲ၊ တနင်္ဂနွေနဲ့ ဆန့်ကျင်ဘက်၊ တို့ရေထဲ လေးဆယ့် ကိုးရက်မျောနေတဲ့ လူတွေအတွက် ကမ်းဟာ ဆန်ကျင်ဘက်ပဲ၊ ဘယ်လိုလုပ် မမှန်ဘဲ နေတော့မလဲ၊ ပြီးတော့ တို့ဗုဒ္ဓသတ္တဟာစံတာလဲ သတ္တသတ္တဝါ နောဝါစာ လီသ၊ လေးဆယ့်ကိုးရက်ပဲ၊ ဒါကြောင့် မြရွှေ အော်လိုက်ကတည်းက ငါ့တစ် ကိုယ်လုံး ကြက်သီးဖြန်းဖြန်း ထသွားတယ်။ လေးဆယ့်ကိုးရက်အတွင်းမှာ ငါတစ်ခါမှ ဒီလိုကိုယ်ခက်တရော် မဖြစ်ဘူး၊ သမထသမားတွေသာဆို၊ အာရုံ ရတယ်လို့ ခေါ်မယ်၊ မရယ်နဲ့တိရစ္ဆာန်၊ ငါတကယ်ပြောနေတာ '

ရယ်နေသော **ကြည်ဟန်**ကို **ဦးကျော်စံ**ကဆဲ၏။

'ဝမ်းသာလွန်းလို့ပါဗျ '

'ကဲ .... သိပ္ပံဆရာကြီး မင်းအင်္ဂလိပ်ရက်က ဒီနေ့ဘာနေ့လဲကွ '

'ကျွန်တော် မမှတ်မိတော့ဘူး ဦးလေး ' **ကြည်ဟန်**က အမှန် အတိုင်း ပြောသည်။ **ဦးကျော်စံ**က ခွေးမသား ဟုဆို၏။ နောက်ထပ် တစ်နာရီ၊ နှစ်နာရီအကြာမှာ စက်လှေ ရွက်လှေတွေကိုပါ လှမ်းမြင်လာကြရသည်။


BURMESE CLASSIC .com

www.burmeseclassic.com


လုံ့ချည်အင်္ကျီတွေကို အလံထူယမ်းပြ၍ တအားအော်ဟစ်ကာ မြင်သမျှ စက်လှေ ရွက်လှေတွေကို အကူအညီတောင်းကြသည်။ သို့သော် စက်လှေ ရွက်လှေများသည် ယခင်ရက်များက တွေ့မြင်ခဲ့ကြရသော ပင်လယ်ကူးသင်္ဘောကြီးများပမာ သူတို့ ဖောင်နားကို တစ်စင်း တစ်လှေမျှ ကပ်မလာကြ။ သူတို့ လမ်းကြောင်းအတိုင်းသာ သွားလာနေကြ၏။

သို့သော် သူတို့သည် ကမ်းကို မြင်နေရပြီ၊ သူတို့၏ ရွက်တိုက်ထားသော ဝါးဖောင်ကလည်း ကမ်းခြေဘက်သို့ ဦးတည်ရွေ့လျား နေပြီဆိုသည်ကို သိထားကြရာ ခေါ်မရသော စက်လှေ ရွက်လှေများကို တအားအော်ဆဲကာ ဖောင်ပေါ်တွင် ပျော်နေကြသည်။

သူတို့သည် မလွဲမသွေ ကမ်းကိုရောက်ကြပေတော့မည်။


BURMESE CLASSIC .com

## အခန်း ၂၇

'တနင်္သာရီကမ်းရိုးတန်း တစ်နေရာရာဖြစ်ရမယ်ကွ ကြည်ဟန်'ဟု **ဦးကျော်စံ**ကပြော၏။ 'ဟုတ်မယ်ကွ စက်လှေတွေ ဒီလောက်ပေါတာ ထောက်ရင်တော့ ရေး၊မြိတ်၊ ထားဝယ်ဘက် မုချဖြစ်ရမယ် 'ဟု **ဦးကျော်စံ** ကလည်း ထောက်ခံသည်။

'အိန္ဒိယနဲ့ ပါကစ္စတန် တစ်ခုခုထင်တာပဲ '

'မင်းက ကိုယ့်အရပ် ကိုယ့်ပြည်ကို စိတ်စွဲနေတာပေါ့ကွာ၊ ဖြစ်တတ် ပါတယ် '

**မြရွှေ**၏ ထင်မြင်ချက်ကို **ကြည်ဟန်**က မဟုတ်နိုင်ကြောင်း ပြော၏။ **ဦးကျော်ဝင်း**နှင့် **ဦးကျော်စံ**တို့ကမူ 'ဘယ်ရောက်ရောက်ကွာ၊ ကမ်းကို ရောက်ရင်ပြီးရော 'ဟု ဆို၏။

'လူသားအချင်းချင်း သတ်ဖြတ် စားသောက်တတ်တဲ့ နိုင်ငံတစ်ခုခု ကို ရောက်သွားရင်ကော ဦးလေး '

'တော်စမ်းကွာ အဓိပ္ပာယ်မရှိတာ 'ဟု **ဦးကျော်ဝင်း**ကဆိုသည်။ **ဦးကျော်စံ**ကလည်း မျက်စောင်းထိုး၏။

လူကြီးနှစ်ယောက် ဖြစ်ကြသော **ဦးကျော်စံ**နှင့် **ဦးကျော်ဝင်း**တို့မှာ ယခု ကမ်းခြေကို ပီပီပြင်ပြင် မြင်နေရခါမှ မျက်စိလည်နေကြ၏။

မြင်နေရသော ကမ်းခြေကို မခန့်မှန်းနိုင်ကြတော့။ နေမွန်းစောင်းကြီး လောက်တွင် စက်တပ်ထားသော ပိုက်လှေတစ်စင်းနှင့် အနီးကပ်ဆုံး တွေ့မိကြသည်။ အလံပြ၍ အော်ဟစ်အကူအညီ တောင်းကြ၏။

ပိုက်လှေကလည်း သူတို့ဖောင်ဘက် တည့်တည့်မတ်မတ် ခုတ်မောင်းလာ၏။ အနားတွင် စက်သတ်၍ ရပ်သည်။ သူတို့ကလည်း ရွက်ကို ရုပ်လိုက်ကြသည်။ လှေပေါ်ပါလာသော ကုလားမည်း ရှစ်ယောက်က သူတို့ကို ပြုံးတုံးပြုံတဲ ငုံ့ကြည့်ကြ၏။

သူတို့ပြောပြသည်ကို ကုလားတွေက နားမလည်။ ကုလားတွေ ပြောသည်ကိုလည်း သူတို့က လုံးဝ သဘောမပေါက်ကြ။ ရှစ်တန်း၊ ကိုးတန်း သင်ဖူးသော **ကြည်ဟန်**က အင်္ဂလိပ်လိုပြော၏။ ကုလား ပိုက်သမားတွေက လုံးဝနားမလည်။

'ဟေ့ကောင် မြရွှေ မင်းကုလားလို မတတ်ဘူးလား '

'ကျွန်တော် မတတ်ဘူး ဦးလေး '

'တောက် .... သောက်သုံးမကျလိုက်တဲ့ အကောင်ကွာ၊ ငါတို့ တွေ့ဖူးတဲ့ ရခိုင်တွေဆို ကုလားလို ဖွတ်နေတာ '

**ဦးကျော်စံ**က မချင့်မရဲ ဖြစ်နေ၏။

'ကုလားလိုတတ်တဲ့ ရခိုင်တွေက ဘူးသီးတောင်၊ မောင်းတောက လူတွေ ဦးလေး၊ ကျွန်တော်က ရမ်းဗြဲသား၊ ဘယ်လိုလုပ် ကုလားလို တတ်မှာလဲ'

'ဒီကောင်က ကုလားစကားမပြောနဲ့ ဦးလေး ရခိုင်စကားတောင် ပီပီသသမှ မပြောတတ်တာ၊ အလားကောင် '

**ကြည်ဟန်**ကလည်း **မြရွှေ**ကို ဆဲ၏။ နောက်ဆုံးတော့ လူသားတိုင်း နားလည်သော ကမ္ဘာသုံးသင်္ကေတ လက်ဟန် ခြေဟန်နှင့် ပြောပြကြရသည်။



BURMESE CLASSIC .com

www.burmeseclassic.com


ဝမ်းဗိုက်ကို ပုတ်ပြ၏။ အစာငတ်လာကြသည်။ ပင်လယ်ရေကို လက်ညှိုးထိုးပြ၏။ ရေမသောက်ရသည်မှာလည်း ကြာပြီ။ ပင်လယ်ပြင်တွင် ဖောင်မျော၍ ရက်ပေါင်းလေးဆယ်ကျော် ကြာပြီဟု လက်ပူး၊ လက်ချိုးရေတွက်ပြမှ ကုလားတွေ နားလည်သွားကြသည်။

သူတို့တွင်ပါလာသော အစားအစာများကို ဘာလီပုံးတစ်လုံးထဲ ရောထည့်ကာ ဖောင်ပေါ် လှမ်းပေး၏။ ပလတ်စတစ်ရေပုံး တစ်လုံးလည်း နောက်ထပ် ကြိုးနှင့် ချပေးသည်။

ရက်ပေါင်း လေးဆယ်ကျော် ထမင်းငတ်လာကြသော်လည်း လောလော ဆယ်ဆယ် ထမင်းကို ဂရုမစိုက်နိုင်ကြသေး။ သူတို့ကို ကယ်ပါ။ စက်လှေနှင့် လိုက်ပါရစေဟုသာ လက်ဟန် ခြေဟန်နှင့် ထပ်ပြောတောင်းပန်နေကြသည်။

ကုလားတွေကလည်း လက်ဟန် ခြေဟန်နှင့် ပြန်ပြောပြသည်။ သူတို့ကိုမခေါ် နိုင်။ ခေါ်သွား၍ မဖြစ်ဟု လက်ကာပြ၏။ ထပ်မံ၍ ရှိုးတောင်းပန်ပြောဆိုကြသည်။ အကြီးအမှူးဟုထင်ရသော ကုလားကြီးက ကိုယ်လက်အမူအရာနှင့် ပြန်ပြောပြသည်။

ကိုယ်ချင်း အင်မတန်စာနာပါသည်။ ခေါ်သွား ကယ်တင်ချင်ပါသည်။ သို့သော် သူတို့ကို ခေါ်သွားလျှင် သူပါ လက်ထိပ်ခတ်ခံရမည်။ ဖမ်း၍ ထောင်ချနိုင်သည်။ ဝမ်းနည်းပါသည်။ မခေါ်ဝံ့ပါ။ မြို့ ရွာနှင့် နီးနေပါပြီ၊ ဆက်သွားကြပါ။ သူ့မှာ ကယ်ဆယ်သွားချင်သော်လည်း လက်ထိတ်ကို ကြောက်ပါသည်ဟု နောက်ဆုံး သူ့လက်နှစ်ဖက်ကို ပူးလုပ်ပြပြီး ပြော၏။

ကုလားစက်လှေထွက်သွားသည်။ သူတို့ပေးထားခဲ့သော အစားအစာနှင့် ရေချိုကိုသောက်ကာ ကုလားများကို မခေါ်ရကောင်းလားဟု ကျိန်ဆဲကြ၏။

www.burmeseclassic.com


ကုလားတွေ လက်ညှိုးထိုးညွှန်ပြခဲ့သောဘက်ကို ကြိုးစား၍ ဖောင်ဦး လှည့်ရွက်တိုက်ကြသည်။ ကမ်းခြေဘက်တွင် အိမ်ခြေ တိုက်တာ အဆောက် အအုံများကို လှမ်းမျှော် ကြည့်ကြသည်။

ကမ်းခြေကို ထင်ထင်ရှားရှား မြင်နေပြီ ဖြစ်သော်လည်း အိမ်ခြေ အဆောက်အအုံများကိုကား လုံးဝမမြင်ကြရသေး။

ကမ်းခြေကို ရောက်လိုဇောနှင့် ဖောင်ကိုသည်အတိုင်းထားခဲ့ကာ ကူးသွားကြလျှင် ဘယ့်နှယ့်နေမလဲဟူသော **ကြည်ဟန်**၏ အရှုးထမှုကို ဝိုင်း ဆဲကြ၏။ အမြင်နီးသော်လည်း ခရီးအကွာအဝေးကိုပင် သူ့ခမျာ မတွေးမိတော့။ သောင်ကမ်းကို ရောက်လိုဇောသာ ကပ်နေ၏။

'ပြောတော့ သိပ္ပံသမား၊ အမြင်နီးပေမင့် ခရီးဘယ်လောက်ဝေး သေးတယ်ထင်သလဲ၊ မင်းဘာသာ မင်းကူးသွားပါလား၊ ကမ်းကိုတော့ ရောက် မှာမဟုတ်ဘူး၊ ငါးမန်းစာပဲဖြစ်မယ်'

'ဦးလေးကလည်း ဒီဖောင်ပါနေလို့ ကုလားတွေက ကျွန်တော်တို့ကို မကယ်တာ၊ မခေါ်တာဗျ၊ ရေပြင်ပေါ်မှာ ကူးနေတာမြင်ရင် ခေါ်ကြမှာပဲ'

**ဦးကျော်စံ**၏ စကားကို သိပ္ပံသမားကလည်း ပြန်ချေပသည်။

သူပြောသည်မှာလည်း ဟုတ်သလိုလို ဖြစ်နေသဖြင့် **ဦးကျော်ဝင်း** နှင့်**မြရွှေ**တို့က ပြုံးကြ၏။

မည်သို့ဆိုစေ လူတွေကိုလည်းတွေ့၊ ကမ်းခြေကိုလည်း မြင်နေကြပြီ ဖြစ်ရာ သူတို့အားလုံးမှာ ပျော်ရွှင်တက်ကြွလာကြသည်။

မိုးချုပ်စ မှောင်ရီမပျိုးတပျိုးအချိန်ခန့်တွင် နောက်ထပ် ပိုက်လှေ အသေးတစ်စင်းနှင့် နီးနီးကပ်ကပ်တွေ့ပြန်၏။ လက်ဦးနည်းအတိုင်း လက်ဟန်ခြေဟန်နှင့် ပြောပြ အကူအညီတောင်းကြ ပြန်သည်။

ကုလားတွေကလည်း ပထမတွေ့ခဲ့ကြရသော ကုလားတွေအတိုင်း


BURMESE CLASSIC .com

www.burmeseclassic.com


လက်ကာပြသည်။ ထမင်းတွေ ဟင်းတွေနှင့် ဗီလီဆေးလိပ် မီးခြစ်တို့ကိုပါ ကရုဏာထားစွာ ကမ်းပေးကြသည်။

ထမ်မံ၍ တောင်းပန်ပြောဆိုကြသော်လည်း ကုလားတွေက မခေါ်နိုင်၊ မခေါ်ရဲဟုသာ တွင်တွင်ငြင်းနေကြသည်။

မိုးချုပ်လာပြီဖြစ်သဖြင့် စိတ်အားငယ်ပုံရသော **ဦးကျော်ဝင်း**က 'တို့ဒီလိုပြောနေလို့တော့ ရမယ့်ပုံမပေါ်တော့ဘူး၊ အတင်းတွယ်တက်ကြမှ ဖြစ်တော့မယ် 'ဆိုပြီး သူကဦးဆုံး ကုလားတွေ လှေပေါ်ကို ကမန်းကတန်း တွယ်တက် သည်။

**ဦးကျော်ဝင်း** ကမန်းကတန်းတွယ်တက်သောအခါ **ကြည်ဟန်**နှင့် **မြရွှေ**တို့ကလည်း ချက်ချင်းတွယ်တက်ကြ၏။

' ဟော့ …… ဟော့ကောင်တွေ၊ အရမ်းမလုပ်ကြနဲ့၊ မတက်ကြနဲ့ ကမ်းကိုလည်း မြင်နေရပြီပဲ၊ သူတို့မခေါ်လည်း တို့ကမ်းကိုရောက်မှာပဲ။ အရမ်းမတက်ကြပါနဲ့ကွ '

**ဦးကျော်စံ**က စိုးရိမ်တကြီး အော်ဟစ်သတိပေး၏။

သို့သော် **ဦးကျော်စံ**၏ စကားကို မည်သူမျှနားမထောင်ကြတော့။ ကုလားတွေ လှေပေါ်သာ သူ့ထက်ငါဦး လုတက်နေကြ၏။

ရုတ်တရက်ဖြစ်သဖြင့် ကုလားတွေ အထိတ်တလန့်ဖြစ်သွားကြသည်။ သူတို့ဘာသာစကားနှင့် အော်ဟစ်ဆဲဆိုကာ သူတို့လှေပေါ် လုံးဝ အတက်မခံ။ ပြန်တွန်းကန်ချကြ၏။ သူတို့ကလည်း ပြန်တွယ်တက်ကြသည်။

အခြေအနေမှာ ချက်ချင်း ရုတ်ရုတ်သဲသဲ ဖြစ်သွားကြသည်။ အော်ဟစ်သံ၊ ဆဲဆိုသံတွေနှင့် ပတ်ဝန်းကျင်တစ်ခုလုံး ဆူညံသွားသည်။

မည်မျှပင် ကြိုးစားကြသော်လည်း သူတို့သည် တစ်ယောက်မျှ ကုလားတွေလှေပေါ်ကို မတက်နိုင်ကြ၊အားပြတ်နေသော သူတို့ကို အားကောင်း


BURMESE CLASSIC .com

www.burmeseclassic.com


မောင်းသန် ကုလားကြီးတွေက လွယ်လွယ်လေးပင် ဖောင်ပေါ် ပြန်တွန်းချကြသည်။ သူတို့ ဖောင်ပေါ်ပက်လက်လန်ကျသွားစဉ် တွဲထားသော ဖောင်ကြိုးကို အလျင်စလို ဓါးနှင့်ခုတ်ဖြတ်ပြီး စက်ကုန်ဖွင့် မောင်းပြေးသွားကြ၏။

သို့သော် ကုလားတွေက သူတို့ကို စိတ်ဆိုးပုံတော့မပြ။ ပြုံးရယ်ကာ လက်ပြ နှုတ်ဆက်သွားကြသည်။

**ဦးကျော်စံ**ကလွဲပြီး သုံးယောက်စလုံးမှာ ဖောင်ပေါ်တွင် ပက်လက်လန် ကျန်ရစ်ခဲ့ကြ၏။ တဟောဟော တဟဲဟဲ အမောဆို့သွားကြသဖြင့် တစ်ယောက်နှင့်တစ်ယောက် စကားပင် မပြောနိုင်ကြ။ သွေးရူးသွေးတန်း ဖြစ်နေကြ၏။

'အကြံပေးကောင်းတဲ့ မောင်ပုညကြောင့် မင်းတို့အားလုံး သေမကုန်ကြတာဘဲ၊ ကံကောင်းတယ်မှတ်ကြ၊ ငါ့မှာဖြင့် ရင်ထိတ်လိုက်ရတာ'

'ဘာလို့သေကုန်ရမှာလဲဗျ၊ ဒီလို အတင်းတက်တာတောင် အတက်မခံဘဲ တွန်းချထားခဲ့ကြတယ်။ သိပ်ယုတ်တဲ့ အကောင်တွေ '

**ကြည်ဟန်**က ယခုထိ ကုလားတွေကို ကျိန်ဆဲနေတုန်း။

'သူခိုးမှန်းမသိ၊ ဓါးပြမှန်းမသိဘဲ အတက်ခံရဲမလားကွ '

**ဦးကျော်စံ**ပြောမှ သူတို့အဖြစ်ကို သူတို့ပြန်စဉ်းစားမိကြသည်။

**ဦးကျော်ဝင်း**ပြောလိုက်ချိန်ကမှ ရုတ်တရက်မို့ သွေးပူပြီး လှေပေါ် ရောက်ရေးသာ သူ့ထက်ငါဦးလှေပေါ် လုတက်မိကြ၏။

ကုလားတွေက သူတို့ကို တကယ့်ဒုက္ခသည်များဟု မထင်ဘဲ ပိုက်လု ဓါးပြတိုက်ချင်၍ အယောင်ဆောင် နေကြသူတွေဟုသာ အထင်ရှိသွားလျှင် ဓါးနှင့်ဆီးမခုတ်တောင် သေနတ်နှင့် ပစ်သတ်ခံရမည်။ ယခု ဖောင်ပေါ်ကို တွန်းချရုံ တွန်းချထားခဲ့ကြသည်ကိုပင် ပြန်တွေးကြည့်က ကျေးဇူးတင်စရာ။ မဆင်မခြင် နှုတ်ထွက်လွန်ရကောင်းလားဟု **ဦးကျော်ဝင်း**ကို


BURMESE CLASSIC .com

www.burmeseclassic.com


**ဦးကျော်စံ**က ဆဲဆိုသည်။ **ဦးကျော်ဝင်း**မှာ သူ့အပြစ်နဲ့သူမို့ ဘာမှ ပြန်မပြောဘဲ ငြိမ်ကုပ်သွား၏။

ဒုတိယ ကုလားပိုက်လှေက ပေးထားခဲ့ကြသော ထမင်းဟင်းများကို ညနေစာအဖြစ် လူလေးယောက် မျှဝေ စားသောက်ကြရသည်။

လေကလည်း သင့်နေရာ ရွက်ကြိုးရွက်တိုင်တွေကို ပြန်ပြင်ပြီး ဆက်၍ ရွက်လွှင့်လာကြသည်။

ကုလားတွေပေးထားခဲ့သော ဗီလီဆေးလိပ်ကိုယ်စီနှင့် ကမ်းခြေဘက်ကိုသာ ဆေးလိပ်ဖွာရင်း မျှော်ငေးလာကြသည်။ မီးလုံး မီးပွင့်တွေကို မမြင်ရသော်လည်း ကုလားတွေ ညွှန်ပြထားခဲ့သော ကမ်းခြေဘက်က အလင်းပျပျကိုတော့ အဝေးတွင်မြင်နေရ၏။ လျှပ်စစ်မီးရှိသော မြို့တစ်မြို့မှ အလင်းရောင်ဟု ယူဆကြသည်။

ညဥ့်နက်သန်းခေါင်ကျော်လောက်တွင် မျှော်မှန်းထားသည့်အတိုင်းပင် သူတို့ ကျားဖောင်သည် ပင်လယ်ကမ်းစပ် တစ်နေရာ၌ ဆိုက်ကပ်မိလေသည်။

လူသူလေးပါးနှင့် အိမ်ခြေရာခြေ အဆောက်အအုံတွေကိုတော့ လုံးဝမမြင်ရ။ လူသံ၊ သူသံ၊ ခွေးသံ၊ ငှက်သံတွေကိုလည်း မကြားရ။ တဝေါဝေါအော်မြည်နေသော ပင်လယ်လှိုင်းများ ကမ်းခြေသဲသောင်ကို လာရိုက်သံကသာ ပတ်ဝန်းကျင်၌ ညံနေသည်။

ညကြီးမင်းကြီး မြို့ရွာကိုသွားရှာ၍တော့ မဖြစ်သေး။ ကုလားပြည်ဟု ထင်ထားကြသော်လည်း အိန္ဒိယလား၊ သီရိလင်္ကာလား၊ ပါကစ္စတန်လား၊ ဘင်္ဂလားဒေ့ရှ်လား ခွဲခြား မသိကြသေး။

**ဦးကျော်စံ** ပြောသလို သူခိုး ဓါးပြထင်၍ သေနတ်နှင့် လှမ်းပစ်လျှင် ပင်လယ်ပြင်တွင် မသေခဲ့ကြသော သူတို့အသက်များသည် ကုန်းပေါ်ရောက်မှ


BURMESE CLASSIC .com

www.burmeseclassic.com


မိနစ်ပိုင်းအတွင်း ထွက်သွားမှာလည်း စိုးရ၏။

'ကဲ .... ရတနာသုံးပါး ဆရာမိဘ ဂုဏ်ကျေးဇူးတွေကြောင့် မင်းတို့ ငါတို့ သေလမ်းကတော့ လွတ်လာခဲ့ကြပြီ၊ ဒီညတော့ တို့အသက်သခင် ကျေးဇူးရှင် ဖောင်ပေါ်မှာပဲ အိပ်ကြမယ်။ ဘုရား၊ တရား၊ သံဃာ၊ ဆရာ၊ မိဘ ဂုဏ်ကျေးဇူးများကို အာရုံပြု အောက်မေ့ပြီးအိပ်ကြ။ တို့မိုးလင်းမှ ဒီပင်လယ် ကမ်းခြေရဲ့ အနီးအနားမှာ ရွာရှိမရှိ သွားရှာကြတာပေါ့'

ဤတစ်ခါတော့ **ဦးကျော်စံ**၏ စကားကို မည်သူမျှ မပယ်ရှားရဲကြတော့၊ အသက်အကြီးဆုံးဖြစ်သော သူ့စကားကို အားလုံးလေးလေး စားစားပင် လိုက်နာကြသည်။


BURMESE CLASSIC .com

## အခန်း ၂၈

အမှန်က မည်သူမျှ အိပ်မပျော်ကြ။ ကုလားပိုက်သမားတွေ ပေးထားခဲ့ကြသော ဗီလီဆေးလိပ်တွေကို တစ်လိပ်ပြီး တစ်လိပ်ခဲကာ ရောက်တတ် ရာရာ ပြောနေကြ၏။

စောစောက ထမင်းဟင်းနှင့်ဆေးလိပ်တွေ ပေးသွားကြသော ကျေးဇူးရှင်ကုလားများကိုလည်း ဘယ်နိုင်ငံသားတွေဖြစ်မလဲဟု ခန့်မှန်းပြောဆိုနေကြ၏။ သူတို့ဖောင်ဆိုက်ထားသော သဲတန်းပေါ်ရှိ ချုံပုတ်နှင့် သစ်တောများဘက်သို့ နားလည်းနားစွင့်ကြသည်။

လူသံနှင့် လူတို့၏ ကျွဲနွားတိရစ္ဆာန်များအသံကို နားထောင်ကြသည်။ ချုံထဲမှ လှုပ်ရှားမှုတစ်ခုခုများ ကြားရလေမလား၊ မြင်ရလေမလားဟုလည်း မျှော်လင့်ချက်နှင့် ကြည့်ကြ၏။ ယခုထိ ဘာမှမထူးခြားသေး။ လှိုင်းသံတွေကသာ သူတို့နားထဲ ညံလာသည်။

ဤလို ပင်လယ်ကမ်းစပ်ကို လာရိုက်ခတ်နေသော လှိုင်းသံများကို သူတို့ ခရီးတစ်လျှောက်လုံးတွင် တစ်ခါမျှ မကြားဖူးကြသဖြင့် သူတို့နားထဲ ပင်လယ်ပြင် မုန်တိုင်းကျစဉ်ကထက်ပင် ကျယ်လောင်နေသည်။

ညဆိုလျှင် ခွေးဟောင်သံများကို ဝေးဝေးကပင် ကြားရတတ်သဖြင့် ခွေးဟောင်သံများကိုလည်း အထူးနားစွင့်ကြ၏။



BURMESE CLASSIC .com

သို့သော် ပင်လယ်လှိုင်း ဆူသံမှတစ်ပါး သဲသောင်အစရှိ ချုံများမှ ငှက်ကလေး တစ်ကောင်တစ်လေ အော်မြည်သံမျှကိုပင် မကြားကြရ။ ဘယ်အရပ် ဘယ်ဒေသကို ရောက်နေကြမှန်းလည်း မည်သူမျှ မသိကြ။

သည်လိုနှင့် မိုးလင်းသွား၏။

နေရောင်ခြည်နှင့် နေလုံးနီနီကို ထင်ထင်ရှားရှား မြင်ကြရသည်နှင့် မြို့ရွာရှာရန် လူစုခွဲကြသည်။ **ဦးကျော်စံ**နှင့်**မြရွှေ**က တစ်ဖွဲ့၊ **ဦးကျော်ဝင်း**နှင့် **ကြည်ဟန်**တို့က တစ်ဖွဲ့။

**ဦးကျော်ဝင်း** ဦးဆောင်သောအဖွဲ့က တောင်ဘက်ကိုသွားပြီး၊ **ဦးကျော်စံ** ဦးဆောင်သောအဖွဲ့က မြောက်ဘက်ကိုသွားသည်။ မြို့ရွာကို မတွေ့လျှင် နေမွန်းမတည့်မီ မိမိတို့ဖောင်ကို အရောက်ပြန်လာကြရန် ကတိပြုကြသည်။

ကုလားတွေ ပေးလိုက်သော ရေပုံးနှင့် အဝတ်တစ်ထည်စ နှစ်ထည်စတွေကို သဲသောင်ပေါ်တွင် အမှတ်အသားလုပ်၍ ကျင်းယက် ဝှက်မြှုပ်ထားခဲ့ကြ၏။

ဤရေပုံးကို လူလေးယောက်ဆုံမှ သဲထဲမှ ဖော်သောက်ကြရန်။ လူမစုံမချင်း ဦးသူကစောင့်ရန်။ အန္တရာယ်ကြုံလျှင် အော်ဟစ်အကူအညီတောင်းရန် သို့မဟုတ် ဖောင်ရှိရာသို့ အရောက်ပြေးလာကြရန်ကို သဘောတူကြလေသည်။

## အခန်း ၂၉

ငါးခွဲခါး တစ်ယောက်တစ်လက်စီကို မြဲမြဲကိုင်ကာ **ဦးကျော်စံ** နှင့်**မြရွှေ**တို့က မြို့ရွာရှာရန် မဝံ့မရဲနှင့် ပင်လယ်ကို နောက်ခိုင်းကာ ထွက်လာကြသည်။

ပတ်ဝန်းဘယ်ညာကို ကြည့်ရင်း လျှောက်လာကြ၏။ သဲသောင်အစမှ ပင်လယ်ကဗွီးပင်တောထဲတွင် ကမ်းနှင့်လူခြေရာ၊ နွားခြေရာ၊ နွားချေးတွေကို တွေ့ရသည်။ လူသူလေးပါးနှင့် မုချနီးနေပြီဆိုသည်ကို ပြောမိကြရင်း ဝမ်းသာအားရ လျှောက်လာကြ၏။

တစ်နာရီပင်မကြာ ထန်းပင်တောနှင့် ရွာအစမှ တဲတစ်လုံးကို တွေ့ရသည်။ တဲအနားတွင် တမာပင်ကြီးတွေက အုံ့ဆိုင်း မှိုင်းမှောင်နေသည်။

ထန်းရည် ကျည်တောက်တွေနှင့် ပလေကပ်လုံချည် အနွမ်းဝတ်ထားသော ကုလားကြီးတစ်ယောက်က သူတို့ကို ရပ်ကြည့်နေသည်။ သူတို့က လက်ဟန်ခြေဟန်နှင့် ပြောပြကြ၏။

ကုလားကြီးကမူ ထန်းရည်သောက်ရန် လာကြသည်ထင်သဖြင့် ‘ခလု ခလု ’ဟုပြောကာ ထန်းပင်ပေါ် လက်ညှိုးထိုးပြပြီး ပိုက်ဆံအရင်ပေးဟု တောင်း၏။

**ဦးကျော်စံ**နှင့် **မြရွှေ**တို့က ကုလားကြီးအနား တိုးကပ်သွားပြီး



BURMESE CLASSIC .com

လက်ဟန် ခြေဟန်နှင့် အတတ်နိုင်ဆုံး ရှင်းပြကြ၏။ ကုလားကြီး သဘောပေါက်သွားသည်။ သူ့အမူအရာမှာ အလွန်အံ့ဩသွားပုံလည်း ရလေသည်။

ကုလားကြီးက သူတို့နှစ်ယောက်ကို ရွာထဲခေါ်လာသည်။

မုတ်ဆိတ်မွေးထူလဗျစ်နှင့် ကုလားကြီးတစ်ယောက် ထိုင်နေသော အိမ်ကြီးတစ်အိမ်၏ဝင်းထဲ ထန်းရည်ကုလားက ဝင်သွား၏။ သူတို့နှစ်ယောက်ကိုမူ အိမ်ခြံဝ လှည်းလမ်းပေါ်တွင် ခဏနေကြဦးဟူသော သဘောနှင့် လက်ပြ၍ထားခဲ့၏။

အိမ်ကြီးခြံဝတွင် မတ်တတ်ရပ်နေသော သူတို့နှစ်ယောက်ကို ကလေးများနှင့် မိန်းမများက ဝိုင်းကြည့်ပြီး သူတို့စကားနှင့် ဝေဖန်ပြောဆိုနေကြသည်။ ထန်းရည်ကုလားက လက်ယပ်ခေါ်သဖြင့် အိမ်ဝင်းထဲ ဝင်လာကြ၏။ ကုလားကြီးက သူတို့ကို လက်ဟန်ခြေဟန်နှင့် ထပ်မေးသည်။ သူတို့ ပြောပြသည်ကို ကုလားကြီးက သဘောပေါက်ပုံရ၏။ မုတ်ဆိတ်မွေးနှင့် ကုလားကြီးရှေ့တွင် ထိုင်ခိုင်းလိုက်ပြီး ထန်းရည်ကုလား အိမ်ဝင်းထဲက ထွက်သွားသည်။

ကုလားမတစ်ယောက် အိမ်ပေါ်ကဆင်းလာပြီး ဒိန်ချဉ်တစ်ယောက်တစ်ခွက် လာပေးသည်။ ထိုကုလားမ **ဦးကျော်စံ**နှင့်**မြရွှေ**တို့ အနားက ပြန်အထွက်တွင် နှာခေါင်းကို လက်နှင့်ပိတ် ခေါင်းငုံ့သွား၏။ ဤသည်ကို **ဦးကျော်စံ**နှင့်**မြရွှေ**တို့က ဘာမှန်းမသိကြ။

အမှန်မှာ ပင်လယ်ထဲ သားစိမ်း ငါးစိမ်းစားပြီး ဖြစ်သလိုနေခဲ့ကြသော သူတို့ကိုယ်ပေါ်က အနံ့အသက်ကို မခံနိုင်၍ ဖြစ်သည်။ ထိုရွာသူရွာသား အိန္ဒိယအမျိုးသား အမျိုးသမီးများမှာ အားလုံးလိုလို ဟိန္ဒူဘာသာဝင်များ၊ သက်သတ်လွတ် စားကြသူများ ဖြစ်သည်ကို နောက်မှသိကြရသည်။ သူတို့သည် တံငါရွာ၊ တံငါသည်တွေမဟုတ်၊ သားစိမ်း၊ ငါးစိမ်းကို အနံ့ပင် ခံနိုင်ကြသူတွေ မဟုတ်ကြ။

www.burmeseclassic.com


ခဏအကြာမှာ အိမ်ရှင်ဟုထင်ရသော ကုလားကြီးက ရှာထဲထွက်သွားသည်။ ထိုကုလားကြီး ထွက်သွားပြီး ဆယ်မိနစ်လောက်အကြာမှာ ကုလားမ ခပ်ကြီးကြီးတစ်ယောက် ရောက်လာသည်။

သူတို့နှစ်ယောက်ကို 'လာ လာ' ဟု ဗမာလိုပြောပြီး လက်ယပ်ခေါ်သည်။ **ဦးကျော်စံ**နှင့်**မြရွှေ**တို့က ကုလားမကြီးနောက် ပြေးလိုက်လာကြသည်။ ထိုကုလားမကြီးက သူ့အိမ်ထဲတွင် ဇလုံကြီးနှင့် ထမင်းကျွေး၏။ အသီးရွက်ဟင်းချည်းဖြစ်သော်လည်း စားကောင်းလှသည်။ သို့သော် စောစောက နို့ချဉ်တစ်ယောက်တစ်ခွက်စီ သောက်လာကြသည့်အပြင် ထမင်းမစားကြရသည်မှာ ရက်ပေါင်းလေးဆယ်ကျော် ကြာပြီဖြစ်သဖြင့် များများမစားရဲကြ။ **ဦးကျော်စံ**ကလည်း 'မြရွှေ မင်းတို့ ငါတို့ အူတွေကျုံ့နေတာနော် များများမစားနဲ့၊ ဝင်တိုင်းမမျိုနဲ့ 'ဟု ခဏခဏ သတိပေးစကား ဆိုနေသဖြင့် ထမင်းမဝဘဲ ရပ်လိုက်ရ၏။

ကုလားမကြီးကမူ အလွန်စေတနာကောင်းသည်။ ဟင်းတွေ ထမင်းတွေ အတင်းထည့်ပေး၏။ စကားလည်း တတွတ်တွတ်ပြော၏။ သူ့မျက်နှာကို ကြည့်ရသည်မှာ ဝမ်းသာအားရဖြစ်နေပုံပင်။

ကုလားမကြီးပြောသော စကားထဲတွင် 'မေမြို့၊ မေမြို့ 'ဟူသော စကားနှစ်လုံးကိုသာ နားလည်သည်။ တခြား စကားများကိုမူ လုံးဝ နားမလည်။ သူတို့က မေးသည်ကိုတော့ နားလည်ပုံရ၏။ သူပြန်ပြောသောအခါ ဘာပြောမှန်းမသိ။ ဘာစကားမှန်းမသိ၊ ဗမာလိုပြောသော်လည်း ဝဲလွန်း၍ နားမလည်။

နောက်မှသိရသည်မှာ သူတို့အား ထမင်းကျွေးသော ကုလားမကြီးမှာ ဤဒိန္နီရွာက ကျောင်းဆရာမကြီးဖြစ်သည်။ ငယ်စဉ်က မေမြို့တွင်နေဖူးသည်ဟု ဆိုသည်။

ထမင်းစားပြီး၍ နားမလည်ပါးမလည် စကားထိုင်ပြောနေကြစဉ်


BURMESE CLASSIC .com

www.burmeseclassic.com


ထန်းရည်ကုလားနှင့် မုတ်ဆိတ်ကုလားကြီးတို့က သူတို့နှစ်ယောက်ကို လာခေါ်ကြသည်။ ဆရာမကြီးက မုတ်ဆိတ်ကုလားကို လက်ညှိုးထိုး၍ 'ဆူဆီး' ဟုပြောသည်ကို 'သူကြီး' ဟု နားလည်ရသည်။

အချိန်မှာ နေမွန်းတည့် နီးပြီဖြစ်သဖြင့် သူကြီးကုလားအား ဖောင်တွင် နောက်ထပ် လူနှစ်ယောက်ကျန်နေသေးကြောင်း လက်ဟန်ခြေဟန်နှင့် ပြောပြလိုက်ကြသည်။

သူကြီးနှင့်အတူ လူကြီးလူငယ် နှစ်ဆယ်ကျော်တို့သည် သူတို့နှစ်ယောက်နှင့်အတူ ပင်လယ်ကမ်းခြေဖောင်ရှိရာသို့ လိုက်ပါလာကြ၏။ ဒန္တီရွာက လူကြီးတွေနှင့်အတူ ကျွဲပုလေးနှစ်ကောင်နှင့် လှည်းတစ်စီးလည်းပါသည်။

ပင်လယ်ကမ်းစပ်မှ ဖောင်သို့ရောက်သောအခါ **ဦးကျော်ဝင်း**နှင့် **ကြည်ဟန်**တို့ကိုလည်း ဖောင်ပေါ်တွင် မတ်တတ်ရပ်ကြို၍ တွေ့ရ၏။

သူတို့လည်း ရွာတစ်ရွာကိုတွေ့ခဲ့ကြသည်။ သို့သော် ထိုရွာက လူများသည် သူတို့နှစ်ယောက်အား အဝင်မခံကြ။ **ဦးကျော်စံ**တို့ ထွက်သွားသောဘက်ကို လက်ညှိုးထိုးပြကာ မောင်းလွှတ်ကြသည်ဟု ပြောပြသည်။

အမှန်မှာ ထိုရွာရှိလူတွေက လူကြီးရှိသော ဒန္တီရွာကိုသွားပြီး အကူအညီတောင်းကြရန် ဒုက္ခသည်နှစ်ဦးအား လမ်းညွှန် ပြောကြားကြခြင်းဖြစ်ပေမည်။ ဤသည်ကို တိုင်ပင်ရအောင် **ဦးကျော်ဝင်း**နှင့်**ကြည်ဟန်**တို့က ဖောင်ကိုပြန်လာပြီး စောင့်နေကြသည်ဟု ဆိုသည်။

သူကြီးနှင့် သူ့လူအချို့သည် ဖောင်ပေါ်ပါလာသော ကျားပိုက်နှစ်ဖောင်နှင့်အတူ ဒန်အိုး၊ ဒန်ခွက်ပါမကျန် စာရင်းရေးမှတ်ကြသည်။ ဖောင်မျောဒုက္ခသည်လေးဦးကို လုံးဝ ပစ္စည်းမသယ်ခိုင်း၊ ရွာကပါလာကြသူတွေကိုသာ ကျွဲလှည်းပေါ်ပစ္စည်းတွေ တင်ခိုင်းကြ၏။ ပြီးရဲစခန်း တစ်ခုသို့ ခေါ်လာအပ်သည်။

ရဲဥာနဝင်းထဲရှိ ရေတွင်းနားတစ်ခုကို ရဲသားတစ်ယောက် ညွှန်ပြ


BURMESE CLASSIC .com

www.burmeseclassic.com


သဖြင့် ရေချိုးရန်သွားကြသည်။ ရေချိုး အဝတ်လျှော်နေကြသော ကုလားမ တွေက သူတို့အား ရေတွင်းနားအကပ်မခံကြ၊ နှာခေါင်းပိတ်၍ အော်ဟစ်မောင်း ထုတ်ကြသည်။ နောက်ရဲတပ်သားတစ်ယောက် ရောက်လာပြီး ပြောပြမှ ထိုကုလားမတွေ အားလုံးက ရေခပ်ပေးကြသည်။ ဆပ်ပြာလည်း လာပေး ကြသည်။

ရေတွင်းနားကိုတော့ လုံးဝအကပ်မခံကြသေး၊ ကရုဏာသက်သော မျက်လုံးများနှင့် ဝိုင်းကြည့်ကာ 'ထမင်းသိပ်ဆာနေကြပြီလား 'ဟူသော အဓိပ္ပာယ် နှင့် မိုက်ကိုပုတ်ပြကြသည်။

ရေချိုးပြီးသောအခါ ရဲဌာနဝင်းထဲမှာပင် ထမင်းဟင်းစုပေါင်း၍ ကျွေးကြ၏။ ထိုဒန္တီရဲစခန်းတွင် သူတို့ တစ်ညအိပ်ကြရသည်။

မနက်မိုးလင်းသောအခါ 'အန္တဝါလာဒိပိ 'ကို ဖုန်းအဆက်အသွယ် နှင့် စကားပြောနေသည်ဟု ရဲတပ်သားတစ်ယောက်က လက်ဟန်ခြေဟန်နှင့် ပြောပြသည်။ ထိုရဲသားကို **ကြည်ဟန်**နှင့် **မြရွှေ**တို့က အင်္ဂလိပ်လိုပြောကြသည်။ **ကြည်ဟန်**နှင့်**မြရွှေ**တို့၏ အင်္ဂလိပ်အသံထွက်ကို ရဲတပ်သားက အဓိပ္ပါယ် ကောက်မရ၊ ရဲတပ်သား၏ အင်္ဂလိပ်စကား၊အသံထွက်ကိုလည်း **မြရွှေ**နှင့် **ကြည်ဟန်**တို့က နားမလည်။

ထိုအခါ **ကြည်ဟန်**က လူတတ်ကြီးလုပ်ပြီး စာရွက်ဘောပင် တောင်းကာ အင်္ဂလိပ်စာနှင့် ရေးပြသည်။ ရဲတပ်သားက ရိပ်မိသွားပုံရသည်။ အင်္ဂလိပ်လိုရေးပြီး ပြည်နယ်မြို့တစ်မြို့ဖြစ်သော အန္တဝါလာဒိပိကို သူတို့ အားပို့ပေးရန် ကားမှာထားသည်။ လာလိမ့်မည်ဟူသော အဓိပ္ပါယ်ရသော အင်္ဂလိပ်စာ ကပေါက်တိကပေါက်ချာကို ရေးပြသည်။

မကြာခင် ထင်းရှူးသားများ တင်ထားသော ကားကြီးတစ်စီး နှင့်အတူ 'အန္တဝါလာဒိပိ 'ရဲစခန်းကို ရဲတပ်သားတစ်ယောက်နှင့် အတူ


BURMESE CLASSIC .com

www.burmeseclassic.com


ရောက်လာရ၏။ ယင်းကတစ်ခါ ‘ရဲပါလက်’ ဟုပြောသော မြို့တစ်မြို့က ရဲစခန်းကိုပို့ပြန်သည်။

ထိုရဲစခန်းကိုရောက်မှ သူတို့ ယခုရောက်နေသော နေရာသည် အိန္ဒိယတောင်ပိုင်း မြို့တစ်မြို့ဖြစ်ကြောင်း သိကြရလေသည်။

မည်သို့ဖြစ်စေ သူတို့မှာ အသက်ရှင်နိုင်ပြီး၊ မိမိနိုင်ငံကို တစ်နေ့မဟုတ် တစ်နေ့ရောက်ရတော့မည်ဟု သိပ်ပျော်သွားကြသည်။

**မြရွှေ**က သီဟိုဠ်၊ သီရိလင်္ကာကို ရောက်သွားရင် သိပ်ကောင်းမှာပဲ၊ ယခင်က သူတို့ရခိုင်မှ တံငါလှေအချို့ ပင်လယ်ပြင်တွင် လေမုန်တိုင်းမိပြီး သီရိလင်္ကာထိ ရောက်သွားကြောင်း၊ အခိုက်ကြုံသဖြင့် စွယ်တော်ဓါတ်ပင် ဖူးလာခဲ့ကြရကြောင်း၊ သူ့အဖွားတို့ ငယ်စဉ်က ပြောပြဖူးသည်ဟုဆို၏။

ဤသည်ကို **ဦးကျော်စံ**က ‘ဟာ ..... ဒါဆိုရင် မင်းဘာမှမပူနဲ့ တို့ဖောင်က ဒန္တိကမ်းခြေမှာ ရှိနေသေးတယ်၊ သူကြီးက ကျားပိုက်နဲ့ အိုးခွက် ပန်းကန်သာ လှည်းပေါ်တင်လာတာ၊ မနက်ဖြန်ကျရင် တို့ကို ဖောင်ပေါ် ပြန်ပို့ခိုင်းပြီး သီရိလင်္ကာထိ ခရီးဆက်ကြဦးမယ်ဆိုတာ ရဲအုပ်ကြီးကို ငါပြောပါ့မယ်၊ ခုအိန္ဒိယရောက်နေပြီဆိုတော့ သီရိလင်္ကာက ဟုတ်သားပဲ နီးနေပြီပဲ’ ဟု နောက်သည်။

ရဲပါလက်စခန်းရှေ့တွင် အထုပ်အပိုးကိုယ်စီနှင့် နောက်ပြောင် ပြောဆိုနေကြသော သူတို့ကို ရဲသားတစ်ယောက်က လာခေါ်ပြီး အချုပ်ခန်း တံခါးဖွင့်ကာ အချုပ်ထဲသွင်းလိုက်လေ၏။


BURMESE CLASSIC .com

www.burmeseclassic.com

## အခန်း ၃၀

'ရဲပါလက် 'အချုပ်ခန်းထဲ အထုပ်အပိုးတွေကိုယ်စီနှင့် ဝင်လာကြသော သူတို့လေးယောက်ကို အခြားအချုပ်ကျ ကုလားများက ခပ်စိမ်းစိမ်းကြည့်နေကြသော်လည်း မြန်မာရုပ်ပေါက်သူ လေးယောက်ကမူ ချက်ချင်းပြေးဖက်၍ ငိုယိုမေးမြန်းကြ၏။

'ဘာအမှုလဲ၊ ဘယ်မြို့ကလဲ၊ ဘယ်လိုဖြစ်တာလဲ၊ ဗမာတွေပဲ မဟုတ်လား 'နှင့် ဆူညံသွား၏။

ကုလားအချုပ်သားတွေကတော့ ယခုထိ သူတို့ကို ခပ်စိမ်းစိမ်းပင် ကြည့်နေကြသေး၏။

သူတို့မေးခွန်းတွေမှာ များလွန်းသဖြင့် **ဦးကျော်စံ**တို့လူစုမှာ ဘယ်ကဘယ်လို စဖြေရမှန်းပင်မသိ ဖြစ်သွားကြ၏။ မိမိနိုင်ငံသားများကို ပထမဦးဆုံးတွေ့ရသဖြင့် ဝမ်းသာလုံးဆို့ သွားကြတာလည်းပါသည်။

တစ်လျှောက်လုံး မျက်ရည်မကျခဲ့သော **ဦးကျော်စံ**ပင် ယခုတော့ မျက်ရည်မဆယ်နိုင် ဖြစ်သွား၏။

သူတို့ကို ဆီးကြိုမေးမြန်းကြသော မြန်မာနိုင်ငံသား လေးယောက်မှာလည်း သူတို့ကဲ့သို့ပင် မုန်တိုင်းမိပြီး အိန္ဒိယပြည်ထဲ ရောက်လာကြသူတွေဖြစ်၏။ ခါးပြတ်ရွာက ကျားဖောင်အဖွဲ့ပင်။ **ဦးစီးက သိန်းဝင်း၊ လက်ထောက်**


BURMESE CLASSIC .com

**က ခင်သန်း**၊ ဖောင်သားနှစ်ယောက်မှာ **စိုးခင်**နှင့် **စန်းမြင့်**တို့ဖြစ်ကြသည်။ အားလုံး ပေါင်းလိုက်သောအခါ 'ရဲပါလက် 'အချုပ်ခန်းထဲတွင် မြန်မာနိုင်ငံသား ရှစ်ယောက် ဖြစ်သွား၏။

**ဦးကျော်စံ**တို့အဖွဲ့က အဖြစ်အပျက်ကို အလျင်ပြောပြကြသည်။

'ခင်ဗျားတို့က ကုလားလူကောင်းတွေနဲ့ တွေ့ရလို့ တော်သေးတယ်။ ကျုပ်တို့မှာ ဒုက္ခရောက်လိုက်တာဗျာ 'ဟု **ဦးစီးသန်းဝင်း**က သူတို့ အဖြစ်အပျက်ကို စပြောပြ၏။

သူတို့လေးယောက်မှာလည်း ပင်လယ်ပြင်ထဲတွင် **ဦးကျော်စံ**တို့ကဲ့သို့ပင် အကြာကြီး အငတ်ငတ် အပြတ်ပြတ် ဖြစ်ခဲ့ကြရသည်။ ကမ်းကို ရောက်လာသောအခါမှာလည်း ပါသမျှပစ္စည်းတွေ အလုခံလိုက်ရသည်။ အဝတ်တစ်ထည် ကိုယ်တစ်ခုသာ ကျန်သည်။

ပီနံအိတ်ခွံတွေကိုပင် မချန်ဘဲ လုယူသွားကြသဖြင့် ဝတ်စရာကလည်း မရှိရာ ဂုန်နီအိတ်စုတ်တွေကို ပတ်နေခဲ့ကြရသည်ဆို၏။

သူတို့အဖွဲ့သည် **ဦးကျော်စံ**တို့ အဖွဲ့ထက် နှစ်ပတ်ခန့်စော၍ အချုပ်ခန်းထဲ ရောက်နေကြသူတွေဖြစ်၏။

www.burmeseclassic.com

## အခန်း ၃၁

'ဘာမ၊ ဘာမ' ဟူသော ကုလားတစ်ယောက်၏ အပြင်က အသံကြောင့် သူတို့ခေါင်းထောင် ကြည့်ကြသည်။

အချုပ်ခန်းရှေ့တွင် ရဲတပ်သားတစ်ယောက်နှင့်အတူ စက်ဘီးနှင့် လူငယ်ကုလားတစ်ယောက်ကိုလည်း မတ်တတ်ရပ်၍ တွေ့ရ၏။

ရဲတပ်သားက သူတို့ကို လက်ယပ်ခေါ်သည်။ အားလုံး အချုပ်ခန်း ရှေ့ သံတံခါးနား ရောက်သွားကြ၏။

စက်ဘီးနှင့်လာသော ကုလားလူငယ်က သူတို့ကို စာအုပ်ထူကြီး နှစ်အုပ်ပေးသည်။ စာအုပ်အဖုံးတွင် 'သမ္မာကျမ်း' ဟုရွှေစာလုံးနှင့် မြန်မာ လိုရေးထားသည်။ ရဲတပ်သားက လက်ဟန်ခြေဟန်နှင့်ရော အင်္ဂလိပ်လိုပါ ရော၍ ပြောပြ၏။

ကယ်တင်ရှင် ခရစ်တော်ကျောင်းမှ **ဘုန်းတော်ကြီးဂျီဆန်ဂျာယာ** က မြန်မာပြည်သူများအား နှုတ်ခွန်းဆက်သလိုက်သည်။ ဗမာပြည်က ဒုက္ခသည်များ ရောက်နေကြသည်ကိုကြား၍ သမ္မာကျမ်းစာအုပ် လက်ဆောင် ပေးခိုင်းလိုက်သည်။ ဖတ်ရှုလေ့လာကြပါဟု ဆို၏။

စာအုပ်လာပေးသော ကုလားလူငယ်သည် သူတို့ကို လက်မြှောက် နှုတ်ဆက်ပြီး စက်ဘီးနှင့် ပြန်သွား၏။



BURMESE CLASSIC .com

သမ္မာကျမ်းစာအုပ်၏ ရေခံစာမျက်နှာတွင် ရာဘာတံဆိပ်နှင့် ရိုက်နှိပ်ထားသော အင်္ဂလိပ်စာကို **ကြည်ဟန်**က အသံထွက်ဖတ်သည်။

'အင်ပါပရာဒေရှ်ဆောက်( သ် )အိန္ဒိယ'ဟု အဆုံးသတ်၏။ မြန်မာစာနှင့် ပုံနှိပ်ထားသော သမ္မာကျမ်းစာအုပ် နှစ်အုပ်ကို အလှည့်ကျ ဖတ်ကြသည်။

တစ်ပတ်ခန့်ကြာသောအခါ မိဘဆွေမျိုး၊ သားမယားနှင့် အလုပ်ရှင်များဆီ စာရေးကြဟု ရဲတပ်သားတစ်ယောက်က လာပြော၏။ စာရွက်၊ စာအုပ်နှင့် ဘောပင်လည်း ယူလာပေးသည်။

ပထမတစ်ပတ်ခန့်သာ သူတို့ကို အကျယ်ချုပ်လို ရဲဌာနဝင်းထဲက ထွက်သွားခွင့်မပြုကြသော်လည်း နောက်တော့ သွားချင်ရာသွား ရဲသားတွေကလည်း မဟန့်တားကြသဖြင့် လွတ်လွတ်လပ်လပ်ပင် နေကြရသည်။

ရဲဌာနနှင့်တစ်ဝန်းထဲဖြစ်သော ရုံးများကို သူတို့လျှောက်သွားကြသည်။ ဘယ်နေရာရောက်ရောက် သူတို့ရှိရာမှာ ကုလားတွေဝိုင်းနေကြသည်။ ကလေးများကမူ သူတို့သွားရာနောက် အထူးအဆန်းလို တစ်ကောက်ကောက်ပါနေကြ၏။

ကုလားလူကြီးတွေက မေးသောအခါ သူတို့က သူတို့အဖြစ်အပျက်ကို လက်ဟန်ခြေဟန်နှင့် ပြောပြကြရသည်။ ရုံးအမှုထမ်းများကို **ကြည်ဟန်**က အင်္ဂလိပ်လို တတ်သရွေ့ မှတ်သရွေ့ ပြောပြ၏။ သနားသဖြင့် ပိုက်ဆံဝိုင်းပေးကြသည်။ အစားအသောက် ခေါ်ကျွေးကြသည်။

ရုံးအမှုထမ်းများ လခထုတ်သောတစ်နေ့ စုပေါင်းရုံးဝင်းထဲ ရောက်သွားကြရာ တစ်ယောက်လျှင် ငွေတစ်ရာနီးပါးခန့်အထိ ရကြသည်။ ရုံးအမှုထမ်းတွေပေးသောငွေနှင့် သူတို့က ရဲတပ်သားတွေကို လာဘ်ထိုးပြီး မြို့ထဲလျှောက်လည်ကြသည်။ အဝတ်တွေ၊ ဓောင်တွေ၊ စားစရာတွေ ဝယ်ကြသည်။ အချိန်ရလျှင် ရုပ်ရှင်ပင် ဝင်ကြည့်ကြ၏။

တစ်နေ့ ရုပ်ရှင်ရုံနားတွင် သူတို့ကို သမ္မာကျမ်းစာအုပ် လာပေးသော

www.burmeseclassic.com


လူရွယ်နှင့် ဆုံကြသည်။ သူတို့ကို ထိုလူငယ်ကုလားက ခေါ်သွား၏။ ထိုနေ့က ဗမာရှစ်ယောက်တွင် **ဦးကျော်စံ**တို့အဖွဲ့ လေးယောက်သာပါ၏။ **သိန်းဝင်း**တို့အဖွဲ့မှ တစ်ယောက်နေမကောင်းသဖြင့် အချုပ်ထဲ ကျန်နေခဲ့ကြသည်။ အပြန်တွင် သူတို့အတွက် လက်ဖက်ရည်နှင့်စားစရာသာ မှာလိုက်ကြသည်။

စာသင်ကျောင်းရှေ့က ဆိုင်းဘုတ်ကို ကြည့်၍ **ကြည်ဟန်**က 'မိဘမဲ့ အခမဲ့ ပရဟိတကျောင်းပဲဗျ'ဟုဆို၏။ သမ္မာကျမ်းစာ ပေးခိုင်းလိုက်သော ခရစ်ယာန်ဘုန်းတော်ကြီးဂျီဆန်ဂျယာနှင့် တွေ့ရသည်။ ကုလားဘုန်းကြီးက သူတို့ကို ဓါတ်ပုံသုံးလေးခါရိုက်၍ လက်ဖက်ရည်တိုက် မုန့်ကျွေးသည်။

ထိုဓါတ်ပုံများကို နောက်တစ်နေ့မှာ အချုပ်ခန်းထဲထိ လာပေး၏။

**ကြည်ဟန်**အား သူ့လုပ်ငန်းကို အင်္ဂလိပ်လို ရှင်းပြသည်။ သူမွေးထားသော မိဘမဲ့ကလေးများ၏ အကြောင်းကိုလည်း ဓာတ်လမ်းပမာ ပြောပြသည်။ သူမွေးထားသော ကလေးများထဲမှ သူ့သားနှင့်အတူ အမေရိကတွင် ကျောင်းထားပေးသူ မိဘမဲ့တစ်ယောက်လည်း ရှိသေးသည်ဟုပြော၏။ မကြာခင် သူ့သားနှင့်အတူ ပြန်ရောက်ရန်ရှိသည်ဟု ဆိုသည်။

သူပြောသည်မှာ အမှန်ပင်ဖြစ်သည်။ တစ်လလောက်ကြာသောအခါ အမေရိကမှ ပြန်ရောက်လာသော ခရစ်ယာန်**ဘုန်းတော်ကြီးဂျီဆန်ဂျယာ**၏ သားသည် **ဦးကျော်စံ**တို့ကို လာတွေ့သည်။ **ကြည်ဟန်**နှင့်အင်္ဂလိပ်လို အိုးနင်းခွက်နင်းပြောပြီး ပြန်သွားသည်။

သူသည် နောက်ထပ် တစ်ပတ်ခန့်ကြာသောအခါ တစ်ခါလာတွေ့ပြန်၏။ ထိုအခါ ဗမာလိုမွတ်နေအောင် ပြောတတ်သော ကုလားလူရွယ်တစ်ယောက်ပါလာသည်။ မဒရပ်က သွားခေါ်လာသည်ဟု ကျောင်းဆရာကြီးသား အမေရိကပြန်က ပြော၏။ **ဦးကျော်စံ**တို့အကြောင်းကို အင်္ဂလိပ်စာနှင့်ရေး၍ အမေရိကတွင် စာအုပ်ထုတ်မည်။ ဂျာနယ် မဂ္ဂဇင်းစာစောင်တွေ


BURMESE CLASSIC .com

www.burmeseclassic.com


မှာလည်း ရေးမည်။ ထို့ကြောင့် အကြောင်းစုံသိလို၍ ဗမာလိုတတ်သော ထိုကုလားကို မဒရပ်မြို့မှာ သွားခေါ်ရသည်ဟု ပြောသည်။ သူတို့အဖွဲ့ကို ခါတ်ပုံလည်း အကြိမ်ကြိမ် အခါခါ ရိုက်ယူ၏။

စကားပြန်ကုလားမှာ ရန်ကုန်မှာမွေး၊ ရန်ကုန်ကြီး ကုလားဖြစ်သဖြင့် ဘဲကြီး၊ ဆော်၊ ခေါက်ထား၊ မကြည်ဘူး၊ ရှိုးထည့်တယ်၊ ပေါက်နေပြီ ဟူသော ခေတ်ပေါ်စကားများနှင့်ပင် သူတို့ကိုနောက်ပြောင်သွားသည်။ မေးလိုက်သည့်အကြောင်းအရာတွေကလည်း တစ်နေ့ကုန်၏။ တစ်ယောက်မကျန်ကို မေးသည်။ ထိုကုလားမေးသမျှ၊ သူတို့ဖြေသမျှကို ကျောင်းဆရာကြီးသားက ရေးမှတ်သည်။ ကုလားလို မြန်မာလို မရှင်းလျှင် အင်္ဂလိပ်စကားနှင့် ထပ်မေးသည်လည်း ရှိလေသည်။

ပြန်ခါနီးတွင် **ကြည်ဟန်**ကို ' ဒီဘဲတော့ ဖလက်ပြနေပြီနဲ့ တူတယ် 'ဟုပြောသည်။ အင်္ဂလိပ်လိုပုံနှိပ်ထားသော ကတ်ပြားတစ်ခုကို ပေးထားခဲ့သည်။ ထိုကတ်ပြားစာမှာ အောက်ပါအတိုင်းဖြစ်သည်။

**Revd G San Jaya Prasad Rao**
**B.A.L. L Bible School**
**Repalie . 522-265**
**Andhra Predesh , South India**

ရဲပါလက်အချုပ်ခန်းတွင် လေးလနှင့် အရက်နှစ်ဆယ်ကြာသောအခါ ကာလကတ္တားမြို့သို့ ရထားနှင့်လိုက်ပို့သည်။ နံနက် ဆယ့်တစ်နာရီက စထွက်သော ရထားသည် လမ်းတွင်တစ်ညအိပ်ပြီး ကာလကတ္တားဘူတာကို ညနေလေးနာရီမှ ရောက်၏။


BURMESE CLASSIC .com

www.burmeseclassic.com


**ဦးကျော်စံ**တို့အဖွဲ့ကို လိုက်ပို့သော ကြယ်တစ်ပွင့် ရဲအရာရှိနှင့် ရဲတပ်သားမှာ ယခင်က ကာလကတ္တားမြို့သို့ တစ်ခါမျှ မရောက်ဖူးကြ။ ထို့ကြောင့် မိုးချုပ်မှ ကာလကတ္တားမှ ရဲဌာနတစ်ခုကို ရောက်ကြသည်။

သူတို့ကို လိုက်ပို့သော ရဲအရာရှိနှင့် ရဲသားတို့က **ဦးကျော်စံ**တို့အဖွဲ့ကို ကျေးဇူးတင်ကြောင်း ပြောသည်။ သူတို့ကိုသာ လိုက်မပို့ရလျှင် သူတို့သည် ကလကတ္တားမြို့ကို တော်တော်နှင့် ရောက်ဖူးကြမည်မဟုတ်။ သေတောင် ရောက်မှာ မဟုတ်ဟုလည်း လက်နှင့်ခေါင်းကို ကပ်ပြကာ ပြောသွားကြ၏။

ရဲဌာနက ဖုန်းဆက်ပြီး ဘုန်းကြီးကျောင်းတစ်ကျောင်းကို လိုက်ပို့သည်။ ထိုဘုန်းကြီးကျောင်းမှာ ညောင်လေးပင်ဇာတိ ဗမာဘုန်းကြီးဖြစ်သည်။ ဘုန်တော်ကြီး ဘွဲ့အမည်မှာ **ဦးကောဝိဒ**ဟု ပြောပြသည်။

ဘုန်းတော်ကြီးက သူ့လိပ်စာရေးထားသော အင်္ဂလိပ်စာပါ ကတ်ပြား တစ်ခုစီကို အမှတ်တရပေးသည်။ ဘုန်းတော်ကြီးပေးသော ကတ်ပြားကို ရိုရိုသေသေ လက်ခံယူကြပြီး မမြင်ရမတွေ့ရသည်မှာ ကြာပြီဖြစ်သော ဗမာ **ဘုန်းကြီး ဦးကောဝိဒ**ကို အားရပါးရလည်း ရှိခိုးဦးတိုက်ကြသည်။

**U.KAWWIDA Phone ; 27-3731**
**HIGH PRIEST**
**BURMESE BUDDHIST TEMPLE**
**10 A, EDEN HOSPITAL, ROAD**
**( NEAR ISLAMIA HOSPITAL )**
**CALCUTTA, 700073**

www.burmeseclassic.com


ယခင်ကလည်း ဤသို့ပင် မြန်မာဒုက္ခသည်များကို ကယ်ဆယ်ဖူးကြောင်း၊ သူ့ကျောင်းတိုက်တွင် တည်းခို၍ မြန်မာပြည် ပြန်သွားကြကြောင်း၊ ယခုလည်း ရဲစခန်းက ဖုန်းဆက်ပြော၍ မျှော်နေကြောင်း အမိန့်ရှိသည်။

အိပ်ရာနေရာပေး၍ အစားအသောက်ကျွေးကာ မြန်မာပြည်အကြောင်းမေးသည်။ မြန်မာပြည်မှ ဗုဒ္ဓဂါယာဘုရားဖူးလာသူများ အကြောင်းလည်းပါသည်။

ဘုန်းတော်ကြီးက ဖုန်းဆက်ပြောသောအခါ **လေယာဉ်မန်နေဂျာဦးထွန်းတင်**လည်း ချက်ချင်းရောက်လာသည်။ သူ့ဇာတိမှာ စစ်တွေမြို့က ဖြစ်သည်။ တာဝန်အရ ရန်ကုန်က အလုပ်ပြောင်းလာသည်မှာ တစ်လခွဲသာ ရှိသေးသည်ဟု ပြောပြသည်။

'ခင်ဗျားတို့ ဘာမှအားမငယ်ကြနဲ့တော့ မနက်ဖြန်ဆို ကိုယ့်ပြည်ကိုယ့်နိုင်ငံကို ရောက်ပါပြီ 'ဟု ရခိုင်သံဝဲဝဲနှင့် အားပေးစကားပြော၏။

အမှန်လည်း ဟုတ်ပါသည်။ နောက်တစ်ရက် ၁၃၄၄ ခု၊ နယုန်လဆုတ် ၆ ရက်၊ စနေနေ့၊ ၁၉၈၂ ခု၊ ဇွန်လ ၁ ရက်နေ့၊ ညနေ ငါးနာရီတွင် သူတို့ ဖောင်မျောဒုက္ခသည် ရှစ်ယောက်သည် ရန်ကုန်မင်္ဂလာဒုံလေဆိပ်သို့ ရောက်လာကြလေသည်။ ကမ္ဘာအေးရှိ ကယ်ဆယ်ရေးစခန်းတွင် သူတို့ကို နေရာချထား ပေးသည်။ **ဦးကျော်စံ**တို့ အိန္ဒိယပြန် ဒုက္ခသည်များနည်းတူ အင်ဒိုနီးရှား၊ ထိုင်း၊ မလေးရှား၊ စင်ကာပူ စသည့် နိုင်ငံကူးသင်္ဘောကြီးများက ကယ်သွား၍ ရောက်နေကြသူတွေလည်း သုံးလေးဆယ်ရှိ၏။

သက်ဆိုင်ရာက စီစဉ်ပေးသဖြင့် **ဦးကျော်စံ**တို့၏ ပိုက်သူကြီး **ဦးစိန်မြ**နှင့် မိဘ၊ ဆွေမျိုး၊ သားမယားများ ရောက်လာကြသည်။ ထိုအထဲတွင် ပိုက်သူကြီး **ဦးကျော်မြ**နှင့် **သူ့သမီးမြဝေ**တို့ကိုလည်းတွေ့ရာ **ဦးကျော်စံ**တို့အဖွဲ့မှာ အံ့သြသွားကြသည်။


BURMESE CLASSIC .com

www.burmeseclassic.com


အမှန်က **ပိုက်သူကြီးဦးကျော်မြ**နှင့် **သူ့သမီးမြဝေ**တို့မှာလည်း သူတို့ ပိုက်သမား ရေမျောကမ်းတင်တစ်ဖွဲ့ကို လာခေါ်ကြသည်ဟု ဆိုသည်။ **ဦးစိန်မြ**နှင့် **ဦးကျော်မြ**တို့မှာ ပိုက်သူကြီးချင်း အသိမိတ်ဆွေတွေ ဖြစ်ကြရာ **ကြည်ဟန်**အကြောင်းသိ၍ လာနှုတ်ဆက်ခြင်းဖြစ်၏။ **ဦးကျော်မြ**နှင့်**မြဝေ**တို့ လာ နှုတ်ဆက်သောအခါ **ကြည်ဟန်**မှာ မျက်ရည်ဝဲကာ ငိုရမလို ရယ်ရမလို ဖြစ်သွားသည်။ **မြရွှေ**ကမူ **မြဝေ**နှင့်**ကြည်ဟန်**တို့၏ အခြေအနေကို အကဲခတ်ကာ ဝမ်းသာအားကျ ဖြစ်နေမိ၏။

**ဦးကျော်မြ**နှင့်**မြဝေ**တို့ ပြန်သွားသည်နှင့် တစ်ပြိုင်နက် **မြရွှေ**က 'တို့ သိပ္ပံဆရာကြီးပြောတာ တကယ်ပဲဗျ၊ တစ်ခုပဲ စောင့်ကြည့်ဖို့ ကျန်တော့တယ် 'ဟုပြော၏။

**ဦးကျော်စံ**က ပြုံးဖြဲဖြဲဖြစ်နေသော **ကြည်ဟန့်**မျက်နှာကို ကြည့်ကာ 'ဘာလဲကွ မြရွှေ 'ဟုမေးသည်။

'ကိုဒါသကို မြွေကိုက် သေမယ့်နေ့လေ ဦးလေး 'ဟုပြောလိုက်၏။

'ဟေ့ကောင် နိမိတ်မရှိ နမာမရှိ 'ဟု **ကြည်ဟန်**ကပြောလိုက်လေသည်။


BURMESE CLASSIC .com